www.burmeseclassic.com



# ရွှေရွှေအောင်

## ရင်ထဲကအဖုအထစ်များ

လုံး ချင်း ဝတ္ထု သစ်

NYI NY

www.burmeseclassic.com

www.burmeseclassic.com

စာမူခွင့်ပြုချက်အမှတ်
၇၁/ ၂၀၀၀ (၁)
မျက်နှာဖုံးခွင့်ပြုချက်အမှတ်
၉၅/ ၂၀၀၀ (၂)
ထုတ်ဝေခြင်း
ပထမအကြိမ်၊ ၂၀၀၀
အုပ်ရေ (၅၀၀)
တန်ဖိုး (၃၀)ကျပ်
ထုတ်ဝေသူ
ဒေါ်ဆွေဆွေအောင်
အမှတ် ၁၅၀၊ ဘိုလိမ်းလမ်း
မင်္ဂလာတောင်ညွန့်။
ပုံနှိပ်သူ
ဦးမြွေးအောင်
ပြည့်ဖြိုးပိုင်အော့ဖ်ဆက်
အမှတ် ၁၅၊ လမ်း ၁၀၀
မင်္ဂလာတောင်ညွန့်။
မျက်နှာဖုံးပန်းချီ - ညီညီ
အတွင်းစာစီ - ရွှေစမ်းချောင်းကွန်ပျူတာ

# ရင်ထဲကအဖုအထစ်များ

ဆွေ ဆွေ အောင်

www.burmeseclassic.com

## အခန်း [၁]

"စာရေးဆရာ နေမင်းကိုကိုနဲ့ ဖုန်းစကားပြောချင်ပါတယ်"

"ဆရာ အပြင်သွားနေပါတယ် ခင်ဗျာ။ ပြန်လာရင် ဘာပြောပေးရမလဲ"

ကောင်လေးက ရိုကျိုးစွာ ပြန်မေးခြင်းဖြစ်သည်။

"ဘယ်အချိန်ပြန်လာမယ် ပြောသွားသလဲ ငါ့ညီ"

"ခဏလို့ပဲ ပြောသွားတာပါပဲ"

"ငါ့ညီက သူနဲ့ ဘာတော်သလဲ"

"ညီအစ်ကိုလိုနေတဲ့ တပည့်တစ်ယောက်ပါ။ စာရေးဝါသနာ ထည်းမပါလို့ သူ့ရဲ့စေယျာဝစ္စကိုကူညီရင်း လေ့လာနေတဲ့ အငွေ့လိုက်မဲ့

www.burmeseclassic.com



တစ်ဦးပါ။ မှီခိုသူလို့လည်း ပြောလို့ရပါတယ်''

''ဒါဆိုရင်...နေမင်းကိုကိုအိမ်မှာပဲ နေတယ်၊ စားတယ်၊ အိပ်တယ်ပေါ့...''

''ဟုတ်ပါတယ် ခင်ဗျာ။ အခုပြောနေတာ ဘယ်သူပါလဲ''

''ကိုယ်က ဆေးရုံက ဆရာဝန်ကြီး ဦးခင်မောင်နိုင်ပါ။ တစ်အိမ်ထဲမှာ အတူမနေ၊ အတူစားတယ်ဆိုတော့ နေမင်းကိုကိုနဲ့ ပတ်သက်တာလေးတွေ၊ မိတ်ဆွေအပေါင်းအသင်း[illegible]တွေကို တော့ သိမယ်ထင်တယ်''

''ကျွန်တော်က ဆရာ့ဆီမှာလာနေတာ တစ်နှစ်ကျော်ပဲ ရှိပါသေးတယ်။ တစ်နှစ်ကျော်ကျော်အတွင်းမှာ ဝင်သမျှ ထွက်သမျှ လူတွေ[illegible]တော့ မှတ်မိပါတယ်။ ဘာအကြောင်းထူးများ ရှိလို့ ပါလဲခင်ဗျာ''

''ကိစ္စကတော့ အရေးကြီးတော့ အမှန်ပဲ။ နေမင်းကိုကိုနဲ့ ချက်ခြင်းတွေ့ချင်တာပဲ။ သူ့အိမ်ကို ဝင်တဲ့ထွက်တဲ့အထဲမှာ ထားသဲဖင် တို့ ထားတင်တင်တို့ဆိုတာတွေ ရှိသလား''

''မိန်းမဆို အဝင်အထွက် မရှိသလောက်ပါဘဲ။ ဆရာ့အမေ အရင်းခေါက်ခေါက်တောင် ရှစ်လွှာမှာနေတဲ့ဆရာ့ဆီ လှေကားထစ် တွေတက်ရမှာမောလို့ တစ်ခါမှလာတာမမြင်ဖူးဘူး။ ဆရာက ရေးနေ တွေးနေ၊ ဖတ်နေ၊ မှတ်နေတဲ့အလုပ်က အဓိကမို့ အတူနေတဲ့





ကျွန်တော်တောင်မှ မျက်စိနောက်အောင် လုပ်လို့မရဘူး။ ထုတ်ဝေသူပဲ တစ်ခါတလေလာတယ်။ တခြား ဘယ်သူမှကို မလာတာ''

''အင်း...ဒါဆိုရင်တော့ မင်းဆီက လောလောဆယ် ဘာမှ စုံစမ်းမေးမြန်းလို့ရမှာ မဟုတ်တော့ပါဘူးကွာ။ သူ မြန်မြန်ပြန်လာ ပါစေလို့ပဲ ငါ ဆုတောင်းရတော့မှာပဲ။ သူပြန်လာရင် (...ဆေးရုံ)ကို လိုက်ခဲ့ပြီး အရေးပေါ်ဌာနမှာ ဝင်စုံစမ်းခိုင်းလိုက်ပါ။ ဒေါက်တာ ခင်မောင်နိုင်နဲ့ ဆက်သွယ်ပါလို့ ပြောလိုက်ပါ''

''ဟုတ်ကဲ့ပါ ခင်ဗျာ...''

ဖုန်းခွက်ကို ပြန်ချပြီးသည်နှင့် အောင်မြင့်ဦးတစ်ယောက် ဝရန်တာသို့ထွက်ခဲ့ပြီး ဆရာဖြစ်သူ၏ ပြန်အလာကို ငုံ့ကြည့်၍ စောင့်စားနေမိသည်။

ရှစ်လွှာဝရန်တာမှကြည့်သောအခါ လမ်းပေါ်မှကားများ၊ လူများ ပုပြား၍ နေပါသည်။

မနီးမဝေးရှိ မင်္ဂလာဈေးသစ်ကြီးကိုရော၊ ယုဇနပလာဇာ ကိုရော လှပခန့်ညားစွာ မြင်တွေ့နေရပါသည်။

''ကလင်...ကလင်...ကလင်''

တယ်လီဖုန်းသံကြောင့် အောင်မြင့်ဦး ပြေးကိုင်ရပြန်သည်။

''စာရေးဆရာ နေမင်းကိုကို ရှိပါသလား''

''အပြင်သွားနေပါတယ်ခင်ဗျာ...ပြန်လာရင် ဘယ်သူလို့



www.burmeseclassic.com

www.burmeseclassic.com



ပြောလိုက်ရမလဲ''

''ရဲစခန်းက စုံစမ်းမှုဆက်တယ်လို့ ပြောလိုက်ပါ။ ပြန်လာရင် ရဲစခန်းကို ဆက်သွယ်ခိုင်းပါ။ ဖုန်းနံပါတ် မှတ်ထားလိုက်ပါ''

''ဟုတ်ကဲ့ခင်ဗျာ''

အောင်မြင့်ဦး တုန်ခါနေသောလက်ဖြင့် ဖုန်းနံပါတ်ကို မှတ်နေစဉ်…

''တီ…တီ…တီ''

အခန်းတံခါးပေါက် အထက်ဆီမှ လူခေါ်ခေါင်းလောင်း အသံကြောင့် လက်ထဲမှ ဘောလ်ပင် အောက်သို့ပြုတ်ကျသည်အထိ လန့်သွားရှာပါသည်။

တစ်ဘက်မှ တယ်လီဖုန်းချသွားပြီဖြစ်၍ ဖုန်းခွက်ကိုတင်ပြီး ဘောလ်ပင်ကို ကောက်ကာ ဖုန်းနံပါတ်ဆက်မှတ်မည်လုပ်သောအခါ နောက်ဆုံးအလုံးကို ကောင်းမွန်စွာ မမှတ်မိတော့သဖြင့် စိတ်ထဲထင်တာ ကောက်ရေးပေးထားလိုက်တော့သည်။

''တီ…တီ…တီ''

လူခေါ်ခေါင်းလောင်းသံက ဆူညံစွာထပ်ပေါ်လာပြန်ပါသည်။ သစ်သားတံခါးဖွင့်ကြည့်လိုက်သောအခါ သံလင်ပန်းတံခါး၏ အပြင်ဘက်တွင် ရပ်နေသော ဆရာဖြစ်သူကို မြင်လိုက်ရသဖြင့် ဝမ်းသာအားရ သော့ခလောက်ဖွင့်ရန် သော့ပြေးယူမိပါသည်။





''မြန်မြန်လုပ်စမ်းပါကွာ ဘဲလ်တီးနေတာ ကြာလှပြီ။ ဘာလုပ်နေတာလဲကွ။ ငါ ဒီမှာ စာအုပ်တွေဆွဲထားရတာ လေးလှပြီဟ''

ဆူလေ ကြောက်လေ တလွဲတချော်ဖြစ်လေပါပဲ။

သော့ပေါက်ထဲ သော့တံက တော်တော်နှင့်မဝင်နိုင်။

''ဆရာ့ဆီကို ဖုန်းလာတာ နှစ်ခါရှိပြီ။ ဆေးရုံကတစ်ခါ၊ ရဲစခန်းက တစ်ခါ''

ထိုစကားကြောင့် ကိုကို စိုးရိမ်သလို ဖြစ်သွားပြီး…

''ဘာဖြစ်လို့တဲ့လဲ…''

''ဆေးရုံကို အမြန်လိုက်လာခိုင်းတယ်။ ရဲစခန်းကလဲ ဖုန်းဆက်ခိုင်းတယ်''

စာအုပ်ထုတ်များကို ပစ်ချပြီး ချက်ခြင်း ဖုန်းကောက်ဆက်သည်။

ဆယ့်ငါးမိနစ်သာ ကြာသွားသည်။ ရဲစခန်းနှင့် မဆက်သွယ်ဘဲ လက်ဖက်ရည်ဆိုင်တစ်ခုကိုသာ ဆက်မိနေသဖြင့်…

''ဟေ့ကောင် ဖိုးအောင်… မင်းဖုန်းနံပါတ်က မှန်ရဲ့လားကွ။ သေချာမှတ်ထားရဲ့လား''

''မှတ်နေရင်း ဆရာဘဲလ်တီးလိုက်လို့ ဘောလ်ပင် အောက်ပြုတ်ကျသွားပြီး ပြန်မှတ်တော့ နောက်ဆုံးနှစ်လုံးကို သိပ်သတိမရတော့ဘူး''



www.burmeseclassic.com

www.burmeseclassic.com



''ဟာ…ဒီတောင် ထထိုးလိုက်ရလို့။ ဒီလောက်တောင် မှတ်ဉာဏ်ကောင်းမှတော့ စာကောင်းပေမွန်တွေ ထွက်ဦးတော့မှာပဲနော်''

''အော်…တစ်ခုမှတ်မိပြီ၊ ခေါက်တာ ဖုန်းဆက်တုန်းက ထားသဇင်တို့ ထားတော်တော်တို့ ဆရာ့ဆီ အဝင်အထွက် ရှိသလားလို့ မေးသေးတယ်''

နေမင်းထိုက်က မျက်မှောင်ကြုတ်၍ စဉ်းစားရင်း ပါးစပ်မှလည်း ရေရွတ်နေပါသည်။

မျက်ခုံးထူထူ၊ မျက်လုံးနက်နက်၊ နှာတံပေါ်ပေါ်နှင့် အရပ်မြင့်သောဆရာဖြစ်သူကို လူချောကြီးဟု သတ်မှတ်ထားသူက အောင်မြင့်ဦးပါပဲ။

''မင်း ဘာပြောလိုက်လဲ''

''ဒီအိမ်ကို မိန်းမဆိုရင် ဆရာ့အမေတောင် မလာဘူးလို့ ပြောလိုက်တယ်''

''အေး…ဟုတ်တယ်၊ မင်း တော်တယ်။ အမေ မလာသလို ထားသဇင်လဲ မလာဖူးဘူး။ ဒါပေမယ့် ထားသဇင်ဆိုတဲ့အမည်ကိုတော့ ငါ သိနေတယ်''

''ဟုတ်လား…ဒါကြောင့် ဆရာ့ကို ခေါ်တာဖြစ်မယ်''

''သူ ဘာများဖြစ်လို့ပါလိမ့်၊ ဘာမှ မဖြစ်ပါစေနဲ့။ သူ့ကို





လာခဲ့ပါ့မယ်လို့ ငါကတိပေးပြီးမှ အလုပ်တွေမအားလပ်လို့ သွားမတွေ့ဖြစ်ခဲ့သေးဘူး''

''ဆရာက အဲဒီတုန်းက လာတွေ့မယ်လို့ ပြောခဲ့ဖူးလို့လား''

''မနှစ်က ထင်တယ်''

''ဗျာ…မနှစ်က ဟုတ်လား၊ ကြာခဲ့ပြီပဲ…''

''အေးလေ…အဲဒီတုန်းက မင်း ရောက်စပဲရှိသေးတယ်။ သွားစမ်း…ဟောဟို ဗီရိုထဲက မိတ်ဆက်စာတွေကို အထုပ်လိုက်ယူခဲ့။ သူနှစ်နဲ့သူ ကြိုးနဲ့ချည်ထားတာရှိတယ်။ မနှစ်က မင်းရောက်ခါစ အချိန်လောက်ကို မှန်းပြီးရှာလိုက်။ စာအိတ်ရှည်ရှည်နော်။ နောက်ကျောဘက်မှာ ထားသဇင်ဆိုတဲ့အမည်နဲ့လိပ်စာကိုတွေ့ရင် ယူလာခဲ့။ ငါ ရေမိုးချိုး၊ အဝတ်အစား လဲလိုက်ဦးမယ်''

အောင်မြင့်ဦး မနှစ်ကစာအိတ်များကို တစ်စောင်ချင်း ရှာသည်။ စာအိတ်အရှည်တွင် မတွေ့သဖြင့် စာအိတ်အတိုတွင်ပါ ရှာသည်။

''တွေ့လားကွ''

''မတွေ့ဘူးဆရာ''

''ဟာ…သေချာမရှာဘူး ထင်တယ်''

''ရှာပါတယ်ဆရာရယ်၊ စာအိတ်အရှည်တွေကို သပ်သပ် ထုတ်ထားသေးတယ်။ ဆရာ မယုံကြည်လေ…''



www.burmeseclassic.com

www.burmeseclassic.com



အရှည်များကို တစ်စောင်ချင်းကြည့်ပြီးနောက် မတွေ့ သဖြင့်…

"အတိုတော့ မဟုတ်တာသေချာတယ်၊ ဟာ…ဟုတ်ပြီ။ ငါမေ့နေတာကွ။ ငါ သူ့ဆီဖုန်းပြန်ဆက်ပြီးတဲ့နောက် သူ့အကြောင်း တစ်နေ့နေ့ ရေးမယ်ဆိုပြီး နေ့ရာရွှေ့ထားမိတယ်။ မှတ်မိပြီ…မှတ်မိပြီ။ ဖိုင်တွဲ…ဖိုင်တွဲထဲမှာရှိမယ်။ ငါ့မှတ်စုဖိုင်တွေထဲမှာ အဲဒီခုနှစ်နဲ့ ဖိုင် ငါရှာရင် တွေ့မှာပဲ"

ဟုတ်ပါသည်။ စာအုပ်စင်ရှိ ဖိုင်တွဲအထပ်များထဲမှ တစ်ခုတွင် တွေ့ပါသည်။

လေယာဉ်ပျံစာအိတ်အဖြူရောင် အရှည်နှင့်ဖြစ်သည်။ နောက်ဘက်တွင် ထားသဇင်ဟု ရေးထားပါသည်။

"ကဲ…ပေး၊ ငါသွားလိုက်ဦးမယ်။ သိပ်နောက်ကျနေရင် မကောင်းဘူး"

"ဆရာ…ကျွန်တော်လည်း လိုက်ချင်တယ်"

ပထမ စိတ်တိုသွားသော်လည်း တစ်ချိန်လုံး အိမ်အပေါ်ထပ်တွင်သာ နေရရှာသဖြင့် လူ့လောကအကြောင်း လေ့လာနိုင်ရန် ခေါ်သွားဖို့ ဆုံးဖြတ်လိုက်ပြီး ခေါင်းညိတ်ပြလိုက်မိသည်။

အောင်မြင့်ဦးက ဝမ်းသာလုံးဆို့ပြီး ပျော်သွားသည်။ အိမ်ရှေ့နှင့် နောက်ဖေး သုံးလေးခါပြေးနေသဖြင့်…





"ဟော့ကောင်…ဒါ ဘာလုပ်နေတာလဲ"

"ဖိနပ်ရှာနေတာပါ"

"အဝတ်အစား နည်းနည်းပါးပါးလဲ၊ ပြီးရင် ထီးယူခဲ့။ မင်း မှတ်ချင်တာမှတ်ဖို့ စာအုပ်နဲ့ဖောင်တိန်ကို လွယ်အိတ်ထဲထည့်ခဲ့"

"ဟုတ်ကဲ့…"

ဆရာတပည့်နှစ်ယောက် လွယ်အိတ်တစ်လုံးစီလွယ်၍ ကားဂိတ်သို့ ထွက်ခဲ့ကြပါတော့သည်။

❁❁❁



www.burmeseclassic.com

www.burmeseclassic.com

## အခန်း [၂]

ဒေါက်တာခင်မောင်နိုင်နှင့် ဆက်သွယ်လို့ရပြီးနောက် ထားသဇင်ရှိရာ လူနာဆောင်သို့ ခေါ်လာခဲ့ပါသည်။

အောင်မြင့်ဦး ငိုချင်သွားသည်။

ထားသဇင်ဆိုသူမှာ သူတွေးထင်ထားသလို အလွန်တရာ ချောမောလှပသော နုပျိုငယ်ရွယ်သော မိန်းမလှလေး မဟုတ်ပါလား။

သံခုတင်ပေါ်တွင် မှေးစက်အနားယူနေသော ထားသဇင်ဆိုသူမှာ ဆံပင်တွေ ကြာဖလိုဖြူနေသော အဖွားအိုတစ်ဦးပါကလား။

နာမည်နှင့် လူနှင့် တခြားစီပါပဲလား။

ဆရာကတော့ ဒေါ်ထားသဇင်ကို စိုးရိမ်စွာ၊ ကြင်နာစွာ



လေးစားစွာ ငုံ့ရှုတစိုက်ကြည့်နေပါသည်။

ထားသဇင်၏ လက်ကိုလည်း ညင်သာစွာ ကိုင်တွယ်နေပါသည်။

ထားသဇင်၏ လက်ချောင်းလေးများမှာ ဒန့်သလွန်သီးလို အဖုအထစ်များဖြစ်နေပြီး အရေပြားမှာလည်း ရှောရဲပျော့တွဲ၍ တွန့်လိမ်နေသည်။ တစ်ကိုယ်လုံးရှိ အရေပြားများပေါ်တွင် အမဲစက် အမဲစက်များက ဖုံးလွှမ်းထားသဖြင့် ကြည့်ရတာ ဘာတစ်ခုမှ ရှုမငြီး လှန်းဆန်းခြင်းမရှိဘဲ သူ့အို သူနာကို လာကြည့်သလိုပါပဲ။

"အန်တီ…အန်တီ"

"သူ ကောင်းကောင်းသတိမရသေးဘူး။ သတိရတစ်ချက် မရတစ်ချက် ဖြစ်နေတယ်"

"ဟုတ်ကဲ့…ဒေါက်တာတို့ ကျွန်တော့်ကို အန်တီနဲ့ပတ်သက်ပြီး ဘာရည်ရွယ်ချက်နဲ့ ဆက်သွယ်တာလဲ မသိဘူး။ ရဲစခန်းကလည်း ဖုန်းဆက်ခေါ်ထားလို့ ကျွန်တော်နဲ့ ဘာများပတ်သက်နေသလဲ မသိဘူး"

စိုးရိမ်သလို မေးနေသော ကိုကို့ကို ဒေါက်တာက ပြုံးရင်း…

"အကူအညီတောင်းချင်လို့ပါ။ သူက မင်္ဂလာဈေးရဲ့ အပေါ်ဆုံးထပ်မှာ မေ့လဲသွားရို့ ခရီးသွား ဈေးဝယ်အချို့က ဆေးရုံကို လာပို့ပေးသွားကြတာ။ ကိုယ်တို့လည်း လူနာရဲ့ ဆွေမျိုးသားချင်း



www.burmeseclassic.com

www.burmeseclassic.com



တွေကို စုံစမ်းအကြောင်းကြားပေးရမယ့်တာဝန် ရှိနေတာပေါ့လေ''

''ဪ...ဪ ကျွန်တော်က အန်တီနဲ့ ဘာမှမတော်ပါဘူး''

အကြောက်အကန်ငြင်းဖို့ တာစူနေသော ကိုကို့ကို လက်ကာ ၍ ဟန့်တားရင်း...

''ဆုံးအောင် နားထောင်ပါဦး ဆရာရယ်။ ဆရာ့ကို ဆွေမျိုးတော်တယ်လို့လည်း မစွပ်စွဲရပါဘူး။ အန်တီ့လက်ပွေ့အိတ်ထဲမှာ ဆရာ့လိပ်စာတပ်ထားတဲ့စာအိတ်ကို တွေ့လိုက်ရလို့ အန်တီနဲ့ ဆရာ ပတ်သက်ဆက်နွယ်ဖူးမှာပဲဆိုတဲ့ အသိစိတ်နဲ့ လှမ်းဆက်သွယ်ပြီး အကူအညီ တောင်းရတာပါ။ ရဲစခန်းက ဖုန်းဆက်တာလည်း ဒီကိစ္စကြောင့်ပါပဲ။ အန်တီ့လိပ်စာနဲ့ အန်တီ့မိသားစုကို စုံစမ်းလို့ ရဖို့ အရေးကြီးနေတယ်လေ''

ကိုကို သဘောပေါက်သွားပါပြီ။

ခေါင်းတညိတ်ညိတ်လုပ်ပြီး ဖိုင်တွဲထဲမှ ရှာဖွေယူလာသော ဒေါ်ထားသဇင်၏ စာအိတ်ရှည်ရှည်ကို ထုတ်ပေးရင်း...

''ဟောဒီမှာ...သူ့ဆီ ဆက်သွယ်ဖို့ သူကိုယ်တိုင်ရေးပေးထားတဲ့လိပ်စာပါပဲ''

ဒေါက်တာက လိပ်စာကို ကူးယူပါသည်။

''ဖုန်းနံပါတ်လည်း ရေးပေးထားတာပဲ။ အရမ်းကို အဆင်ပြေသွားတာပေါ့ဆရာရယ်။ အန်တီ့အိမ်ကို အခုပဲ ဖုန်းဆက်အကြောင်း





ကြားလိုက်ဦးမယ်''

''ဒါဆို ကျွန်တော် ပြန်လို့ရပြီလား ဒေါက်တာ''

''ရောက်မှတော့ နေပါဦးဗျာ။ အန်တီ သတိရလာရင် စကားပြောပါဦးလား။ ခင်ဗျားကြည့်ရတာ အမူအခင်းနဲ့ ပတ်သက်မှာ စိုးရိမ်နေပုံရတယ်။ ဘာမှ မစိုးရိမ်ပါနဲ့ဗျာ။ အန်တီက မင်္ဂလာဈေး အပေါ်ဆုံးထပ်မှာ သွားရင်းလာရင်း မူးမေ့သွားရုံသက်သက်ပါ။ အသက်ကလည်း (၈၀)ကျော်နေပြီဆိုတော့ အားအင်ကလည်း ချို့နဲ့နေပြီလေ။ တကယ်ဆို တစ်ယောက်တည်း ခုလို မသွားလာသင့်တော့ဘူးပေါ့။ အဖော်လေးဘာလေးတော့ ခေါ်လာသင့်တာပေါ့။ ကဲ...ကိုယ် သူ့အိမ်ကို ဖုန်းနဲ့အကြောင်းကြားလိုက်ဦးမယ်။ ဆရာ ခဏစောင့်နေလိုက်ပါဦး''

''ဟုတ်ကဲ့ပါ''

ဆရာဝန် ထွက်သွားသည်နှင့် နေမင်းကိုကိုက ပိုက်ဆံ ငါးရာတန် ထုတ်၍...

''အောင်မြင့်ဦး...ဒီအနီးအနားက မုန့်ဆိုင်မှာ အန်တီ့အတွက် ထမင်းနဲ့မုန့်ရယ်၊ ပြီးတော့ ကိတ်မုန့်ခြောက်တို့ ဘာတို့ သွားဝယ်ခဲ့ကွာ''

ခဏကြာသောအခါ ဒေါက်တာပြန်ရောက်လာပြီး...

''ဖုန်း လုံးဝမကိုင်ဘူး၊ လူမရှိဘူးထင်တယ်။ စခန်းမှူးနဲ့ဆက်လို့ ဆရာ့ဆီက လိပ်စာရပြီဖြစ်တဲ့အကြောင်း ပြောလိုက်သေး



www.burmeseclassic.com

www.burmeseclassic.com



တယ်။ စခန်းမှူးက အဲဒီလိပ်စာအတိုင်း အန်တီ့မိသားစုနဲ့တွေ့ဖို့ စီစဉ်နေတယ်"

"ဟုတ်ကဲ့..."

ထိုအချိန်မှာပင် ဒေါ်ထားသဇင်၏ သစ်ကိုင်းခြောက်ပုံစံ လက်များ လှုပ်ရှားလာပြီး အိတ်ခွဲနေသော မျက်ခွံများလည်း တဖြည်းဖြည်း ဖွင့်လာပြီဖြစ်သည်။

"အန်တီ...သတိရလာပြီထင်တယ်"

ခေါင်းညိတ်ပြပြီး ထိုင်လိုကြောင်း တိုးညှင်းစွာပြောသဖြင့် ဆရာဝန်နှင့် သူနာပြုဆရာမများက ခုတင်ကို ဦးခေါင်းပိုင်းမှ မြှင့်ပေးကြပါသည်။

ဒေါ်ထားသဇင်က အခန်းတွင်းရှိ လူအားလုံးကို ရီဝေသော မျက်ဝန်းဖြင့် တစ်ယောက်ချင်း အကဲခတ်နေပါသည်။

အပြစ်ရှိသည်ဟု မိမိကိုယ်မိမိ ယူဆထားသော ကိုကိုက ဒေါ်ထားသဇင်လက်ကို ညင်သာစွာ ဆုတ်ကိုင်ရင်း...

"အန်တီ...ကျွန်တော့်ကို သိသလားခင်ဗျာ"

ဒေါ်ထားသဇင်က နေမင်းကိုကို ကို သေချာစိုက်ကြည့်ပြီး ခေါင်းခါပြပါသည်။

"ကျွန်တော့်နာမည်က နေမင်းကိုကိုပါ"

"အို...တကယ်လား ကလေးရယ်"





ဒေါ်ထားသဇင်၏ ရီဝေသောမျက်လုံးတစ်စုံမှာ အရောင်တဖျတ်ဖျတ် ဝင်းလက်တောက်ပသွားပြီး ချက်ချင်းလန်းဆန်း သွက်လက်သွားပါသည်။ သူမ၏လက်ကို ဖြည်းညှင်းစွာ ဆုပ်ကိုင်ထားသည့် နေမင်းကိုကို၏လက်ကို သူမက ခပ်ကြမ်းကြမ်းပြန်၍ ဆုပ်ကိုင်ထားသည်မှာ မလွှတ်တမ်းပါပဲ။

"အန်တီ...ဒီနေ့ မင်းနဲ့တွေ့အောင် ကြိုးစားမယ်ဆိုတဲ့ ရည်ရွယ်ချက်နဲ့ မင်္ဂလာဈေးနားကို ရောက်လာခဲ့တာပဲ။ ရှစ်လွှာမှာ နေတဲ့ မင်းရဲ့အိမ်ခန်းကို အန်တီရောက်အောင်တက်ဖို့ ရည်ရွယ်ထားခဲ့တယ်။ မင်္ဂလာဈေးဝင်ပြီး အန်တီ့အတွက် သောက်ဆေးတွေဝယ်မယ်။ ပြီးတော့ မင်းနဲ့စကားပြောရင်း ဆွေးနွေးရင်း စားရသောက်ရအောင် မုန့်ပဲသရေစာဝယ်မယ်ဆိုပြီး မင်္ဂလာဈေး အပေါ်ဆုံးထပ်ကို ရောက်ခဲ့တာပါပဲ။ အပြင်ကို ထွက်လေ့ထွက်ထမရှိတာရော၊ အားနည်းနေတာရော၊ အားငယ်တာရောပေါင်းပြီး မူးလဲကျသွားခဲ့တာဖြစ်မယ်"

"အန်တီရယ်...မြေးတွေ မြစ်တွေထဲက အဖော်တစ်ယောက်လောက် ခေါ်ခဲ့တာ မဟုတ်ဘူး"

"မရှိကြဘူးလေ...အထီးကျန်လွန်းတဲ့ဒဏ်ကို မခံနိုင်တော့နေလို့ ဆရာနဲ့တွေ့ပြီး ရင်ထဲကခံစားချက်တွေကို ပြောပြချင်လွန်းလို့ ဒီနေ့တော့ ကြိုးစားပြီးတော့ကို ထွက်လာခဲ့တာ။ အင်း...မူးလဲကျပြီး သေသွားခဲ့ရင် အန်တီ့သိပ်လေးစား၊ သိပ်တွေ့ချင်တဲ့ ဆရာကိုတောင်

မြင်ဖူး တွေ့ဖူးသွားရမှာ မဟုတ်တော့ဘူး။ ကုသိုလ်ကံ မကုန်သေးလို့ သေနေ့မစေ့သေးလို့၊ ဒါမှမဟုတ် အန်တီ့ရဲ့ သိပ်တွေ့ချင်ပြီး သိပ်ရင်ဖွင့်ချင်တဲ့ ဆန္ဒတွေကို တွေ့ခွင့်၊ ဖွင့်ခွင့်ရအောင် သေမင်းက တစ်ရက်တလေ သနားညှာတာလိုက်လေရော့သလား"

"ဟာ…အန်တီကလည်း အခု အရမ်းပြန်လန်းဆန်းလာ ပြီပဲ။ အားဆေးတွေဘာတွေသောက်လိုက်ရင် ပြန်ပြီး ကျန်းမာလာမှာပါ။ အေးအေးဆေးဆေး လေးငါးဆယ်နှစ် နေလို့ရပါသေးတယ်"

ဒေါ်ထားသခင်က ပြုံး၍ ခေါင်းခါပါသည်။ ထိုအခါ သူမ၏ ပျော့တွဲကျနေသောပါးပြင်နှင့် လည်ပင်းတစ်ဝိုက်ဆီမှ အရည်ပြားများက လှုပ်ခါသွားကြပါသည်။

"တော်ပါပြီကွယ်…လူ့ဘဝမှာနေရတာ အန်တီ့အတွက် ဘာမှ အဓိပ္ပါယ်မရှိတော့ပါဘူး။ ရှေ့လျှောက် ကိုယ့်ခြေထောက်ပေါ် ကိုယ်ရပ်တည်နိုင်ဖို့ဆိုတာ ပိုပြီးခဲယဉ်းလာပြီလေ။ ကနေ့ဆိုရင်ပဲ ကြည့်လေ…အန်တီတစ်ယောက်အတွက်နဲ့ ဈေးသူဈေးသားတွေလည်း မနေရ၊ ဆရာဝန် ဆရာမတွေလည်း မနေရ၊ ရဲစခန်းအတွက်လည်း အနှောင့်အယှက်ဖြစ်၊ နေမင်းကိုကိုလည်း အန်တီ့ကြောင့် အလုပ်ရှုပ် ဖြစ်ကုန်ပြီ"

"ဘာပဲဖြစ်ဖြစ် ကျွန်တော်ကတော့ အပြစ်ရှိသူမို့ ခုလို အန်တီနဲ့ တွေ့ခွင့်ရလိုက်တာကို အရမ်းဝမ်းသာနေမိတာ"

"အင်း…မင်းက အန်တီ့ဆီဖုန်းဆက်ပြီး မုန့်တွေဝယ်ပြီး လာခဲ့မယ်ဆိုလို့ စောင့်စားမျှော်လင့်ခဲ့တာ တစ်နှစ်တောင် ကျော်သွား ပြီပဲ။ အန်တီ့ဘဝမှာ ခုလိုပဲမျှော်လင့်စောင့်စားနေရတာတွေက မဆန်း တော့ပါဘူး။ ဒီနေ့တော့ လုံးဝခံနိုင်ရည်မရှိတော့လို့ စွန့်စားပြီး အပြင် ထွက်ခဲ့တာလေ။ နားကလည်း နည်းနည်းလေးချင်၊ မျက်စိကလည်း မှုန်၊ ခြေတွေလက်တွေကလည်း မသန်နဲ့ဆိုတော့ လမ်းဖြတ်ကူးရင်း ကားတိုက်မလို ဖြစ်ခဲ့သေးတယ်"

"အန်တီ ကျွန်တော့်ကို ဖုန်းဆက်ခေါ်လိုက်ရောပေါ့"

"အန်တီ့ဆီကိုဘယ်သူမှမလာချင်ကြပါဘူးကွယ်။ဒါကြောင့် ကိုယ်ကတွေ့ချင်တဲ့သူမို့ နောက်ထပ် မင်းကို လာပေးမယ်လို့ ရည်ရွယ် ထားတဲ့ ဓာတ်လမ်းနှစ်ပုဒ်ကို အိတ်ထဲထည့်ပြီး ထွက်ခဲ့တာ"

ဒေါက်တာက ရယ်နေရင်း…

"ကံကောင်းသွားတာပေါ့ အန်တီရယ်၊ ဒီစာမူရဲ့ စာအိတ် တွေပေါ်က နေမင်းကိုကိုရဲ့ လိပ်စာကြောင့် အန်တီ့အိမ်လိပ်စာကို ကျွန်တော်တို့ သိခွင့်ရခဲ့တာ"

"အိမ်လိပ်စာရပေမယ့် အဲဒီအိမ်မှာ အန်တီကလွဲလို့ သက်ရှိ ဆိုလို့ ခွေးတစ်ကောင်ပဲ ရှိမှာပါကွယ်"

"အန်တီ့မြေးတွေ ရှိတယ်ဆို"

"အင်း…သူတို့တွေလည်း အလုပ်အကိုင်ဝန်ကြီးဌာနကို သွားကြ





ကြောင်နှစ်ကောင်စာအုပ်တိုက်

www.burmeseclassic.com



ရပြီလေ…”

“အန့်တီ့အတွက် အဖော်တစ်ယောက်တလေတောင် ထားမသွားပေးဘူးတဲ့လားဗျာ”

“ထားပေးသွားတဲ့အဖော်ဆိုတဲ့ ကောင်မလေးကလည်း လွန်ခဲ့တဲ့ငါးရက်ကမဲ့ ရွာကသူ့အမေ မကျန်းမာလို့ ပြန်သွားခဲ့တယ်လေ။ ဒါကြောင့် အထီးကျန်လွန်းတဲ့ဒဏ်ကို မခံနိုင်လွန်းလို့ သေဖို့ဆုတောင်းနေတဲ့သူပါ။ မသေခင်လေး ရင်ထဲက အဖုအထစ်တွေအတွက် နေမင်းကိုကိုနဲ့တွေ့ဖို့ ထွက်လာခဲ့တာပါ။ ခုလို တွေ့ချင်သူနဲ့ တွေ့လိုက်ရတဲ့ခံစားမှုမျိုး၊ ကျေနပ်ပျော်ရွှင်မှုမျိုး အန့်တီ့ဘဝမှာ အလွန်နည်းခဲ့ပေမယ့် မသေခင်လေး ရင်ထဲကဆန္ဒတစ်ခု ပြည့်ဝသွားရပါကလားဆိုတဲ့ ကြည်နူးမှုကို နေမင်းကိုကိုက ပေးစွမ်းနိုင်တာ အမှန်ပါ။ ရှေ့ဆက်ပြီးတော့လည်း အန့်တီ့ခံစားချက်ကလေးတွေကို စာအုပ်တစ်အုပ်အဖြစ် ဖန်တီးပေးပါဦး။ ဒီလူ့လောကကြီးမှာ ထားတင်တင်ဆိုတဲ့ အမျိုးသမီးတစ်ဦးရဲ့ ဘဝခရီးလောက် ဘယ်သူမှ ကြမ်းတမ်းခဲ့မယ် မထင်ပါဘူး၊ ဆန်းပြားခဲ့မယ် မထင်ပါဘူး။ သောကတွေ ဒုက္ခတွေကို ထုပ်ပိုးပွေ့ပိုက်ပြီး ဘဝကို ရင်ဆိုင်ဖြတ်သန်းခဲ့ရတဲ့ကာလက ရှည်လျားလှပါပြီ။ အန့်တီမသေခင်မှာတော့ မြင်ခွင့်၊ ဖတ်ခွင့်ရတော့မယ် မထင်ပါဘူး”

“စိတ်ချပါအန့်တီ၊ အခု အန့်တီ ထပ်စုဆောင်းထားတဲ့





နောက်ထပ် အဖုအထစ်တွေကို ညီညာပြန့်ပြူးသွားအောင် မရှင်းပြနိုင်သေးရင်တောင် မနှစ်က အန့်တီပေးပို့ထားခဲ့တဲ့ စာတ်လမ်းလေးကိုတော့ ကျွန်တော် တာဝန်ကျေစွာနဲ့ အန့်တီ့ရှေ့မှောက် အမြန်ဆုံးရောက်အောင် တင်ပြပေးပါမယ်။ လောလောဆယ် အန့်တီ့ကို ကျွန်တော် ဘာတွေအကူအညီပေးရပါမလဲ။ အဖော်လိုတယ်ဆိုရင်လည်း ကျွန်တော့်တပည့် အောင်မြင့်ဦးရဲ့အမျိုးထဲက ခေါ်ပေးပါမယ်”

ဒေါ်ထားသဇင်က ပြုံး၍ ခေါင်းခါရင်း…

“အန့်တီဆေးရုံမှာနှစ်ရက်လောက် ဆေးကုသခံယူပြီးရင် အိမ်ပြန်မှာပါ။ အဲဒီအချိန်လောက်ဆိုရင်တော့ အန့်တီ့သွေးသားတချို့ ပြန်ရောက်လောက်ပါပြီကွယ်”

“ဒါဆိုရင် ကျွန်တော့်ကို ပြန်ခွင့်ပြုပါ အန့်တီ။ အန့်တီ့အတွက် ညနေကြရင် စားဖို့သောက်ဖို့ ထမင်းဗူးပို့ခိုင်းလိုက်ပါ့မယ်”

“အလုပ်ပိုနေပါ့မယ်ကွယ်”

“ကျွန်တော့်တပည့်က အပြင်သိပ်ထွက်ချင်နေတာပါ။ ဘာမှအားနာစရာမရှိပါဘူး အန့်တီရယ်။ စိတ်ချမ်းသာအောင်သာ နေပါနော်”

ဒေါ်ထားသဇင်က ကျေနပ်စွာပြုံးရင်း ခေါင်းညိတ်၍ ကျန်ရစ်ခဲ့ပါသည်။ နေမင်းကိုကို၏ ဦးနှောက်ထဲတွင် အိမ်ရောက်သည်နှင့် ဒေါ်ထားသဇင်အကြောင်း စာရေးရန် အစီအစဉ်ချနေပြီဖြစ်၍လူကသာ



www.burmeseclassic.com

www.burmeseclassic.com



လှုပ်ရှားနေသော်လည်း အာရုံက စာရေးစားပွဲတွင် ရောက်နေပြီဖြစ်သည်။

"ဆရာ…ဆရာ"

ခေါ်သံကြောင့် လှည့်ကြည့်မိသည်။

ဒေါက်တာက ခြေလှမ်းကျဲများဖြင့် လိုက်လာခြင်းဖြစ်သည်။

"မြန်တော့မလို့လားဗျ၊ လောလှချည်လား။ အိမ်မှာ မျှော်မယ့်လူလည်း မရှိပါဘူး"

"ဟုတ်ပါတယ်…ဒေါက်တာ။ ကျွန်တော့်စိတ်တွေ လောနေပါတယ်။ ဒေါ်ထားသဇင်အတွက် ကျွန်တော် အကြွေးတင်နေတာကို အမြန်ဆုံးဆပ်ချင်ပါတယ်။ သူမသေခင် သူ့ဆန္ဒပြည့်စေချင်လွန်းလို့ လောနေမိတာပါ"

"ဆရာပြောသလိုပါပဲ…ဆရာ့စာအုပ် ထွက်လာတဲ့အချိန်ကိုတောင် ကျွန်တော်မစောင့်နိုင်တော့လို့ ခုလိုအပြေးအလွှား လိုက်လာပြီး မေးရတာပါ။ အန်တီ့ပုံစံကိုကြည့်ရတာ ငယ်ငယ်တုံးကတော့ တော်တော့်ကို ချောမယ့်ပုံပဲ။ လှိုင်းထနေတဲ့ဆံပင်၊ ဖြူတဲ့အသား၊ နှာတံက ချွန်ထက်ပြီး မထူမပါးနှုတ်ခမ်းလွှာတွေက ကုလားဆင်လိုလို၊ ဘိုဆန်သလိုလိုပါပဲ"

"ဒါပေမယ့် အန်တီဟာ မြန်မာစစ်စစ်၊ ဗုဒ္ဓဘာသာစစ်စစ်ပါ ဒေါက်တာ"





"ထားသဇင်…ထားတင်တင်လို့ ဘာဖြစ်လို့ နာမည်နှစ်မျိုးတပ်ထားတာလဲ"

"ထားတင်တင်ဆိုတာ သူ့နာမည်အရင်းပါ။ ထားသဇင်ကတော့ သူ့ကလောင်အမည်ပါ"

"ဪ…သူက စာရေးဆရာပဲလား"

"လွန်ခဲ့တဲ့ နှစ်ပေါင်းများစွာက ဆောင်းပါးအတော်များများရေးဖူးခဲ့တယ်တဲ့"

"အန်တီ့အိမ်မှာ တယ်လီဖုန်းတွေ ဘာတွေရှိတယ်ဆိုတော့ အရမ်းကြီးဆင်းရဲမယ့်ပုံတော့ မရှိပါဘူးနော်"

"တယ်လီဖုန်းရှိတိုင်း ချမ်းသာမယ်၊ ချောင်လည်မယ်လို့ ပြောလို့မရဘူးလေ ဒေါက်တာရယ်။ တချို့ အထည်ကြီးပျက်တွေက တယ်လီဖုန်းလေးတစ်လုံးတောင် မထားနိုင်လို့ ရောင်းစားပြစ်တတ်ကြတယ်။ တိုက်ကြီးပေါ် နေနေကြပေမယ့် ပေါင်ထားနှံထားတတ်ကြတယ်။ တချို့တိုက်တွေ၊ ကားတွေ၊ စိန်တွေသီးနေပေမယ့် အားလုံး[illegible]ဟာတွေ ငှားထားတတ်ကြတယ်ဆိုတော့ တစ်နေ့ တစ်ရက် [illegible]ယံကြောကိုကြည့်ပြီး လူတွေရဲ့စရိုက်ကို လေ့လာရ ခက်လှပါတယ်"

"ဆရာပြောတာ မှန်ပါတယ်။ အန်တီ့ဝတ်ပုံစားပုံအရရော၊ [illegible]တ်အရွယ်ကြီးကြမှ ဘတ်စ်ကားလိုင်းကားစီးပြီး သွားလာနေ



www.burmeseclassic.com

www.burmeseclassic.com



တယ်ဆိုတော့ မချမ်းသာတာတော့ အမှန်ပဲ"

နေမင်းကိုကိုက ပြုံး၍ခေါင်းခါရင်း လွယ်အိတ်ထဲမှ စာအိတ်တစ်အိတ်ကို ထုတ်ပေးပါသည်။

"ဒီစာကို ဒေါက်တာ ဖတ်ကြည့်လိုက်ပါ"

၂၂.၆.၉၈

နေမင်းကိုကို

ထံ စာရေးလိုက်ပါသည်။

ကျွန်မသည် အင်္ဂလိပ်ခေတ်က M.B.B.S.အစိုးရဆရာဝန်ဘွဲ့ရခဲ့ပါသည်။ ယခု အသက် ၈၇ နှစ်ရှိပါပြီ။

ကျွန်မသည် ကွယ်လွန်သွားခဲ့ပြီဖြစ်သော ဒေါက်တာဦး... နှင့် ဒေါက်တာဒေါ်... တို့၏ မိခင်ဖြစ်ပါသည်။ သားနှင့်ပတ်သက်သော ချွေးမ၊ မြေးနှင့်ပတ်သက်သော ချွေးမများမှာလည်း ဆရာဝန်များသာ ဖြစ်ကြပါသည်။

ကျွန်မဘဝမှာ စိတ်ဆင်းရဲခဲ့ရသောအကြောင်း သုံးမျိုးရှိပါသည်။ ရင်ထဲ၌ အပူအလောင်များ ဖြစ်နေပါသည်။ နေမင်းကိုကိုသည် ကျွန်မအနှစ်သက်ဆုံးသော စာရေးသူဖြစ်ပါသည်။ ကျွန်မ စိတ်ထဲရှိ အပူအလောင်များကို ကျွန်မကိုယ်စား ဝတ္ထုများအဖြစ် ဖန်တီးပေးစေလိုပါသည်။ ကျွန်မသည် ဝတ္ထုကြိုက်သောသူဖြစ်ပါသော်လည်း ဝတ္ထုမရေးတတ်ပါ။ ဆရာ့နာမည်နှင့်ရေးပြီး ဝတ္ထုထုတ်ပေးစေလိုပါသည်။ ကျွန်မမှာ ရှေးဆရာဝန်ဖြစ်၍ မချမ်းသာပါ။ ဆရာ့ကိုရေးခိုင်းသော ဤဝတ္ထုများအတွက် ဘာမှ အခွင့်အရေးမယူလိုပါ။ ရေးဖြစ်လျှင် စာအုပ်တစ်အုပ် မိရရင် တော်ပါပြီ။ ဆရာ ကူညီပါစေလို့ ဆုတောင်းပါသည်။

ကျွန်မ ဝတ္ထုမရေးတတ်သော်လည်း ဓမ္မစာစောင်များ၊ မဂ္ဂဇင်းများတွင် ဆောင်းပါးများ ရေးခဲ့ဖူးပါသည်။ နေမင်းကိုကိုတို့လိုတော့ ဝတ္ထုကို စိတ်ဝင်စားအောင် မရေးတတ်ပါ။

ဆရာကူညီမည်ဆိုလျှင် နောက် ၂ ခုကို ပို့ပေးပါမည်။

ဒုတိယတစ်ခုကတော့ နယူးမှာ မှင်ရေကြဲ၍ ဖောက်ပြန်ခြင်း၊ တတိယကတော့ ယောကျ်ားများရဲ့ အချစ်ကို မယုံကြည်ရကြောင်း ဖြစ်ပါသည်။

ကျွန်မမှာ ချမ်းသာပါစေ...။

ဒေါက်တာထားတင်တင်

M.B.B.S. အစိုးရဆရာဝန်

ရန်ကုန်။

"ဟာ...အန်တီက ရှေးဟောင်းဆရာဝန်မကြီးဆိုတော့ အရင်းကို ဗဟုသုတတွေ ပြည့်စုံနေမှာပဲနော်။ မမျှော်လင့်ဘဲ အန်တီနဲ့





ကြောင်နှစ်ကောင်စာအုပ်တိုက်

www.burmeseclassic.com

www.burmeseclassic.com



ဆုံရတွေ့ရတာ ဝမ်းသာစရာပဲဗျာ။ ဆရာလည်း ကိုယ့်တာဝန်ကျေအောင် အန်တီ့ရင်ထဲက အဖုအထစ်တွေကို အမြန်ဆုံး စာသီကုံးပေတော့။ ကျွန်တော်လည်း အန်တီ့ဆီကို ပြန်သွားပြီး အားပေးစကားတွေပြောရင်း ပြုစုရင်း အန်တီ့အတွေ့အကြုံတွေကို မေးလိုက်ဦးမယ်"

ဆရာဝန်နှင့် စာရေးဆရာ ကျောခိုင်း၍ထွက်ခွာသွားကြသော်လည်း ဦးတည်ချက်နှင့် လားရာကတော့ ဆုံမှတ်တစ်ခုတည်းသာ ဖြစ်ကြပါတော့သည်။

❀❀❀



အခန်း [၃]

၁၉၁၁ ခုနှစ်တွင် ဖြစ်ပါသည်။

နေရာက မြစ်ဝကျွန်းပေါ်မြို့လေး၏ ရှုခင်းသာယာသော တမ်းနားတစ်နေရာတွင် ဖြစ်သည်။

"ခင်ခင်"

"ရှင်...ကိုကို"

ခင်ခင်နုက ခင်ပွန်းသည်အား ရွှန်းလဲ့သောမျက်လုံးအစုံဖြင့် ကြည်နူးစွာ လှမ်းကြည့်ပါသည်။ ဘေးတိုက်အနေအထားလည်ပင်းလေးလိမ်၍ ကြည့်နေလင့်ကစား ချွန်မြသောနှာတံ၊ ခင်းယှက်တောင်မျက်ခုံး၊ အညိုဘက်လုချင်သော်လည်း ဝင်းစိုနေသော ခင်ခင်နု

www.burmeseclassic.com

www.burmeseclassic.com



၏ အသားအရေက ပြောင်တင်းနေပါသည်။ မျက်တောင်ကော့ကော့၊ မျက်အိမ်ကျယ်ကျယ်နှင့် လှိုင်းတွန့်ဆံပင်များကို ပိုင်ဆိုင်သော ခင်ခင်နု သည် အဖော်လေးကို ချောမောလှပပါသည်။

ကိုယ်လုံးလှလှ ရုပ်ချောချော၊ အပြောချိုချိုနှင့် စွဲမက်စရာ ကောင်းလှသော ခင်ခင်နုကို မြင်မြင်ချင်း တမ်းတမ်းစွဲ ဖြစ်ခဲ့ရသူက အစိုးရအရာရှိလေး တင်မောင်ရီပင် ဖြစ်ပါတော့သည်။ တာဝန်အရ ပြောင်းလာပြီး တစ်နှစ်မပြည့်ခင်မှာပင် ခင်ခင်နုကို လက်ထပ်ခွင့်ရ အောင် ကြိုးစားခဲ့ပါသည်။

ချစ်သူကြိုက်သူ ဝိုင်းဝိုင်းလည်နေသော ခင်ခင်နုကို ချစ်ခင် မြတ်နိုးခြင်းတစ်ခုနှင့်သာ ရအောင်ယူခဲ့ခြင်းဖြစ်သည်။ သူ့အသိုင်း အဝိုင်းနှင့် မိမိအသိုင်းအဝိုင်း ရာတာ မတူတာ၊ သင့်မြတ်တာ မသင့် မြတ်တာကို ဘာမှထည့်မစဉ်းစားနိုင်ခဲ့ပါ။ သူများလက်ထဲ ပါသွား လျှင် မိမိဆွေးရမှာ၊ လွမ်းရမှာကို တွေးကြောက်ပြီး ခင်ခင်နုကိုလည်း အတင်းချည်းကပ်ပြီး ခင်ခင်နု၏ ဆွေမျိုးသားချင်းများကိုလည်း ကြိုက် မရှက်၊ ငိုက်မရှက် ထုံးစံအတိုင်း နားပူနားဆာလုပ်၍ နေခဲ့သဖြင့် ပိုင်ဆိုင်ခွင့်ရခဲ့ခြင်း ဖြစ်တော့သည်။

လက်ထပ်ပြီး ခြောက်လခန့်ကြာသောအခါ ဤကျွန်းသို့ ပြောင်းမိန့်ကျသဖြင့် ယခုလို ရောက်ရှိလာခဲ့ကြခြင်းဖြစ်သည်။

ဤမြို့ကလေးသည် အေးချမ်းသာယာလှပသော မြို့ကလေး





တစ်မြို့ဖြစ်သည်ဟု တင်မောင်ရီ ထင်မိသည်။

တင်မောင်ရီအတွက်ကတော့ ခင်ခင်နုနှင့် အနီးဆုံးနေရလျှင် ခင်ခင်နုမျက်နှာကို မြင်တွေ့နေရလျှင် အရာအားလုံးသည် လှပသာ ယာနေစမြဲ။

ရန်ကုန်က မြစ်ဝကျွန်းပေါ်သို့ ပြောင်းရမည်ဆိုတုန်းက ရေလမ်းခရီးတွင် သင်္ဘောနှင့် တစ်နေကုန်စီးရမည့်အရေး တွေးပြီး စိတ်ဆင်းရဲခဲ့ရသည်။ ရောက်ခါစက ခင်ခင်နုကို မတွေ့ခင်၊ မမြင်ခင် က ရန်ကုန်ကို ပြန်ပြေးချင်နေခဲ့သော တင်မောင်ရီသည် ခင်ခင်နုကို ရင်းနှီးခွင့်ရလေပြီးသောအခါ စနေ၊ တနင်္ဂနွေရုံးပိတ်ရက် မပြန်ရုံတင် မဟုတ်၊ ခွင့်ရက်ရှည်ရသည်ကိုပင် မယူဖြစ်တော့ပါ။

ပြောင်းကာစက ပျင်းစရာကောင်းမှာပဲဟု တွေးခဲ့သော တင်မောင်ရီသည် ယခု ဤကျွန်းကလေးကို ကမ္ဘာပေါ်တွင် အလှဆုံး ကျွန်းကလေးဟုမှင် တင်စားနေပြီဖြစ်သည်။

ဤကျွန်းသည် အလျား ၂မိုင်၊ အနံ ၁မိုင်ခွဲခန့်သာရှိပြီး မြစ်ဝကျွန်းပေါ်တွင် တည်ရှိသည့်အလျောက် ဆန်စပါး အလွန်များစွာ ထွက်ပြီး ဆန်စပါးထွက်ရာတွင် ပဒ္မမတန်းမှပါဝင်သည်နှင့်အညီ ဆန်စက် (၁၈)လုံးခန့်ရှိသည်။ ဆန်စပါး၊ ငါးပုစွန်များ ထွက်သဖြင့် ငါးလုပ်ငန်းလည်း တွင်ကျယ်ပါသည်။

ရေလမ်းကိုသာ အသုံးပြုရသည့်နေရာများလည်းဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



ဤမြို့ကလေးသည် ဗြိတိသျှတို့ မြန်မာနိုင်ငံအောက်ပိုင်းကို သိမ်းပြီးဖြစ်သော ခရစ်သက္ကရာဇ် ၁၈၈၀ ပြည့်နှစ်တွင်မှ ထွန်းပေါ်လာသော မြို့ငယ်ဖြစ်သည်။ ထို့အရင်ကမူ တံငါရွာကလေးမျှသာဖြစ်ခဲ့သည်။

"သြော်…ခင်ခင်များ မိသားစုနဲ့ခွဲခွာလာရလို့ လွမ်းနေမလား၊ ဖျင်းနေမလားလို့ စိတ်ပူမိလို့ပါ"

"ကိုကိုက ပြောင်းပြန်မေးနေပြန်ပါပြီ။ ခင်ခင်တို့က မွေးကတည်းက ဒီချောင်း၊ ဒီမြောင်းနဲ့ ဒီကျွန်းလေးတွေပေါ်မှာပဲ ဆော့ကစားကြီးပြင်းခဲ့ရလို့ မပျင်းပါဘူးနော်။ မြို့ကြီးသား ကိုကိုသာ ချောင်ကျသထက် ကျတဲ့နေရာကို ရောက်လာခဲ့ရ၊ ပြောင်းလာခဲ့ရလို့ နေတတ်ပါ့မလား၊ ဖျင်းများနေမလားလို့ ခင်ခင်က စိတ်ပူနေရတာပါနော်"

တင်မောင်ရီက ချစ်ဇနီးအချောအလှကို ခပ်ပြုံးပြုံးစိုက်ကြည့်ရင်း…

"ကိုကိုချစ်တဲ့ ခင်နဲ့သာနေရမယ်ဆိုရင် မြစ်တွေ၊ ချောင်းတွေကြားလည်း ပျော်မှာပဲ၊ တောတွေ တောင်တွေထဲလည်း ပျော်မှာပဲ ထင်တယ်"

"ကိုကိုကတော့ သိပ်မိုက်တာပဲ"

"ကဲ…ခုချိန်ထိ မြယုံသေးဘူးလား။ ဟောဒီမိုးရွာပူပူထဲမှာ ကိုကို့ရဲ့ရင်သွေးလေး ရှိနေပြီပဲကွာ"





"ရှိနေလည်း စိတ်မချရသေးဘူးနော်။ တစ်မြို့တစ်နယ်ပြောင်းသွားရင် ကိုကိုက လူပျိုလို့ညာပြီး ကောင်မလေးတွေကို ထပ်ချစ်၊ ထပ်မယူဘူးလို့ ပြောနိုင်မလား"

"ကိုကို့ပုံစံက အဲသည်လိုပုံစံပေါက်နေလို့လား ခင်ခင်ရယ်"

"ဟင့်အင်း…ကိုကို့ပုံစံကရုပ်ရည်သန့်သန့်ပြန့်ပြန့်နဲ့ ရည်ရည်မွန်မွန်ရှိလွန်းတဲ့ ပညာတတ်မြို့ကြီးသားမို့ ခင်ခင်စိတ်ပူပြီး ပြောနေတာပါ"

"စိတ်ချပါ ခင်ခင်ရယ်…ဟောဒီ သာယာလှပတဲ့ ကျွန်းကလေးကို သက်သေထားပြီး သစ္စာဆိုပြပါ့မယ်။ လာ…ဟောဟို သစ်ပင်အောက်မှာ သွားထိုင်ကြရအောင်"

သစ်ပင်ရိပ်တွင် ချစ်ဇနီးအချောအလှကို တစိမ့်စိမ့်ကြည့်ရင်း တင်မောင်ရီ သစ္စာတွေဆိုပြနေဖြင့် ခင်ခင်က ကျေနပ်စွာခေါင်းတညိတ်ညိတ် နားထောင်နေပါတော့သည်။

❖



www.burmeseclassic.com

www.burmeseclassic.com



""ကိုကိုရေ…""

ရုံးသွားဖို့ ခြေလှမ်းပြင်နေသော ခင်ပွန်းကို ခင်ခင်က လှမ်းခေါ်ရင်း လှေကားပေါ်မှ ဆင်းနေသဖြင့် တင်မောင်ရီ ပျာပျာသလဲ ပြေးလာခဲ့မိသည်။

ခင်ခင့်ကိုယ်ဝန်က လရင့်နေပြီ။ ချော်လဲသွားမှာ စိုးရိမ်မိသည်။

""နေ…နေ…ကိုကိုလာခဲ့မယ်။ လှေကားထစ် အတက်အဆင်းတွေကို အဖော်မပါဘဲ သိပ်အတင့်မရဲနဲ့။ ချော်လဲပြီး တစ်ခုခု ဖြစ်သွားရင် ကိုကို ရင်ကျိုးရလိမ့်မယ်""

""ဟုတ်ကဲ့ပါ…ကိုကို။ ခင်ခင့်ကိုယ်ဝန်က ရက်စေ့နေပြီ ကိုကိုရဲ့။ ဆရာဝန်ပြောတဲ့ရက်ထက် (၁၀)ရက်တောင် ကျော်နေပြီ""

""အင်းနော်…ခင်ခင် ဘယ်လိုမှ မနေဘူးလား။ ဗိုက်တွေ





ဘာတွေကော မနာဘူးလား""

""ဟင့်အင်း…""

""ညနေကျရင် ဆရာဝန်ဆီ သွားကြတာပေါ့။ အဆင်သင့် ပြင်ထားနော်""

""ဟုတ်ကဲ့…ကိုကို""

ညနေဘက် ဆရာဝန်ထံ ရောက်လာသောအခါ ဆရာဝန်က သေချာစမ်းသပ်ပြီး စိတ်ပူသလို စိုးရိမ်သလိုပုံစံဖြင့် ရန်ကုန်တွင် မွေးဖွားရန် ညွှန်ကြားပါတော့သည်။

**မှတ်ချက်။** ထိုစဉ်က ကျွန်းမြို့ကလေးသည် နယ်မြို့ဖြစ်၍ သိပ်ကျွမ်းကျင်တတ်ကျွမ်းသောဆရာဝန်များ မရှိသေးပါ။ ထိုခေတ်က M.B.B.S(အိမ်ဘီဘီအက်စ်)ထက် အဆင့်နိမ့်သော L.M.P (အယ်လ်အမ်ပီ)ဆရာဝန်သာ ရှိပါသေးသည်။

ဆရာဝန်က စိတ်ပူပြီး ရန်ကုန်လွှတ်သဖြင့် တင်မောင်ရီသည်း ခွင့် (၁၀)ရက်ယူပြီး ချစ်ဇနီးကို ရန်ကုန်ရှိ သူ၏အမျိုးများ



www.burmeseclassic.com

www.burmeseclassic.com



ထံသို့ ခေါ်လာခဲ့ပါသည်။

ဒပ်ဖရင်ဆေးရုံတွင် မွေးဖွားရန် စီစဉ်နိုင်ခဲ့ကြသော်လည်း ခွင့်ရက်တွေ တစ်ရက်ပြီးတစ်ရက်သာ ကုန်လာခဲ့သည်။ ခင်ခင့်ဗိုက်ထဲက ကလေးကတော့ ထွက်မလာခဲ့သေးပါ။

"ကိုကို မနက်ဖြန်ဆို ပြန်ရတော့မှာနော်"

နဂိုထဲက စကားကိုဖြည်းဖြည်းဆေးဆေး တိုးတိုးပြောတတ်သော မိန်းမလှဏ္ဍနွေ့ရှင် ခင်ခင်တစ်ယောက် သူမ အလွန်ချစ်မြတ်နိုးသော ခင်ပွန်းသည် အလုပ်ခွင်သို့ပြန်ရတော့မည်ဆိုသည့် အသိစိတ်က ထပ်မံနှိပ်စက်နေပါတော့သည်။

"ကိုကို ခွင့်ထပ်ရရင် အမြန်ပြန်လာခဲ့ဦးမှာပါ။ ခင်ခင် စိတ်ကို ကောင်းကောင်းတင်းထားရမယ်လေ။ ဒါမှ ကလေးအတွက်ရော၊ လူကြီးအတွက်ရော အင်အားဖြစ်လာမှာပေါ့။ ကြည့်ရတာ ကလေးက ကိုကိုစောင့်နေလို့ တမင်ထွက်မလာသေးတာ နေမှာ"

"ကိုကိုရယ်…"

ခင်ခင်က ခင်ပွန်းသည်၏ကျီစားမှုကို တုန့်ပြန်သည့်အနေဖြင့် ခပ်ယဲ့ယဲ့ပြုံးရင်း ရင်ခွင်ထဲ ခိုမှီနေပါတော့သည်။ ချစ်လင်၏လက်နှစ်ဘက်ကို ဆွဲယူပြီး သူမ၏ဗိုက်ပေါ်တွင် မှောက်ထားပြီး





သူမ၏လက်နှစ်ဘက်ကိုလည်း ခင်ပွန်း၏လက်များပေါ်မှ ထပ်အုပ်ထားသည်။

"မွေးရမည့်ရက်ထက် ရက် ၂၀ ကျော်ပြီ၊ တစ်လတောင်ပြည့်တော့မယ်နော်။ ကလေးက အသက်မရှိလို့ ထွက်မလာတာလားမသိဘူးနော်"

"ဟာ…မဟုတ်ပါဘူး ခင်ရဲ့၊ အသက်မရှိရင် ဘယ်ကိုယ်ဝန် ထွားလာမှာလဲ"

"ခင်…ဖတ်ဖူး၊ ကြားဖူးတဲ့စာအုပ်တွေထဲမှာ ရှေးဘဝတုသိုလ်ကကြောင့် တစ်ခါတလေ ဗိုက်ထဲမှာအသားတုံးကြီး၊ တစ်နေ့တခြား ကြီးထွားလာတတ်တယ်ဆို"

"ဒါဆို ကိုကိုဖတ်ဖူးတဲ့စာအုပ်ထဲကအကြောင်း ပြောပြမယ်…နားထောင်နော်။ အမျိုးသမီးတစ်ယောက်ဟာ ကိုယ်ဝန်ကိုနှစ်နှစ်ပြီး လွယ်ထားရတယ်တဲ့ဗျာ။ ခင့်ဗိုက်ထဲက ကလေးရဲ့ အသက်ရှုသံကို ကြားရတယ်လို့ ဒေါက်တာက ပြောလိုက်တယ်လေ။ ခင်ကြားလိုက်လို့ နေမှာပါ။ မွေးဖွားမယ့်ရက်က တစ်နေ့တခြား ကျော်လာပြီဆိုတော့ ခင် ကျန်းမာမှ အားရှိမှာ။ ဆေးညွှန်းအတိုင်း ဆေးသောက်ရမယ်။ အားရှိတဲ့အာဟာရကိုလည်း မှီဝဲရမယ်။ ဒါမှ မိခင်



www.burmeseclassic.com

www.burmeseclassic.com



ရော၊ ကလေးရော အားရှိမှာလေ။ မောင့်ကိုချစ်ရင် မောင့်စကား နားထောင်ရမယ်နော်''

ခင်ခင်က မျက်ရည်ဝဲလျက်မှ ခေါင်းညိတ်ပြပါသည်။

''မယုံ…ကြည့်နေ။ မောင် ဟိုကိုရောက်တာနဲ့ ခင်မွေးမှာပဲ။ မောင် နားလည်မှုခွင့်တင်ပြီး ပြန်ပြေးလာရမှာ မြင်ယောင်သေးတယ်''

''ခင့်အတွက် မောင် ပင်ပန်းနေပြီကွယ်''

''မောင်ကတော့ ခင့်ကိုချစ်ကြောင်းပြချင်လွန်းလို့ ဘယ်လောက်ပင်ပန်းပန်း ဟိုနဲ့ဒီ အိမ်ဦးနဲ့ကြမ်းပြင် ပြေးနေရစမ်းပါစေ။ တတ်နိုင်ရင် ဟောဒီဗိုက်ကြီးကို မောင်တောင် လွယ်ပေးထားလိုက်ချင်သေးတာ။ ဖြစ်နိုင်ရင်တောင် မောင်က မွေးပေးလိုက်ချင်သေးတယ်''

''အို…မောင်ကလည်း ပြောတော့မယ်''

''ဟုတ်တယ်ဗျ…မဖြစ်နိုင်လို့သာ ကိုယ့်မိန်းမကို ဒီလိုလေးလေးပင်ပင် လွယ်ပိုးခိုင်းထားရတာ။ မောင့်လိုလူ ဘာတတ်နိုင်မှာတဲ့လဲ။ ဘုရားတောင် အမိဝမ်းမှာ သန္ဓေတည်ခဲ့ရသေးတာ။ မိခင်တစ်ယောက်၊ မိန်းမတစ်ယောက်ရဲ့ခံစားရတဲ့ 'အာဝေဏိကဒုက္ခ' လို့ခေါ်တဲ့ ဒုက္ခငါးမျိုးထဲမှာ ကိုယ်ဝန်ဆောင်ရခြင်း၊ သားဖွားရခြင်း၊





တစ်လတစ်ခါ ရာသီသွေးပေါ်ရခြင်းဆိုတဲ့ကိစ္စတွေကို ကိုယ်တို့ယောက်ျားတွေ ဘယ်လိုနည်းနဲ့မှ မကူညီနိုင်တဲ့ကိစ္စမို့ ကိုယ်လက်ပိုက်ကြည့်နေရတာပါ''

''ကိုကိုရယ်…ခင်ခင် သိပ်စိတ်ခတ်ပျော့ညံ့သလိုဖြစ်နေပြီနော်။ ခင် ပျော့ခွေညီးတွားနေလို့ ကိုကိုလည်း စိတ်ဆင်းရဲနေရပြီနော်။ တခြားမိန်းမတွေလည်း ခင့်လိုပဲ လင်ယူသားမွေးနေကြတာပဲ။ အမေလည်း ခင့်ကိုဒီလိုပဲ မွေးဖွားခဲ့တာပဲ။ ဒါ…ခင့်တာဝန်ပဲ။ ဒီဗိုက်ကြီးကိုလေ နောက်ထပ်ဘယ်နှစ်လပဲ လွယ်ရလွယ်ရ ခင် သတ္တိရှိရှိပျော်ပျော်ရွှင်ရွှင်နဲ့ လွယ်ထားမယ်။ ဒါ…ခင့်တာဝန်ပဲလေ။ ခင် လင်ယူထားတာပဲ။ ကိုကို့ကို ခင်ချစ်တာပဲ။ ဒီတော့ ဒီကလေးကို ခင် ရဲရင့်ပျော်ရွှင်စွာနဲ့ မွေးပေးမှာပါ။ ကိုကိုလည်း အလုပ်ခွင်ကို စိတ်ချပြီးတော့သာ ပြန်တော့''

ချက်ခြင်းပြောင်းလဲသွားသော ဇနီးသည်၏စိတ်ဓာတ်ကို အံ့သြသလို ဖြစ်ရပါတော့သည်။

နောက်တစ်နေ့ သင်္ဘောဆိပ်ဆင်းခါနီး ပါးပြင်ကိုကြင်နာညင်သာစွာ အနမ်းဖြင့်နှုတ်ဆက်သောအခါ ခင်ခင်က ပြုံး၍လက်ပြရင်း ကျန်ရစ်ခဲ့သဖြင့် တင်မောင်ရီ စိတ်သက်သာရာရတာ အမှန်ပါ။ ရင်ထဲမှာ စိုးရိမ်တာကိုတော့ သူမ မမြင်အောင် ဖွက်ထားခဲ့သည်။

သည်လိုပါပဲ။



www.burmeseclassic.com

www.burmeseclassic.com



ကိုကို့ကိုပြုး၍ လက်ပြနှုတ်ဆက်နိုင်ခဲ့သော်လည်း ကိုကို့ကျောပြင်ကို ပျောက်ကွယ်သွားသည်အထိ စိုက်ကြည့်ရင်း ရင်ထဲမှာ လွမ်းနေမိပါသည်။ အားငယ်နေမိပါသည်။

❖❖❖



## အခန်း [၄]

"ခင်ခင်…အားတင်းပြီး ညှစ်နော်။ စိတ်ကို လျှော့မပစ်နဲ့"

ထိုအသံတွေက မွေးခန်းထဲတွင် အခေါက်ပေါင်းများစွာ [illegible]နေပါသည်။

ချွေးသီးချွေးပေါက်တွေရော၊ မျက်ရည်တွေရော ခင်ခင့်[illegible]နှာတွင် ရွှဲနစ်နေပါပြီ။

အချိန်ကလည်း ကြာမြင့်လာပြီဖြစ်၍ အားလုံးစိုးရိမ်နေကြ[illegible]ပြီ။

"ဒေါက်တာရယ်…နောက်ဆုံး ကလေးမရရင်နေပါစေ၊ [illegible]သမီးအသက်ကိုတော့ ရအောင်ယူပေးပါနော်"

www.burmeseclassic.com

www.burmeseclassic.com



ခင့်မေမေအသံကို ခင် ခပ်တိုးတိုးကြားနေရပါပြီ။

"ဟုတ်ပါရဲ့နော်…တော်တော်အမွေးရခက်တာပဲ။ ကျုပ်တို့တစ်သက်နဲ့တစ်ကိုယ် မမြင်ဖူးပေါင်။ ဒီလောက်မွေးရခက်ပြီး အမေကို ဒုက္ခပေးတဲ့ကလေး ဗိုက်ထဲမှာတောင် သည်လောက်ဒုက္ခပေးတာ အပြင်ကိုထွက်လာရင် ဘယ်လောက်ဒုက္ခပေးဦးမလဲ မသိဘူး"

မိခင်ဖြစ်သူက စိတ်ပူပြီး အင်္ဂလိပ်မာလသုတ်ကို တတွတ်တွတ် ရွတ်လိုက်၊ ပရိတ်ရေကို တိုက်လိုက်၊ ဖြန်းလိုက် ခင့်ကိုယ်ပေါ်မှ ချွေးများကို သုတ်လိုက် လုပ်နေမှန်း ခင်သိပါသည်။

"သမီးလေး အားတင်းနော်…ခုလို ခဏနားနေတာမှန်တယ် သမီး။ သမီးအားရှိလာတဲ့အချိန်ကြရင် တစ်ခါတည်း ညှစ်ထုတ်ပြစ်လိုက်။ သမီးကိုကိုကလည်း သမီးမွေးပြီလားလို့ လူကြုံနဲ့မေးခိုင်းလိုက်တယ်။ သူ စိတ်ပူပြီး နှစ်ရက်လောက်နေရင် လိုက်လာမယ်လို့ ပြောခိုင်းလိုက်တယ်။ သူ ပြန်သွားတာတောင် ၁၀ ရက်လောက်ရှိပြီ ဆိုတော့ စိတ်ပူပြီပေါ့။ မွေးရမယ့်ရက်တောင် တစ်လကျော်သွားခဲ့ပြီလေ"

ခင်ခင် အံကိုကြိတ်လိုက်ပါသည်။

ဟုတ်ပါသည်။

ယောက်ျားဖောင်စီး၊ မိန်းမမီးနေဆိုသည့်စကား ရှိပါသည်။

ဒါ…မိမိတာဝန်ပါ။





လင်ယူပြီး ဗိုက်ကြီးကြသည့် မိန်းမများစွာသည် သူမတို့၏ တာဝန်ကို အင်အားရှိရှိကျေပြွန်စွာ ထမ်းဆောင်နိုင်ကြပါလျှင် မိမိက စိတ်ဓာတ်ပျော့ညံ့လှချည်လား။ တာဝန်မကျေပါလား။ မိမိသည်လိုသာ လုပ်နေလျှင် မကြာခင် မိမိရော၊ ကလေးပါ လူ့လောကနှင့် ကင်းကွာကြရပေတော့မည်။

အဝေးဆီမှ စိတ်ပူနေသည့် ခင်ပွန်းသည်၏မျက်နှာကိုလည်း မြင်ယောင်မိပါသည်။

မိမိ၏ခေါင်းရင်းနားတွင်ကပ်၍ စိတ်ပူနေသော မိခင်ကိုလည်း သနားမိပါသည်။

ထို့ကြောင့် ရှိသမျှခွန်အားကိုသုံးပြီး အံကြိတ်၍ ညှစ်ပြစ်လိုက်မိပါတော့သည်။

"အူဝဲ…အူဝဲ…အူဝဲ…အူဝဲ…"

"ဟယ်…မွေးပြီတော့…မွေးပြီ။ မိန်းကလေးတော့…ဝမ်းသာလိုက်တာ"

ကလေးငိုသံနှင့် အမေ့အသံကိုကြားပြီးနောက် ခင်ခင် ပျော့ခွေကျသွားပါတော့သည်။

အချိန်ဘယ်လောက်ကြာသည်တော့ မသိပါ၊ ခင် သတိပြန်ရလာသောအခါ စကားသံများကို ကြားနေရပြန်ပါသည်။

"အံ့ပါရဲ့တော်…ဗိုက်ထဲမှာထဲက အမေကို ဒုက္ခပေးလာလို့



www.burmeseclassic.com

www.burmeseclassic.com



အားမရဘူး၊ အပြင်ကိုထွက်လာတာတောင် အချင်းမကျဘူးလေ။ အမေကို အပြင်ရောက်တဲ့အထိ ဒုက္ခပေးနိုင်လွန်းတယ်။ စနေသမီး ပီသပါပေတယ်””

ခင်ခင်ကတော့ သမီးလေးကို အပြစ်မမြင်ရက်ပါ။ ဘာမှ အသိဉာဏ်ရှိရှာသေးတာမှ မဟုတ်ဘဲလေ။

အမေတို့တစ်မျိုးလုံး စနေသမီးမွေးမှာ အလွန်ကြောက်ကြပါသည်။ သူတို့နှင့်ပတ်သက်သမျှ ဆွေမျိုးသားချင်း၊ မိတ်ဆွေများထဲတွင် စနေသားသမီးတွေ အတော်များများဒုက္ခပေးတတ်တာကို မြင်ပြီး ကြောက်နေကြခြင်းဖြစ်သည်။

တကယ်တော့ ခင်ခင့်အပြစ်တွေပါလေ···။

ကိုယ်ဝန်ရှိတည်းက ခံတွင်းပျက်ပြီး အစားချေးများခဲ့မိပါသည်။ စားချင်စိတ်မရှိ၍ မစားပဲ နေခဲ့မိပါသည်။

ခင်ပွန်းသည်က အားရှိတာတွေ ဂရုတစိုက်စားဖို့ အမြဲသတိပေးခဲ့ပေမယ့် ခင်ခင်မစားဘဲ နေခဲ့မိသဖြင့် ကလေးမှာလည်း အားရှိပုံ မပေါ်ရှာပါ။

သမီးလေးက ပိန်ပိန်လှီလှီဖြူဖြူသေးသေးလေးဖြစ်သည်။ ကလေးကစားသည့်ကော်ပတ်ရုပ်ကလေးလား ထင်ရပါသည်။တစ်ပတ်သာ ပြည့်သွားသည်၊ ကလေးလည်းဖျား၊ အမေလည်း ဖျားနေသဖြင့်၍ ဆေးရုံမှာနောက်ထပ် ၁၀ ရက် ထပ်နေလိုက်ရသည်။ အနည်းငယ်





သက်သာ၍ ဆေးရုံကဆင်းခဲ့ရသော်လည်း စိတ်မချသေး၍ ရန်ကုန်မှာပင် ဆေးဝါးကုသရန် ဆရာဝန်များက အကြံပေး၍ ခင်ခင် ဆွေမျိုးအိမ်တွင် တစ်လခန့် ထပ်ကြာသွားခဲ့တော့သည်။

ခင်ပွန်းသည်ထံသို့ ပြန်ဖို့ပြင်ဆင်နေချိန်မှာပင် စာတစ်စောင် ရောက်လာခဲ့သည်။

ခင်ခင်...

ကိုကိုသတိရခြင်းများစွာနဲ့ စာရေးလိုက်တယ်နော်။ ခင့်ကို ကိုယ်တိုင်လာကြိုချင်ပေမယ့် လာခါနီးကျမှ ပြောင်းမိန့်ကျလာတယ်လေ။

အဲဒီမှာ ခင့်လိုသားအမိအတွက် အရေးရယ် အကြောင်းရယ်ဆိုရင် ဆေးဝါးစုံစုံလင်လင် ရှိပါ့မလား မသိဘူး။

တကယ်လို့ ခင်ပြန်လာရင် ခင့်မိဘတွေအိမ်မှာပဲ ခဏစောင့်နေဦးနော်။ အခြေအနေကောင်းရင် မောင်လာခေါ်မယ်။ သွေးနုသားနုနဲ့ ခင် ပင်ပန်းမှာစိုးတာကြောင့်ရော၊ ခင်တို့သားအမိ နှစ်ယောက်ရဲ့ ကျန်းမာရေးအတွက်ပါ စိတ်ပူလို့ပြောတာနော်။

အချစ်များစွာနှင့်

ကိုကို

စာကို ခေါင်းအုံးဘေး အသာချပြီးနောက် ခင်ခင်လည်း ပျော့ခွေကျသွားပါတော့သည်။



www.burmeseclassic.com

www.burmeseclassic.com



ချစ်သူကို လွမ်းလှပါပြီ။ ခွဲခွာနေရတာ ၂ လပြည့်တော့မည်။

ကိုကိုတစ်ယောက် သမီးလေးကို လာကြည့်ဖော်ပင် မရသေးပါလား။ ကိုယ့်သွေးနှင့်ဖွဲ့စည်းဖြစ်ပေါ်လာသည့် ကိုယ့်ရင်သွေးလေးကို ကိုကို မမြင်ချင်ဘူးတဲ့လား။ ဘယ်လိုနည်းနဲ့ပဲဖြစ်ဖြစ် မွေးပြီးတာကိုသိလျှင် တစ်ခေါက်တော့ ရောက်လာသင့်ပါသည်။

ခုတော့ နေနိုင်လိုက်တာ...။

ဘာလဲ...သူက ခင့်ကို ကလေးတစ်ယောက်တောင် ဖြောင့်ဖြောင့်တန်းတန်းမမွေးနိုင်လို့ စိတ်ပျက် အထင်သေးနေတာလား။ မွေးပြီးပြန်တော့လည်း သမီးဖျားလိုက်၊ အမေဖျားလိုက်ဖြစ်နေလို့ စိတ်ကုန်နေတာလား။ ပြုစုရမှာကို ကြောက်နေတာလား။

ဒီအတွေး၊ ဟိုအတွေးတွေဖြင့် ခင်ခင့်မျက်ကဝန်းထဲမှာ မျက်ရည်များက ရေတံခွန်လို တဝေါဝေါစီးကျလာပါတော့သည်။

အားငယ်စိတ်ကြောင့် အဖျားပါ ဝင်လာပြန်သည်။

ခင်ခင်ဆုံးဖြတ်လိုက်သည်။ ကောင်းကောင်းမကျန်းမာသေးသရွေ့ ယောကျာ်းဆီ မပြန်ဟုပင်။

ကြားထဲက မောရသူက အမေပါပဲ။

ကျွန်းမြို့နှင့်ရန်ကုန် ကူးချည်သန်းချည် ဖြစ်နေရရှာသည်။

သမီးမွေးပြီး တစ်လပြည့်တော့မည်၊ အမေလည်း သဘော





ကို အသွားအပြန် အခါ ၂၀ မကတော့။

"သမီး...ဒီတစ်ခါတော့ လိုက်ခဲ့တော့နော်။ ရော့... တင်မောင်ရီလည်း စာထည့်ပေးလိုက်တယ်"

ခင်ခင့်မျက်ခုံးများ မြင့်တက်သွားပါသည်။

မျက်နှာကိုတော့ ခပ်တင်းတင်းလုပ်ထားပါသည်။

စာကို ဣန္ဒြေရစွာဖြင့် ဖောက်ဖတ်ပါသည်။

ချစ်စနီးခင်ခင်...

မောင်တော့ မြို့သစ်မှာအလုပ်အဆင်ပြေအောင် စီစဉ်ထားပြီးပြီ ဆရာဝန်တစ်ယောက်နဲ့လဲ မိတ်ဆွေဖြစ်နေပြီ။ ဒါပေမယ့် ခင်ခင်နဲ့သမီးလေး ကောင်းကောင်း နေမကောင်းသေးဘူးဆိုရင်တော့ ရန်ကုန်မှာက ဆေးဆရာဝန်၊ ဆေးဝါးတွေ စုံလင်တယ်ဆိုတော့ ပိုအဆင်ပြေတာပေါ့။ မောင် အထီးကျန်တာ အရေးမကြီးပါဘူး။ ခင်နဲ့သမီး ကျန်းမာဖို့က အဓိကပါပဲ။ ရွှေ့လာဖို့ခွင့်ရရင် မောင်လာခဲ့မယ်။ အဲဒီအချိန်ကြရင်တော့ ခင်တို့သားအမိလည်း ကောင်းကောင်း ကျန်းမာလောက်ရောပေါ့။

ချစ်ခင်သတိရလျက်

မောင်



www.burmeseclassic.com

www.burmeseclassic.com



စာဖတ်ပြီး ခင်ခင့်မျက်နှာက ပိတင်းမာသွားခဲ့ပါပြီ။ မိခင်ကို မျက်ရည်ဝိုင်းသောမျက်လုံးဖြင့် လှမ်းကြည့်ရင်း…

“မေမေကသာ ပြန်လိုက်ခဲ့ဖို့ခေါ်နေတာ၊ သူကဖြင့် နောက်လ ခွင့်ရမှ လာခေါ်မယ်တဲ့လေ။ သူကြည့်ရတာ ခင်တို့သားအမိကို စိတ်ဝင်စားပုံလည်း မရတော့ပါဘူး။ ဟုတ်တာပဲလေ…လက်ထပ်ပြီး ကိုယ်ဝန်တန်းရှိပြီးတည်းက သူကကြီး တယုတယပြုစုခဲ့ရတာကြီးပဲ။ မွေးဖွားရမယ့်အချိန်မှာ မမွေးလို့ သူ့မှာ စိတ်ပူနေပြန်ရော။ မွေးပြန်တော့လည်း သဲထိတ်ရင်ဖိုနဲ့။ မွေးပြီးပြန်တော့လည်း အမေ ဖျားလိုက်၊ သမီး ဖျားလိုက်နဲ့ သုံးလပဲပြည့်ခါနီးပြီလေ။ သူလည်း စဉ်းစားမှာပေါ့။ ဒီလိုမိန်းမမျိုးကို ဆက်ပေါင်းနေရင် နောက်တစ်ယောက်မွေးလည်း ဒီပုံအတိုင်း ဖြစ်မှာပဲလို့ ချစ်ခင်ကြင်နာမှုထက် သောကနဲ့ဒုက္ခကိုပဲ ခင်က တုန့်ပြန်နိုင်တာကိုး။ သူ့ကို ခင် ကွာရှင်းလိုက်တော့မယ်”

“ဟင်…ခင်ခင်နု၊ နင် ဘာတွေပြောနေတာလဲ။ အမေ့ကို စိတ်ဆင်းရဲအောင် ပြောနေတာလား”

ငိုသံဖြင့်ပြောနေသော မိခင်ကို ကြည့်ပြီး ခင်ခင်နု ဝမ်းပန်းတနည်းငိုပါတော့သည်။

အိမ်ရှင်ဖြစ်သူ ခင်ခင်နု၏အဒေါ်က အခန်းထဲဝင်လာပြီး…

“အင်း…ကျွန်မလည်း ခင်ခင်တမှိုင်မှိုင် တတွေတွေဖြစ်နေတာကိုရော၊ ကြိတ်ငိုနေတာတွေကိုမြင်ထားရတော့ ရင်ထဲမှာ မကောင်းဘူး။ ဟုတ်တော့လည်း ဟုတ်တာပဲ။ တင်မောင်ရီက ကလေးမျက်နှာကိုတောင် လာကြည့်ဖော်မရအောင် ဘယ်လိုဖြစ်နေတာလဲ”

“အိုအေ…နဂိုကမှ ညည်းတူမက တစ်မျိုးထင်နေရတဲ့အထဲ မီးလောင်ရာလေပင့် မလုပ်စမ်းပါနဲ့။ ကောင်လေးက ရာထူးတက်ပြီး ပြောင်းရတာဆိုတော့ ချက်ခြင်းခွင့်မရဘူးလေ။ ရာထူးအပြောင်းအလွဲ၊ စာရင်းအပြောင်းအလွဲတွေနဲ့ ရှုပ်ထွေးနေတာ ငါတို့အသိပါ။ စာထဲမှာလည်း သူလာခေါ်မယ် ရေးထားတာပဲ။ ခင်ခင် အလကားနေရင်း တောင်တွေးမြောက်တွေး လုပ်နေတာပါ”

ထိုစဉ်မှာပင် မြောင်းမြမှ ဆွေမျိုးတစ်သိုက် ထပ်ရောက်လာပြီး လူစုံ၊ စကားစုံပြီး ခင်ခင်တို့သားအမိနှစ်ယောက်ကိစ္စသည် ပို၍ကြီးမာလာပါတော့သည်။

“ဟုတ်တယ် မမရဲ့၊ ဒီစနေသမီး ဂြိုလ်မွှေတာတော့ အမှန်ပဲ။ ဗိုက်ထဲကမထွက်တုန်းကလည်း ပူလိုက်ရတာ။ ထွက်တော့လည်း ခင်ခင်နု မသေရုံတမယ်ပဲ။ ဟော…အခုအပြင်ရောက်လာတော့လည်း အဖေနဲ့အမေ သူ့ကြောင့်ကွဲတော့မယ်။ ဒီကလေး နိုက်နေတာဖြစ်မယ်။ သားဦးစနေ မီးလိုမွှေဆိုတဲ့စကားလည်း ရှိသားပဲ။ ဒီကလေးကို တခြားတစ်ယောက်ယောက် မွေးစားဖို့ ပေးသာပြစ်လိုက်တော့”

ခင့်ရင်ထဲ ကျင်ကနဲဖြစ်သွားရပါသည်။

သူတို့က လွယ်လွယ်ပြောကြပေမယ့် ခင်က သွေးသားနှင့်







www.burmeseclassic.com

www.burmeseclassic.com



ရင်းပြီး မွေးဖွားလာခဲ့ရတဲ့အမေပါ။

"ဟုတ်တယ် ခင်ခင်။ ကိုယ့်သမီးဟာ ကိုယ့်သမီးပဲ။ အချိန်တန် ကိုယ့်ဆီပြန်ရောက်လာမှာပဲ။ လောလောဆယ် နင်တို့ သားအမိ နှစ်ယောက် ခွဲနေတာကောင်းတယ်။ နင်တို့နှစ်ယောက် ဓာတ်မတည့်တာတော့ အမှန်ပဲ။ ဒါကြောင့် ပဋိပက္ခတွေကြီးပဲ ဖြစ်နေတာပေါ့။ တင်မောင်ရီလိုလူကို ဘာအပြစ်မှမရှိဘဲတော့ ကွာဖို့ မပြောပါနဲ့အေ။ ဒီလိုလူမျိုး ဒီဘဝတော့ ထပ်မတွေ့နိုင်တော့ပါဘူး"

တစ်ဆွေလုံး တစ်မျိုးလုံးက တင်မောင်ရီဘက်က ရှေ့နေလိုက်နေကြသည်။

"ဒီလိုလုပ်လေ…ဒီကလေးကို တင်နုပဲ မွေးစားလိုက်တယ်။ တင်နုလည်း အိမ်ထောင်ပြုတာ ၃ နှစ်ကျော်ပြီ။ ခုထိ ကလေးမရသေးဘူး။ ကလေးမွေးစားမှ သားသမီးရမယ်လို့ ဗေဒင်ဟောထားတယ်"

တင်တင်နုစကားကို နားထောင်ပြီး လူကြီးများ မျက်နှာက လက်ခံချင်ပုံ မပြကြ။

"တင်နုရယ်…ညည်းတို့လင်မယားက ချောင်လည်လှတာလည်း မဟုတ်ဘူး။ ပြီးတော့ ဒီကလေးက စနေသမီး။ ညည်းတို့ကိုပါ မွေနေပါဦးမယ်။ ညည်းယောကျ်ားကလည်း ကျေနပ်ဦးမှကိုး"

အခေါ်တစ်ယောက်က ဝင်သတိပေးခြင်းဖြစ်သည်။

ခင်ခင်နုနှင့် တင်တင်နုမှာ ညီအစ်မအရင်းဖြစ်သော်လည်း ရုပ်ရည်ချင်းရော၊ ကသိုလ်ကံချင်းပါ ကွာခြားလှပါသည်။ ခင်ခင်နုက ဖြူနုပြီး အလှတွေစုနေသဖြင့် မြို့ကြီးသား ပညာတတ် အရာရှိ၏ အရှုံးအမူးခွဲလန်းနှစ်သက်ခြင်းကို ခံရပြီး လက်ထပ်တောင်းရမ်းခြင်း ခံခဲ့ရသူဖြစ်သည်။

တင်တင်နုမှာတော့ အသားကညိုညို၊ လူက ဝတုတ်တုတ်နှင့် ခင်ခင်နုလို မျက်နှာကျ မလှရှာပါ။

လူကြီးတွေက သူမနောင်ရေးကိုစိတ်ပူပြီး အိမ်မှာဝင်ထွက်ပြီး စပါးလာလာပို့တတ်သည့် လယ်သမားတစ်ဦး ချစ်ရေးဆိုခြင်း ခံရမှန်း သိရသည့်အခါ လူရိုး၊ လူအေးဖြစ်၍ ကျေနပ်စွာပင် သဘောတူ ပေးစားခဲ့ကြခြင်းဖြစ်သည်။

"ကိုကျော်လင်းကို မေးကြည့်ပါဦး မမတင်ရယ်"

"ကောင်းပြီလေ…သူကျေနပ်ရင်တော့ ပေးမယ်မဟုတ်လား။ ငါ့တူမကို အခြားလူတော့ မပေးပါနဲ့ဟယ်…ငါပဲ မွေးထားပါ့မယ်"

ခင်နု မျက်ရည်ဝဲလျက်ကပင် ပြုံးရင်းခေါင်းညိတ်ပြလိုက်ရပါတော့သည်။

❁❁❁







www.burmeseclassic.com

www.burmeseclassic.com

## အခန်း [၅]

ဝရန်တာမှကြည့်လျှင် ရွှေတိဂုံစေတီတော်ကြီးကို ထင်ရှားစွာ ဖူးမျှော်နိုင်သဖြင့် လွမ်းလေဆွေးလေတိုင်း ခင်ခင်နု ဝရန်တာတွင်သာထိုင်၍ ရွှေတိဂုံစေတီတော်မြတ်ကြီးအား ဦးသုံးကြိမ်၊ မကြာခဏချရင်း စိတ်ထဲမှ ဘုရားစာများကို ရွတ်နေမိပါသည်။ တတွတ်တွတ်ရွတ်ပြီး တစ်ချိန်လုံး ဘုရားထိုင်ဖူးနေပါသော်လည်း အာရုံကတော့ ပြန့်လွင့်နေပါသည်။

သမီးလေးကို သူစိမ်းလက်ထဲထည့်ခြင်း မဟုတ်သော်လည်း ပေးလိုက်ရမှာကို နှမြောသလိုလို၊ အားငယ်သလိုလိုကြီးဖြစ်နေပါတော့သည်။



ကလေးအဖေကရော ပေးပြစ်မှာကို ကျေနပ်ပါ့မလား…ဟု တွေးနေမိခြင်းဖြစ်သည်။

"ဟိတ်…ကောင်မလေး…ဘာတွေ တွေးနေတာလဲ"

နောက်ဘက်က ရုတ်တရက်ထွက်ပေါ်လာသောအသံကြောင့် လန့်သလိုဖြစ်သွားသော်လည်း ခင်နုက ဘာမှမဖြစ်သလို ခပ်တည်တည်လို လုပ်နေပါသည်။ ခရီးဝေးမှ တစ်နေကုန်သင်္ဘောစီးလာသဖြင့် နွမ်းလျှနေသော ခင်ပွန်းသည်ကို သူစိမ်းတစ်ယောက်လို တစ်ချက်သာ လှမ်းကြည့်ပြီး မျက်လွှာပြန်ချထားသဖြင့် ဇနီးသည် စိတ်ကောက်နေမှန်း တင်မောင်ရီသိပါသည်။

ခပ်ပြုံးပြုံး အတင်းတိုးဖွဲ့ထိုင်ရင်း…

"ခွင့်တင်ထားတာ ကြာပြီခင်ရဲ့။ ခုမှပဲ ရတော့တယ်။ (၁၀)ရက်တောင်ဆိုတော့ ခင် စိတ်ပြေလက်ပျောက် ဘယ်သွားချင်သလဲ။ တောင်ပိုင်းရှမ်းပြည် သွားမလား၊ မြောက်ပိုင်းရှမ်းပြည် သွားမလား။ ကြိုက်ရာသွား…မောင်လိုက်ပို့ပေးမယ်"

"သြော်…ရှင့်စိတ်ထဲမှာ မိန်းမရှိနေတယ်ဆိုတာ သိနေသေးတာကိုး"

"ခင်ကလဲကွာ…မောင့်ဘက်ကအခြေအနေကို စာနဲ့ခဏ ခဏရေးပို့ပြီးပြီ။ ခင့်မိဘတွေနဲ့လည်း ပြောခိုင်းထားတာပဲ။ ရေလမ်းခရီးဖြစ်နေတော့ မောင့်မှာ ရုံးပိတ်ရက်တောင် ပြန်မလာနိုင်ခဲ့ဘူး"



www.burmeseclassic.com

www.burmeseclassic.com



"အင်း…သုံးလတောင်ဝေးနေပြီဆိုတော့ မီးဝေးချိတ်မာဆိုသလို ရှင့်ရင်ထဲမှာလည်း အချစ်တွေလျော့ချင် လျော့နေမှာပါလေ။ အားနာပြီး အလိုက်သင့်ဆက်ဆံနေဖို့တော့ မလိုဘူးနော်။ ခင်ခင်တို့ရဲ့ အိမ်ထောင်ရေးကို စိတ်မဝင်စားဘူးဆိုရင် အချိန်မရွေးကွာပေးဖို့ အသင့်ပါပဲ"

တင်မောင်ရီက ခေါင်းပေါ်မှဆံပင်များကို လက်ချောင်းများနှင့် ထိုးဖွရင်း…

"ခက်ပါလား မိန်းမရယ်၊ ဘာတွေလျှောက်ပြောနေတာလဲ။ ကွာဖို့ ထည့်တောင် မစဉ်းစားမိဘူး။ ခုမှကိုယ့်မိန်းမနဲ့ ကိုယ့်သမီးနဲ့ မိသားစုသိုက်သိုက်ဝန်းဝန်းနေရတော့မှာမို့ ပျော်နေတဲ့ကောင်ပါနော်။ ခွင့်မရလို့ မလာနိုင်တာကို ခွင့်လွှတ်ဖို့လည်း မောင်အထပ်ထပ်တောင်းပန်ပြီးပြီ။ ဒီကပြန်သွားတုန်းကလည်း ခင်တို့မိသားစုအားလုံးက ခင်တို့သားအမိကို ရန်ကုန်မှာပဲ ဆေးဝါးကုသခံစေချင်တယ်ဆိုလို့ မောင် ထားသွားခဲ့တာလေ။ မိန်းမက မောင့်ကို သိပ်အထင်သေးလွန်းတယ်၊ ရက်စက်လွန်းတယ်ကွာ။ ဘာလဲ…မောင် သိပ်ချစ်နေမှန်းသိလို့ အနိုင်ကျင့်ချင်တာလား။ ဒါမှမဟုတ် ရန်ကုန်မှာ အသစ်ထပ်တွေ့နေလို့လား"

"အဲဒါက အပိုစကားတွေပါ…ကလေးရဲ့ကျန်းမာရေးကို မိခင်ကောင်းတစ်ယောက်အနေနဲ့ အချိန်ပြည့် ပြုစုစောင့်ရှောက်နေတဲ့





သူပါ။ အခုလည်း ရှင်လာရင်ဒီကလေးရဲ့ဘဝရေးရေးအတွက် မမတင်တို့လင်မယားကို မွေးစားဖို့ပေးလိုက်တော့မယ်အကြောင်း ပြောမလို့စောင့်နေတာ"

"ဟိုမှာ အမေတို့ပြောပြလို့ မောင်သိပြီးပါပြီ။ ခင် ခွဲနိုင်ပါ့မလား"

ခင်ခင်နုက လင်ဖြစ်သူကို ဒေါသမျက်လုံးဖြင့် အံ့သြသလိုကြည့်ရင်း…

"ခင် မခွဲနိုင်ဘူး…။ ဒါပေမယ့် သမီးနဲ့အမေ ရေးဘဝကုသိုလ်ကံ ဆုတောင်းမကောင်းခဲ့လို့ နေ့နံမတည့်ဘူးထင်လို့ သမီးလေးကို ခွဲရမှာ။ ရှင်ကတော့ ကိုယ့်ကလေးကို စိတ်မဝင်စားဘူးထင်ပါရဲ့။ သုံးလလုံးခွဲနေရပေမယ့် ခွဲရမှာကိုလည်း ရှင် ဝမ်းနည်းပုံမရဘူး။ မွေးကတည်းက တစ်ခါမှလည်း လာမကြည့်ဘူး။ ခုရောက်လာတော့လည်း ပြာပြာသလဲ မရှိဘူး။ ဇကန္တ ရှင့်ကိုကြည့်ရတာခုမှ သားသမီးဦး ရဖူးတာမဟုတ်ဘူးထင်တယ်။ ရှင့်အတွက် ပထမဆုံး ခံစားဖူးတာ မဟုတ်ဘူး ထင်တယ်။ သားကြီး မယားကြီးများ ရှိနေခဲ့သလား"

သံသယမျက်လုံးကြီးဖြင့်ကြည့်ပြီး ရန်သူလို၊ သူစိမ်းလိုဆက်ဆံနေသောဇနီးကို တင်မောင်ရီ ဘယ်လိုတောင်းပန်ရမည်မှန်းမသိတော့။



www.burmeseclassic.com

www.burmeseclassic.com



ခရီးဝေးမှလာသူကို ရောက်ရောက်ခြင်း ပြင်းထန်လှသော ရက်စက်လှသောစကားလုံးများဖြင့် ရင်ဝကို စီးကန်သလို ကန်ပြီးရင်း ကန်နေပါကလား။

"ခင့်စကားက အရမ်းကြမ်းလာပြီကွာ။ မောင် ဒီကိုရောက်လာတာ နာရီဝက်ကျော်ပြီ။ ခင် အိပ်နေလို့ အောက်ကပ်မှာ သမီးနဲ့ဆော့နေကြတာ။ အခု သမီး အိပ်ချိန်ရောက်ပြီဆိုလို့ မောင် ပုခက်ထဲထည့်လွဲပြီး သိပ်ခဲ့တာပါ။ မောင်ဘာတွေပြောပြော ပယ်ချဖို့ စဉ်းစားထားတာလား"

တင်မောင်ရှီအသံက တုန်နေပါပြီ။

"ကဲ…ကဲ…အိမ်ထဲလာကြကွယ်။ တစ်ယောက်နဲ့တစ်ယောက် ပြတ်နိုင်တာမဟုတ်ဘဲနဲ့ အလကား စကားနာထိုးနေကြတာကိုး။ ခင်ခင်ကလည်း အဝေးကလာတဲ့သူကို အမောပြေပါစေဦးလား။ တင်မောင်ရှိဘက်ကလည်း တောင်းပန်နေပြီပဲကွယ်။ လာကြ…လာကြ"

ကြီးဒေါ် အတင်းဆွဲခေါ်လာသဖြင့် ခင်ခင်နု အထဲရောက်လာခဲ့သည်။

"ဘာမှမဟုတ်ဘူး…ကလေးခုမှရလို့ ဖြစ်ကုန်ကြတာ။ အရင်က မင်းတို့လင်မယား ဘယ်လောက်ချစ်တယ်ဆိုတာ တစ်ဆွေလုံး တစ်မျိုးလုံး သိတယ်။ တစ်မြို့လုံးသိတယ်။ ဘာမှ တွေးမနေနဲ့။





လေးကို တင်နဲ့တို့လင်မယားကိုသာ မွေးစားဖို့ ပေးလိုက်။ နောက်ပိုင်း အားလုံးအဆင်ပြေလာလိမ့်မယ်"

"ကျွန်တော်တောင် အနီးကပ်မပြုစုရသေးပါဘူး။ ချစ်ခွင့်ရသေးပါဘူး ဒေါ်ဒေါ်ရယ်"

ဝမ်းနည်းသလိုပြောနေသော ခင်ပွန်းသည်ကို မြင်ရလေသော့မှ ခင်ခင်နု ခြိုးပွဲချငိုပါတော့သည်။

"ခင်…ခင် ဘာဖြစ်လို့တုန်း…ဘာဖြစ်လို့ ငိုတာတုန်း"

"ခင့်ကို ခွင့်လွှတ်ပါ…ဖခင်အရင်းတစ်ယောက်အနေနဲ့သည်း ချစ်ချင်ဦးမှာပဲဆိုတာ ခင်သိပါတယ်။ ခင်ကိုယ်တိုင်လည်း သမီးကို မခွဲနိုင်ဘူး။ ဘာပဲဖြစ်ဖြစ် ခင်တို့မိသားစု စုစုဝေးဝေးပြန်နေကြရအောင်နော်။ သုံးယောက်အတူနေရင် ပြန်ပြီးကုသိုလ်ကံ ကောင်းချင် ကောင်းလာမှာပေါ့"

"ခင်ပြောတာ ဖြစ်နိုင်တယ်။ မောင်လည်း သမီးကို ချစ်ချင်သေးတာပေါ့…မောင့်သမီးပဲ"

စောစောက ခုပဲကွာတော့မလိုလို၊ ကွဲတော့မလိုလို လုပ်နေသော ခင်ခင်နုတစ်ယောက် ယခုတော့ ရယ်လို့ ပြုံးလို့။ လင်မယားနှစ်ယောက် အိပ်ခန်းထဲဝင်သွားကြသဖြင့် ကြီးဒေါ်က မဲ့ပြုံးပြုံးပြီး နောက်ထပ်ဆင်းသွားပါတော့သည်။

သမီးလေးကို စနေသမီးဖြစ်၍ ထားခင်ဆုဟု ပေးဖို့



www.burmeseclassic.com

www.burmeseclassic.com



ဆုံးဖြတ်လိုက်ကြသည်။ အိမ်မှာတော့ ထားဟုပင် ခေါ်ကြပါသည်။

❖

အိမ်မဲပြန်ရောက်ပြီး နောက်တစ်နေ့မှာပင် တင်မောင်ရီ ဖျားပါတော့သည်။ တစ်ရက်ပျောက်နိုး၊ တစ်ရက်ပျောက်နိုးဖြင့် (တစ်လ)ပင် ပြည့်ပြီးခဲ့ပြီ။ တိုက်ဖွိုက်ဟု ပြောကြသော်လည်း လူကြီးတွေက စနေသမီးဘက် အပြစ်ဖို့ကြတော့သည်။

တင်မောင်ရီ အဖျားမပျောက်သေးခင်မှာပင် ခင်ခင်နု ခေါင်းကိုက်လိုက်၊ သွားကိုက်လိုက်နှင့် တညီးညီး တညူညူ အော်ဟ ငိုယိုနေသဖြင့် ဝိုင်းဝန်းပြုစုစောင့်ရှောက်နေသော အမျိုးများလည် ခေါင်းချင်းရိုက်ကုန်တော့သည်။

ထုံးစံအတိုင်း ဗေဒင်မေး၊ နတ်မေး လုပ်ကုန်တော့သည်။

ဟောသမျှ၊ ပြောသမျှကလည်း စနေသမီး အဝင်မကော သဖြင့် မိခင်မှာ သေမလိုဖြစ်ခဲ့ကြောင်း၊ မိဘများ ဤကလေး ဆက်မွေးထားလျှင် ကွဲကိန်းမြင်သဖြင့် တစ်ပါးသူကို ပေးပြစ်ရန် ဟောကြသဖြင့် နောက်ဆုံး ခင်ခင်နုတစ်ယောက် ငိုကြီးချက်မ ထားကို ကြီးဒေါ် ဒေါ်တင်တင်နုလက်ထဲ အပြီးအပိုင်မွေးစားဖို့ စာ စာတမ်းဖြင့် ပေးလိုက်ရပါတော့သည်။





ထားခမျာ ပိုက်ဆံချမ်းသာသော မိဘများလက်ထဲမှ လယ်သမားမိဘလက်ထဲသို့ နေ့ချင်းညချင်း ရောက်သွားပါတော့သည်။

တင်တင်နုတို့က နေ့ဝက်ခရီးဝေးသည့်ရွာတွင် နေသူဖြစ်၍ ထားတစ်ယောက် လယ်ကွင်းအနီးရှိ တဲပုတ်သာသာအိမ်တွင် လိုက်နေရတော့သည်။

သမီး၏အဖြစ်ကို တွေးမိတိုင်း ခင်ခင်နု တစ်နေ့ကို အကြိမ်ကြိမ် အခါခါ မျက်ရည်ကျနေရပါတော့သည်။

ဟုတ်သလား...မှန်သလားတော့မသိ။

ခင်နုတို့လင်မယားနှစ်ယောက် ဖျားခြင်းနာခြင်း မရှိတော့ပါ။

ထို့အတူပင် လူကြုံဖြင့်စာရောက်လာသဖြင့် သမီးထား၏ အခြေအနေကိုလည်း သိရပါသည်။

ခင်နုရေ...

ငါ သတိရစွာနဲ့ စာရေးလိုက်တယ်နော်။ ဘာ့ကြောင့်ရောပဲဟေ့။

သမီးလေး ငါတို့ဆီမှာရောက်တာ ၁၅ ရက် ကျော်ပြီနော်။

တစ်ရက်မှ ဖျားခြင်းနာခြင်းမရှိဘူး...သိလား။ ကန်ကန်

ပြောရရင် ဗိုက်နာတာတို့ လေထိုးတာတို့တောင် မရှိဘူးသိလား။

မဖြစ်မယုံသာ မဖြစ်တာနော်။ နေ့တိုင်းရွာထဲက ကလေးအမေ

ပေါင်းစုံရဲ့ နို့ကို စို့နေရတာ။ ဒါပေမယ့် ဝက်ပြီး



www.burmeseclassic.com

www.burmeseclassic.com



*တုတ်ခဲနေတာပဲ။ လယ်ထဲမှာ နေရလို့လားမသိဘူး၊ အသားတွေ ညိုလာပြီး တစ်နေ့တခြား ငါနဲ့တူလာသလိုပဲ။ နာမည်လည်း ပြောင်းလိုက်ပြီ သိလား။ နင့်သမီးကနေ ငါ့သမီးဖြစ်သွားပြီဆိုတော့ ထားခင်ခင်ကနေ ထားတင်တင် ဖြစ်သွားပြီလေ..။*

ခင်နု စာကို ဆုံးအောင်မဖတ်နိုင်တော့ပါ။

ရင်ထဲမှာ အောင့်သလိုဖြစ်လာပြီး အိပ်ရာထဲခွေနေမိသည်။ မျက်ရည်ဝဲသလို ဖြစ်လာသော်လည်း အစ်မဖြစ်သူ၏ အရေးအသားများကြောင့်ရော သမီးလေးကျန်းမာသည်ဆိုသည့် သတင်းကြောင့် ကျေနပ်ဝမ်းသာမိတာ အမှန်ပါ။ မိခင်အရင်း၏နို့ရည်နှင့်မတည့်၍ သူ့မိခမျာ ကျန်းမာရေးချို့တဲ့နေရလေသလား...။

မိမိကိုယ့်က ညံ့ဖျင်းလွန်းသည်ဟု တွေးမိပါသည်။ မိခင်အရင်းရှိပါလျက် သူများမိဘများ၏ လှူဒါန်းသည့်နို့ရည်ကို ချို့တဲ့စွာ စို့နေရရှာသည့် သမီးအဖြစ်ကို တွေးမိလေတိုင်း ရင်မှာအောင့်၍ လာခြင်းဖြစ်ပါတော့သည်။

❋

"တင်နု..."

ညနေဆို သည်လိုအော်ပြီး ခင်ပွန်းသည် ပြန်လာနေကြ။ တင်နုက ပြန်ထူးမနေပါ။သမီးငယ်ကိုသာ ထမင်းကျွေးနေလိုက်သည်။





"မိန်းမ...ခေါ်နေတာ မကြားဘူးလားဟ"

စားပွဲခုံကို လှန်ချလိုက်သဖြင့် လက်ဖက်ရည်ကြမ်းပန်းကန်များရော ရေနွေးအိုး ပြုတ်ကျသံတွေ ဆူညံကုန်ပါသည်။

"ကိုကျော်လင်း...ရှင် သောက်လာရင် အေးအေးနေနော်။ လာရန်မရှာနဲ့"

"အောင်မာ...မင်းကများ ငါ့ကို အော်လားငေါက်လားနဲ့။ ခုလာခဲစမ်း...အားအားရှိ ဒီကလေးပဲ ဖင်မနေတာပဲ။ ကိုယ့်ဘာသာ ကိုယ်တော့ အဖြစ်ရှိအောင် မမွေးဘဲနဲ့"

"ရှင်..ကလေးကို ဆွဲထည့်မပြောနဲ့"

"မင်း...ဒီကလေးကိုထိရင် ဆတ်ဆတ်ထိမခံနာရအောင် ...င်းကလေးမို့လား"

"ကျုပ်ညီမရဲ့ကလေး...ကျုပ် အပိုင်မွေးစားထားတာ။ ကျုပ် ...လေးပေါ့။ ရှင်လည်း လက်မှတ်ထိုးထားတာ ကလေးအဖေပဲ။ အဖေစိတ် မွေးစမ်းပါ"

"ဟားဟား...ဟားဟား..အဖေစိတ် မွေးရအောင် ငါ့ ...လေးမှ မဟုတ်တာ၊ မမွေးနိုင်ဘူး...မချစ်နိုင်ဘူး။ ရှာလို့ရသမျှ ...က်ဆံ ကိုယ်စားရတယ် မရှိဘူး။ ကလေးစားဖို့၊ ကလေးဝတ်ဖို့ ...လုံးအတွက်ကြီးပဲ သုံးနေတယ်။ လင်ကိုတောင် ကောင်းကောင်း ...ကျွေးရမှန်း မသိတော့ဘူး။ ကျွေးချင်ရင် သူ့မိဘဆီကတောင်း"



www.burmeseclassic.com

www.burmeseclassic.com



"ဘာဆိုင်လဲ…ကျုပ်တို့က အပြီးအပိုင်မွေးစားထားတာ။ ကျုပ်တို့တာဝန်ပဲရှိတယ်"

"မလိုချင်ဘူး…ငါမွေးစားဖို့ လက်ခံလိုက်တာ၊ လက်မှတ်ထိုးလိုက်တာ အကြောင်းမဲ့မဟုတ်ဘူး။ ကလေးတစ်ယောက် စာချုပ်စာတမ်းနဲ့ အပိုင်မွေးစားမှ ငါတို့ရဲ့သားသမီး အစစ်အမှန်ရမယ်ဆိုလို့ လက်ခံလိုက်တာ။ အခု တစ်နှစ်ပြည့်တော့မယ်၊ ဘယ်မှာလဲ ငါတို့ကလေး။ မင်းမှာ ကလေးတစ်ယောက် ရလာဖို့တောင် အစွမ်းအစ မရှိဘူးလား။ အမြဲလို့ပြောတော့လဲ မင်း လက်မခံဘူး။ အေးဗျာ…ကျုပ် ပြတ်ပြတ်ပြောမယ်။ သုံးနှစ်စောင့်ကြည့်လို့မှ မင်း ကလေးမရဘူးဆိုရင် ငါ မောင်းမချခင် ကိုယ့်အသိစိတ်ဓာတ်နဲ့ကိုယ် အိမ်ပေါ်က ဆင်းပေတော့"

အထက်စီးနှင့် မိုက်ရိုင်းစွာ အကြင်နာမဲ့စွာ ပြောနေသော ခင်ပွန်းသည်၏စကားကို ခံပြင်းလွန်းသဖြင့် တင်နုအသားတွေ တဆတ်ဆတ်တုန်လာသည်အထိ ဒေါပွမိပါသည်။

မာနဖြင့် ယခုချက်ခြင်းအိမ်ပေါ်မှ ဆင်းသွားချင်ပါသော်လည်း တစ်ခုလပ်၊ တစ်လင်ကွာဖြစ်ပြီး ပြန်ရောက်လာသော သမီးကြီးအတွက် မိဘများ စိတ်မဆင်းရဲစေချင်ပါ။

ပြီးတော့ ထားကိုလည်း အမေတို့က စနေသမီးဆိုပြီး ငြင်ကြမှာ စိုးသည်။ နှိမ်ကြမှာ စိုးသည်။





သုံးနှစ်ဆိုသည့်အချိန်ကာလအတွင်း လင်ဖြစ်သူ စိတ်ပြောင်းသွားနိုင်သလို မိမိလည်း ကလေးရှိချင် ရှိလာမှာပေါ့လေ။

ထိုအတွေးဖြင့် စိတ်ကိုဖြေပြီး နေ့စဉ်ညနေတိုင်း မူးရူးသောက်စားလာသည့် လင်တော်မောင်၏ အထွေအငေါ်၊ အစောင်းအချိတ်၊ အနိုက်အပုတ်များကို ကြိတ်မှိတ်၍ ခံနေရပါတော့သည်။

အိမ်နီးနားချင်း တစ်ရပ်ထဲနေသူများက တင်နုအတွက် စိတ်မကောင်းဖြစ်ကြသည်။ မခံချင် ဖြစ်ကြရသည်။

ညစဉ်အရိုက်ခံ၊ အနှိပ်စက်ခံရတတ်သဖြင့် နောက်တစ်နေ့နက်ဆိုလျှင် တင်နုမျက်နှာတွင်လည်းကောင်း၊ လည်ပင်း၊ လက်မောင်းများတွင်လည်းကောင်း အညိုအမဲစွဲနေတတ်သည်။

"ကောင်မရယ်…ဘာဖြစ်လို့ ဒီလောက်ကြီး အနှိပ်စက်ခံနေရတာလဲ။ ကွာပစ်လိုက်စမ်းပါအေ…"

"ပြောတော့လွယ်တယ် သူငယ်ချင်း…။ တစ်ဘဝလုံးနဲ့ ရင်းထားရတာပါ။ အိမ်ထောင်ပျက် မိန်းမတစ်ယောက်ကို ပတ်ဝန်းကျင်က သိပ်အထင်သေးတာ"

"ဒါဆိုလည်း ဒီလောက်နှိပ်စက်နေမှတော့ ပြန်ချပါလား"

"သူက မပေါင်းချင်လို့ တမင်နှိပ်စက်နေတာ။ ပြန်လွှတ်ရင် နှိပ်စက်မှာပေါ့။ ကိုယ့်ဝဋ်နဲ့ကိုယ် ရှိပါစေတော့"

"နင့်အတွက် ငါ တကယ့်ကို ရင်လေးတယ် တင်နုရယ်။



www.burmeseclassic.com

www.burmeseclassic.com



နင် သိပ်ရိုးလွန်း၊ အလွန်း၊ သဘောကောင်းလွန်းတာ အရေးမကြီးဘူး။ နင့်ယောကျ်ားက ရှာနောက်ဘက်က တစ်ခုလပ်မတစ်ယောက်နဲ့ ဘာလိုလို ဖြစ်နေတယ်နော်"

"ငါသိပါတယ်။ အရက်ရောင်းတဲ့အိမ်ဘေးက မိန်းမဟုတ်လား။ အဲဒီမိန်းမက ရွှေလေးငွေလေးလည်းရှိတယ်။ ခြံပိုင်၊ အိမ်ပိုင်၊ ယာပိုင်နဲ့ ငွေတိုးကိုလည်း ချထားသေးတယ်ဆိုတော့ ဒီမိန်းမကို သူက သိပ်အထင်ကြီးတာ။ အဲဒီမိန်းမကလည်း ပစ္စည်းဥစ္စာပြည့်စုံပေမယ့် မားမားမတ်မတ်ရပ်တည်ပေးမယ့် ယောကျ်ားတစ်ယောက်ကို ယူချင်နေတာ။ အရင်ယောကျ်ားနဲ့ ကလေးနှစ်ယောက်ကျန်ခဲ့တော့ ဒီပတ်ဝန်းကျင်က လူပျိုလူလွတ်တွေက ယူရမှာ ရှက်နေကြတယ်လေ။ အိမ်ကကိုကျော်လင်းကတော့ ကျွန်မကို ကွာချင်နေတဲ့လူဆိုတော့ အဲဒီမိန်းမဆီကပ်နေတာပေါ့။ ကလေးနှစ်ယောက်ရှိတာကလွဲရင် ရုပ်ကလေးကရှိ ပစ္စည်းကလည်းရှိတော့ ကျွန်မထက် အစစ သာတယ်လေ"

"ညည်း ကလေးရှိလာရင်တော့ သူ ငြိမ်သွားမှာပါ"

"အလကား အကြောင်းပြနေတာပါ…သူငယ်ချင်းရယ်။ သူ ငါ့ကို စိတ်ကုန်နေပုံရတယ်။ ငါ့ကို စိတ်ကိုမဝင်စားတော့တာ။ သူ ငါ့ကို မချစ်တော့ဘူး။ ငါ့အသားနဲ့တောင် အထိမခံဘူး"

ပြောရင်း…တင်နု ဝမ်းနည်းစွာငိုပါတော့သည်။

သူငယ်ချင်းက သက်ပြင်းရှည်ကြီးချပြီး…





"နင့်အဖြစ်ကလည်း ဆိုးလိုက်တာဟယ်။ ငါတို့လည်း ဘာမှ မကူနိုင်ပါလား။ နင့်ကို ဟိုအရင်တုန်းက ကြင်နာသားပဲ။ ချစ်ရှာသားပဲ။ ဘာမှမဟုတ်ဘူး…ဒီကလေးကြောင့်ပဲဖြစ်မှာ။ ဒီကလေး ရောက်ပြီး မကြာဘူး၊ ညနေတိုင်း နင့်ကိုမူးပြီး ဆဲနေတော့တာပဲ။ နင်ကလည်း နင်ပဲ။ ကိုယ့်ကလေးမဟုတ်ဘဲ အရမ်းသဲသဲလှုပ်တာကိုး။ သူ့မိဘတောင် ပစ်ထားနိုင်သေးတာ။ သူ့မိဘအိမ် ပြန်ပေးပစ်လိုက်ပေါ့"

"ဟယ်…ကလေးနဲ့မဆိုင်ပါဘူးဟယ်။ ငါ့တူမလေးခမျာ သနားစရာကလေးပါ"

"အေး…သူ့ကို သနားမိလို့ အခု နင်လင်ပစ်ခံရတော့မယ်"

"ဒီကလေးရောက်မလာလည်း တစ်နေ့ သူဖောက်ပြန်ချင် ဖောက်ပြန်မှာပါပဲ။ ငါကိုယ်က အချစ်ရေးကံမကောင်းတာပါ"

"ဘာပဲဖြစ်ဖြစ်…နင် ရင်ဆိုင်နေရတာတွေ နင့်အမေကို သွားပြောပြပေးမယ်"

"ဟယ်…မလုပ်ပါနဲ့၊ အမေတို့ စိတ်ဆင်းရဲကုန်ပါ့မယ်။ ငါ့ဒုက္ခကို ငါပဲရင်ဆိုင်ပါ့မယ်။ မပြောနဲ့နော် သူငယ်ချင်း။ ငါ တောင်းပန်ပါတယ်ဟယ်"



www.burmeseclassic.com

www.burmeseclassic.com

## အခန်း [၆]

သုံးရက်ခန့် ကြာသောအခါတွင်ဖြစ်သည်။

မိခင်ဖြစ်သူ ဒေါ်သိန်းတင် အထုပ်အပိုးတွေနှင့် ရောက်လာပါတော့သည်။

"ညည်းယောကျ်ားရော..."

"စပါး သွားရောင်းနေတယ် အမေ"

"ကလေးရော..."

"နို့တိုက်အမေအိမ်မှာ"

"နို့ဖိုးတုန်းလား"

"မစို့တော့ပါဘူး။ ရွယ်တူကလေးရှိတော့ ဆော့ဖို့ ပို့ပေး



ထားတာ။ အမေတစ်ယောက်တည်းလား"

"ဟုတ်တယ်...ငါ မအားဘူး။ ညည်းကို ခေါ်ချင်လွန်းလို့သာ ထွက်လာတာ"

"ရှင်...ဘယ်ကို ခေါ်မှာလဲ"

"အိမ်ကို ပြန်လိုက်ခဲ့တော့။ ညည်းအနှိပ်စက်ခံနေရတဲ့ သတင်းတွေ ငါကြားရတာ ကြာပြီ။ ရပ်တန်းကရပ်သွားမလား စောင့်နေတာ။ ခုတော့ ဆွေမရှိ မျိုးမရှိ ကျနေတာပဲ။ ငါ့သမီးကို နှိပ်စက်နေလိုက်တာ။ ဖက်ခွက်စားလောက်ရှိတဲ့အကောင်က"

"အမေရယ်...အမေ့သီလတွေ ပျက်ပါ့မယ်။ သူနဲ့ပြိုင်ပြီး ကြမ်းပါနဲ့နော်"

"ဘာလဲ...ညည်းက ဒီကောင်နဲ့ မပေါင်းရမှာ ကြောက်နေတာလား။ နေ့တိုင်းအရိုက်ခံနေရတာ စိတ်မနာဘူးလား"

တင်နု ခေါင်းငုံ့ပြီး အဖြေမပေးပါ။

"ကိုယ့်ကို မချစ်ချင်တဲ့လူ၊ ကိုယ့်မျက်နှာကို မကြည့်ချင်လို့၊ ကိုယ့်အသားကို မထိချင်လို့ ရှောင်နေတဲ့လူရဲ့မေတ္တာကိုများ ညည်းမို့ ပေါ်လွင်နေတယ်။ ဒီကောင် အစတည်းက ညည်းကို ရွှေရှိလို့၊ တောင့်လို့ ယူတာ။ အိမ်နဲ့ ယာနဲ့ လယ်ကလေးနဲ့ဖြစ်အောင် ပေးထားလို့ ခုတော့ အောက်ခြေလွတ်ချင်နေတာ"

"အခု...တင်နုထက် အစစသာတဲ့မိန်းမက သူ့ကိုလက်ခံ



www.burmeseclassic.com

www.burmeseclassic.com



ထားပြီအမေရဲ့…"

"ဟဲ့…အဲသလိုဖြစ်မှန်းသိရဲ့နဲ့ ညည်းက အရိုက်အပုတ်အနှိပ်စက်ခံပြီး နေနေရသလား။ ညည်း ဒီလောက်တောင် မက်နေသလား။ ထွီ…ငါပြောလိုက်ရ မကောင်းတော့ဘူး"

တင်နု တရှုံ့ရှုံ့ငိုနေရင်း စိတ်ထဲမှညီးတွားမိပါတော့သည်။

"ကွာပါ…ကွာပါဟဲ့ အရပ်ကပြောတော့ လွယ်တယ်နော်။ လွှမ်းရမှာ ကျုပ်တို့…"

"မနက်ဖြန်ပြန်မယ်။ ညည်းတစ်ခါတည်း ပြန်လိုက်ခဲ့တော့"

"အမေရယ်…သူ စိတ်ပြောင်းချင်လည်း ပြောင်းသွားမှာပါ။ ကလေးရရင်တော့ သူက မကွာပါဘူး"

"ဟဲ့…ညည်းအသားကိုတောင် သူကမထိချင်ဘူးဆိုတယ်…ငါပြောရရင် မကောင်းဘူးနော်"

"မဟုတ်ဘူးအမေ…သမီးတို့သားအမိ ရောက်လာရင် အမေတို့တွေ့ပါ စိတ်ညစ်ရမှာစိုးလို့ပါ။ သူပြောထားတဲ့အချိန်ရောက်လို့မှ ကလေးမရဘူးဆိုတော့လည်း တင်နုကသိုလ်ကံပဲပေါ့ အမေရာ"

မိခင်ဖြစ်သူ ဒေါသမဖြစ်နိုင်တော့ပါ။

မေတ္တာငတ်ရှာသော သမီးအတွက် စိတ်မကောင်းဖြစ်ပြီး နှုတ်ခမ်းကို တင်းတင်းစေ့ထားရှာပါသည်။





"ကဲ…ငါ့မြေးကို သွားခေါ်ပေးပါဦး"

ကစားစရာအရုပ်များ၊ မုန့်ထုပ်များ၊ ဂါဝန်များကိုထုတ်၍ စီစီရီရီလုပ်ထားရင်း ဖွားအေကြီး စောင့်နေပါသည်။

ထား ရောက်လာခဲ့ပါပြီ။

စနေသမီး ထားမှာ အတော်ကိုထွားလာပြီဖြစ်သလို နှာတံပေါ်ပေါ်၊ မျက်လုံးတောက်တောက်နှင့် ချစ်စရာကောင်းလှပါသည်။

"လာပါဦး မြေးရယ်။ ငါ့မြေးလေးကို ဖွားဖွားသနားလိုက်တာ။ ငါ့မြေးလေး သိပ်ကံဆိုးတာပဲကွယ်…အီးဟီးဟီး…"

မြေးကို တင်းကျပ်စွာဖက်ပြီး ဖောင်းနေသော ပါးကလေးကို နမ်းရင်း ဖွားအေကြီးရှိုက်၍ ငိုနေခြင်းဖြစ်သည်။

တူမအတွက်ရော မိမိဘဝအတွက်ပါတွေးပြီး တင်နုလည်း ငိုမိပါသည်။

တင်နုတို့ 'အဖွား၊ သမီး၊ မြေး' သုံးယောက်၏ မြင်ကွင်းကို ကြည့်ပြီး အိမ်နီးနားချင်းများလည်း ငိုကြပါတော့သည်။

"တင်နုကို ငါ ပြန်ခေါ်သွားတော့မလို့။ ဒါကို သူက ချုပ်ချင်းမလိုက်ချင်ဘူးလေ။ အရိုက်ခံချင်သေးပုံ ရတယ်"

"ဒီလိုလုပ်ပါလား အမေကြီးရယ်။ ကလေးကို ပြန်ခေါ်သွားရင် ကိုကျော်လင်းများ ပုံစံပြောင်းလာမလား မသိဘူး"

"အေး…ဟုတ်တယ်။ ငါ ပြန်ခေါ်သွားလိုက်မယ်"



www.burmeseclassic.com

www.burmeseclassic.com



တင်နုက ပျာယာခတ်သွားပြီး…

"အို…ဘယ်ဖြစ်မလဲ၊ အမေတို့က လူကြီးတွေ။ ကလေးတစ်ယောက်ထိန်းရမယ့်တာဝန်က နည်းတာမဟုတ်ဘူး။ ပြီးတော့ထားရောက်မှ အမေတို့တစ်ခုခုဖြစ်ရင် တင်နု ရင်ကျိုးရမှာ။ ခေါ်မသွားပါနဲ့ အမေရယ်"

ဒေါ်သိန်းတင် တွေဝေသွားပါသည်။

ဤကလေးငယ်သည် တကယ်ပင်ဒုက္ခသီးလေးများလား။

တင်နုလက်ထဲ မွေးစားဖို့ ပေးပြီးကတည်းက မိခင်ရင်းခင်ခင်နုတစ်ယောက် ဖျားခြင်းနာခြင်းမရှိတော့။ လုပ်ငန်းနှစ်မျိုးလုပ်ပြီး ဝင်ငွေပင် ကောင်းနေကြပါသည်။

ရှေ့နှစ်ထဲဆိုလျှင် မြို့ကြီးသို့ ပြန်ပြောင်းရွှေ့ရဖို့ သေချာသလောက်ရှိနေပေပြီ။

အကယ်၍ ထားကို မိမိခေါ်သွားလျှင် မိမိတို့လင်မယားရော ခင်နုတို့လင်မယားရော ပြန်၍ထိခိုက်လေမည်လား။

အို…ဘာပဲဖြစ်ဖြစ် ကိုယ့်မြေးကြောင့် ကိုယ်ဒုက္ခရောက်တာ။ ကိုယ့်သွေးပဲ…ရောက်စမ်းပါစေ။ ရင်စီးပြီး ခံပြစ်လိုက်မယ်။

တင်နုတောင် ကြီးဒေါ်ဆိုသည့်စိတ်တစ်ခုတည်းဖြင့် တူလေးကို သမီးရင်းပမာ ချစ်ခင်စောင့်ရှောက်နိုင်သေးတာပဲ။

"ငါ မနက်ဖြန်ဖြန်မယ် တင်နု။ ထားကိုလည်း ခေါ်သွား





မယ်။ ငါ့မြေးကို အကြောင်းပြုပြီး ညည်းကိုနှိပ်စက်နေတာ ငါ လက်မခံနိုင်ဘူး။ ညည်းလည်း အချိန်မရွေး အိမ်ပြန်လာနိုင်တယ်နော်။ ဒုက္ခခံပြီး အချစ်ငတ်မ လုပ်မနေနဲ့"

တင်နု တရှုံ့ရှုံ့ငိုလေပြီ။

"ညည်းတို့တွေကိုလည်း ကျေးဇူးတင်ပါတယ်အေ။ ငါ ပြန်သွားပြီးနောက်ပိုင်းလည်း တင်နုသတင်းကို လူကြုံရှိတိုင်း ငါ့ဆီ ပို့ကြစမ်းပါ။ ညည်းတို့ကျေးဇူးကို မမေ့ပါဘူး။ ရော့…ဟောဒီမှာ ညည်းတို့ကလေးတွေအားလုံးကို ဝေပေးလိုက်ကြ။ တောင်းနဲ့အပြည့် မုန့်တွေရော၊ အရုပ်တွေရော ငါဝယ်လာခဲ့တယ်။ ယူသွားကြ… ယူသွားကြ"

နောက်တစ်ရက် မိခင်နှင့် ထားတို့ပြန်သွားကြသဖြင့် တင်နု တစ်နေကုန် မစားနိုင်၊ မသောက်နိုင်ဘဲ အိပ်လိုက်ငိုလိုက် ဖြစ်နေတော့သည်။

ညနေဘက် ကိုကျော်လင်း ထုံးစံအတိုင်း မူးပြီးပြန်လာသည်။

"မင်းအမေ လာသွားတယ်ဆို…စနေသမီးကိုလည်း ပြန်ခေါ်သွားပြီဆို။ မင်းရော ဘာလို့ လိုက်မသွားတာလဲ"

တင်နုက မဖြေပါ။

"ဘာလဲ…ကလေးကြောင့် မင်းကိုမချစ်ဖြစ်နေတယ်ထင်ပြီး ပြန်ထည့်လိုက်တာလား။ ကလေးမရှိလည်း မင်းကို စိတ်မဝင်



www.burmeseclassic.com

www.burmeseclassic.com



စားဘူးကွ သိလား။ အပြင်က ပြန်လာလို့မှ အမောမပြေတဲ့မိန်းမမျိုးနဲ့ တစ်ရက်ဆက်နေရင် တစ်ရက်အသက်တိုတယ်''

တင်နုအတွက် ပတ်ဝန်းကျင်က ခံရခက်နေပါပြီ။ ငါးစိမ်းမြင်၍ ငါးကင်ပြစ်ချင်နေသော ကိုကျော်လင်း၏ စိတ်ထားကိုရွံ့ရှာမုန်းတီးနေကြသည်။

''ဒီမှာ မင်းကို ကွာရှင်းရင် ငွေဘယ်လောက်ပေးရမလဲ… ပြော…''

ထိုစကားကြောင့် တင်နုဆတ်ခနဲ မော့ကြည့်ပြီး…

''ရှင်က ဘယ်လောက်ချမ်းသာနေလို့လဲ။ အိမ်တောင်နေစရာမရှိလို့ ကျုပ်မိဘတွေ ဝယ်ပေးထားရတာ။ လယ်ပိုင်မရှိလို့ ကျုပ်အိမ်က ဝယ်ပေးထားရတာ''

''ဟုတ်တယ်လေ…မင်းတို့မိဘတွေက ငါ့ကို တဲပုတ်ပဲ ဝယ်ပေးနိုင်တာ။ လယ်လေး လေးငါးဧကပဲ ဝယ်ပေးနိုင်တာ။ အခု ငါယူမယ့်မိန်းမက ငါ့ကို တိုက်ခံအိမ်နဲ့ ထားနိုင်တယ်။ လယ်တွေ ဧကပေါင်းများစွာပိုင်တယ်။ လက်ဝတ်လက်စားတွေကလည်း အထုပ်လိုက်''

''ဟုတ်တယ်လေ…သူ့အရင်လင်က အသေခံပြီး ထားပေးသွားတာကိုး။ ပစ္စည်းတင်မဟုတ်ဘူး၊ ရှင့်ကို ဒူးမနာသားတွေတောင် ပေးသွားသေးတယ် မဟုတ်လား''





''အောင်မာ…ကောင်မက တယ်စွာ၊ တယ်တတ်နေပါကလား။ ဘာလဲ…နင့်အမေ လာမြှောက်ပေးသွားတာလား။ လာသင်ပေးသွားတာလား''

''ငါ့အမေက နင့်ကို လူရိုးလူကောင်းမှတ်ပြီး ပေးစားလိုက်တာ။ အခုမှ လူယုတ်မာမှန်းသိလို့ ငါ့ကိုလာခေါ်တာဟဲ့…''

''ပြန်ဗျာ…ပြန်။ မပြန်ရင် ကွာရှင်းစရိတ် ပေးရမလား။ ကျွတ်ချရမလား။ တစ်ခုခုရွေးပေတော့''

''ဘာလဲ…သူများလင်ကိုယူဖို့ နင့်နောက်မိန်းမက ငွေထုတ်ပေးမယ်ပြောလို့လား။ ဘယ်လောက်အထိ ပေးမှာလဲ။ အစက ရှင့်ကို ဘယ်လောက်ထိတန်ဖိုးရှိမယ်မှန်း မသိဘူး။ ခုမှပဲ သိတော့တယ်။ ဒါဆိုသိန်းရရင် ကွာမယ်တော်။ ကဲ…ပေးမလား''

''ဟာ…ငါ သတ်မိတော့မယ်…တဲ''

ကျော်လင်းက အံကိုကြိတ်ရင်း တင်နုအား လည်ပင်းလှမ်းညှစ်နေခြင်းဖြစ်သည်။

''ဟောဒီမှာ ကျွန်မကို သတ်နေပါပြီရှင်…သတ်နေပါပြီ''

''ဟော့…မင်း ဘာတွေလျှောက်အော်နေတာလဲ။ ဒါ သတ်တာလား''

''လည်ပင်းညှစ်တာ သတ်တာမဟုတ်ဘူးလား…ငနဲရဲ့''

အိမ်နီးချင်းများစုဝေး၍ ရောက်ရှိလာကြပြီဖြစ်၍ တင်နု

www.burmeseclassic.com



ပို၍အားတက်လာပြီး···

"သူ···ကျွန်မကို လည်ပင်းညှစ်ပြီး သတ်နေပါတယ် ပြီးတော့ သူ့ကိုကွာပေးရမယ်တဲ့။ ကွာရှင်းခ တစ်သိန်းပေးမယ်တဲ့"

တင်နု၏ဘက်တော်သားများက···

"ဟာ···ဟုတ်လား။ အတူတူနေလည်း နှိပ်စက်ခံနေရမယ့် အတူတူ တစ်သိန်းနဲ့အရင်းအနှီးလုပ်စားရင် နင့်ဘဝတစ်ခု ရပ်တည် သွားနိုင်ပါတယ်။ တစ်သိန်းရရင် ကွာသာကွာလိုက်"

"ဒီမိန်းမ သူပြောချင်ရာ လျှောက်ပြောနေတာ။ ဒီမိန်း တစ်သိန်းပေးပြီး ကွာရလောက်အောင်ကို ကျုပ်အတွက် မက်စ စရာကို မရှိတာ"

"ဒါကတော့ မင်း ကွာချင်တာကိုး···ပေးလိုက်ပေါ့"

"တစ်ပြားမှ မပေးဘူး။ မသွားချင်ရင် သူ့ဘာသာ တစ်ယောက်တည်းနေ၊ ကျုပ်က နေစရာရှိပြီးသား"

"ဟေ့ကောင်···ငါတို့နိုင်ငံ ဥပဒေမဲ့နေတာမဟုတ်ဘူး တရားဝင်ဇနီးတစ်ယောက်ကို အပြစ်မရှိဘဲ မင်းဖောက်ပြန်ချင်တ တစ်ခုနဲ့ ဒီအတိုင်းပစ်ထားလို့ မရဘူး။ ဟိုမိန်းမရဲ့ အသိုင်းအဝိုင်း ကို ငါတို့ဘက်က တားမြစ်မယ်။ တင်နုအတွက် ဥပဒေအတိုင်း လုပ်မယ်ဆိုရင် မင်းတို့ အမှုရင်ဆိုင်ရမှာပဲ။ လျော်ကြေးပေးရမှာ အေးအေးဆေးဆေးပေးလိုက်ရင် ပြီးတာပဲ"





ပညာမတတ်သော ကျော်လင်းက အမှုအခင်း၊ ရုံးကန္နား၊ ဓါတ်တို့ကို အလွန်ကြောက်သူဖြစ်သည်။

"ကျုပ်ဘက်က ဒီအိမ်နေရမယ်ကို ရောင်းပေးရင် ငါးသောင်း အထက်တော့ ရမှာပဲ။ ကျန်တာကို ဟိုတစ်ယောက်ဆီက ဖြစ်အောင် တောင်းပေးမယ်။ ခင်ဗျားတို့ပဲ ဒီကိစ္စပြတ်အောင် အသိသက်သေ လုပ်ပြီး ကွာရှင်းပေးကြပါ"

"ကောင်းပြီ···"

တင်နု ငွေမမက်ပါ။

သို့သော် ငွေစကားပြော၍ တမင်ကို လက်ခံလိုက်ခြင်းဖြစ် သည်။ ကျော်လင်းတို့ စုံတွဲထံမှရရှိသော ငွေငါးသောင်းကိုယူပြီး လယ်နှင့်အိမ် ရောင်း၍ရသောငွေကို အိမ်နီးနားချင်းများအား ခွဲဝေယူ ရန်၊ ရွာဦးကျောင်းတွင် အလှူလုပ်ပေးရန်မှာပြီး တင်နု မိဘများအိမ် ပြန်ဖို့ ဆုံးဖြတ်လိုက်ပြီဖြစ်သည်။

❀❀❀



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၇)

တင်နုနှင့်ထားတို့ မိဘများအိမ် ပြန်ရောက်နေပြီဆိုသည့် သတင်းကိုကြား၍ ခင်ခင်နုတို့လင်မယား စိတ်မကောင်းစွာ ရောက်လာကြသည်။

"မမတင်အတွက် ခင် တကယ်စိတ်မကောင်းဘူး"

"စိတ်မကောင်းဖြစ်မနေပါနဲ့။ ထားကြောင့်ဖြစ်တာ မဟုတ်ဘူး။ ဒင်းကိုက သစ္စာမရှိတာ။ ငါ့ကို ယူပြီးတုန်းကလည်း ချစ်လို့ မဟုတ်တာ။ ငါ့အိမ်က ပိုက်ဆံရှိမှန်းသိလို့ ယူထားတာ။ အခုလည်း ငါ့ထက်ချမ်းသာတာကိုတွေ့တော့ အနေအစားချောင်မယ်မှန်းသိတော့ ကလေးတွေရှိမှန်းသိလျက်နဲ့ ယူတာပဲ"



တင်မောင်ရီလည်း နှစ်သိမ့်ပါသည်။

"ကဲ…မတင်နု…ဘာမှ စိတ်အားမငယ်နဲ့တော့။ ကျွန်တော်ဘိုလင်မယား မကြာခင် ပြန်ပြောင်းလာမှာ။ အဲဒီအခါကျရင် ကျွန်တော်တို့မိသားစု အတူတူနေကြမယ်။ မတင်နုရဲ့ ဘဝရေးရေးအတွက်လည်း ဘာမှမပူနဲ့။ ကျွန်တော်တို့မိသားစုနဲ့ပဲ အတူနေတော့နော်။ စိတ်ချမ်းသာအောင်သာ နေပါ"

"ကျေးဇူးပါပဲကွယ်။ မင်းတို့ ခုလိုအားပေးကြတော့ ငါ အားတယ်အားရှိလာတယ်…ပျော်လာတယ်"

"ရှေ့လျှောက် ပျော်ကြရမှာပါ။ ကျွန်တော့်သမီးလေး နိုက်ဘာယ်ဆိုတာလည်း ကျွန်တော် လက်မခံချင်ပါဘူး။ ခုဆို ထားတောင် (၂)နှစ်ပြည့်တော့မယ်။ (၂)နှစ်ပြည့်မွေးနေ့ကို ကောင်းကောင်းလုပ်ပေးမယ်။ ဒီအရွယ်ရောက်တဲ့အထိ ကျွေးမွေးစောင့်ရှောက်ခဲ့တဲ့ မတင်နုကို ကျွန်တော် ကျေးဇူးအထူးတင်ပါတယ်။ ရှေ့လျှောက်ပြီးလည်း ကိုယ့်သမီးအရင်းလိုပဲ ဆက်ပြီး ဂရုစိုက်ပေးပါဦး"

"အလိုတော်…ဒီကလေး ကျုပ် စာချုပ်စာတမ်းနဲ့ မွေးထားတာလေ။ ကျုပ်သမီးပဲပေါ့။ နင်တို့ကလေးအစစ် လိုချင်ရင် ကိုယ့်ဟာကိုယ် ထပ်မွေးကြပေါ့"

"ဟား…ဟား…ဟား…"

"အဟင်းဟင်း…ဟင်း"

www.burmeseclassic.com



မိသားတစ်စုလုံး ယခုလိုပျော်ရွှင်မှုမျိုးကို မရတာကြာခဲ့ပြီပဲ။

"မနက်ဖြန် ကျွန်တော်တို့ပြန်ရင် ထားကို ခေါ်သွားမယ်"

"ဟယ်...မလုပ်ပါနဲ့။ တော်ကြာ နင်တို့တစ်ခုခုဖြစ်ရင် ငါ့သမီးလေးကိုပဲ အပြစ်ပုံချနေကြဦးမှာ"

"မချပါဘူးဗျာ...ဖြစ်လာရင်လည်း ကိုယ့်သမီးကြောင့် ဖြစ်တာပဲ။ ခံနိုင်ရည်ရှိပါတယ်"

"အို...မရဘူး။ သူ့ကိုခေါ်ရင် ငါပါလိုက်မယ်"

"လိုက်ခဲ့ပေါ့ဗျာ။ နောက်တော့မှ မီးဖိုထဲ ဝင်ခိုင်းတယ် အတင်းမပြောနဲ့"

"အမယ်လေး...နင်တို့ မဝင်ခိုင်းလည်း ငါက ချက်ချင်ပြုတ်ချင်နေတဲ့ မိန်းမပါနော်။ ငါနဲ့နေရင် နှမ ဘာမှမလုပ်ရဘူး သာမှတ်"

"ကျွန်တော်နဲ့နေတုန်းကလည်း ကို ဘာမှမလုပ်ခိုင်းပါဘူးဗျာ။ ကျွန်တော့်အလုပ်က လင်မယားကို လာကူတယ်လေ။ မတင်နု ညီမကို ရှေ့လိုဥထားတာပါ"

ဟုတ်ပါသည်။ ညီမအရင်းဖြစ်သော်လည်း ခင်ခင်နုက လင်ရက်ကောင်းသလောက် တင်နု ကံဆိုးလှပါသည်။ ရှေ့ဆက်ရမည့် ဘဝခရီးတွင် နောက်ထပ် အိမ်ထောင်ပြုဖို့များ အိမ်မက်ထဲမှာပင်





ည့်မမက်ချင်တော့ပါ။

မိဘများနှင့် တစ်စုတဝေးပြန်နေတာ (၂) နှစ်ပြည့်ခဲ့ပြီ သော်လည်း ထားတစ်ယောက် ကျန်းမာဖြိုးပြီး အလှတွေ တိုးနေ သည်။ ဉာဏ်ကောင်းသဖြင့် သင်ပေးသမျှ မြန်မာသင်ပုန်းကြီး စာနှင့်၊ အေဘီစီ...ဇက်အထိလည်း ရေးနေပြီ။ ကျောက်သင် အဆင့်ကိုကျော်၍ ဗမာစာအုပ်ပေါ်တွင် ဖောင်တိန်ဖြင့် ကကြီး၊ ခွေး...အ အထိ ရေးတတ်နေပြီ။

အေဘီစီဒီ အစအဆုံး၊ တစ်နှစ် သုံးလေး တစ်ရာအထိ တတ်နေပြီ။

ငါးနှစ်ပြည့်၍ ကျောင်းနေချိန်တွင် စာလုံးပေါင်းတွေပင် နိုင်လောက်ပြီ။

ကျောင်းစနေသောအခါက မွေးစားမိခင်က သူပါလိုက်ပြီး ကျောင်းလိုက်နေသဖြင့် ကလေးအဖော်မင်ပြီး သတ္တိမရှိဘဲဖြစ်မည် ၍ အိမ်ကို ပြန်လာခိုင်းရသည်။

ဤမျှအထိ တူမ အပေါ်တွင် ချစ်နိုင်သူဖြစ်သည်။

စာတော်လွန်းသဖြင့် ခြောက်လခန့်ကြာသောအခါ အတန်း ပေးလိုက်ရသည်။ ထို့ကြောင့် နှစ်ဝက်နှင့် ပထမတန်းသို့ ရောက် ခဲ့သည်။ နောက်တစ်နှစ် ကျောင်းပြန်တက်သောအခါ ဒုတိယတန်း ရောက်နေပြီ။

www.burmeseclassic.com



မိခင်ရင်းနှင့် မွေးစားမိခင် ကြီးဒေါ်တို့က အားအားရှိ စာသင် လိုက်၊ ကဗျာသင်လိုက်နှင့် ကလေးမှာ ဆော့ကစားချိန်ပင် မရှိတော့ သဖြင့် တင်မောင်ရီက သတိပေးနေရသည်။

ဒုတိယတန်းတက်စမှာပင် တင်မောင်ရီ ပြောင်းရွှေ့အမှုထမ်း စာရောက်လာသဖြင့် မိသားစုတစ်စုလုံး ပြောင်းရွှေ့ခဲ့ကြသည်။

ဤမြစ်ဝကျွန်းပေါ်တစ်ဝိုက်တွင်သာ တင်မောင်ရီ ဟိုပြောင်း လိုက်၊ ဒီပြောင်းလိုက် လုပ်နေသဖြင့် ဆွေမျိုးမိတ်သင်္ဂဟများက နောက် ပြောင်ကြပြန်သည်။

"မင်းနန္ဒာတဲ့လေ"

ရှင်မွေးလွှန်းကို မခွဲနိုင်၍ ချောင်းတွေ၊ မြောင်းတွေကိုသာ လှေတတန်၊ စက်လှေတတန်၊ သင်္ဘောတတန်ဖြင့် သွားလာနေရသည်

ရေပတ်လည်ဝိုင်းနေသော ကျွန်းတွင်လည်းကောင်း၊ မြ နံဘေး၊ ချောင်းနံဘေး မြို့လေးတွေမှာလည်းကောင်း နေနေရသဖြ အိမ်၏ဘေးပတ်ဝန်းကျင်တွင်လည်း ရေအိုင်နှင့် အိမ်ရှေ့တွင်လည် ရေမြောင်းနှင့်။

ဝါးခယ်မရောက်ခါစမို့ အိမ်ကို စိတ်တိုင်းကျအောင် ပြ ပြုပြင်ကြရသည်။

"ထားရေ…"

"ရှင်…ဖေဖေ"





"သိပ်မဆော့နဲ့ဦး သမီး၊ ဒီမှာက အဆင်မပြေသေးဘူး။ ခြံထဲမှာ ရေတွင်းဟောင်းတွေရော၊ အိမ်သာကျင်းဟောင်းတွေရော ရေတွေပြည့်နေတာ။ ခြံထဲ မဆင်းနဲ့နော်"

"ဟုတ်ကဲ့ပါ ဖေဖေ"

"စိတ်ချသွား တင်မောင်ရီရေ…မင်း…သမီးက အရုပ်နဲ့ ဆော့နေရရင် ကျေနပ်တယ်။ ယောက်ျားလေးမွေးထားတာ မဟုတ် တော့ မျောက်ရှုံးအောင်တော့ မဆော့ဘူးလေ"

ရုံးသွားသော ဖခင်ကို ဝရန်တာမှ တာတာ့လုပ်နေသော ထားကို မိခင်များက ကြည်နူးစွာကြည့်နေကြပါသည်။

"မမတင်ရေ…ဒီနေ့ ခင်ပဲ ကျောင်းသွားပို့လိုက်မယ်နော်။ မြို့ထဲမှာ ဆေးဝယ်ရင်းလေ"

"အေးအေး…လက်ဆွဲပြီး ကောင်းကောင်းခေါ်သွား။ ထားက အရမ်းဆော့တာ။ စက်ဘီးတွေ၊ ဆိုက်ကားတွေ တိုက်မိမယ်"

"စိတ်ချပါရှင်…မိတွေး မဟုတ်ပါဘူး။ မွေးထားတဲ့ အမေ ပါနော်"

အစ်မဖြစ်သူ သဲလွန်းသဖြင့် ခင်နု အမြဲစိတ်တိုရသည်။

"ထားရေ…ကျောင်းရောက်ရင် သူများကျွေးတိုင်း မစားနဲ့ နော်။ ပြီးတော့ ဘယ်သူနဲ့မှ ရန်မဖြစ်နဲ့။ ရန်ဖြစ်ရင် ခဲတံချွန်ချွန်ကြီး တွေနဲ့ထိုးရင် အသားထဲ ခဲဆံဝင်သွားရင်လေ ခဲဆိပ်တက် တော်တော်နဲ့



www.burmeseclassic.com

www.burmeseclassic.com



မပျောက်ဘူးကွယ့်။ အသားထဲမှာနစ်ပြီး မဲကျန်နေတတ်တယ်"

ကြည့်...နေ့တိုင်း သနပ်ခါးလိမ်းတိုင်း တစ်မျိုးမဟုတ် တစ်မျိုး မရိုးအောင် မှာနေကြ၊ မှာတမ်းတွေလေ။

"ကျောင်းမှာ သိပ်မဆော့နဲ့နော် သမီး။ ခုံတွေပေါ် ကျော်လွှားမတက်နဲ့နော်။ လိမ့်ကျရင် ခြေကျိုး၊ လက်ကျိုးတတ်တယ်။ ခေါင်းကွဲတတ်တယ်။ သွားတွေ ကျိုးတတ်တယ်။ သမီးကို မွေးထားတုန်းက ခြေကောင်း၊ လက်ကောင်းနော်"

"မဆော့ပါဘူး...မေမေကြီး။ ကျောင်းကြရင်လေ ထားစာပဲကျက်တယ်။ စာတွေ ကူးတယ်"

"မဟုတ်ဘူးလေ...သမီးလေးရဲ့။ လုံးဝ မဆော့ရဘူးလို့တော့ မေမေကြီး မပြောဘူးလေ။ ကျန်းမာရေးကောင်းအောင် ချွေးထွက်အောင်တော့ သူငယ်ချင်းမတွေနဲ့ ဆော့လို့ရပါတယ်။ ဥပဒေကြိုးခုန်တမ်းတို့၊ ကြက်ဖခွတ်တမ်းတို့၊ လိုက်တမ်း ပြေးတမ်းတို့လေ"

ခင်နု စိတ်မရှည်တော့ပါ...

"ကဲ...မမတင်ရေ။ မှာစရာကျန်သေးရင် နောက်နေ့ဆက်မှာတော့နော်။ ဒီနေ့တော့ ခင် သူ့အတွက် အင်္ကျီဝယ်ပေးစရာလည်းရှိလို့ နာရီဝက်လောက် စောထွက်မယ်။ ထမင်းဗူးထည့်ပြီးရင် သွားတော့မယ်"

"အေးပါ...အေးပါ"





ဒီတစ်ခါ သားအမိနှစ်ယောက် ထွက်သွားသည်ကို တင်တင်နုတစ်ယောက် ဝရန်တာမှ လက်ပြရင်း ကျန်ခဲ့ခြင်းဖြစ်သည်။

"အမေ့..."

အိမ်ရှေ့မြောင်းကို ဖြတ်ကူးနေစဉ် သစ်သားဆွေးကိုနင်းမိပြီး ခင်နု ခြေကျွံသွားသည်။ ထို့ကြောင့် ထားကိုဆွဲထားသောလက်မှာ လွတ်ထွက်သွားပြီး ထားလည်း ယိုင်လဲသွားသည်။ လဲရာဘက်မှာ အကာမရှိသည့်ဘက်ဖြစ်၍ မထိန်းနိုင်ဘဲ ရေထဲသို့ ပြုတ်ကျသွားတော့သည်။

"အမယ်လေး...သမီး ရေထဲကျသွားပြီ။ သမီး ရေထဲကျသွားပြီ"

ဝရန်တာတွင် ရယ်ပြုံး၍ လက်ပြနှုတ်ဆက်နေသော တင်နုမှာ ချက်ခြင်း အပူသည်ဘဝကို ရောက်သွားတော့သည်။

"လုပ်ပါဦး...မမတင်ရေ။ ခင်နုခြေထောက်က ချက်ခြင်းဆွဲထုတ်လို့မရဘူး။ မြောင်းက လူကြီးတစ်ရပ်စာဆိုတော့ နက်တယ်...လုပ်ပါဦး"

ခင်နုက ငို၍အော်သလို သူ့ခြေထောက်ကိုလည်း အတင်းဆွဲနှုတ်နေသဖြင့် ဖြူသောခြေသလုံးသားများလန်ပြီး သွေးတွေ ရဲရဲအောင်ထွက်နေပြီ...။

"သမီး...သမီး..."



www.burmeseclassic.com

www.burmeseclassic.com



ထား၏ ကျောင်းအင်္ကျီလေးကို ခဏသာမြင်ရပြီး ထပ်မပေါ်လာသဖြင့် တင်နု ရူးတော့မလို ဖြစ်နေသည်။

ရေထဲခုန်ဆင်းပြီး အသက်အောင့်ကာ အောက်ဖက်ကြမ်းခင်းဆီတွင် လိုက်စမ်းနေသည်။ ခင်နုလည်း ရေထဲခုန်ဆင်းပြီး သွေးရူးသွေးတန်းဖြင့် အသက်အောင့်ကာ ရွံ့ထဲတွင် လေးဘက်ထောက်၍ ရှာနေပါသည်။

"သမီးရယ်...သမီးလေးရယ်...ပြန်ထွက်ခဲ့နော်"

အချိန်က နည်းနည်းကြာလာပြီဖြစ်၍ အမေနှစ်ယောက် ရူးမတတ်ဖြစ်နေသည်။ လမ်းသွားလမ်းလာများလည်းမြင်ပြီး ဝိုင်းကူရှာပေးကြသည်။ မျက်လုံးပြူးကြီးဖြင့် ရေကိုစိုက်ကြည့်နေစဉ် စပယ်ပန်းခက်လေးက တလှုပ်လှုပ် ရေပေါ်တက်လာသဖြင့်...

"ဟဲ့...ဟိုနေရာမှာ ရှာစမ်း...ဒါ သမီးလေးခေါင်းကပန်းကလေး။ မြန်မြန်ရှာကြပါဟဲ့။ ငါ့သမီးလေး ရေတွေမွန်းလှရော့မယ်ဟဲ့..."

"ဗွမ်း..."

လူတစ်ယောက် ထိုနေရာကို ချက်ချင်းငုတ်သွားပြီး ပြန်ပေါ်လာသောအခါ ထားကိုပွေ့လျက်ပါလာကြောင်း တွေ့ရသဖြင့် အားလုံးဝမ်းသာသွားကြသည်။

"ကုန်းပေါ်တက် ထမ်းပြီးပြေး၊ ထမ်းပြီးပြေး"





နားလည်တတ်ကျွမ်းသူများက အော်ကြသည်။

ခဏကြာသောအခါ ပါးစပ်ဖြင့်မှုတ်ပြီး အသက်ရှူနိုင်အောင် လုပ်ကြသည်။

"မိခင်နုရဲ့ နင့်ကြောင့် ထား ခုလိုရေထဲပြုတ်ကျတာ။ နင် အသုံးမကျလို့ ဖြစ်တာဟဲ့..."

"မမတင်ကလည်း ခင်နုလည်း ခြေကျွံသွားတာကိုး"

ဘယ်လိုကဘယ်လို သတင်းကြားသွားသည်မသိ၊ တင်မောင်နီလည်း ပြန်ရောက်လာခဲ့သည်။

"ကလေး ကောင်းကောင်း သတိမရလှသေးဘူး။ ဆေးရုံပို့ရင် ကောင်းမယ်ဆရာ"

ပူထူနေသောမိဘများက ပတ်ဝန်းကျင်ခိုင်းသမျှ လုပ်နေကြပါသည်။ ဆရာဝန်များအကူအညီဖြင့် ကောင်းမွန်လာခဲ့သော်လည်း အအေးမိပြီး နမိုးနီးယားဖြစ်သဖြင့် ဆေးရုံတွင် လဝက်ခန့် တက်ရောက် ကုသခဲ့ရတော့သည်။

အမေနှစ်ယောက်က သမီးငယ် ကံပြန်ဆိုးလာပြီဟု ယူဆသောနည်းမျိုးစုံဖြင့် ယတြာချေနေကြတော့သည်။

ဆေးရုံမှ မဆင်းခင်မှာပင် အိမ်အသစ်ထပ်ပြောင်းကြပြီး အိမ်တွင်လည်း ရေဆိုလျှင် ဖွက်မရှိအောင် လုပ်ထားပြီး အိမ်ရှေ့တွင်ထူးတံတားကိုပင် ကွန်ကရစ်ဖြင့် လုပ်ထားသည့်အိမ်ကို နှစ်ချုပ်



www.burmeseclassic.com

www.burmeseclassic.com



ဖြင့် ငှားခဲ့ကြခြင်းဖြစ်သည်။

ထား၏ နောက်ကြောင်းကို သိထားသော ဆွေမျိုးဝမ်းကွဲများက အိမ်လာသတင်းမေးသလိုနှင့် ချိုးချိုးနှိမ်နှိမ် ပြောသွားကြသေးသည်။

"အင်း…ဒီကလေးမွေးထားရတာလည်း မြွေပွေးခါးပိုက်ပိုက်ထားရသလိုပါပဲလား။ မမွေးခင်ကတည်းက ပေးလိုက်တဲ့ ဒုက္ခတွေ၊ မနှစ်ကပဲ နည်းနည်းစိတ်အေးရတယ်။ အခု ပြန်စခန်း ထလာပြန်ပြီ ထင်တယ်"

"ဟော့ကောင်မ…ညည်းပါးစပ် ပိတ်ထားစမ်း။ ဒါ ညည်းစေတနာနဲ့ပြောတဲ့စကား မဟုတ်ဘူး။ ညည်းသမီး၊ ညည်းတူမ အရင်းဆို ညည်း ဒီလိုပြောရက်မလား။ ကလေးပဲ ဘာသိမှာလဲ။ ညည်းရန်သူမှ မဟုတ်တာ။ ဒီလို အပြစ်စကားမျိုး မပြောစမ်းပါနဲ့…ငါ မကြိုက်ဘူး"

ခင်နုက အားနာ၍ ပါးစပ်ပိတ်ထားသော်လည်း ကြီးဒေါ်လုပ်သူကတော့ အပေါက်ဆိုးဆိုးနှင့် အော်လွှတ်ပစ်တတ်သဖြင့် ကွယ်ရာတွင် အတင်းပြောခံရတတ်သည်။

"သူ့ကိုယ်တိုင်များ မွေးထားရင်ခက်မယ်"တဲ့လေ…။

ဆေးရုံက ပြန်ဆင်းလာပြီးနောက် ထားကို အမေနှစ်ယောက်လုံး သဲသဲလှုပ်ပြီး တစ်ယောက်တစ်လှည့် မျက်ခြေမပြတ်အောင်





စောင့်ရှောက်နေကြပါတော့သည်။

"မောင်…"

"ဘာလဲ ခင်နု"

"အကြားအမြင် မိန်းမကြီးပြောတာများ မှန်နေမလား မသိဘူး။ ထားကလေ သိုက်ကလာတာတဲ့။ ယောကျ်ားယူလို့လည်း ရမှာမဟုတ်ဘူးတဲ့။ အသက် (၁၅)နှစ်မပြည့်ခင် သူ့သိုက်နန်းကို ပြန်သွားရမယ်တဲ့။ တောင်းပန် အသနားခံပြီး ခေါ်ထားရင်တော့ (၄၀) လောက်အထိ နေရမယ်တဲ့။ ထားရဲ့အရင်ဘဝက မိဘမောင်ဘွားတွေက ခုလို ခင်တို့မိသားစုနဲ့နေတာကို မနာလိုဖြစ်ပြီး အမြဲခွဲနေတာတဲ့။ ဒါကြောင့် ထားခမျာ မိဘနဲ့ အမြဲခွဲနေရတာတဲ့"

"ဟုတ်ရဲ့လား မိန်းမရယ်။ မျက်ဖြူဆိုက်လေ ဆရာကြိုက်လေ ဖြစ်နေပြီထင်တယ်။ မင်းတို့ညီအစ်မ နေ့တိုင်းပန်းမျိုးစုံဝယ်လိုက်၊ သစ်ခက်သစ်ဥတွေရှာလိုက်၊ ဟိုဘုရားသွား ယတြာချေလိုက်၊ ဒီဘုရားသွား ယတြာချေလိုက်၊ ဟိုဗေဒင်မေးလိုက်၊ ဒီအကြားအမြင်မေးလိုက် လုပ်နေတာ တစ်မြို့လုံးသိနေတာပဲ။ မင်းတို့ရဲ့အသက်ဟာ ထားမှန်းသိသို့ တမင်ယတြာဖိုး တောင်းနေကြတာနေမှာ"

"အို…မောင် ဘာတွေပြောနေတာလဲ။ မယုံမရှိနဲ့…မယုံကြည်ရင်တောင် မစော်ကားနဲ့လေ။ တော်ကြာ မုန်းပြီး ခင်တို့မိသားစုကို ကံကြမ္မာဆိုးအောင် ဖန်တီးနေပါ့မယ်"



www.burmeseclassic.com

www.burmeseclassic.com



"အေးပါကွာ…ငါ မကိုးကွယ်ပေမယ့် ဘယ်ဘာသာ အယူအဆကိုမှ မစော်ကားတတ်ပါဘူး။ သမီးကောင်းဖို့ လုပ်တာကို ငါ မကန့်ကွက်ပါဘူး။ အေး…မင်းတို့သာ အစစ်နဲ့အတု ခွဲခြားတတ်အောင် ကြိုးစားကြနော်။ သမီးနဲ့ခွဲရုံမဟုတ်ဘူး၊ ငါတို့လင်မယားပါ ကွဲအောင် အလုပ်ခံနေရဦးမယ်။ မင်းတို့သွားတဲ့ အကြားအမြင်ဆရာမရဲ့ အစ်ကို လူပျိုကြီးက ခပ်ချောချောဆိုဗျ"

"ဟာ…မောင်နော်…ဘာတွေလျှောက်ပြောနေတာလဲ။ လင်နဲ့သမီးနဲ့ ကြိုက်မှာတဲ့လား"

"မသိဘူးလေဗျာ…ခင်ဗျားက ချောတာကိုး။ ပြီးတော့ ခုတလော ရှိုးပိုထုတ်သလိုပဲ"

"ဟွန်း…မောင်နော်။ ဒါ ခင့်ကို လှောင်တာမဟုတ်လား။ ခင် သိပ်ဝမ်းနည်းတယ်သိလား။ မောင်မကြိုက်ရင် ခင် မသွားတော့ဘူး"

"မသွားနဲ့…မတင်နုတစ်ယောက်တည်းသွားလည်း ပြီးတာပဲ။ ကျုပ် မလွှမ်းပါရစေနဲ့"

လင်ဖြစ်သူ ကိုဖိုးသဲလုပ်နေသဖြင့် ခင်နုက အျောကုန်းကို တအုံးအုံးနှင့် ထုနေပါတော့သည်။

✲✲✲





အခန်း [၈]

"ထား"

"ရှင်…ဖေဖေ"

"မနက်ဖြန် သမီး (၁၀)နှစ်ပြည့်မယ့်မွေးနေ့မှာ သမီး ဘာလုပ်ချင်သလဲ…ဘာကျွေးချင်သလဲ"

"ဖေဖေတို့ ပိုက်ဆံကုန်နေပါ့မယ်"

"သမီးလေးတစ်ယောက် ရှိတာကွာ၊ ကုန်တယ်လို့ ထည့်မတွက်ဘူး။ သမီးကို မြို့ထဲခေါ်သွားမယ်။ ကြိုက်ရာဝယ်နော်"

"ဟုတ်ကဲ့…ဖေဖေ"

သားအဖမြို့ထဲထွက်သွားကြသည်။ နောက်တစ်နေ့ သမီး

www.burmeseclassic.com

www.burmeseclassic.com



မွေးနေ့အတွက် ဘုန်းကြီးကျောင်း ဆွမ်းကပ်မည်။ အိမ်နီးနားချင်း များကို အုန်းထမင်း၊ ကြက်သားဟင်းချိုင့်ဖြင့် ပို့မည်။

စတိုးဆိုင်ကြီးတစ်ဆိုင်တွင် သမီးအတွက် ဂါဝန်၊ အရုပ်နှင့် ကစားစရာအချို့ဝယ်နေစဉ် တစ်မြို့တည်းနေ ထား၏သူငယ်ချင်း ကျောင်းသူများနှင့် ဆုံနေကြသည်။ ထိုကျောင်းသူများ၏မိဘများက လည်း သူတို့ကလေးများကို ကောင်းပေ့ဆိုတာတွေ ဝယ်ပေးနေကြ သည်။

"ဦးတင်မောင်ရီရော…ထားကို ရန်ကုန်မှာ ကျောင်းပြောင်း မထားဘူးလား။ ခဏခဏအလုပ်တာဝန်ကျရာ ပြောင်းနေရတာပဲ ရန်ကုန်မှာ ကျောင်းအိပ်၊ ကျောင်းစားပို့ထားလိုက်ရင် တောင်းလာ မယ်။ ဗဟုသုတ၊ မိတ်ဆွေအပေါင်းအသင်းကအစ တိုးလာမယ် အမြင်ကျယ်လာမယ်ပေါ့ရှင်။ ရန်ကုန်မှာလည်း ရှင်တို့အမျိုးတွေ ရှိ တာပဲ"

"ဟုတ်ကဲ့…ကျွန်တော် သူ့အမေနဲ့ တိုင်ပင်လိုက်ဦးမယ် ပို့ဖြစ်ဖို့တော့ များပါတယ်။ ဒီမှာဆို ကလေးကို အမေနှစ်ယောက် စိုးရိမ်လွန်ပြီး အကျဉ်းသားတစ်ယောက်လို ထိုင်စောင့်နေကြတာ သူ့ဘဝ တိုးတက်ရေးအတွက် ခွဲသင့်ရင် ခွဲရမှာပေါ့ဗျာ…"

တင်မောင်ရီ့ရင်ထဲတွင် (၁၅)နှစ်ကျလျှင် သူမ၏ဘဝဟောင်း က ဆွေမျိုးတော်သူများက ပြန်ခေါ်မည်ဆိုသည့်စကားက နှိပ်စက်





သည်။

အမေနှစ်ယောက်ကလည်း ထိုစကားကို ဦးခေါင်းထဲမှ စက်အနားယူချိန်မှာပင် မေ့မှ ထားကြရဲ့လားမသိ။ ထားအတွက် မပျက် ကျန်းမာဖို့ အသက်ရှည်ဖို့ ဆုတောင်းနေကြရှာသည်။

နည်းနည်းလေး ကိုယ်မပူလေနှင့် အခုပဲ သေတော့မလိုလို ခတ်နေတတ်ကြသည်။

ဝမ်းမလျှောနှင့်၊ ခေါင်းမကိုက်နှင့်၊ သွားမကျိုးနှင့် သူတို့ မ မျက်စိပျက်၊ မျက်နှာပျက်နှင့်။

ကြာလျှင် သူတို့နှစ်ယောက် ရူးကြပေလိမ့်မည်။

အသက်တစ်နှစ်ကြီးလေ သူတို့၏စိုးရိမ်စိတ်က ပိုကြီးထွား လေပါပဲ။

မိမိလည်း ရူးများနေပြီလား မသိ။

သမီးအတွက် ကြံဖန်စဉ်းစားထားတာလေးတွေ ရှိပါသည်။ သားစုနှင့် အတူနေလျှင် သူ့ဘဝဟောင်းဆွေမျိုးများက မနာလို ခွဲချင်နေသည်ဆိုတော့ အတူအမြဲ တပူးတတွဲတွဲ မနေလျှင်ကော၊ နှင့်ဝေးရာမှာ ထားလျှင်ကော၊ ဤမြို့ပြည်ရွာ၊ ဤ ဒေသမှ သောနေရာတွင် ပို့ထားလျှင်ကော…ဒါဆို သူတို့ ကျေနပ်မည် သည်။

မကြာခဏ သမီးကို အဝေးပို့ဖို့ စဉ်းစားသော်လည်း အမေ



www.burmeseclassic.com

www.burmeseclassic.com



နှစ်ယောက်က မျက်စိပျက်၊ မျက်နှာပျက်ဖြစ်တတ်ပြီး ကြီးဒေါ် အမေက ဘယ်သွားသွား တကောက်ကောက်လိုက်ဖို့ ပြင်ပြီးသားမို့ အခက်ကြုံနေရခြင်းဖြစ်သည်။

ယခုတော့ အစဉ်ပြေသွားပြီ။ ပြောစရာစကား ရသွားပြီ။ ထားစရာနေရာကို အကျိုးရှိရှိ ရှာဖွေတွေ့ရှိသွားခဲ့ပြီ။

အိမ်ပြန်ရောက်သည်နှင့် အစီအစဉ်ကို ပြောပြလိုက်သည်။

"ထားရဲ့သူငယ်ချင်းတွေရော မင်းတို့အမျိုးတွေရဲ့ သားသမီးတွေရော၊ ကလေးတွေကို ရန်ကုန်မှာ ကျောင်းအိပ်ကျောင်းစား ပို့ဖို့ ပြင်ဆင်ပြီးနေကြပြီ။ ဈေးထဲမှာ ဝယ်ခြမ်းနေလိုက်ကြတာ ပျော်စရာကြီး။ ထားကိုလည်း စာတော်တော့ ရန်ကုန်မှာပို့ထားရင် ပိုပြီးတိုးတက်မှာပဲတဲ့။ ငါလည်း စဉ်းစားမိတယ်။ ဆယ့်ငါးနှစ် မပြည့်ခင် ကံကြမ္မာ မျက်စိလည်သွားအောင် ငါတို့နဲ့ဝေးဝေးမှာ ထားလိုက်မလားလို့ တစ်ချက်ခုတ်၊ နှစ်ချက်ပြတ်ပေါ့ကွာ..."

မျက်လုံးပြူးကြီးများဖြင့် တစ်ယောက်ကိုတစ်ယောက် ကြည့်ပြီး စဉ်းစားနေကြပုံရသည်။ အတော်ကြာမှာ...

"ဘယ်သူတွေ သွားကြမှာလဲ မောင်ရဲ့။ စိတ်ချရရင်တော့ ထားသင့် ထားရမှာပေါ့"

"သူများကလေးတွေလည်း နေကြမှာပဲလေ။ ကိုယ့်အိမ် ထက် စည်းကမ်းကြီးသေးတာဗျ။ အချိန်နဲ့အိပ်၊ အချိန်နဲ့စားရမယ်။





စည်းကမ်းကို နားလည်လာမယ်။ အပေါင်းအသင်း ဆန့်လာမယ်။ အတွေ့အကြုံရှိလာမယ်။ သမီးက စာတော်တော့ ပိုထားသင့်တာပေါ့။ သမီး ကြီးလာရင် ဘာလုပ်မလဲ"

"ဆရာဝန်မကြီး လုပ်မှာ"

"ဟား...တယ်ဟုတ်ပါလား။ ကောင်းပါ့ဗျာ။ တခြား သူတွေ မကုဖြစ်သေးရင်တောင် ရောဂါထူတဲ့ ငါ့သမီးကိုယ် ငါ့သမီး ပြန်ကုနိုင်ပြီပဲ။ ပြီးတော့ ညည်းအမေနဲ့ အမေကြီးကို ကုလို့ရပြီပဲ။ သမီး ရန်ကုန်မှာ ကျောင်းသွားနေချင်ရဲ့လား။ ဖြစ်ပါ့မလား"

"အို...ဘာလို့မဖြစ်ရမှာလဲ ဖေဖေရဲ့။ သူများတွေတောင် သွားကြတော့မှာ၊ သမီးတောင် နောက်ကျနေပြီ။ မြန်မြန်လုပ်ပေးကြ ပါဦးနော်။ တစ်မြို့တည်းနေပြီး ကိုယ်ညွှတ်ကျန်နေလို့တော့ ဘယ်ဖြစ်ပါ့ မလဲ။ သမီးကို သိပ်အထင်သေးတဲ့ အမျိုးတွေကိုလည်း အမျိုးထဲမှာ အတော်ဆုံးဆိုတာ ပြဦးမှာပါ"

ကြုံးဝါးနေသော သမီးစကားကို လက်ခံမိပါသည်။

သူမမှာလည်း မွေးကတည်းက အနှိမ်ခံထားရတဲ့ဒဏ်ရာ တွေက အရွယ်နှင့်မမျှအောင် ခံစားခဲ့ရသည် မဟုတ်ပါလား။

အားလုံးသဘောတူညီချက်ရသည်နှင့် နေ့အကူးမခံတော့ဘဲ ကျောင်းအပ်ဖို့ ကျောင်းထွက်လက်မှတ်ယူသူယူ၊ အဝတ်အစားသွားဝယ် သူဝယ်ကြ၊ ဝယ်ကြ ချုပ်ကြ၊ ကြော်ကြ၊ လှော်ကြနှင့် မအားကြရ

www.burmeseclassic.com



တော့။

သုံးရက်မြောက်သောနေ့တွင် တစ်မိသားစုလုံး ရန်ကုန်သို့ ချီတက်ခဲ့ကြသည်။

ရန်ကုန်တွင် သူငယ်ချင်းအပေါင်းအသင်းများနှင့် မိတ်ကောင်း ဆွေကောင်းများရှိသဖြင့် ရန်ကုန်အရှေ့ပိုင်းရှိ မြန်မာမက်သရင် မိန်းကလေးကျောင်းတွင် အပ်နိုင်ခဲ့ကြသည်။

အိမ်မှာနေစဉ်က အလိုလိုက်ခံရပြီး ရွှေလိုဥထားသူမှန်သမျှ ဘော်ဒါဆောင်တွင် ကောင်းကောင်းဒုက္ခရောက်ကြတော့သည်။

အချိန်တိုင်း စည်းကမ်းကြားတွင် လှုပ်ရှားနေကြရပြီး ကျွေး သလို စားကြရသည်။

အိမ်မှာ ကြက်သားမှ၊ ဝက်သားမှဆိုပြီး ချေးများခဲ့သူ ထားတို့ အစားအသောက်အတွက် ခံတွင်းပျက်ရတော့သည်။

နွေကျောင်းပိတ်ရက်နှင့် ဒီဇင်ဘာကျောင်းပိတ်ရက်များတွင် သာ ကိုယ့်အိမ်ကိုယ်ပြန်ပြီး အလွမ်းသယ်ကြရသည်။ စားချင်တာ စားကြရတော့သည်။

ရန်ကုန်မှ နွေကျောင်းပိတ်၍ပြန်လာသော ထား အံ့သြသွား သည်။ မိခင်အရင်း၏ဗိုက်သည် မီပုံးပုံလို ပူပြီးဖောင်းကားနေသော ကြောင့် လက်ညှိုးထိုး၍ ဟားတိုက်ရယ်မောမိတော့သည်။

''ညည်းအမေ ရှေ့လထဲ မွေးမှာထင်တယ်''





''ဟင်···ဒါဆို ထားမရှိဘူးပေါ့နော်။ မေမေ ဒီတစ်ခါ ကလေးမွေးရင် ထားကိုမွေးတုန်းကလို မခက်ပါစေနဲ့လို့ ထား ဆုတောင်းပေးပါတယ်။ ထားနဲ့ဆို ၁၀ နှစ်နီးပါးတောင် ကွာမှာပဲနော်''

''အင်းလေ···ညည်းအမေက ညည်းကို ဝအောင်ချစ်ချင်လို့ နောက်ကလေး မယူတာရော၊ ကြောက်နေတာရောကြောင့် ကြာသွား တာလေ''

''ထားကတော့ မောင်လေးတစ်ယောက်၊ ညီမလေး တစ်ယောက်လောက် ထပ်လိုချင်သေးတယ်။ ထပ်မွေးပေးနော် မေမေ''

ခင်နုက ပြုံး၍ ခေါင်းညိတ်ပြပါသည်။

✲

သွားရင်းလာရင်းနှင့်ပင် အခေါင်သူဘဝကို အောင်မြင်စွာ ဖြတ်သန်းခဲ့သည်မှာ သုံးနှစ်မြောက်လာခဲ့ပြီ။

၁၉၂၃ ခု။

M.B.B.S (အမ်ဘီဘီအက်စ်)ဘွဲ့ပေးရန် ရန်ကုန်တက္ကသိုလ် ၏ ပြင်ဆင်ဖွဲ့စည်းသည်ဆိုသည့် သတင်းစာဖြတ်ပိုင်းကို ထားအမြဲ ထိုးဆောင်သည့် မှတ်စုစာအုပ်၏ ရှေ့ဆုံးတွင် ဖြတ်ညှပ်ပြီး ကော်နှင့်



www.burmeseclassic.com

www.burmeseclassic.com



ခိုင်ခိုင်ကပ်ထားခဲ့သည်။

ငယ်ငယ်ကတည်းက ဆေးရုံနှင့် ဆရာဝန်မများကြားတွ

မကြာခဏနေခဲ့ရသဖြင့် ဆရာဝန်ဖြစ်ချင်သော အာသီသက ထ

အသိစိတ်ကို လွှမ်းခြုံထားခဲ့ပါသည်။

သေမလိုဖြစ်နေသော လူသားကြီးငယ်မရွေးကို ကိုယ့်ဆွေ

သားလို သဘောထားပြီး အချိန်မရွေး နေရာမရွေး ချွေးတလုံးလ

ဖြင့် တိုက်ပွဲဝင်သလို ကုသပေးသော ဆရာဝန်များကို ထား အထ

ကြီး လေးစားမိခဲ့သည်။ အားကိုးမိခဲ့သည်။

မိမိအပေါ် သူတို့တွေကောင်းခဲ့၍ မိမိ အသက်ရှင်ခဲ့ရသည်

ကျန်းမာခဲ့ရသည်။ မိမိအလှည့်ကျလျှင်လည်း လူသားတွေကို စေတ

အပြည့်အဝဖြင့် ပြန်၍ ကုသပေးချင်နေသည်။

ထိုရည်ရွယ်ချက်၊ ဦးတည်ချက်သည် နဲနဲလေးမှ မပြော

လွဲခဲ့ပါ။

ဒီနှစ် ဆွေကျောင်းပိတ်ရက် အိမ်အပြန်တွင် ထား အပျို

ဖြစ်၍ လာခဲ့ပြီဖြစ်သည်။

(၁၄)နှစ်မြောက်မွေးနေ့ကို အိမ်ကျမှ ခမ်းခမ်းနားနားလု

ပေးမည်ဟု မိဘများက စာရေးထားသည်။ အပျိုမဆိုတော့လည်

ကြွကြွရွရွ လှလှပပလေးဖြစ်၍ လာခဲ့ပြီပေါ့လေ။

ကိုယ်လုံးကလည်း အရင်ကလိုတဖြောင့်တည်းမဟုတ်တော





ယန်းပုံထုထားသလို အဖုအထစ်၊ အချိုင့်၊ အကွေ့အကောက်တွေက

သူ့နေရာနှင့်သူ ရှိနေကြပြီ။

သဘောလက်တန်းကိုမှီ၍ ရပ်နေသော ထားကို အားလုံးက

စိတ်ဝင်တစား ကြည့်တတ်ကြသည်။ ခေတ်မှုံခိုး၍ ရိုက်ကြသည်။

ခေတ်မီစွာ နေထိုင်တတ်သော ထား၊ မရယ်မပြုံး၊ ဣန္ဒြေမပျက်ဘဲ

နေပြပါသည်။

တစ်မြို့တည်းမှ ကျောင်းအတူတက်ကြသည့် လူပျိုများက

သည်း ထားကို ရိသဲ့သဲ့ လှမ်းလာကြပြီ။

အတူသွားပြန်နေကြသူများထဲတွင် တခြားကျောင်းသူများ

သည်း ချောကြလှကြပါသည်။ သို့သော် အရစ်မြင့်မြင့်၊ သွယ်လျှလျှ

နှင့် ထဘီတိုတိုဝတ်ကာ ဗိုလ်ဆန်ဆန်နေတတ်သောထားကို ကောင်

လေးတွေက ပိုစိတ်ဝင်စားတတ်ကြသည်။ ရွယ်တူကောင်မလေးများ

လိုဖြစ်လောက်အောင် ထားက စန်းပွင့်သူဖြစ်ပါသည်။

"ဟဲလို…ဒယ်ဒီ"

"ဟဲလို…မာမီ"

ဤသို့ ဘိုဆန်ဆန်ခေါ်လေတိုင်း မြန်မာဆန်သော ကြီးဒေါ်

ချစ်စနိုးမျက်စောင်းဖြင့် ကြိုဆိုတတ်ပါသည်။

ယနေ့တော့ အထုပ်ဆွဲ၍ ပြန်ရောက်လာသော ထားကို

သောအားရလည်း မကြိုကြ။ မျက်စောင်းလည်း မထိုးဘဲ…



www.burmeseclassic.com

www.burmeseclassic.com



"ဟယ်…သမီး ပြန်လာပြီလား။ ဒီတစ်ခေါက် စောပြန်လာတာလား။ လူကြုံနဲ့ စာပေးလိုက်တာ မရဘူးလား"

မျက်စိမျက်နှာပျက်ဖြင့် လှမ်းပြောနေကြသဖြင့် ထားက နားစွဲလေးလှုပ်သွားအောင် ခေါင်းကို ခါပြမိသည်။

"အချိန်မီအောင် ပို့နိုင်းလျက်နဲ့ ချက်ချင်းသွားမပေးဘူးကွယ်။ သေချာမှာလျက်နဲ့"

"မေကြီးတို့က ဘာစာပို့လိုက်လို့လဲ"

"ဒီရွာကို ပြန်မလာဖို့ ရေးလိုက်တာလေ။ ရန်ကုန် အမျိုးအိမ်မှာပဲ တစ်နွေကုန်အောင် နေခိုင်းမလို့"

"ဘာဖြစ်လို့တုန်း…ထားလည်း ကိုယ့်အိမ်ကိုယ် ပြန်လာချင်တာပေါ့လို့"

"အမေတို့လည်း ဒီအချိန်ကိုပဲ မျှော်လင့်နေတာပါကွယ်။ ဒါပေမယ့်…ဒီမှာ ပလိပ်ရောဂါတွေ ဖြစ်နေတယ်။ ပလိပ်ရောဂါက ဆိုက်ကပ်နေတယ်"

"ဘာလဲဟင်…မေမေ။ ပလိပ်ရောဂါဆိုတာ"

"ညည်းဖေဖေပြောပြတာတော့ ပလိပ်ရောဂါဆိုတာ 'ငန်းနက်ဖျားကြီး'ဒါမှမဟုတ် အဖုအကျိတ်ပေါက်တဲ့ အဖျားကြီးရောဂါလို့ ပြောတာပဲ။ ပိုးမွှားတွေကြောင့် ဖြစ်တာလေ။ ပိုးမွှားတွေဟာ ကြွက်တွေမှာ ကျရောက်ပြီး ကပ်ရောဂါဖြစ်တယ်။ ကြွက်ကနေ လူဆီကို





ကြွက်လှေးတလေးတွေကတစ်ဆင့် ကူးစက်တာပဲ။ ပလိပ်ရောဂါဟာ လူတွေကို အများဆုံး သေကြေပျက်စီးစေတယ်တဲ့"

"အဲဒီရောဂါပိုးတွေဟာ ခန္ဓာကိုယ်ထဲဝင်ပြီးတာနဲ့ သုံးရက်အတွင်း ပွားလာတတ်တယ်။ ရက်တွေရက် ချမ်းလာပြီး အဖျားအပူ ၁၀၃/၁၀၄ အထိ ချက်ချင်းတက်ရော။ ခေါင်းကိုက်မယ်။ ကျောနဲ့ ခြေလက်အင်္ဂါတွေ နာကျင်ကိုက်ခဲလာမယ်။ အော့အန်မယ်။ ဝမ်းလျှောသာမယ်။ နာရီအနည်းငယ်အတွင်းမှာပဲ မျက်စေ့တွေ နီလာမယ်။ ကြွက်ခြင်း၊ စိုးရိမ်ခြင်း၊ လက္ခဏာတွေ ပြလာမယ်။ တစ်ခါတလေ အပူချိန် (၁၀၇) ဒီဂရီအထိ တက်လာပြီး လူနာဟာ ရက်တရက်နာရီပိုင်းအတွင်း သေဆုံးသွားတတ်တယ်"

ထားက ပခုံးလေးတွန့်ရင်း…

"အမယ်လေး…မြန်လှချည်လား…ကြောက်စရာကြီးပါလား။ ကြွက်တွေကို ဝိုင်းရှင်းကြပေါ့"

"ရောဂါက ပြန့်နေပြီ။ ရှင်းတာတော့ ရှင်းနေတာပေါ့"

"ခန္ဓာကိုယ် အရေပြားပေါ်မှာ မဲနက်တဲ့အကွက်တွေ ထွက်လာတတ်လို့ ငန်းဖျားကြီးလို့ ခေါ်တာတဲ့။ နှစ်ရက်အတောအတွင်းဆို သေကြတာပဲ။ ဒါကြောင့် အမေတို့က သမီးကို မလာစေချင်တာ။ အခုနိုင် ချက်ချင်းသဘောင်္ဘာပြီး ပြန်မှဖြစ်မယ်။ အမေတို့လိုပါ အဖေ သွားခိုင်းနေတာ။ ဒီညနေပဲ ထွက်ကြမယ်"



www.burmeseclassic.com

www.burmeseclassic.com



"ဟင်း...ဟုတ်လား။ ဒါဆိုရင် ခဏလေးနော်။ သမီး သူငယ်ချင်းဆီမှာ စာအုပ်တွေ ငှားထားတယ်။ မိုက်ဆံလည်း ချေး ထားတယ်။ သွားယူပြီး ချက်ချင်းပြန်လာခဲ့မယ်နော်"

"ယူမနေပါနဲ့တော့ကွယ်"

"စာအုပ်က ကျောင်းစာဆိုတော့ ကျောင်းပိတ်ရက်အတွင်း ကျက်ရဦးမှာလေ။ မယူလို့မဖြစ်ဘူး။ ယူပြီး ချက်ချင်းပြန်လာခဲ့မှာပါ။ ဒါနဲ့ ဖေဖေရော သမီးတို့နဲ့ လိုက်မှာလားဟင်"

"ဝန်ထမ်းဆိုတော့ ဘယ်လိုက်လို့ ရမှာလဲကွယ်။ ကာကွယ် ဆေးတော့ ထိုးထားတာပဲ။ သမီးကိုလည်း ထိုးပေးရမှာပဲ"

"စာအုပ်ယူပြီး ချက်ချင်းပြန်လာခဲ့မယ်နော်။ မေမေတို့ ပြင် ဆင်ထားလိုက်လေ။ ဖေဖေ့ဆီလည်း ဝင်ပြီး နှုတ်ဆက်လိုက်ဦးမယ်"

ပြောရင်းကပင် ထားအပြေးအလွှား ထွက်သွားခဲ့ပါသည်။

"ဖေဖေရေ..."

"ဟော...သမီးကြီး ထား...၊ ဘယ်တုန်းကရောက်လဲ"

"ခုပဲ...ဖေဖေ"

ဖခင် မျက်စိမျက်နှာပျက်နေသဖြင့်...

"မေမေတို့ပြောပြလို့ ဒီမှာ ပလိပ်ရောဂါကပ်ဆိုက်နေတာ သိပြီးပြီ ဖေဖေ။ မေမေတို့က ဒီညနေပဲ ရန်ကုန်ကို ပြန်ဖို့စီစဉ် နေတယ်။ ဖေဖေရော လိုက်ခဲ့ပါလားဟင်..."





"ဖေဖေက တာဝန်ရှိတယ် သမီးရဲ့။ သမီးတို့သွားနှင့်... ဖေဖေ နောက်တော့လိုက်ခဲ့မယ်။ သမီး အိမ်ကိုပြန်နော်။ ဘယ်မှ လျှောက်မသွားနဲ့တော့။ ရောဂါကူးမှာစိုးလို့"

"ဟုတ်ကဲ့ဖေဖေ...သူငယ်ချင်းဆီက ကျောင်းစာအုပ် ယူပြီးရင် တန်းပြန်မှာပါ။ သွားမယ်နော်ဖေဖေ"

"အေး...အေး...ဖေဖေ ရုံးက စောစောပြန်ခဲ့မယ်လို့ မေမေ့ ကို ပြောလိုက်"

"ဟုတ်ကဲ့..."

✿✿✿



www.burmeseclassic.com

www.burmeseclassic.com

## အခန်း [၄]

"ဟဲလို…မေစီ"

ကျောင်းနာမည်အတိုင်း ခေါ်ခြင်းဖြစ်သည်။ မေစီ မြန်မ
ကျောင်းတုန်းက နာမည်က မူမူဖြစ်သည်။

ထားး၏ အင်္ဂလိပ်ကျောင်းနာမည်က ရီစ့်ဖြစ်သည်။

မည်သူ့ကိုမျှ မတွေ့သဖြင့် ဧည့်ခန်းထဲတွင် ဝင်ထိုင်နေသေ
ထားက မစောင့်နိုင်သဖြင့် အိမ်နောက်ဘက်အထိ ပြေးဝင်လာပြီး–

"ဟေ့…မေစီ ငါ အချိန်မရဘူးကွ။ အခု ညနေပဲ ရန်ကု
ပြန်ရမှာ။ ဒါကြောင့် ကျောင်းစာအုပ် ပြန်တောင်းတာ။ ဘယ်မှာ
ငါယူသွားလိုက်မယ်"



"ငါ့အခန်းထဲက စားပွဲပေါ်မှာရှိတယ်။ ရှာယူသွားလိုက်။ ငါ ဆပ်ပြာတိုက်ရင်းတန်းလန်းမို့"

"အေး…အေး…"

ထားက မူမူ့အခန်းထဲ ဝင်နေကြ၊ ထွက်နေကြမို့ အပြေးအလွှားဝင်လာခဲ့သည်။ စားပွဲနားရောက်ပြီး လွယ်အိတ်ထဲ မွှေနှောက်ရှာဖွေနေစဉ် ကပ်လျက်ကုတင်ပေါ်တွင် လူတစ်ယောက် ခွေခွေလေး အိပ်နေကြောင်း တွေ့လိုက်ရသဖြင့် လန့်သလိုဖြစ်သွားစဉ်…

"အင်း…ဟင်းဟင်း…အီးဟီးဟီး"

"ငါ့ကို လာထူပါဦး…ငါ့နားကို လာကြပါဦး"

သေသေချာချာကြည့်တော့မှ မူမူတို့၏ ကြီးဒေါ်အပျိုကြီးဖြစ်မှန်း သိရသည်။

ထို့ကြောင့် ထားက စေတနာဖြင့် ထူပေးလိုက်သည်။

"အေ့…ဝေါ…"

ရုတ်တရက် အန်ချလိုက်သဖြင့် ထား၏ခြေထောက်များကိုပင် စင်ကုန်တော့သည်။

"ဟင်…"

ကြီးဒေါ်မှာ အမည်းရောင် အကွက်တွေနဲ့ပါလား။

"အီးဟီးဟီး…ငါသေရတော့မယ်ထင်တယ်။ ငါ့ကို ခုထဲက ဖြစ်ထားကြပြီလား"



www.burmeseclassic.com

www.burmeseclassic.com



ထား ခေါင်းနပန်းကြီးသွားသည်။ မိမိကျောင်းစာအုပ်ကို မရေမတာရှာနေသဖြင့် ပထမ ကြီးဒေါ်ကို မမြင်မိ။ ဂရုမစိုက်မိ။

အခု သေချာစိုက်ကြည့်မိတော့မှ မိခင်ပြောသလို ဒေါ်ကြီး ပလိပ်ရောဂါသည်ဘဝကို ရောက်နေခြင်းပါလား။

ကေ့ အိမ်သားများက ဒေါ်ကြီးသေတော့မည်လူနာမှန်း သိ၍ အနားသို့ မကပ်လာကြဘဲ ရှောင်နေကြခြင်းဖြစ်သည်။

ရောဂါကူးစက်မည်စိုး၍ အနားသို့ မကပ်ရဲကြခြင်းဖြစ်မည်။

မိမိက ဘုမသိ ဘမသိဖြင့် လူနာအနား ကပ်ယုံတင်မဟုတ်၊ လူနာကို ကိုင်မိပြီ။ ပြီးတော့ အန်ဖတ်တွေလည်း စင်ခဲ့ပြီ။

စာအုပ်လေးကိုင်ပြီး သွေးရူးသွေးတန်းဖြင့် ထား ပြေးထွက်ခဲ့မိသည်။

အိမ်နားရောက်တော့ အိမ်ထဲမဝင်ရဲ။ မိမိမှာ ရောဂါပိုး ကူးစက်လာနိုင်သည်။ မိမိထံမှတဆင့် မိသားစုကို ကူးစက်မှာ ကြောက်သည်။

"ဟဲ့…ထား ဘာလုပ်နေတာလဲ လာလေ…အိမ်ထဲကို"

"ဟင့်အင်း…ကြီးမေ အနားမလာနဲ့။ ညီမလေးကိုလည်း ခေါ်မလာနဲ့။ ထားတော့ မေမေ့စကားကို နားမထောင်လို့ ကောင်းကောင်းဒုက္ခရောက်ခဲ့ပြီ။ မူမူတို့ကြီးဒေါ်ကြီး ပလိပ်ရောဂါဖြစ်နေ တာကို မသိဘဲ အနားကပ်မိသလို၊ သွားလည်း ထူပေးမိတယ်။





အန်ဖတ်တွေလည်း စင်ကုန်ပြီ။ မကြာခင် ထားလည်းသေရတော့ မယ် ထင်တယ်"

တုန်တုန်ယင်ယင်နှင့် လမ်းမပေါ်မှ အော်ပြောရင်း အလန့်တကြား ထိုင်ငိုနေသော တူမကို မကြည့်ရက်တာရော၊ စိုးရိမ်တာရော ကြောင့် တင်နုကလေးကို အမေလက်ထဲထည့်ပြီး ဆေးရုံသို့ ခေါ်သွားခဲ့ရန်ပြောသည်။ ကာကွယ်ဆေးထိုးခိုင်းမည်။ သူမ ဖခင်ကို လည်း အကြောင်းကြားမည်။

ထား နောင်တကြီးစွာ ရမိပါသည်။

မိမိပြန်ရောက်လာသည်နှင့် မိဘများ ပူပင်သောက ရောက်ကြရပြီ။ မိမိသေသွားလျှင်လည်း ပြီးတာပါပဲ။

(၁၅)နှစ် ပြည့်တော့မည်ဖြစ်၍ နဂိုကမှ သူမအတွက် စိုးရိမ်နေရသည့်အထဲ ယခုလိုကူးစက်ရောဂါသည်ကို သွားလက်ပွန်းတတီး ဖြစ်လာခဲ့မိပြီဆိုတော့ သမီးဖြစ်သူကို ဒီတစ်ခါ တကယ်စွန့်လွှတ်ရ တော့လေမလားဟု အတွေးကိုယ်စီဖြင့် စိုးရိမ်စွာ ကြည့်နေကြပါတော့ သည်။

ဆေးရုံတွင် ဆရာဝန်များ ကာကွယ်ဆေးထိုးပေးသည့်ကြား ကောင် အချိန်သိပ်မကြာလိုက်ပါ။ ထား အပူချိန် တဖြည်းဖြည်း တက်လာပြီး ဂယောင်ချောက်ချားဖြစ်လာသဖြင့် မိဘတွေ ငိုကုန် ကြပြီ။



www.burmeseclassic.com

www.burmeseclassic.com



ဆရာဝန်က မစိုးရိမ်ဖို့ပြောသော်လည်း ဤရောဂါ ချက်ချင်း သေတတ်တာကို မိမိတို့ သိနေပြီပဲ။

"သိမ်လည်း စိတ်မပူကြပါနဲ့ဦး...သမီးက အကျိတ်အ တွေ ပေါင်ကြား ချိုင်းကြားနဲ့ လည်ပင်းမှာ ထွက်ပြီး နာလို့ ငြီး တာပါ။ အမဲကွက်တွေ မထွက်ပါဘူး"

ထိုစကားကြောင့် အမဲကွက်တွေ ထွက်မလာဖို့ ဆုတောင်း မေတ္တာပို့နေကြရသည်။ဖခင်ဖြစ်သူက အိမ်ပြန်၍ ဘုရားစင်ကိုသပ် ရှင်းလင်းပြီး ရေကြည်တော်ဆက်ကပ်၍ ဆုတောင်းပေးလိုက်၊ သမီး ပြန်ပြေးလာလိုက် ဖြစ်နေရှာသည်။

တစ်ရက်ကူးသွားသော်လည်း အဖျားက တက်လိုက် လိုက်ဖြင့် အဖုအကျိတ်တွေကလည်း ရှိနေဆဲ။

ကံကောင်းထောက်မ၍ အမဲကွက်များ ထွက်မလာတာ ကျေးဇူးတင်နေရသည်။

"ထားလေ...ကံကောင်းပါတယ်။ သူ့ ရောဂါကူးလာ မှန်ပေမယ့် ပြင်းထန်တဲ့အမျိုးအစားတော့ မဟုတ်ဘူး။ စိုးရိမ် မယ့် သေလောက်တဲ့အထိ ဖြစ်မသွားနိုင်ပါဘူး။ ဆေးတော့ ဆက် မှာပေါ့"

"အိမ်ပြန်ခေါ်လို့တော့ မဖြစ်ဘူးထင်တယ်နော်"

"ဆေးရုံမှာပဲ ထားချင်လည်း ထားလေ"





"သွားရလာရတာ ခက်ပြန်ရော..."

တင်မောင်ရီတစ်ယောက် သမီးအတွက် ပရိဒေဝမီးတောက် လောင်ပြီး မအိပ်နိုင်၊ မစားနိုင်နှင့် ခေါင်းမှဆံပင်ကိုပင် ဖြီးဖို့ မေ့ နေပါသည်။

ဆွမ်းခံကြွလာသော ဦးပဉ္ဇင်းကိုပင် အမေများမရှိ၍ ဆွမ်း မလောင်းနိုင်။

"ခွင့်လွှတ်ပါ အရှင်ဘုရား။ သမီးကြီးဆေးရုံမှာ တစ်ပတ် ရှိသွားတာတောင် အရှင်းမပျောက်သေးလို့ တပည့်တော်တို့မိသားစု ရင်မှာ အပူမီးတောက်လောင်ပြီး ဟင်းတောင် မချက်နိုင်ပါဘူး ဘုရား။ ဒီနေ့အတွက် ဒီနို့ဆီဘူးပဲ လှူလိုက်ပါရစေဘုရား"

ဦးပဉ္ဇင်းက ခေါင်းတညိတ်ညိတ်လုပ်နေပြီးမှ...

"သေမယ့်ရောဂါဆိုရင် (၂)ရက်လောက်ဆို သေသွားကြ တာပဲ။ ကလေးရောဂါက နုပုံရပါတယ်။ ဒကာကြီးတို့ ယုံကြည် မယ်ဆိုရင် စိတ်ရှည်မယ်ဆိုရင် ဦးပဉ္ဇင်းတို့ကျောင်းမှာ ကျောက် တောင်းက ဆရာတော် ဦးသောမဆိုတာ ရောက်နေတယ်။ နွေ ရာသီတိုင်း ဦးပဉ္ဇင်းတို့ကျောင်းကိုရောက်လာပြီး သူတတ်မြောက် ထားတဲ့ မြန်မာ့ဆေးပညာတွေကို ပို့ချပေးတတ်တယ်။ ဦးသောမဟာ ဆေးပြီဆိုပြီး လက်လျှော့ထားတဲ့ လူနာအတော်များများကို လူကောင်း ဖြစ်လာအောင် ကုသနိုင်ခဲ့တာ ဦးပဉ္ဇင်း မျက်မြင်ပဲကွယ်။ ဒကာ



www.burmeseclassic.com

www.burmeseclassic.com



မေးတို့ ကုချင်တယ်ဆိုရင် ဦးပဥ္စင်း လျှောက်ပေးမယ်''

''တင်ပါ့ဘုရား၊ ရက်လည်း ကြာနေပြီ။ အကြိတ်တွေက လည်း မပျောက်သေးဘူး။ တညီးညီးတညူညူဖြစ်နေတဲ့ သမီးအတွက် တပည့်တော်ရင်မှာ ပူလောင်နေရပါတယ်၊ ဆရာတော် ဦးသောမကို လျှောက်ပေးပါဘုရား''

မြန်မာဆေး၏ အစွမ်းပကားကို အံ့ဩဝမ်းသာစွာ လက်ခံ လိုက်ရပါတော့သည်။

ဆရာဝန် လက်လျှော့ထားခဲ့သော ထား၏ပေါင်မှ အကြိတ် များသည် ဆေးလိမ်းရုံဖြင့် လုံးဝ ပျောက်ကင်းခဲ့ပါတော့သည်။

သေတွင်းထွက် ထားတင်တင်တစ်ယောက်၊ သည်လိုနှင့် ဆယ်တန်းအောင်ခဲ့ပါတော့သည်။

(၁၅)နှစ်ကျော်သွား၍ ဘဝဟောင်းမှ ခွေမျိုးများထံ အလည် မသွားနိုင်တော့ဟု ထင်ထားသော ထားတစ်ယောက် သေလောက် သောရောဂါများနှင့် ကင်းဝေးနေခဲ့ပါသော်လည်း ငယ်ငယ်ရွယ်ရွယ်နှင့် လေးဘက်နာဖြစ်နေ၍ ဆေးကျောင်းကို ဖွင့်ဖွင့်ချင်း မတက်နိုင်ခဲ့ပါ။

ဆရာတော် ဦးသောမကပင် ကုသပေးသဖြင့် (၁)လခန့် ကြာသောအခါ မြန်လည်ကျန်းမာလာပြီး ဆေးကျောင်းတက်နိုင်ခဲ့ သည်။





ဆေးတက္ကသိုလ် တတိယနှစ်သို့ ရောက်ခဲ့ပြီ။

ဒီဇင်ဘာလ ကျောင်းပိတ်ရက်ဖြစ်၍ ကိုယ့်မြို့ကိုယ် ပြန်ကုန် ကြသည်။

''ထားရေ…''

''ဘာလဲ…လှလှ''

''ဒီကျောင်းပိတ်ရက် လှလှတို့ရဲ့ မော်လမြိုင်ကို လိုက်လည် ပါလား၊ ထားအတွက်က ရေလမ်းခရီးကို ဆန်းတယ်လို့ မထင်ရပေ မယ့် လှလှတို့ရဲ့ မော်လမြိုင်ခရီးက ရထားတတန်၊ သင်္ဘောတတန်၊ ကားတတန်သွားရလို့ စိတ်အပြောင်းအလဲဖြစ်ရတယ်၊ အမြင်ဆန်း တယ်၊ ပျော်စရာကောင်းတယ်၊ သွားရင်းလာရင်း ရထားပေါ်မှ ရှုခင်းစား ရနိုင်တယ်၊ မုတ္တမရောက်တော့ ရထားပေါ်ကဆင်းပြီး မော်လမြိုင်ဘက်ကူးဖို့ သံလွင်မြစ်ကြီးကို ဖြတ်ရမယ်လေ။ အဲဒီမှာ လူရော၊ ကားရော တင်လို့ရတဲ့ ဇက်ကြီးတွေရှိတယ်။ တချို့ အရေးကြီး ရင် ကြီးသလို သမ္ဗာန်တွေ၊ မော်တော်တွေနဲ့ ဖြတ်ကူးကြတယ်။ တချို့လဲ သင်္ဘောနဲ့ ကူးကြတယ်၊ အဲသလို ရထားပေါ်က ပြေးဆင်းပြီး သင်္ဘောပေါ်မှာ နေရာလုရင်း ချစ်သူတွေ့သွားတဲ့လူတွေ တစ်ပုံကြီးပဲ''

''လုပ်ပြီ၊ သူဖြင့် ကနေ့ထိ ချစ်သူမရှိသေးဘဲနဲ့''

''လှလှကချောမည်သာ လှတာ၊ ရုပ်ကထားလို ဥပဒေပရုပ် ပေါက်မနေဘူးလေ…''



www.burmeseclassic.com

www.burmeseclassic.com



"လှလှက မြန်မာဆန်ဆန် ကျက်သရေရှိရှိလေးနဲ့ လှနေတာပါနော်"

"ထားကတော့ ဘိုသွေးရောသလိုလို၊ ကုလားသွေး နှောသလိုလိုနဲ့ နှာတံလေးပေါ်ပေါ်၊ ဆံပင်လှိုင်းတွန့်လေးတွေနဲ့ မျက်တောင်ရှည်ကြီး တစ်ချက်ပင့်လိုက်ရင် ရင်ခုန်လောက်ပါတယ်"

"အမယ် မယ်…ဝတ္ထုရေးဖို့များ စာစီနေသလား အောက်မေ့ရတယ်"

"ဟုတ်တယ်၊ လှလှသာ စာရေးတတ်ရင်လေ တစ်နေ့တစ်နေ့ ထားရဲ့ လှုပ်ရှားမှု လှလှပပလေးတွေကို မရိုးနိုင်အောင် ထိုင်ကြည့်နေမယ့်အစား အလှဘွဲ့တွေ ဖွဲ့နေမိမှာ သေချာတယ်"

"အဟင်း…ဟင်း၊ ငါ့သူငယ်ချင်းတော့ ဒီနေ့ စိတ်တွေ ဖောက်ပြန်နေပါကလား၊ နှစ်ယောက်တည်း နေရမှာတောင် ကြောက်စိမ့်လာပြီကွာ"

"ဟုတ်တယ်၊ ကိုယ့်စိတ်တွေ ဖောက်ပြန်လာပြီနော်၊ မင်းကို ဖက်နမ်းဖြစ်ချင်လာပြီ၊ ကိုက်စားချင်လာပြီ၊ ဟီးဟီး…ဟီး"

လှလှက မျက်လုံးကြီးပြူးရင်း လက်နှစ်ဘက် ဆန့်တန်းကာ ရုပ်ရှင်ထဲမှ သူရဲမများလို တစ်လှမ်းခြင်း လှမ်းလာနေသဖြင့် ထား တစ်ယောက် တကယ်ကြောက်ပြီး ခေါင်းအုံးကြား မျက်နှာဖွက်ကာ ငယ်သံပါအောင် အော်နေပါတော့သည်။





"ကြောက်တယ်၊ ကြောက်တယ်"

"ကိုက်စားမှာပဲနော်"

ထား မည်မျှကြောက်သွားသနည်းဆိုလျှင် ညဘက် အိပ်ပျော်နေချိန်မှာပင် "ကြောက်တယ်…ကြောက်တယ်"ဟု အကျယ်ကြီး အော်ပါတော့သည်။

လှလှပင် လန့်နိုးသွားခဲ့သည်။

"ထား…ကြောက်နေတာလား၊ ကိုယ်နဲ့ လာအိပ်ချင် အိပ်…"

"ဟင့်အင်း…၊ အိပ်မက် မက်တာပါ"

"ကိုယ် လာခဲ့ပေးရမလား"

"ဟင့်အင်း…မလာနဲ့ ရတယ်၊ မကြောက်ပါဘူး"

ထား၏အသံ တုန်နေသဖြင့် လှလှက တဟဲဟဲ ရယ်နေပါ…တော့သည်။

✽✽✽



www.burmeseclassic.com

www.burmeseclassic.com

## အခန်း [၁၀]

သို့

ဖေဖေ၊ မေမေ၊ မေမေကြီးနှင့် မောင်၊ ညီမများထံ ထား သတိရခြင်းများစွာနှင့် စာရေးလိုက်ပါသည်။

ဒီဇင်ဘာကျောင်းပိတ်ရက်တွင် လှလှနှင့်အတူ မော်လမြိုင်သို့ အလည်လိုက်သွားချင်ပါသည်။ မော်လမြိုင်တွင် သုံးရက်နေပြီး အပြန် ကျိုက်ထီးရိုးဘုရား ဝင်ဖူးပါမည်။ ကျိုက်ထီးရိုးမှ အပြန်တွင် လှလှက ထားတို့အိမ်ကို လိုက်ခဲ့ပါလိမ့်မည်။

ဖေဖေတို့ ခွင့်ပြုမည် ထင်ပါသည်။



စာဖတ်ပြီး ဖခင်ဖြစ်သူက အသံထွက်၍ ရယ်သည်။

"ရှင်က ဘာရယ်တာလဲ"

"ငါ့သမီး ခုမှ ကောလိပ်ကျောင်းသူ ပီသသွားတာ၊ လူရည်လည်သွားပြီ၊ မကြာခင် ရည်းစားလဲ ရတော့မယ်၊ မယုံ ကြည့်ထား ဗျ"

"ဟွန်းနော်…အဖေကြီး၊ ဘာတွေ လျှောက်ပြောနေတာလဲ"

"ဟော်ဗျာ…မောင်ပြောတာ မဟုတ်သလား၊ ဟုတ်သလား စောင့်ကြည့်လေ။ ခုလို ခရီးထွက်ပေးတာ ကောင်းတယ်၊ တစ်ချိန်လုံး ခက်ခဲလှတဲ့ ဆေးပညာတွေကြီးပဲ ဖတ်မှတ်လေ့လာနေရတာ သူတို့ ခမျာ ငြီးငွေ့လှပြီလေ။ လူမှန်းသိစတည်းက သင်္ဘောပေါ် တစ်နေကုန် ငုတ်တုတ်ငိုက်ပြီး စီးလာခဲ့ရတဲ့ နှစ်သက်ကာလဲ ငြီးငွေ့စရာကောင်းလှပြီ။ အခုဆို ရထားစီးရမယ်၊ သင်္ဘောစီးရမယ်၊ ကားစီးရမယ်၊ သူငယ်ချင်းတွေ အုပ်စုဖွဲ့ပြီး ရယ်ကြမယ်၊ မောကြမယ်၊ ပျော်ကြမယ်၊ ရန်ဖြစ်ကြမယ်၊ ပြန်တည့်ကြမယ်၊ ရှိုးထုတ်ကြမယ်၊ နဖူးစာရွာလည်ပြီး တောင်ကလူကို မြောက်ကကြိုက်၊ အရှေ့ကလူကို အနောက်က ကြိုက်ကြမယ်"

"ရှင်က သမီးကို မဆုံးမတဲ့အပြင် မြှောက်ပေးမယ့် ပုံစံပါလား"

"ဩော်…ဒါ နိယာမပဲလေ၊ သီးချိန်တန်သီး၊ ပွင့်ချိန်တန်



www.burmeseclassic.com

www.burmeseclassic.com



ပွင့်ကြတာကို တားလို့ ရမှမရနိုင်တာ။ မင်းတို့ ငါတို့တုန်းကလဲ ချစ်မိကြပြီဆိုရင် အရူးအမူးပဲ မဟုတ်လား"

"တော်ပါ…ကလေးတွေ ကြားကုန်ပါ့မယ်၊ ခင်ခင်ကတော့ သမီးကို ပညာရေးပဲ ဦးစားပေးစေချင်သေးတယ်။ ချစ်လို့ မဝသေးဘူး၊ စိုးရိမ်လို့လဲ မဝသေးဘူး၊ ပြီးတော့ ရှိစုမဲ့စု သူ့အတွက် ပုံအောထားရတာ၊ သူ ဆရာဝန်ဖြစ်မှ မောင်လဲ အနားယူရမှာလေ"

"သြော်…ရှိပါစေကွယ်၊ ကိုယ်တို့ ကိုယ်ကျိုးအတွက် သူ့ကို တရင်းတနှီး လုပ်ပေးခဲ့တာ မဟုတ်ပါဘူးလေ။ သေတွင်းထွက်ကလေးမို့ မောင်တော့ သူ ကျန်းကျန်းမာမာရှိနေရင် ကျေနပ်တယ်၊ သူဆိုးရင်လဲ မောင် အပြစ်ယူမှာ မဟုတ်ဘူး။ ဒါပေမယ့် သမီးကြီးက လိမ္မာပါတယ်၊ ချစ်တာကြိုက်တာတွေ သူ သိပ်ဦးစားပေးပုံမရဘူး၊ သူ့ကို ပိုးပန်းတဲ့လူတွေ အများကြီးရှိမှန်း မောင် သိနေ၊ မြင်နေတာပဲ။ ထားရဲ့ မျက်လုံးအကြည့်က လူပျိုကောင်လေးတွေကို ကြည့်ရင် တည်တည် ငြိမ်ငြိမ် ရှိနေတတ်တယ်၊ ခင်ခင်မင်မင် ရယ်ရယ်ပြုံးပြုံးပဲ ပြန်ဆက်ဆံတတ်တယ်။ အခုလို သွားလည်ပတ်မှလဲ ငယ်ရွယ်တဲ့ ကျောင်းသူ ကျောင်းသားဘဝရဲ့ ပျော်ရွှင်လွတ်လပ်မှုလေးတွေကို ရရှိမယ်လေ။ ဓာတ်ပုံတွေ ရိုက်ကြမယ်၊ အမှတ်တရ သိမ်းကြမယ်၊ အနှစ်(၂၀) လောက်ကြာမှ ထုတ်ကြည့်ဖြစ်ရင် ငယ်ဘဝရဲ့ ကြည်နူးမှုတွေကို တစိမ့်စိမ့် ပြန်ခံစားကြမယ်လေ။ ထား ဒီကို ပြန်လာရင် မင်းတို့တွေ





ပါးစပ်ဟောင်းလောင်းနဲ့ နားထောင်ကြရလိမ့်မယ်၊ နားငြီးအောင် ပြောပြပါလိမ့်မယ်"

ဟုတ်ပါသည်။

ရထားတစ်တွဲလုံး ကျောင်းသူ၊ ကျောင်းသားတွေနှင့် ပြည့်နေပါသည်။

အားလုံး တစုတဝေး ကျိုက်ထီးရိုး တက်ချင်ကြသဖြင့် မော်လမြိုင်ကို မရောက်ခင်မှာပင် ကျိုက်ထီးရိုးဘုရားကို အရင်ဖူးကြမည်ဖြစ်သည်။ ကျိုက်ထိုဘူတာတွင် ဆင်းပြီး ကျိုက်ထိုမြို့ထဲရှိ သူငယ်ချင်းတစ်ဦး၏ နေအိမ်တွင် ပစ္စည်းများကို အပ်နှံကြပြီး လိုအပ်သလောက်ကိုပင် တောင်ပေါ်သို့ ယူသွားကြသည်။

ဆေးကျောင်းတင်မဟုတ်၊ အခြားဘာသာယူသူများလည်း ပါသဖြင့် ယခုမှ မြင်ဖူးတွေ့ဖူးကြသည်။ အရွယ်ကောင်းလေးတွေ ဖြစ်၍ သွက်လက်ဖျတ်လတ်ကြသည်။

ရယ်စရာပြောလျှင် အူနှိပ်၍ ရယ်သလို စလွန်းနောက်လွန်း၍ ငိုရသူတွေလည်း ရှိသည်။

ကျိုက်ထိုမှတစ်ဆင့် ကျိုက်ထီးရိုးဘုရား တောင်ခြေရှိ စခန်းသို့ ကားငှား၍ သွားရမည်ဖြစ်သည်။

"လှလှရေ ဧည့်သည်လာတယ်ဟေ့"

"ဘယ်သူလဲ မသိဘူး"



www.burmeseclassic.com

www.burmeseclassic.com



"မော်လမြိုင်က သန်းအောင်တဲ့၊ ဘီအေ နောက်ဆုံးနှစ် ကျောင်းသားတဲ့"

"သြော်...ဟုတ်လား၊ ဒါဆို အပေါ်လွှတ်လိုက်လေ၊ ငါ ထမင်းစားနေရင်း တန်းလန်းမို့"

ခဏကြာသောအခါ အပေါ်ထပ်ဧည့်ခန်းသို့ အမျိုးသား နှစ်ယောက် တက်လာပါသည်။

"လှလှကို နှောင့်ယှက်သလိုများ ဖြစ်သွားပြီလား မသိဘူး"

"မဖြစ်ပါဘူး၊ ဒီကို လာခါနီးတုန်းကတောင် ကိုသန်းအောင် များ လာဦးမလားလို့ မျှော်သေးတာ၊ ရထားပေါ်ကျတော့လဲ ပါမလာ ရှာသေးတယ်"

လှလှနှင့် ကိုသန်းအောင်တို့၏ မျက်လုံးအကြည့်များက မရိုးသားဟု ထား ထင်ပါသည်။ ရိုင်းရာကျမည်စိုး၍ ထား စာအုပ်ကို သာ ငုံ့ဖတ်နေလိုက်ပါသည်။

"ဟုတ်တယ်၊ ကိုယ်တို့သုံးယောက် စောထွက်လာခဲ့ကြ တယ်လေ။ ဟောဒီ ကိုယ့်သူငယ်ချင်းရဲ့အဖေ ဆုံးသွားလို့လေ"

"သြော်...ဆောရီးနော်"

"ရပါတယ်...မလှလှ၊ ကျွန်တော့်နာမည် ရဲမော်ပါ"

ထိုသို့ပြောရင်း ရဲမော်က စာအုပ်ဖတ်နေသော ထားကို လှမ်းကြည့်နေသဖြင့်...





"ကိုရဲမော်နဲ့ ကိုသန်းအောင်တို့ကို မိတ်ဆက်ပေးရဦးမယ်၊ သူ့နာမည်က ထားတင်တင်တဲ့၊ လှလှကတော့ ထားလို့ပဲ ခေါ်တယ်။ လှလှရဲ့ အခန်းဖော်လဲဖြစ်သလို လှလှရဲ့ အချစ်ဆုံးသူငယ်ချင်းပဲလေ၊ ရှပ်လှသလောက် စာလဲ သိပ်ကြိုးစားတယ်၊ ရိုးရိုးအေးအေးလေးပဲ နေတတ်တယ်"

ထိုစကားကြောင့် ထားက ရှက်ပြီး ခေါင်းလေးပိုငုံ့သွား သည်။

"ထားက ကျွန်တော်တို့ကို မိတ်ဆွေမဖြစ်ချင်ဘူး၊ မခင်ချင် ဘူးထင်တယ်၊ ခေါင်းကြီးကို ငုံ့ထားလိုက်တာ..."

ထိုအခါကျမှ ခေါင်းကလေး ဆတ်ခနဲမော့လာပြီး မျက်နှာ ပြင်နှင့် အရှက်လွန်ကာ မျက်တောင် တဖျတ်ဖျတ်ခတ်ရင်း ရဲမော်တို့ သူငယ်ချင်းနှစ်ယောက်ကို တစ်လှည့်စီ ထား ရယ်ပြနေပါတော့သည်။

"ဟိုလေ....ဟို 'ထား' လေ ယောကျ်ားလေးတွေနဲ့ ရင်းရင်း နှီးနှီး မနေဘူးလို့ အနေခက်နေတာပါ။ လှလှရဲ့ သူငယ်ချင်းဆိုတော့ ထားရဲ့ သူငယ်ချင်းတွေပါပဲလေ..."

ရှက်ပြီး ပြောချင်ရာပြောနေသော ထားကို အမျိုးသား နှစ်ယောက်က ခွင့်လွှတ်နားလည်သလို ပြုံး၍ ကြည့်နေကြပါသည်။

ထား ရင်တွေ ခုန်နေပါသည်။

ကိုရဲမော်၏ နက်မှောင်သော မျက်လုံးများက ပြုံးနေသော



www.burmeseclassic.com

www.burmeseclassic.com



အခါ အရောင်တဖျတ်ဖျတ်လက်ပြီး အရည်လည်နေသလိုပါပဲ။ အသား ဝင်းဝင်း၊ နှာတံပေါ်ပေါ်၊ နှုတ်ခမ်းရဲရဲနှင့် နဖူးပေါ်တွင် ဆံပင်ဘုတ်သိုက်လေးကျနေသည်က ချစ်စရာကောင်းနေပါသည်။

လှလှနှင့် ကိုသန်းအောင်တို့နှစ်ယောက် စကားလက်စုံကျနေသလောက် ထားတို့နှစ်ယောက်မှာတော့ မျက်လုံးချင်းဆုံတိုင်း ရှက်သလို ပြုံးပြပြီး စာအုပ်ကိုယ်စီ ဖတ်နေမိကြသည်။

နာရီဝက်ခန့် ကြာသွားသည်အထိ သူတို့ စကားမပြတ်ကြ။

"ကဲ…အပေါ်ထပ်မှာ ဘယ်သူတွေ ကျန်သေးသလဲ၊ ကား ထွက်တော့မယ်၊ ကားသုံးစီးလုံး တစ်ချိန်တည်းစုထွက်မှာ မြန်မြန် လာကြပါ"

အောက်ထပ်မှ အော်သံကြောင့် လှလှ ပျာယာခတ်သွားပြီး…

"ကိုအောင်ကလည်း ကျိုက်ထီးရိုးကို လိုက်ခဲ့လိုက်ပါလား။ အပြန်ကြတော့လဲ မော်လမြိုင်ကို အတူပြန်ကြရမယ့်ဟာ"

ထိုစကားကြောင့် သန်းအောင်က ရဲမော်ကို အားနာသလို လှမ်းကြည့်ရင်း…

"မလိုက်တော့ပါဘူးကွာ၊ မနက်ဖြန် ရဲမော်အဖေရဲ့ရက်လည် ဆွမ်းကပ်ဖို့ ရှိသေးတယ်"

"လိုက်သွားလိုက်ပါဗျာ…"

ရဲမော်က အတင်းလိုက်ခိုင်းသည့်တိုင်…





သန်းအောင်က မော်လမြိုင်ပြန်မည့်ရက်ကျမှ ပြန်လိုက်မည့် အကြောင်း ပြောသည်။

"တော်ကြာ လှလှ စိတ်ကောက်နေဦးမယ်"

"ဩော်…မကောက်ပါဘူး ကိုရဲမော်ရယ်၊ ကိုရဲမော်တို့ ရက်လည်ဆွမ်းကိစ္စရှိမှန်းမသိလို့ ခေါ်မိတာပါ။ ကိုသန်းအောင် လိုက်လာရင်လည်း ထားက သူ့ကို ဂရုမစိုက်ဘူး ထင်နေဦးမှာလေ"

"ဩော်…မထင်ပါဘူး၊ လှလှရယ်"

"ရန်ကုန်ပြန်ရောက်တဲ့အထိ ထားဟာ ကိုယ့်ရဲ့ အထူး ဧည့်သည်တော်ဆိုတော့ ကိုယ့်တာဝန်ကျေမှဖြစ်မယ်။ ထားက ကိုယ် အတင်းခေါ်လို့သာ ပါလာတာလေ၊ သူ့မိဘမပါဘဲ သူ ဘယ်ကိုမှ သွားဖူးတာ မဟုတ်ဘူး။ ထားက သူတို့အိမ်မှာ သမီးအကြီးဆုံး ဖြစ်ပေမယ့်၊ သူတို့ တစ်အိမ်လုံးက ချစ်လိုက်ကြတာမှ တုန်နေတာပဲ။ မောင်လေးနဲ့ ညီမလေးကလဲ အစ်မကို ချစ်မှချစ်"

ထိုစကားတွေ ပြောနေစဉ် ရဲမော်၏ ပြုံးနေသော မျက်လုံး များက ထားကို မကြာခဏ ရှုးရှုးရဲရဲ စိုက်ကြည့်တတ်ပါသည်။

"ကဲ…လှလှ၊ တို့လဲ ခရီးထွက်ရမှာဆိုတော့ ကိုယ်တို့ ပြန်တော့မယ်၊ တောင်ပေါ်က ဆင်းလာရင်သာ ကိုယ့်ဆီ လှမ်း အကြောင်းကြားလိုက်တော့"

"ဟုတ်ပြီလေ…"



www.burmeseclassic.com

www.burmeseclassic.com



သူတို့ သူငယ်ချင်းနှင့် ရှေ့ဆင့်နောက်ဆင့်ပင် ထားတို့လည်း အောက်ထပ် ရောက်လာကြသည်။

စက်ဘီးတစ်စီးစီဖြင့် ထွက်သွားကြသော သန်းအောင်တို့ သူငယ်ချင်းနှစ်ယောက်ကို ကားပေါ်မှ ကောင်မလေးနှစ်ယောက်က လှမ်းကြည့်နေကြသည်။ ထားအကြည့်က မသိမသာ ခိုးကြည့်ခြင်းသာ ဖြစ်ပါသည်။

ရထားပေါ်တွန်းက ပတ်ဝန်းကျင်၊ လယ်တော၊ ယာတောများနှင့် တောင်တန်းများကို ကြည့်ပြီး ကြည်နူးပျော်ရွှင်ခဲ့ပါသည်။ စာအုပ်လေးထဲတွင် ဘူတာအမည်များကို လိုက်မှတ်ထားခဲ့ပါသည်။

ယခု ကားဖြင့် ကင်ပွန်းစခန်းလာသောအခါ တောတောင်တွေကို ကြည့်ပြီး ထား ရင်ထဲမှာ လွမ်းသလိုလို ဖြစ်နေပါသည်။ တစ်ခုခု စိတ်အနှောင့်အယှက်ကို ခံစားနေရပါပြီ။

ထား အာရုံထဲတွင် စောစောက တွေ့မြင်ခင်မင်ခဲ့ရသော အမျိုးသားနှစ်ယောက်ထဲမှ ရဲမော်၏ပုံစံကိုသာ မကြာခဏ ပြန်လည်မြင်ယောင်မိသလို မျက်လုံးလက်လက် အပြုံးချိုချိုနှင့် ရယ်၍ စကားပြောတတ်သော သူ့အသံကိုလည်း ပြန်လည် ကြားယောင်နေပါသည်။

သူနှင့် ခဏလေးတွေ့ပြီး ကျောခိုင်းထွက်ခွာခဲ့ရသည်ကိုပင် ရင်မှာ လွမ်းသလိုလို၊ ဆွေးသလိုလိုကြီး ခံစားနေရပါ့ကလား။

လှလှကို ဖျတ်ခနဲ လှမ်းကြည့်မိသည်။





လှလှကလည်း ဘာတွေ စဉ်းစားနေသည်မသိ။

ရန်ကုန်က ရထားထွက်ကတည်းက အမြုပ်ထွက်မတတ် [illegible]က်မဝင် စကားတွေ ရွှင်လာခဲ့သော လှလှတစ်ယောက် ယခု [illegible]းတစ်လုံးမှ မပြောတော့ပါလား။ ထား လှမ်းကြည့်တာကို မြင်မှ [illegible]ုံသလို ပုံစံဖြင့်…

"ဟိတ်…ဘာကြည့်နေတာလဲ"

"ဟင်…ငြိမ်လှချည်လားလို့ပါ"

"အဟင်းဟင်း…မမျှော်လင့်တဲ့အချိန်မှ ကိုသန်းအောင်ကို [illegible]ွလိုက်ရလို့ ရှေးဟောင်းနှောင်းဖြစ်တွေ စဉ်းစားနေမိတာပါ"

"ဟင်…စောစောတုန်းက ပြောတုန်းကတော့ ရန်ကုန်က [illegible]ွက်ကတည်းက သူ့ကို မျှော်တာဆို…"

"ဟုတ်တယ်လေ၊ သူနဲ့ကိုယ်က ကျောင်းပိတ်လို့ အိမ်ပြန် [illegible]တုန်းမှ ဆုံဖြစ်ကြတာ၊ သူက တစ်မြို့တည်းသားမို့ ပြန်ခါနီး ပစ္စည်း [illegible]ယ်ပေးဖို့ အမြဲရောက်လာတတ်တယ်"

"ရန်ကုန်ကို လာတဲ့အချိန်ကျတော့ရော အတူတူ မလာကြ [illegible]ူးလား"

"ဟင့်အင်း၊ အဲဒီအချိန်ဆို ကိုယ့်အိမ်က တစ်ယောက် [illegible]ယောက် လိုက်ပို့တယ်လေ၊ မပို့ရင်တောင် မိန်းမဖော်တစ်ယောက် [illegible]ယောက်နဲ့ အဖော်လုပ်ပေးတတ်တယ်လေ။ ကိုယ့်ကြီးဒေါ် အမျိုးကြီး



www.burmeseclassic.com

www.burmeseclassic.com



တွေက ယောကျ်ားလေးတွေနဲ့ တွဲသွား တွဲလာလုပ်ရင် သိပ်မကြိုက်ဘူး ကွ''

ထား သဘောပေါက်သွားပါပြီ။

''ဒါဆို ရည်းစား မဟုတ်ကြသေးဘူးပေါ့''

''ဟင့်အင်း…ကိုယ့်ကြီးဒေါ်တွေအကြောင်းကို သိလို့ပါ တယ်၊ သူ အတော်ဆင်ခြင်ပါတယ်။ ဆရာဝန်ဖြစ်မယ့်လူနဲ့ ရှိန် ဘွဲ့ရမယ့်သူ မတန်ဘူးလို့ ကြီးဒေါ်တွေက ထင်ကြတယ်လေ။ သူ တစ်ခါတလေ အကြောင်းရှာ အရဲစွန့်ပြီး လာတိုင်း၊ ကိုယ် မရှိဘူးလို့ ပြောပြောလွှတ်တာလေ၊ သူ မျက်နှာငယ်လေးနဲ့ပြန်သွားတိုင်း ကိုယ့်မှာ ဝေဒနာဖြစ်ဖြစ်ပြီး ကျန်ရစ်ခဲ့ရတာကြီးပဲ''

''ကျောင်းမှာ လာတွေ့ရင်တော့ ရသားပဲဟာ''

''အင်း…သူလဲ တောနက်လေ ထွက်ရခက်လေ ဖြစ်မှာ တယ်နဲ့ တူပါရဲ့''

ထား မျက်လုံးပြူးလေးနှင့် အကြာကြီး စိုက်ကြည့်နေမိ သည်။

သံယောဇဉ်ဆိုတာ သူတို့လို ငယ်သူငယ်ချင်းတွေအတွက် မပြောနဲ့ နာရီပိုင်းအတွင်း မြင်တွေ့ဖူးလိုက်ရသော်လည်း ထားအတွက် အတော့်ကို ခံရခက်နေပါပြီ။

ထပ်မံတွေ့ဆုံလိုခြင်းက ဘာသဘောလဲ…။





''တကယ်လို့ ကိုသန်းအောင်က ချစ်ရေးဆိုခဲ့ရင်ရော လှလှ ဘယ်လိုဆုံးဖြတ်မလဲ''

''သူ ချစ်ရေးမဆိုသေးတာဘဲ ကောင်းပါတယ်၊ အချိန်တွေ အများကြီး ရှိသေးတာပဲ။ နှစ်တွေအကြာကြီး ဖြတ်သန်းခဲ့ကြရပေမယ့် တွေ့ရတဲ့အချိန်က နည်းလွန်းလှပါတယ်။ ငယ်သံယောဇဉ်ကတော့ ငယ်တန်းကတည်းက စခဲ့ကြတာပဲ။ ကိုယ့်ကြီးဒေါ်တွေဘက်က ဆင်းလွန်းတော့ သူ့ခြေလှမ်းတွေ နောက်ပြန်လှည့်သွားရတာကြီးပဲ၊ သူ တောင်းလာမယ့်အဖြေကို ကိုယ် မပေးနိုင်သေးမယ့်အတူတူ သူ ဘာမှ မပြောလာပါစေနဲ့လို့ပဲ ကိုယ် ဆုတောင်းနေမိတယ်''

''သူက ချစ်လျက်သားနဲ့ ကြီးဒေါ်တွေကို ကြောက်ပြီး နှင့်မပြောတော့ဘူးဆိုရင်ရော နှစ်တွေကြာလာပြီး အလုပ်ကိုယ်စီ ရှာ တာဝန်ထမ်းဆောင်ပြီး အဝေးကို ရောက်သွားကြရင်ရော တခြား တစ်ယောက်နဲ့ နီးစပ်သွားရင်…''

လှလှက ပြုံး၍ ကြည့်နေပြီးမှ…

''ဒီကနေ့ တယ်ထူးဆန်းပါလား၊ ဘယ်တုန်းကမှ ယောကျ်ား တွေအကြောင်း ဦးစားပေးပြီး စကားထဲ ထည့်မပြောခဲ့ဘူးတဲ့ ထား တစ်ယောက် ချစ်တာတွေ၊ မေတ္တာတွေ၊ သံယောဇဉ်တွေအကြောင်း အလေးစိတ် မေးမြန်းနေပါလား''

ထား မျက်နှာလေး ပထမ ရဲသွားပါသည်။ သို့သော် ပြုံးရင်း



www.burmeseclassic.com

www.burmeseclassic.com



ကပင်···

''အင်းလေ··တို့သူငယ်ချင်းလှလှမှာ ခင်စရာလူတစ်ယောက် ရှိနေမှန်း ခုနလေးမှ သိရတာကိုး။ ပြီးတော့ ကျောင်းမှာတုန်းက အဆောင်မှာတုန်းက ကျောင်းစာနဲ့ပဲ နပန်းလုံးနေကြရတာ မဟုတ်လား။ ခုမှ အပြင်လောကကို လွတ်လပ်စွာ လေ့လာခွင့်ရတာကိုး။ လှလှတို့ ငယ်ပေါင်းနှစ်ယောက်အကြောင်းကို သိခွင့်ရပြန်တော့လဲ စိတ်ပူသလိုလို၊ သနားသလိုလို တကယ်ဝေးသွားကြမှာ ဆိုးနေမိတယ်''

''အင်း···ကိုယ်က သံယောဇဉ်ဆိုတဲ့ မမြင်ရတဲ့ကြိုးကို သွားရစ်ပတ်မိပြီကိုး၊ ကိုယ် ရှောင်ခဲ့ရင်တော့ အချစ်ဆိုတဲ့ အပူမီး ဘယ်အဟပ်ခံရပါ့မလဲ''

''အချစ်ဆိုတာ အပူမီးတဲ့လား···''

''ကိုယ်ကတော့ သားသမီးနဲ့ မိဘပဲချစ်ချစ်၊ မိတ်ဆွေ သူငယ်ချင်းကိုပဲချစ်ချစ်၊ ချစ်သူအချင်းချင်းပဲချစ်ချစ်၊ အပူမီး အဟပ်ခံရပြီလို့ပဲ ထင်မိတာပဲ။ မချစ်ရင်၊ သံယောဇဉ်မဖြစ်ရင် အပူကို မယူဘူး၊ စဉ်းစားကြည့်လေ···ကမ္ဘာလောကတစ်ခွင်လုံး လူသားတွေ အများကြီးပဲ၊ ဥဒဟို သွားလာနေကြတယ်၊ ခင်မင်ကြတယ်၊ ကိုယ်နဲ့ မပတ်သက်တဲ့လူ ပြန်သွားရင် တော့တာလုပ်ပြီး ကျောပေးလိုက်တာနဲ့ မေ့လို့ရသွားတာပဲ။ အဲ···သံယောဇဉ်ထားမိပြီဆိုရင်တော့ တော့တာ





လုပ်ပြီးရင်လဲ မျက်နှာလွှဲ ကျောခိုင်းဖြစ်ရမှာကိုတောင် နမြောမိတာ အမှန်ပဲ''

ထိုစကားကြောင့် ထား မျက်နှာမထားတတ်အောင် ဖြစ်သွားသည်။ မိမိကိုများ စောင်းပြောနေသလားဟု ထင်လိုက်မိသည်။

''အင်း···''

လှလှဆီမှ သက်ပြင်းချသံနှင့်အတူ ခန္ဓာကိုယ်ကို ကုလားထိုင်တွင် ပျင်းရိပျင်းတွဲလုပ်၍ မျက်လွှာချထားသော ပုံစံကို မြင်လေမှ သူမ တကယ့်ကို ခံစားပြီး ပြောနေမှန်း သိလိုက်ရပါသည်။

ထား တိတ်တခိုး သက်ပြင်းလေး ချလိုက်မိပါတော့သည်။

❀❀❀



www.burmeseclassic.com

www.burmeseclassic.com

## အခန်း [၁၁]

ရက်လည်ဆွမ်းကျွေးပြီး၍ ဧည့်သည်တွေလည်း ပြန်ကုန်ကြပြီ။ ရဲမော်တို့ လူငယ်တစ်စု စားပွဲခုံများကို ငှားထားသော အိမ်များသို့ ပြန်ပို့ပြီးကြပြီ။

"နက်ဖြန်ဆို လုလုတို့လည်း တောင်ပေါ်က ပြန်ဆင်းလာ လောက်ပြီ"

အားလုံးရှင်းလင်းပြီးသောအခါ အိပ်ခန်းထဲရှိ တစ်ယောက်အိပ် ခုတင်ပေါ် ပစ်လှဲရင်း သန်းအောင်က ပြောခြင်းဖြစ်သည်။

"လုလုနဲ့ မင်းနဲ့ အခြေအနေက ဘယ်လိုလဲ"

"ဒီလိုပါပဲ"



"မတိုးတက်သေးဘူးပေါ့"

"ဟင့်အင်း...."

"ဘာဖြစ်လို့ ဖွင့်မပြောသေးတာလဲ"

"မပြောရဲတမယ်ပဲ ရှိတာပါ၊ ငါချစ်နေတာ သူ သိပါ ယ်"

"မပြောတော့ တရားဝင်ချစ်သူ မဖြစ်သေးဘူးလေ၊ ယောက်လုံးအတွက် အသစ်တွေ ထပ်တွေ့ပြီး အချိန်မရွေး သူစိမ်း ပြန်ဖြစ်သွားမယ်ထင်တယ်"

"သူနဲ့ငါ့အတွက်က တခြားအသစ်တွေ ဘယ်လောက်ထပ် တွေ့ သူစိမ်းတော့ ဖြစ်မသွားနိုင်ပါဘူး၊ ငယ်သံယောဇဉ် ငယ် ဆိုတာ သေတဲ့အထိ မမေ့နိုင်ပါဘူး"

"ဖွင့်ပြောထားလိုက်တော့ တခြားလူဆိုတာ နှစ်ယောက် အတွက် ဝင်လာစရာ မရှိတော့ဘူးလေ၊ ချစ်လျက်နဲ့ မဝေးကြ ဘူးလေ"

"နေပါစေ၊ တော်ကြာ အခွင့်အရေးယူတယ်လို့ ထင်နေပါ့ သူကြီးဒေါ်တွေက ကိုယ်နဲ့ မတန်ဘူး ထင်နေတာ"

"ဒါဆို ခင်ဗျား သူ့ကို မယူဘူးပေါ့"

"သူလဲ ကိုယ့်လိုလူကို အိမ်ထောင်ဖက်အဖြစ် စိတ်ကူးထဲ ချင်မှ ထည့်ထားမှာလေ၊ လောလောဆယ်တော့ စိတ်အေးပိုလိုက်



www.burmeseclassic.com

www.burmeseclassic.com



ပြီး သူ့ရှေ့တော်မှောက် ရောက်နေတာ အမှန်ပဲ"

"ခင်ဗျားတို့ နှစ်ယောက်ကလဲဗျာ၊ တွေ့တော့လဲ ပြောလို...

ကြတာ စကားကို မပြတ်ကြဘူး"

"အေးကွ၊ အဲဒီစကားပြောချင်တာကို မပြောသင့်မှန်းသိ...

တမင် တခြားစကားတွေ လျှောက်ပြောနေကြတာ"

"ခင်ဗျား ချစ်ခွင့်တောင်းရင် လှလှက ပေးမှာပါပဲ"

"ငြင်းလိုက်ရင်ကော..."

"မငြင်းနိုင်ပါဘူး၊ မယုံ တောင်းကြည့်ပါလား"

"ကိုယ် မရဲသေးဘူးကွာ"

"ဒုက္ခပါပဲ၊ ခင်ဗျားတော့ ကျန်ရစ်တော့မှာပဲ၊ သူ့ခမျာ...

ခင်ဗျားဖွင့်ပြောမယ့်အချိန်ကို စောင့်နေမှာပဲ။ ဒါမှ သူလဲ သိခွင့်ရမှာ...

စိတ်ချမ်းသာမှာပေါ့၊ ခုတော့ ခင်ဗျား ညှင်းဆဲထားသလိုကြီး ဖြစ်နေ...

ဘူးလား"

"ကိုယ် ဖွင့်ပြောပြီးမှ သူ့အသိုင်းအဝိုင်းကြောင့် လက်မခံ...

ကိုယ် ပိုခံစားရမယ်။ ပြီးတော့ ကိုယ်ဖွင့်ပြောပြီးမှ သူ့အိမ်က အ...

ခွဲရင် နှစ်ယောက်လုံး ဆွေးရမယ်"

"ဒါတွေက ချစ်သူတွေဖြစ်လာရင် နှစ်ဦးစလုံး သတ္တိမွေး...

ပြီး ရင်ဆိုင်ရမယ့် ကိစ္စတွေပဲဗျာ။ ဒီလောက်တော့ စွန့်စားရဲရမှာ...

ဒါမှလဲ အချစ်ဆိုတာ အဓိပ္ပါယ်ရှိမှာပေါ့"





"အင်း...မောင်ရင့်ကြောင့် ကိုယ်တော့ သတ္တိရှိချင်လာပြီ...

...ဒါနဲ့ နေစမ်းပါဦး...မင်းမှာဖြင့် ရည်းစားမရှိဘဲ အချစ်ဒဿနတွေ

...နေလိုက်တာ ဘာလဲ၊ ဝတ္ထုတွေထဲက ဖတ်ထားတဲ့ စကားလုံးတွေ

...လား"

"မဟုတ်ပါဘူးကွာ၊ မင်းတို့နှစ်ယောက် ချစ်လျက်နဲ့ ဝေး

...သွားမှာစိုးရိမ်နေမိလို့ ရင်ထဲကလာတဲ့ စေတနာအစစ်နဲ့ ပြောနေမိတာ

...ပါ။ ဒီစကားမျိုး ဘယ်လိုကဘယ်လို ပြောတတ်လာမှန်းတောင် မသိပါ

...ဘူး"

"အင်း...သူများအတွက်တောင် သည်လောက်ခံစားပေး

...တတ်ရင်၊ ဝေးမှာ စိုးရိမ်တတ်ရင် မောင်ရင့်အတွက် ကိုယ်တိုင်ဆိုရင်

...တော့ ဘယ်လောက်ခံစားရမယ် မသိနိုင်ဘူး"

"ကိုယ်တိုင်ဆိုရင်တော့ ချစ်ရင်ချစ်တယ် ချက်ချင်း ဖွင့်ပြော

...မှာပဲ။ ချစ်သူဖြစ်ကြပြီဆိုရင်လဲ ဘယ်သူမှ ဖျက်လို့မရဘူးမှတ်၊

...အောင်ကို ယူမှာ၊ လုံးဝ မခွဲနိုင်ဘူး၊ မဆွေးနိုင်ဘူး"

"ဟာ...တယ်ဟုတ်ပါလား၊ မောင်ရင်ပြောသလို ဖြစ်နိုင်ပါ

...စေလို့ပဲ ကိုယ် ဆုတောင်းပေးမှာပါ။ ဒါပေမယ့် တစ်ခါတလေ

...ဘယ်ချစ်ပါလျက်နဲ့ ဝေးသွားကြတဲ့ချစ်သူတွေ တစ်သက်လုံး

...ဆွေးနေရတာ၊ ဖတ်ဖူး၊ မှတ်ဖူး၊ မြင်ဖူးတယ်"

"အဲဒါ တစ်ယောက်ယောက် သတ္တိမရှိလို့သော်လည်း

www.burmeseclassic.com



ကောင်း၊ အချစ်ရေစက်ကြောင့်လို့သော်လည်းကောင်း နေမှာပါ။ ကိုယ့်ဘက်က တော့ ချစ်မိပြီဆိုရင် ရာခိုင်နှုန်းပြည့် သစ္စာရှိမယ်၊ သတ္တိရှိမယ်။ ဒါ ကိုယ့်ခံယူချက်ပဲ''

''မင်း စကားတွေကိုတော့ သိပ်ကြိုက်သွားပြီ သူငယ်ချင်းရေ၊ အနက်ဖြန့် ကိုယ်ပြန်ရင် စိတ်ပြေလက်ပျောက်၊ မော်လမြိုင် လိုက်ခဲ့ပါဦးလား''

ရဲမော် စဉ်းစားနေပါသေးသည်။

''ဒီတစ်ခေါက်တော့ မလိုက်သေးဘူးကွာ၊ ကိုယ့်မိသားစု တစ်ခုလုံး အဖေ့စိတ်နဲ့ ပူဆွေးလွမ်းမြော့နေကြချိန်မှာ ကိုယ်လဲ အဖေ့အတွက် သူတို့နဲ့အတူတူ လွမ်းချင်သေးတယ်။ အဖေ့အတွက် အချိန်ပေးချင်သေးတယ်။ အဖေ့အငွေ့အသက် မကုန်ခင် အိမ်မှာ အဖေ့အကြောင်းတွေ ပြန်စဉ်းစားနေရတာ အရသာတစ်ခုလိုပဲကွာ''

''မင်း ကျောင်းတက်နေတုန်းက ရုတ်တရက်ကြီး ဆုံးသွားတာဆိုတော့ မင်း အရမ်း ခံစားနေရမယ်ဆိုတာ ငါ သိပါတယ်ကွာ။ တော်ပါသေးရဲ့၊ မင်းတို့မိသားစုမှာ ကျောင်းပြီးတဲ့သူတွေ ရှိသလို ကျောင်းမပြီးတဲ့သူတွေ ရှိပေမယ့် မင်းတို့က ကုန်သည်ဆိုတော့ စီးပွားရေးကျဆင်းသွားလို့ ကျန်တဲ့ ညီအစ်ကိုမောင်နှမတွေရဲ့ ပညာရေးကို မထိခိုက်နိုင်ဘူးပေါ့''

''ဟုတ်သင့်သလောက်တော့ ဟုတ်ပါတယ်။ ဒါပေမယ့် အမေ့အတွက်တော့ ငါတို့ မောင်နှမတွေ ဝိုင်းပြီး အချိန်ပေး ဂရုစိုက်ပေးရမှာပေါ့လေ၊ အမေက အရမ်းဆွေးနေတာ''

''မင်းအမေက လေးဆယ်ကျော်ဆိုပေမယ့် နုပြီး လှနေတုန်းပဲ''

''အမေက အမျိုးကတည်းက ရွမ်းတောင်ကိုင်လေ၊ ကြိုက်တဲ့လူတွေ တစ်ပုံကြီးထဲက အဖေ ကံကောင်းခဲ့တာ။ ခုထိ အမေ့ကို မရလို့ လူပျိုကြီးလုပ်နေတဲ့သူ ရှိသေးတယ်''

''ဟုတ်လား၊ တော်ကြာ ပြန်ကပ်နေဦးမယ်''

ရဲမော်က ရယ်ရင်း…

''ကလေးငါးယောက်အမေ မုဆိုးမတစ်ယောက်ကို ချမ်းသာတဲ့ လူပျိုကြီးတစ်ယောက်က လက်ထပ်ယူဦးမယ်လို့ မင်း ထင်သလား''

''မပြောနိုင်ဘူး၊ အချစ်မှာ မျက်စိမှ မရှိတာ''

''အင်း…အမေ့အနေနဲ့ သမီးတွေရဲ့မျက်နှာကို ကြည့်ပြီး ယူတော့မယ် မထင်ပါဘူး''

''အဲဒီလူပျိုကြီး ဆွမ်းကျွေးတုန်းက လာသေးလား''

''မလာဘူး၊ သူမရှိဘူး၊ ခရီးထွက်နေတယ်''

ရဲမော်၏ မျက်နှာမှာ ထိုလူကြီးနှင့် သူ့မိခင် ပြန်ဆက်သွယ်မှာကို ကြောက်နေသလိုပါပဲလား…။







www.burmeseclassic.com

www.burmeseclassic.com



ဖခင်အတွက် ခွေးနေတုန်းက မျက်နှာအနေအထားနှင့် ယခု မိခင်အတွက် စိုးရိမ်ပူပန်သည့် မျက်နှာထားသည် သိသိသာသာ ကွာခြားသွားခဲ့ပါသည်။

ကြည့်. . .စကားပြောနေရင်းတန်းလန်းက နဖူးပေါ်လက်တင်ပြီး စဉ်းစားခန်းဝင်နေပြီ၊ မိမိကို သူ မေ့သွားပုံရသည်။

မိမိ လျှာရှည်မိ၍ သူ့မိခင်အကြောင်း အားရပါးရ ပြောမိရာမှ အတိတ်ဓာတ်လမ်းကလေးပါ သတိရပြီး ဖွင့်ဟလာခြင်းဖြစ်သည်။

အချစ်ဆိုသည့် အရာသည် လူတွေကို အတော်ပူလောင်စေတတ်ပါကလား. . .။

လှလှကို ချစ်မိသဖြင့် မိမိရင်မှာ ပူလောင်ခဲ့ရတာ ကြာပြီဖြစ်သည်။

ရဲမော်၏ ဖခင်သည် ကံထူးရှင်အဖြစ် ကွမ်းတောင်ကိုင်အချောအလှကို ပိုင်ဆိုင်ခွင့်ရခဲ့သော်လည်း အိုအောင်မင်းအောင် မပေါင်းသင်းခဲ့ရရှာပါ။

ကွမ်းတောင်ကိုင်ကို မရ၍ ယနေ့တိုင် မျှော်လင့်စောင့်စားနေသော လူပျိုကြီး၏ ရင်ထဲခွင်ရော ချစ်သူကို လက်လွှတ်ဆုံးရှုံးခဲ့ရသည့် ဝေဒနာတွေ နှစ်ပေါင်းများစွာ ခံစားနေရမှာ ယေချာသည်။

လူပျိုကြီး၏ မေတ္တာနှင့် သစ္စာကို ချီးကျူးဂုဏ်ယူသည့်အနေဖြင့် အချစ်ဟောင်းနှင့် ပေါင်းရပါစေသားဟု ဆုတောင်းပေးချင်ပါ





သော်လည်း ရဲမော်တို့ မောင်နှမတွေဘက်က ကြည့်လျှင် လုံးဝ မဖြစ်နိုင်သည့် ကိစ္စပါကလား။

ရဲမော် အမေကရော သားသမီးတွေကို ပစ်ပြီး ဤအရွယ်ကျမှ အိမ်ထောင်ပြန်ပြုဝံ့ပါ့မလား။

ဩော်. . .လူပျိုကြီး ထပ်ခွေးရဦးမယ့် ဓာတ်လမ်းပါပဲလား။

ဒီအချစ်ဓာတ်လမ်းမှာ ကွမ်းတောင်ကိုင်ကို သစ္စာရှိပါဟု ရဲမော်တစ်ယောက် မြှောက်ပေးလိမ့်မည် မထင်ပါ။

❋

"ကိုရဲမော်ရော မပါလာဘူးလား"

လက်ဆွဲအိတ်လေးဆွဲ၍ ရောက်လာသော သန်းအောင်ကို လှလှမော်က မေးခြင်းဖြစ်သည်။

"သူ့အဖေအတွက် အတော်ခံစားနေပုံရတယ်၊ ရဟတ်တရက်ကြီး ဆုံးသွားတာဆိုတော့လဲ သူ့ခမျာ ကျောင်းတက်နေချိန်မို့ သေပြီးနှစ်ရက်နေ့မှာ တွေ့ရတာလေ. . ."

"အသက်ငယ်သေးတယ် မဟုတ်လား၊ ဘာဖြစ်လို့ ဆုံးသွားတာလဲ"

"ငါးဆယ်တောင်မပြည့်သေးဘူး၊ နှလုံးရောဂါလို့ပြောတာပဲ"



www.burmeseclassic.com

www.burmeseclassic.com



"အမေ မရှိတော့ဘူးဆိုတော့ နောက်ဆုံးနှစ်တက်နေတဲ့ ကိုရဲမော်အတွက် ကျောင်းပြီးအောင် ဆက်တက်နိုင်ပါ့မလား"

"သူ့အဖေ ရှာဖွေထားတာတွေရော၊ ကျန်သည်ဆိုတော့ ရုတ်တရက် ယိုင်မသွားနိုင်ပါဘူး။ သူ့အစ်မက ကျောင်းပြီးသွားပြီ ဆိုတော့ အိမ်မှာ ဝင်ကူနိုင်ပါပြီ"

"စိတ်ပြေလက်ပျောက် ဖြစ်သွားအောင် ရဲမော်ကို မော်လမြိုင် လိုက်လည်ဖို့ ခေါ်ခဲ့တာမဟုတ်ဘူး သန်းအောင်ရယ်"

"ခေါ်ပါတယ်ဗျာ၊ ဒီကောင်က အဖေကိုလဲ လွမ်းရ၊ အမေ ကိုလည်း သနားပြီး စိတ်မချဖြစ်နေရှာတယ်"

"ဟင်...အမေကို သနားပြီး စိတ်မချဘူး ဟုတ်လား၊ အဲဒါ ဘာကို ပြောတာလဲ"

လှလှက သိချင်လွန်းသဖြင့် လက်မောင်းကို ကိုင်၍ မေးနေ ခြင်းဖြစ်သည်။

ကွမ်းတောင်ကိုင်နှင့် လူပျိုကြီး ဓာတ်လမ်းကို ပြောပြသော အခါမှ ရဲမော်၏ သောကကို နားလည်ကြတော့သည်။ သနားလည်း သနားသွားကြသည်။

"ကိုရဲမော်က အလကားပူနေတာပါ သန်းအောင်ရယ်၊ မိန်းမ တွေဟာ အင်မတန်သစ္စာရှိကြပါတယ်။ ခုလို သားကြီး၊ သမီးကြီး တွေနဲ့ဆိုတော့ ဘယ်လိုနည်းနဲ့မှ ပြန်မယူနိုင်ပါဘူး"





"သည်လိုပဲ တွက်ထားကြတာပါပဲဟာ၊ ကဲ...လာ၊ ငါတို့ လဲ ခရီးဆက်ရဦးမယ်၊ ဒါနဲ့ နင်တို့ ထမင်းစားပြီးကြပြီလား"

"မုန့်တွေ ဝယ်စားလာလို့ ဗိုက်ထဲကတော့ မဆာကြဘူး"

"ဟာ...မလုပ်နဲ့၊ စားသွားတာ ကောင်းတယ်။ လာ... မြို့ထဲက ထမင်းဆိုင်မှာ သွားစားမယ်"

ထားတစ်ယောက် ပါးစပ်ပိတ် ခေါင်းငုံ့လျှောက်ရင်း ပါလာ ခဲ့သည်။ သူမ တွေ့ရမည်ထင်ထားသော ရဲမော်ကို မတွေ့ရသဖြင့် ဝမ်းနည်းနေမိခြင်းဖြစ်သည်။

"ဟာ...ရဲမော်၊ ဘယ်က ပြန်လာတာလဲ"

"အမေ့အတွက် ဆေးလာဝယ်ပေးတာ၊ မင်းတို့နဲ့ တွေ့ရတာ အတော်ပဲ၊ မလှလှတို့ကို ကိုယ့်မြို့ရောက်ပါလျက် အိမ်ကိုလဲ အလည် မခေါ်ရ၊ ဘာမှလဲ မကျွေးလိုက်ရလို့ ရင်ထဲမှာ လုံးဝမကောင်းဘူး ဖြစ်နေတာ။ ဒီကောင်ကလဲ အိမ်ကို ပြန်ခေါ်လာခဲ့ဖို့ပြောတာ နောက် ကြောင်း ပြန်မလှည့်တော့ဘူးတဲ့လေ..."

"ရပါတယ် ကိုရဲမော်ရယ်၊ ကိုရဲမော်ရင်ထဲမှာ အမေ့အတွက် ခံစားနေရမှန်း လှတို့ သိနေတာပဲ။ နောက်တစ်ခေါက်တွေ ကျွေးလဲ ရပါတယ်"

"ဆုံဖြစ်ကြဦးမှာပါ"

"ဘာလဲ၊ သန်းအောင်နဲ့ လက်ထပ်တဲ့နေ့ကျရင်လား"

www.burmeseclassic.com



ရဲမော်၏ စကားကြောင့် လှလှ မျက်နှာလေး ရဲသွားသလို သန်းအောင်ကလည်း ျက်နှာမှီနီဖြင့် လက်မောင်းကို ထိုးပါတော့သည်။

"ဟော့ကောင်…မင်း ထင်ရာတွေ လျှောက်ပြောမနေနဲ့၊ မင်းလဲ ငါတို့အုပ်စုနဲ့ တွေ့မလားလို့၊ မြို့ထဲမှာ တမင်လမ်းသလားနေတာ မဟုတ်လား"

"ဟာ…ဘာတွေ လျှောက်ပြောနေတာလဲ"

ရဲမော် ဒီတစ်ခါ ရှက်ရပါပြီ။ မလုံမလဲမျက်နှာဖြင့် ထားကို လှမ်းကြည့်ရင်း ခိုးကြွည့်နေသော ထား၏ မျက်လုံးများဖြင့် ဆုံမိကြပြီး သူခိုးလူမိ ဖြစ်ကုန်တော့သည်။

ရဲမော်က တရုတ်စားသောက်ဆိုင်တစ်ဆိုင်တွင် ဧည့်ခံသည်။

"ရန်ကုန်ကျရင် လှတို့ဆီ လာလည်နော်၊ လှတို့ကလည်း ပြန်ကျွေးချင်လေးတယ်"

"လာမှာ လာမှာ…၊ ဒီကောင်က ဆွင်ဖြူတော်မှီပြီး ကြံစုပ်ဦးမှာ၊ မယုံကြည့်နေ"

"သန်းအောင်ရာ… မင်း ပေါက်ကရ လျှောက်နောက်နေပြန်ပါပြီ၊ တော်ကြာ ထားက ထွက်မတွေ့ဘဲ နေပါဦးမယ်"

"ဟော…စကားနောက် တရားပါ၊ ခုထဲက ထွက်မတွေ့မှာ စိုးနေပြီ၊ ထားရေ တွေ့တယ် မဟုတ်လား"





ထားလည်း ပြန်တွယ်ဖို့ စကားရသွားပါပြီ။

"ထားတို့နှစ်ယောက်က ခုမှတွေ့ဖူးတာ နှစ်ခါပဲရှိသေးတာနော်၊ ကိုသန်းအောင်နဲ့ လှလှနဲ့ဆို မူလတန်းတည်းက အတူ ကျောင်းတက်လာကြတာဆိုတော့ သံယောဇဉ်တွေ တစ်နှစ်ပြီးတစ်နှစ် တိုးနေကြမှာပဲနော်။ ထားတို့နှစ်ယောက်ကိစ္စက အသေးအမွှားပါ၊ လှလှတို့နှစ်ယောက် လက်ထပ်တဲ့အခါကျရင် ထားတို့နှစ်ယောက်က သတိုးသားအရံ၊ သတိုးသမီးအရံ လုပ်ပေးဖို့တော့ အဆင်သင့်ပဲ"

"အေးဗျ၊ သတိုးသားအရံနဲ့ သတိုးသမီးအရံသာ အရင် လက်ထပ်ဖြစ်သွားချင်သွားမယ်၊ သတိုးသမီးကတော့ အပျိုကြီးဖြစ်မယ့် ပုံပဲ"

ထိုစကားကြောင့် လှလှက မျက်စောင်းထိုးသည်။

မျက်နှာလေး ပျက်သွားတာကိုလည်း တွေ့ရသဖြင့်…

"ဘာလဲ…ကိုသန်းအောင်က အသစ်တွေ့လို့ ဒီစကားမျိုး ပြောတာပေါ့"

"ဘယ်ကလာဗျာ၊ တစ်ဆေးရုံတည်း အတူမွေး၊ တစ်ကျောင်းတည်း အတူတက်ခဲ့တဲ့သူကို ချစ်ရေးမဆိုရဲလို့ ပြောနေတာပါ"

"ဒါဆို ချစ်တာတော့ ချစ်တယ်ပေါ့"

ထားက လှငယ်ချင်းအတွက် မေးပေးနေခြင်းဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



"သူမချစ်လဲ အရေးမလုပ်ပါဘူး"

လှလှက မျက်စောင်းထိုးကြည့်ရင်း ရန်လုပ်နေပြန်ပါပြီ။

"ဟဲ…တွေ့တယ် မဟုတ်လား၊ ဘယ်လိုလုပ် လက်ထ… ဦးမှာလဲ။ သူကြီးဒေါ်တွေပုံစံကတစ်မျိုး၊ သူ့ပုံစံကတစ်မျိုးနဲ့ မထူး… ဘူး။ ငါပါ လူပျိုကြီး လုပ်လိုက်တော့မယ်"

လှလှက စိတ်ကောက်ပြီး ဆိုင်ထဲမှ ထွက်သွားနှင့်ပြီ။ လ… မှာလည်း ရှေ့က လျှောက်သည်။ ကားပေါ်မှာလည်း သန်းအောင်နှ… ဝေးအောင် ထိုင်သည်။

ကြားထဲက မျက်နှာငယ်ရသူက ထားပါပဲ။

ကိုသန်းအောင်ကလဲ မိန်းကလေးတို့အထာကို မကျွမ်း… လား။ လှလှနေရာမှာ ထားဆိုလဲ စိတ်ကောက်မိမှာပဲ။

ဝေ့လည်ကြောင်ပတ် မတင်မကျနှင့်။

ကိုသန်းအောင်သာ ရဲရဲဝံ့ဝံ့ ဖွင့်ပြောလျှင် လှလှက … သံယောဇဉ်ဖြင့် လုံးဝငြင်းမည် မထင်ပါ။

✿✿✿



အခန်း (၁၂)

ကျိုက်ထီးရိုးဘုရားကို ကြည်ညိုစွာ တဝကြီး ဖူးမြော်ခွင့် ရခဲ့ပါသည်။

မော်လမြိုင်မြို့ရှိ ကျိုက်သံလန်၊ ဦးခန္တီ အစရှိသည့် ဘုရားများ ကို ဖူးမြော်ခွင့် ရခဲ့ပါသည်။

မွန်ပြည်နယ်၏ သဘာဝ တောတောင်အလှအပများကို တဝ ကြီး တွေ့မြင်ခွင့် ရခဲ့ပါသည်။

သို့သော် ထား အရင်က ထင်ထားသလောက် မပျော်ခဲ့ရပါ။ … ထား ရင်ဟာနေပါသည်။ တစ်ခုခု လိုနေပါသည်။

ထိုချင်ခြင်းကတော့ လူတစ်ယောက်ကို သတိရနေခြင်းပင်

www.burmeseclassic.com

www.burmeseclassic.com



ဖြစ်တော့သည်။

လှလှပုံစံကတော့ ယခင်ကအတိုင်းပါပဲ။

သြော်…သူ့ရင်ထဲက ဝေဒနာက နှစ်ပေါင်းများစွာ ကြာမြင့်ခဲ့ပြီဆိုတော့ နေသားကျနေပြီပေါ့လေ…။

ထားဘဝမှာ သူစိမ်းယောကျ်ားတစ်ယောက်… သည်တစ်ခါသာ စွဲလန်းခဲ့ဖူးခြင်းသာဖြစ်သည်။

သူကရော…

သူ့မျက်လုံးတွေက ထားကို လေ့လာသလို ကြည့်တတ်သည်။ မျက်လုံးချင်းဆုံလျှင် ရှက်သလိုနှင့် ပြုံးပြတတ်သည်။

ပြီးတော့ သူ ထားမမြင်အောင် ခိုးကြည့်နေတတ်သည်။

ထား သိပါတယ်လေ…။

သူ ထားကို တွေ့ချင်သေးလို့ ကျိုက်ထိုဈေးထဲမှာ စောင့်နေမယ်ဆိုတာကိုပေါ့။

ထားတို့နှစ်ယောက် နှုတ်က ဖွင့်မပြောကြပေမယ့် တစ်ယောက်ကိုတစ်ယောက် စွဲလန်းနှစ်သက်နေကြပြီဆိုတာကိုပေါ့။

"ထားက အရင်ကထက်ပိုပြီး စကားနည်းသွားသလိုပဲ ဘာတွေ တွေးနေတာလဲ။ ထားခန္ဓာကိုယ်ရော၊ ပါးစပ်ပါ ငြိမ်နေရော မယ့် မျက်လုံးတွေကတော့ လုံးဝ မငြိမ်သက်တာ အမှန်ပဲ။ ဒီပုံစံမျိုး အရင်က မတွေ့ဖူးဘူး၊ မှန်မှန်ပြောစမ်း သူငယ်ချင်း၊ ကျိုက်ထီးရိုး





တက်တုန်းက နောက်က တကောက်ကောက်လိုက်စကားပြောတဲ့ ဆိုင်းက ကျောင်းသားကို သတိရနေတာလား"

"အို….မဟုတ်ပါဘူး"

"ဒါဖြင့် ဈေးထဲက ထမင်းစောင့်ကျွေးတဲ့ ရဲမော်ကိုလား"

"ဟာ….မဟုတ်ပါဘူးကွာ"

ရှက်ပြီး လှမ်းထုပစ်မိသော်လည်း ထား မျက်နှာမှာတော့ ရှက်သလိုဖြစ်နေပါသည်။

❖

"မေမေရေ…မမထားနဲ့ မမလှတို့ ရောက်လာကြပြီ"

ညီမငယ် ချိုနုရီက ဝမ်းသာအားရ ပြေးလာကြပါသည်။

"မမထား အရမ်းပျော်ခဲ့လားဟင်၊ ဖေဖေက ချိုနုတို့ကို ညည်း ကျိုက်ထီးရိုးလိုက်ပို့ပေးမယ်တဲ့၊ အဲဒီအခါကျရင်လဲ ထားလဲ ပြန်လိုက်ခဲ့နော်"

ကိုးတန်းကျောင်းသူ ချိုနုသည် နှင်းရည်အဝ ဖြန်းပက်ခြင်း ခံထားရသည့် စပယ်ဖူးလို လန်းဆန်းတက်ကြွ၍ နေပါသည်။

နှာတံဖြောင့်ဖြောင့်တန်းတန်း၊ ပါးမို့ပြောင်တင်းတင်းနှင့် အသွင်ချစ်စရာကောင်းပါသည်။



www.burmeseclassic.com

www.burmeseclassic.com



"ခါတ်ပုံတွေ ရိုက်ခဲ့တယ် မဟုတ်လား၊ မမလှလဲ ခါတ်ပုံ လက်ဆောင် ပေးရမယ်နော်"

"ပေးမှာပေါ့ ညီမလေးရယ်၊ ကဲ…ဒီယိုထုပ်တွေနဲ့ ကျွဲကော သီးတွေ သိမ်းလိုက်တော့နော်"

ချို့နု ထွက်သွားမှ အမေများ စကားဝိုင်းထဲ ဝင်လာနိုင်တော့ သည်။

"သမီးတို့ အတော်ပျော်ခဲ့ကြရဲ့လား"

"ပျော်ခဲ့ပါတယ် မေမေ"

"အေးကွယ်…၊ ကျောင်းတက်တုန်း ခုလို ပျော်ပျော်ပါးပါး သွားရတာလဲ လူငယ်တွေအတွက် အရသာတစ်မျိုးပဲပေါ့လေ။ သမီး ဖေဖေကတောင် ပြောနေသေးတယ်၊ ဘုရားလဲဖူးရင်း၊ လိပ်ဥလေး ဘာလေး မတူးမိခဲ့လားတဲ့၊ အဟင်း…ဟင်း"

သဘောကောင်းပြီး ချစ်စဖွယ်ပြုံးတတ်သော ခင်ခင်နု၏ သမီးကို ကြည့်ရင်း ရယ်နေသေးသည်။ လှလှက မျက်လုံးပြူး မျက်ခုံးနှစ်ချက်သုံးချက်ပင့်ရင်း….

"အင်း…မကြာခင် ထားနောက်ကို လိပ်ကြီးတစ်ကောင် ရောက်လာမှာတော့ အသေအချာပဲ။ အဲ…လိပ်ဥကတော့ နောက် ရမယ်ထင်တယ်"

"ကြည့်စမ်း…မိလှ၊ နင် လူကြီးကို ပြောင်ရှတ်ရှ





လျှောက်မပြောနဲ့လေ၊ တော်ကြာ မေမေတို့က တကယ်ထင်ကုန်ဦး မယ်"

"ဟော…ဟော ဟုတ်နေပြီထင်တယ်။ ချစ်သူတွေ ဘာတွေ တွေ့ရင်တော့ မေမေတို့ကို ဖွင့်ပြောနော်။ ဒါမှ တော်၏မတော်၏ ဆုံးဖြတ်ပေးလို့ ရမှာပေါ့"

"ဟုတ်ကဲ့ပါ မေမေ၊ စိတ်ချပါ…ထားလေ မေမေတို့ စိတ်မချမ်းသာအောင် ဘာမှ မလုပ်ဘူးနော်"

"အေးပါ သမီးရယ်၊ မေမေတို့ကလဲ ငါ့သမီးကြီး စိတ်ဆင်း ရဲမျိုးကို ဘယ်တော့မှ မလုပ်ဘူးဆိုတာ ယုံပါ"

အိမ်မှာ (၂)ရက်ခန့်သာ နေနိုင်မည်ဖြစ်၍ မိသားစုနှင့် အနီး ကပ်ဆုံး၊ အပျော်ရွှင်ဆုံးနေဖို့ ဆုံးဖြတ်ထားပါသည်။

"ထားနဲ့ အငယ်နှစ်ယောက်နဲ့ အသက်အရွယ်ကွာတာပဲနော်"

"ဟုတ်တယ်၊ ကိုယ်(၁၀)နှစ်မှာ မောင်လေးကို မွေးတာ လေ၊ မောင်လေးနဲ့ ညီမလေးကတော့ (၂)နှစ်ခြားတယ်"

"ကောင်းတာပေါ့၊ မင်းက တစ်လှည့်ပြန်ကြည့်လို့ရတာ ပေါ့"

"ဟုတ်တယ်…၊ ကိုယ် အလုပ်ရရင် ဖေဖေ့ကို တစ်ဖက် တစ်လမ်းက ပြန်ကူညီနိုင်ပါပြီလေ၊ ကိုယ်က ငယ်ငယ်တုန်းက အရမ်း ဆိုးခဲ့ပြီး၊ အရမ်း မိဘကို ဒုက္ခပေးခဲ့တာ"



www.burmeseclassic.com

www.burmeseclassic.com



“ဘယ်လို ဒုက္ခပေးတာလဲ သူငယ်ချင်းရဲ့”

“သြော်…တစ်နေ့တစ်နေ့ ကိုယ် ရုတ်တရက် ဆေးရုံတ
ရတာတို့၊ ရေနစ်တာတို့၊ လိမ့်ကျတာတို့၊ သူများ တော်ရုံမဖြစ်ဘူးတဲ့
ဖလိဝ်ရောဂါ ကူးစက်လာတာတို့ကို ကိုယ့်မိဘတွေက မျက်လုံးပြူး
မျက်ဆံပြူးနဲ့ ထိုင်ပြုစုနေရတာ။ အသက်(၁၅)နှစ်မှာ သေမယ်ဆို
မေမေတို့မှာ အတူမနေရဲဘဲ ရန်ကုန်ပို့ထားခဲ့ရတာလေ။ ဒါတွေ
ပြန်တွေးမိတိုင်း မိဘတွေကို အရမ်းသနားတာပဲ၊ ကိုယ့်အတွက် အချိ
တွေရော၊ ငွေတွေရော၊ အများကြီး အကုန်ခံခဲ့ကြရရှာတာ”

“ဘယ်လောက် ကုန်ကုန်ပါ သမီးရယ်၊ ခုလို ငါ့သမီးကြီး
ဆရာဝန်မ ဖြစ်လာမှာကို မြင်ရတော့ မေမေတို့အားလုံး ပီတိဖြစ်
မဆုံးဘူး သမီးကြီးရယ်”

“စနေမကို မေမေတို့ ပြုစုရကျိုးနပ်စေရမှာပါ မေမေရယ်”

“သူများတွေ ဘယ်လိုပြောပြော မေမေတို့အတွက်တော့
စနေမကို ချစ်လိုက်တာမှ တုန်လို့ပါနော်။ ငါ့သမီး စနေမက
သူများသမီးတွေလို တစ်နှစ်တစ်တန်း အောင်ရုံတင်မဟုတ်ဘူး၊ ဆ
ဝန်မကြီးတောင်ဖြစ်အောင် ကြိုးစားနိုင်ခဲ့တယ်။ ရုပ်ကလေးချော
မယ့် ယောက်ျားလေးတွေနဲ့ ရှုပ်ခြင်း၊ ပွေခြင်း မရှိဘူး။ ဆရာ
မတောင် ဖြစ်ခါနီးပြီ ရည်းစား မထားတတ်သေးဘူး၊ ဘယ်လော
လိမ္မာသလဲ ကြည့်လေ…”





ထိုစကားကြောင့် ထားက မချင့်မရဲလေးပြုံးရင်း မသိမသာ
သက်ပြင်းချရှာပါသည်။

✿

အိမ်မှ ထည့်ပေးလိုက်သော အသားကြော်ပုံးများ၊ မုန့်ပဲ
သွားရည်စာပုံးများကို ခြင်းတစ်လုံးစီဆွဲ၍ အင်းယားဆောင်ထဲ ပြန်ဝင်
လာကြတော့သည်။ လှလှတို့ သူငယ်ချင်းနှစ်ယောက်ကို အထုပ်
တစ်ထုပ်စီဆွဲ၍ အမျိုးသားနှစ်ယောက်က စောင့်နေကြပါသည်။

“ဟယ်…သန်းအောင်၊ နင်တို့ ဘယ်တုန်းက ရောက်နေကြ
တာလဲ”

“မနေ့က တစ်ခေါက်ရောက်ပြီးပြီ၊ ဒီနေ့တော့ သေချာ
ပေါက် လာမယ်ဆိုတာသိလို့ မနက်အစောကြီးထဲက စောစောင့်နေကြ
တာ”

“ဟော့တော်…အားနာလိုက်တာ၊ အရေးကြီးတဲ့ကိစ္စ ရှိလို့
လားဟင်…”

“အရေးကြီးမှ လာရမှာလား လှလှရ…”

“ဟုတ်ဘူးလေ၊ ခါတိုင်း နင်မှ ကျောင်းအပြန်ဆို ရောက်
လာတတ်တာ”

www.burmeseclassic.com



"ဟုတ်တယ်၊ ဒီကောင်က တဂျီဂျီလိုက်ပို့ခိုင်းနေလို့"

ဘေးတွင် ကုတ်ချောင်းချောင်းရပ်နေသော ရဲမော်ခမျာ ရယ်ကျဲကျဲနှင့် လှမ်းကြည့်ရင်း…

"သူကိုယ်တိုင်လဲ ဒီကို လာချင်ပုံရပါတယ်၊ ကျွန်တော့်ကို လိုက်ပို့ပေးမယ်ကြီးပဲ ခဏခဏပြောနေတာပါပဲ"

လှလှက ခါးထောက် မျက်စောင်းထိုးရင်း…

"ဒီမှာ ရှေ့စကား ရှိပြီးသားနော်၊ ယောက်ျားကြိုက်တော့ ဆိုက်ဆိုက်လာတဲ့နော်"

"ကြိုက်လို့ လာတာပဲ နေမှာပေါ့၊ မကြိုက်ရင် မလာနဲ့ ဒါပဲ"

ထိုသို့ပြောပြီးနောက် လှလှက အထုပ်တွေဆွဲပြီး ဒေါ်နှင်းမောနှင့် ဝင်သွားပါသည်။ လှလှက ကိုသန်းအောင်ကို နဂိုတည်းက စိတ်ကောက်နေသူ မဟုတ်လား။

ထားလည်း အားနာပြီး ရယ်ပြနေမိပါသည်။ လှလှနောက်ကို လိုက်သွားရကောင်းမလား။ ဒါဆို ရိုင်းသွားမည်လားဟု စဉ်းစားနေစဉ် သန်းအောင်က မေးငေါ့ပြရင်း…

"သူက ဘာဖြစ်သွားတာလဲ"

"ကိုသန်းအောင်က သူ့ဆီလာတာ မဟုတ်ဘူးပြောလို့ ရှက်သွားတာ နေမှာပေါ့"





"သူပြောပုံကရော အရေးမကြီးရင် မလာရတော့ဘူးလား"

ထားက ခေါင်းကလေး ငုံ့ထားရင်း…

"ကဲ…လှလှနဲ့ ကိုသန်းအောင်တို့နှစ်ယောက် ရန်ဖြစ်ပြီး စိတ်ကောက်နေကြမှတော့ ထားတို့နှစ်ယောက်လဲ မိတ်ဆွေဖြစ်ရမှာ အောင် ခက်နေပြီပဲ"

"ဘာဆိုင်လို့လဲဟာ"

"ထား တကယ်သိချင်လို့ မေးတာနော်၊ ကိုသန်းအောင်က လှလှကို တကယ်တွေ့ချင်စိတ် မရှိတာလား"

"ဟာ မတွေ့ချင်ရင် အစတည်းက လာကို မလာဘူးဟာ၊ တွေ့ချင်လို့ မနေ့ကလဲ တစ်ခေါက်လာပါတယ်လို့ ပြောခဲ့ပြီးပြီပဲ"

"ဒါနဲ့များ ဘာဖြစ်လို့ ကိုရဲမော် အတင်းလိုက်ပို့ခိုင်းလို့ လာရတယ် ပြောသေးလဲ။ ဘေးလူတွေရှေ့မှာ အပြောခံရတော့ လှလှ ရှက်သွားမှာပေါ့၊ ကိုသန်းအောင်ကိုက လှလှအပေါ်မှာ သူစိမ်းဆန်ဆန်နေတာ"

"ဟောဗျာ၊ ခင်ဗျားက ကျုပ်တို့အကြောင်း ဘယ်လောက်များ သိထားလို့လဲ"

"သိသင့်သလောက်တော့ သိတာပေါ့။ ငယ်ငယ်က မူကြိုတန်းကတည်းက ကျောင်းအတူ တက်ခဲ့ကြတာတဲ့၊ တက္ကသိုလ်ရောက်တော့လဲ အတူတူပဲတဲ့။ တက္ကသိုလ်ကို အလှည့်ဆိုင် ကိုသန်း



www.burmeseclassic.com

www.burmeseclassic.com



အောင် အတူပါမလာတာတက်ပေမယ့် ကျောင်းအပြန်ဆို အမြဲလာကြို တတ်တယ်တဲ့၊ အိမ်ကို လာလည်တာတော့ နည်းတယ်တဲ့"

"သူ့ကြီးဒေါ်တွေအကြောင်းရော ပြောပြသေးသလား"

"အင်း…ပြောပြတယ်၊ ပြောပြတယ်၊ သူ့ကြီးဒေါ်တွေက ဆိုးတယ်တဲ့။ ဒါကြောင့် ကိုသန်းအောင်ရဲ့ ခြေလှမ်းတွေ နောက်ပြန် ဆုတ်သွားပုံရတယ်တဲ့။ ကိုသန်းအောင်က ဒီလောက် နှစ်သက်တွေ အကြာကြီး အတူသွားလာနေတာတောင် သူ့ကို ချစ်တယ်လို့ တစ်ခါမှ မပြောရသေးဘူးလား"

ကိုသန်းအောင် မျက်မှောင်ကြုတ်၍ ကြည့်နေပြီးမှ…

"ကဲ…ကိုယ်ဖွင့်ပြောရင် သူ ပြန်အဖြေပေးမှာလား၊ သူ့ သိတ္တိရှိမလား၊ ကြီးဒေါ်တွေကို ကြောက်ပြီး ဝေ့လည်ကြောင်ပတ် လုပ်နေရင် ကိုယ်တို့နှစ်ယောက်ဘဝဟာ ခုလို အမြဲအဆနေတက် ပိုဆိုးသွားလိမ့်မယ်၊ ပိုဝေးသွားလိမ့်မယ်။ ဒီမှာ ထား…သူ့ကိုတွေ့ရင် မေးလိုက်စမ်းပါ၊ ဒီကောင့်ပါးစပ်က ချစ်ပါတယ်လို့ ဖွင့်ပြောမှ သိမှာ လားလို့၊ နှစ်ပေါင်းများစွာတည်းက ဒီကောင် အမြဲအနားမှာရှိနေခဲ့တာ ပဲ။ သန်းအောင်ရင်ထဲက ချစ်တာတွေ၊ မေတ္တာတွေ၊ သစ္စာတွေကို မမြင်ရဘူးလား၊ မတွေ့ရဘူးလားလို့ မေးဖြစ်အောင် မေးလိုက်စမ်း ပါ"

"ကိုသန်းအောင်တို့နှစ်ယောက်က မခက် ခက်အောင် လုပ်





နေကြသလိုပဲ။ ချစ်ရင် ချစ်တယ်ပေါ့၊ ဘာဖြစ်လို့ အချိန်ဆွဲနေကြ တာလဲ။ တော်ကြာ ချစ်တဲ့သူ့အချင်းချင်း မရဘဲ၊ တခြားလူတွေနဲ့ ရကုန်တော့မှာပဲ"

"ဟ…ရဲမော်ရေ ငါနဲ့လှလှ ဖြတ်သားမှုမရှိသလောက် ခင်နဲ့ ထားကတော့ တစ်စိတ်တည်းပါပဲလားကွ"

"ရှင်…ဘာကို ပြောတာလဲ"

"သြော်…ငါတို့နှစ်ယောက်က အံ့ပုန်းလုပ်နေတာကို ရဲမော် ကလဲ မချင့်မရဲ ဖြစ်နေတယ်လေ"

"ထားလဲ လှလှအတွက် ခံပြင်းမိတာပဲ၊ ကိုသန်းအောင်က ချစ်သလို မချစ်သလို လုပ်နေတာကိုး"

"ကဲ…ဒါဆို ထားပဲ သွားပြောပေး၊ ကိုယ်က ဘာလုပ်လုပ်၊ ဘာပြောပြော ကိုယ်နိုင်မှ ပိုင်မှ အောင်မြင်မှ ကြိုက်တာ။ ကိုယ်က ချစ်နေပါတယ်ဆိုရင် လှလှက ချစ်ပါတယ်ဆိုတဲ့အဖြေကို ပြန်ပေးမှာ လားလို့။ အေးဗျူ…လှလှက ချစ်တယ်ဆိုတဲ့ အဖြေကို မပေးရင် ထားက အချောင်ချစ်ပါတယ်လို့ ဖြေရမှာနော်။ ချစ်တယ်ပြောပြီးရင် လက်ထပ်ဖို့အထိပါ အကျုံးဝင်တယ်နော်"

"အို…ဘာဆိုင်လို့လဲ"

"ဟာ…ခင်ဗျားက ဘာဆိုင်လို့လဲ"

ထိုစကားကို ထားနှင့် ရဲမော်တို့နှစ်ယောက် အလှန်ကြား

www.burmeseclassic.com



အရုယားဖားထား အော်နေကြခြင်းဖြစ်သည်။

ရဲမော် စိတ်လှုပ်ရှားသည့်ဘ၀၊ သန်းအောင်၏ လက်မောင်းကိုပင် လှမ်းဆွဲ၍ ပြောနေခြင်းဖြစ်သည်။

"ဟာ...ဘယ်လိုဖြစ်နေတာလဲ၊ ငါက ဥပမာပြောတာပါ၊ မင်းက ထားကို ချစ်ပါဆိုလဲ ငါက ငယ်ချစ်ဟောင်းကိုပဲ တန်ဖိုးထားတဲ့အကောင်ပါ။ အမယ်လေး နှစ်ယောက်စလုံး ဖြစ်နေလိုက်ကြတာ၊ ငါနဲ့ လှလှ မပွင့်လင်းသလောက် မင်းတို့နှစ်ယောက်က မဖုံးနိုင် မဖိနိုင်ပါပဲလားနော်"

"ကြည့်...ကိုသန်းအောင် ဘာတွေလျှောက်ပြောနေမှန်း မသိဘူး"

"ဟုတ်ပါတယ်၊ နင့်ကိုတော့ မပြောလိုပါဘူး၊ ဟိုကောင်က ဘာဆိုင်လို့ ကြားထဲကဝင်ပြီး အူတိုနေတာလဲ"

"ခင် ဂျား ဒီလျက်သားနဲ့"

"မသိပါဘူး၊ ငါ ဘာမှမသိဘူး၊ ငါ ဒီကိုလာတာ လှလှနဲ့ တွေ့ချင်လို့၊ လှလှကို အခုလာတွေ့ပါလို့ ပြောပေးစမ်းပါ။ မလာရင် မော်လမြိုင်က သူ့ကြီးဒေါ်ကြီးတွေဆီ ငါတို့နှစ်ယောက် လက်ထပ်ကြတော့မယ်လို့ လှမ်းစာရေးလိုက်မယ်လို့ ပြောလိုက်စမ်းပါ"

သန်းအောင်က ရွဲ့မယ် ရွဲ့တော့လည်း အစွမ်းကုန်ပါပဲ။

"တကယ် သွားပြောမှာနော်"





"တကယ် တကယ်၊ လာမတွေ့ရင် ပြန်ကို မပြန်အူးရော့"

ထားပြောပြတော့ လှလှက ခေါ်ပွပြီး ချက်ချင်း ဧည့်ခန်းသို့ ထွက်သွားတော့သည်။

သန်းအောင်က လက်ပိုက်၍ ခပ်တည်တည် စိုက်ကြည့်နေပါသည်။

"နင် ဘာတွေပြောလိုက်တာလဲ"

"ထား ဘာတွေလာပြောတာလဲ၊ ဟုတ်မဟုတ် ပြန်ပြောပြမှ သိမှာပေါ့"

"ကြီးဒေါ်တွေဆီ စာရေးမလို့ဆို..."

"ဘာစာလဲ...."

"တမင် ကပ်သပ်ပြီး မေးမနေနဲ့"

"ငါပြောလိုက်တာကတော့ လက်ထပ်တော့မယ့်အကြောင်းပဲ"

"ဘယ်သူက လက်ထပ်မယ် ပြောသေးလို့လဲ"

"အေးဗျ၊ နင့်အတွက် ထားက တာဝန်ယူသွားတာ၊ နင်မချစ်ရင် ထားက နင့်ကိုယ်စား ငါ့ကို ပြန်ချစ်လိမ့်မယ်"

ထားက နီမြန်းသောမျက်နှာဖြင့် သန်းအောင်နား ပြေးသွားပြီး ပြင်းထန်သောလက်သီးများဖြင့် တအုန်းအုန်း ထုနေပါတော့သည်။

"ဟေ့ကောင်၊ ရဲမော် တွေ့တယ်မဟုတ်လား၊ ငါးရဲ့



www.burmeseclassic.com

www.burmeseclassic.com



တစ်ကောင်ဖမ်းတာ နှစ်ကောင်မိနေပြီ၊ ကုသိုလ်ကံများ ကောင်းချင်တော့လေ ဒီလိုပဲ...''

ဒီတစ်ခါ လှလှကပါ ဝိုင်းထုသဖြင့် သန်းအောင်တစ်ယောက် ခေါင်းကို လက်ဖြင့်အုပ်၍ တဟားဟားရယ်ရင်း ကျေနပ်စွာ အထုခံနေပါတော့သည်။

❋❋❋



အခန်း [၁၃]

''လှလှရေ...ညည်းသည်ရောက်နေတယ်''

အပြင်မှအော်သွားသောအသံကြောင့် လှလှက ထားကို ...စောင်းထိုးရင်း...

''ဟိတ်...အဲဒါ နင့်ဆီကို လာတာပဲနေမှာ၊ နင်ပဲသွား ...''

''ဟင်...ဘာဆိုင်လို့လဲ၊ လှလှဆီလာတာလို့ ပြောသွားတာ ...ကိုသန်းအောင်ကြီး နေမှာပေါ့''

''အလကားလူကြီး ရဲမော်နဲ့ အဖော်လိုက်လာပြီး ချော်လဲရော ... လုပ်နေတာ''

www.burmeseclassic.com

www.burmeseclassic.com



"ကြည့်…ဟိုက ချစ်ပါတယ်ဆိုပြန်တော့ သူက မူနေပြန်
ပြီ၊ လှလှ ပြန်မကြိုက်ရင် ထားက နေရင်းထိုင်ရင်း အဆစ်ပါနေ
မယ်"

"ပြန်ကြိုက်လိုက်ပေါ့"

"ဟင်…ကြိုက်ပါဘူး၊ ပိုင်ရှင်ရှိနေမှန်း သိနေတာပဲ၊
ရင်လဲ ကိုယ်ကြိုက်တဲ့လူမှ မဟုတ်တာ"

"ထားကြိုက်တဲ့လူက ဘယ်လိုပုံစံမျိုးလဲ၊ ရဲမော်လို ပုံစံ
ကိုရော ပြန်ကြိုက်မှာလား၊ ပိတုန်းကြီးကတော့ ဝဲနေတာ ချော
ပေါက်တော့မယ်"

"ကဲပါ…သွားပါတော့၊ တော်ကြာ မင်းလူကြီးက နေ
ထပ် ခေါ်နိုင်းနေပါ့မယ်"

လှလှ အံ့ဩသွားရသည်။

အောက်ထပ်တွင် သန်းအောင်တစ်ယောက်တည်း ရောက်
ခြင်းဖြစ်သည်။

"ဟိုတစ်ယောက်ရော ပါမလာဘူးလား"

"တမင်ထားခဲ့တာ၊ သီးသန့်လာတာ၊ ဝေလည်ကြောင်
လုပ်ဖို့ မစဉ်းစားနဲ့တော့"

"ချော်လဲရောထိုင်ကြီးကများ…"

"မဟုတ်ပါဘူး၊ ပွဲလန့်တုန်း ဖျာဝင်ခင်းတာပဲ"





"ဘာလဲ၊ စိတ်ထဲကပါလို့ မဟုတ်ဘူးပေါ့"

"ဒီကိစ္စတွေကို လက်ဆပ်ပြီးမှ ဆွေးနွေးမလားလို့၊ ပိုးခဲ့တဲ့
ကာလဲ ခပ်ကြာကြာဆိုတော့ တကယ်ချစ် မချစ်၊ မြေးမြစ်တွေ
မှပဲ ဆန်းစစ်ကြည့်ရင် မကောင်းဘူးလား"

"ပြောတာကိုက ပေါ့ပျက်ပျက်နဲ့"

"မပြောတော့လဲ တစ်မျိုး၊ ပြောတော့လဲ တစ်မျိုးပါလား
…"

"နို့…မဟုတ်ဘူးလား၊ နင်က အဆင့်တွေ အရမ်းကျော်
န်းတာကိုး"

"ဟာ…မြေး မြစ်ရတဲ့အထိပြောမှတော့ ငါ့အချစ်လောက်
ရှိတာ ရှိဦးမှာလား။ ဘာလဲ နင်က ပါးနားအတင်းတိုးကပ်ပြီး
တယ်ဆိုတဲ့စကားကို နားငြီးအောင်ပြောမှ အချစ်စစ်ထင်တာလား၊
ာက် အဆောင်ရှေ့ သီချင်းလာဆိုမှ ချစ်တယ်ထင်တာလား၊
တွေ၊ ပို့စကဒ်တွေ၊ လက်ဆောင်ပစ္စည်းတွေ၊ ဓာတ်ပုံတွေ အထပ်
က် ပေးပြီးမှ ဆွေးအောင်လုပ်တဲ့လူမျိုးကိုမှ ချစ်တယ်ထင်တာလား။
ကို ငါ့လောက် ဘယ်သူများ ချစ်နိုင်ဦးမှာလဲ၊ နှပ်ချေးတွဲလောင်း
န်းကလဲ နင့်အနားမှာ ငါရှိနေတာပဲ။ သွားရင်းလာရင်း နင့်လက်
ခဏခဏဆွဲဖူးတာလဲ ငါပဲ၊ ဘတ်စကားတိုးစီးရင်းနဲ့ နင့်ပါးကို
နမ်းဖူးတာပဲ"



www.burmeseclassic.com

www.burmeseclassic.com



"လျှောက်ပြောမနေနဲ့"

"အားမနာသီချင်းယောင် ဆောင်နေတာလဲ၊ နင်လဲ လူတိုးလို့ ပြုံးလိုက်လို့ ရင်ခွင်ထဲ ခဏခဏမှီထားဖူးတာပဲ မဟုတ်လား"

"နင် လျှောက်မပြောနဲ့"

"ထိုင်ပြောနေတာပါ"

အံကြိတ်၍ လှမ်းဆွဲဆိတ်နေသော လှလှ၏ လက်ကို ဖြေ လွှတ်မပေးသဖြင့် လှလှ ရှက်နေတော့သည်။

"နင့်ကြီးဒေါ်တွေ အတင်းခွဲရင် သတ္တိရှိဖို့တော့ လိုမယ် နော်"

"အလုပ်သင်ဖြစ်ပြီး (၂)နှစ်လောက်နေမှ စဉ်းစားမယ်"

"သူတို့က အခြားလူနဲ့ အတင်းပေးစားရင်ရော..."

"အဲဒီအချိန်ကျတော့လဲ သတ္တိမွေးရတော့မှာပေါ့"

"သေချာတယ်နော်"

လှလှ ခေါင်းညိတ်ပြသဖြင့် သန်းအောင် ပျော်သွားရော သည်။

"ဟော့...သန်းအောင် ဒီရောက်နေတာကို ငါဖြင့် ရှာလိုက် ရတာ"

ဖန်းစီးလေးနှင့် ခရစ်စမတ်ကတ် လှလှလေးကိုင်၍ ဝင်လာ သော ရဲမော်က အံ့သြသလို ပြောခြင်းဖြစ်သည်။





"မင်း ဒီကို မလာခင် ငါအရင်ဦးအောင် လာရတာ ကိုယ့်လူ ရေ...။ တော်ကြာ အခစားဝင်တာ နောက်ကျလို့ ဆူမှာလဲ စိုးရတယ်၊ အတူတူ လာပြန်တော့လဲ မင်းအတွက်ပဲ လိုက်လာပေးနေတယ် ထင်ဦး မယ်။ ရှေ့လျှောက်တော့ ကိုယ့်ကိစ္စကိုယ် ဦးစားပေးဆောင်ရွက်ကြ တာ အကောင်းဆုံးပဲ ကိုယ့်လူရေ၊ ကိုယ်တို့နှစ်ယောက်ကတော့ အိုကေ သွားပြီ၊ ထားနဲ့ မင်းကိစ္စ ကိုယ့်အစွမ်းအစနဲ့ကိုယ် ကြိုးစားပေတော့၊ လှလှရေ ကိုယ်တို့ အပြင်ခဏသွားရအောင်"

"ဟာ...လှလှ အဝတ်အစား မလဲရသေးဘူး"

"မင်းက နာမည်နဲ့လိုက်အောင် ကိုယ့်အတွက် လှပြီးသားပဲ၊ မင်းနဲ့ကိုယ်နဲ့ကြားမှာ ဘာဟာနိဆောင်မှုမှုကို မလိုဘူးလေ၊ ငယ်ပေါင်း ချို့ လာ..."

လှလှ၏ လက်ကို ခပ်တင်းတင်းဆွဲ၍ သန်းအောင်က ထွက် သွားခဲ့ပြီဖြစ်သည်။

"ထားရဲ့ ဧည့်ခန်းမှာ ရောက်နေတဲ့ လူတစ်ယောက်က အနိုင်းလိုက်လို့ ယူလာခဲ့တယ်နော်၊ ရော့..."

လှပသော ဖန်းစီးနှင့်အတူ ကတ်ပြားလှလှလေးတစ်ခု

www.burmeseclassic.com



ပါလာပါသည်။ ကြက်ဖြူးလှလှလေးက ရေမွှေးနံ့တွေ သင်းပျံ့နေသလို နှင်းဆီမွှေးရနံ့တလှည်း ရင်ကို ကြည်နူးစေပါသည်။ ကတ်ပြားလေးကို ဖဲလိပ်စတစ်ဖြင့် ကပ်ထားသဖြင့် ခွာလိုက်သောအခါ စာရွက်တစ်ရွက် ထွက်လာပါသည်။

ထား...

စမြင်ပြုံးတဲ့အချိန်ကစပြီး ထားရဲ့ပုံဟာ ကိုယ့်နှလုံးသားမှာ တစ်သက်တာအတွက် စွဲလန်းသွားခဲ့ရပါပြီ။ အမေ့အတွက် ပူဆွေးသောကရောက်ပြီး ဘယ်နေရာကြည့်ကြည့် လွမ်းစရာ၊ ဆွေးစရာကြီးပဲလို့ ထင်နေတဲ့ ကိုယ့်အားငယ်စိတ်တွေဟာ ထားကို တွေ့လိုက်ရတဲ့အချိန်မှာ အားလုံး မေ့ပျောက်သွားခဲ့ရတဲ့အထိ ထားဟာ စွဲဆောင်မှု ရှိနေပါတယ်။

ကိုယ့်ပုံကိုကြည့်ရင် ထားအပေါ် စွဲလန်းနေပြီဆိုတာ ထား သိသလားဟင်...။

လှသာဝရောက်ထဲက လှပြုံးဖြစ်ကတည်းက ဒီတစ်သိပ် မိန်းကလေးတစ်ယောက်ကို ချစ်မိတဲ့အကြောင်း စာတစ်တန်၊ ပေတစ်တန် ရေးဖူးတယ်ဆိုရင် ယုံမလား ထား...။

ထားကို ကိုယ် သိပ်ချစ်မိနေပြီဆိုတာ ယုံပါ။

ထားနဲ့သာ မတွေ့ရင် သေသွားတဲ့ ကိုယ့်အဖေကို





လွမ်းတဲ့စိတ်ရယ်၊ ကျန်နေခဲ့တဲ့ ကိုယ့်အမေကို သနားရတာ ယဉ်ရည်အားနဲ့ ပြန်စကားပြောရမလောက်လို့ တန့်တိုဒေါ်ပွပြီး အပူမီးလောင်နေတဲ့ စိတ်တွေနဲ့ပဲ နှစ်ရှည်နေခဲ့ရ သေချာတယ်။

ကိုယ့်အတွက် ကြည်ဖြူမှုအလင်းရောင်လေး ပေးစွမ်းနိုင်တဲ့ မိန်းကလေးကတော့ ထားပါပဲ။

ရင်ထဲက အပူတွေကိုပေးမယ့် တွေ့ချင်လွန်းလို့ ထားဆီ ရောက်ရောက်လာခဲ့တာပါ။

သည်ကြောင်ကလဲ အတူတွဲလာရင် နှစ်ယောက်လုံး အတွက် အဆင်မပြေဘူးဆိုပြီး ခွဲထွက်သွားခဲ့ပြီလေ။ သူတို့ နှစ်ယောက် အဆင်ပြေသွားတာကို မြင်ရတော့ ကိုယ် ဝမ်းသာမိတယ်၊ သူတို့က ကံပုံတွေလေ။

ဘာပဲဖြစ်ဖြစ် သူတို့ကြောင့် ကိုယ်တို့ နှစ်ယောက် ဆုံဖြစ်ကြတာပါ။ ကိုယ်လဲ ရေ့ချုံကို နောက်ထားပြီး အပျော်သဘောကို သဘောကျရောက်လာဦးမယ့် အချစ်သူ တစ်ယောက်ပါပဲ။

ထားက ကိုယ့်ကို စေ့လည်ကြောင်ပတ် မလုပ်ပါနဲ့နော်။ ကိုယ်က သည်ကြောင့် ချစ်ပါလျက်နဲ့ ဟန်ဆောင် မနေနိုင်လို့ပါ။

ကိုယ့်ကို မိတ်ဆွေအနေတော့ ၄. ဘွားတယ်ဆိုရင်



www.burmeseclassic.com

www.burmeseclassic.com



မနက်ဖြန် ညနေဘက် နေ့ခင်းမှာ လာခဲ့တွေ့ပေးပါလို့
မှာကြားဆိုချင်တာပါပဲ။

မျှော်လင့်ခြင်းများစွာဖြင့်
ရဲမော်

ထား နောက်တစ်နေ့ညနေကို ရင်ခုန်စွာ စောင့်မျှော်နေမိတော့ သည်။ လှလှနှင့်လည်း တိုင်ပင်မိသည်။

"သူ စောင်တော့်စွဲလမ်းနေတယ်လို့တော့ ကိုအောင် ပြော တာပဲ"

"သူ့ကို လက်ခံတဲ့အထိရော ဖြစ်ပါ့မလား"

"ဟဲ့…အဲဒါက နင် ဆုံးဖြတ်ရမယ့် ကိစ္စတွေလေ၊ ကဲ နင်မကြိုက်တဲ့လူတစ်ယောက်ကို ငါတို့ ပြန်ကြိုက်လိုက်ပါဟယ် ပြောရင် နင် လက်ခံနိုင်မှာတဲ့လား။ နံပါတ်တစ် နင် စိတ်ဝင်စား ဖြစ်မယ့်ကိစ္စလေ၊ မကြိုက်ရင် မကြိုက်ဘူးလို့သာပြောလိုက်၊ အားနာရမယ့်ကိစ္စ မဟုတ်ဘူး၊ သူ့ကို တွေ့ရင် နင် ရင်ခုန်သလား"

"ဟင်…"

ထားက မလုံမလဲ ရယ်ကျဲကျဲလုပ်နေသဖြင့်…

"ရင်ခုန်ရင် ချစ်လို့ပဲ ကိုယ့်လူ"

"ဒါဆို ကိုသန်းအောင်နဲ့တွေ့ရင် လှလှရော ရင်ခုန်လား





"ခုန်တာပေါ့၊ ကဲ…စိတ်ထဲရှိတဲ့အတိုင်း ပြောစမ်းပါ၊ ဒီည နေ သူလာရင် တွေ့ချင်တဲ့ဆန္ဒ၊ မတွေ့ချင်တဲ့ဆန္ဒ ဘယ်ဟာပိုများ သလဲ"

"တွေ့ချင်ပါတယ်"

"ရင်ရော ခုန်လား"

ထား ရယ်နေပါသည်။

"ကိုယ်သိပါတယ်၊ သူနဲ့တွေ့ရင် မင်း စိတ်လှုပ်ရှားတယ် ဆိုတာ။ ရဲမော်ကလဲ ရုပ်ရည်၊ အရုပ်အမောင်း၊ အပြောအဆို ဘာမှ ပြောစရာကို မရှိပါဘူး"

"သူ့မှာ အရင်က ရည်းစားတွေဘာတွေများ ရှိခဲ့ဖူးသလား သိဘူး၊ သူ့အကြောင်း နည်းနည်းပါးပါး စုံစမ်းပေးပါဦး လှလှ ရယ်…နော်"

"ဒီညနေ လာမှာဆို ကိုအောင့်ကို ဒီညနေမှ မေးရမှာဆို တော့ မင်းမှာ အချိန်မရှိနိုင်တော့ဘူး"

"ရပါတယ်၊ ဒီညနေ ထွက်မတွေ့သေးဘူး"

"စိတ်ကောက်သွားရင်ရော သူ့ကို ပြန်မချစ်ဘူး ထင်သွား မှာပေါ့၊ သူက ဒီညနေ သိပ်မျှော်လင့်ထားတာ မဟုတ်လား၊ ဆင်း တွေ့လိုက်ပါ၊ အဖြေမပေးသေးရင် ပြီးတာပဲ"

ဒီလိုဖြင့် ညနေညှိချိန်တွင် ထားကို အခေါ်ခိုင်းသဖြင့်

www.burmeseclassic.com



ဆင်းတွေ့ရတော့သည်။

ခရမ်းရောင်ပိုးဝတ်စုံဝတ်ထားသောထား၏အလှမှာ အဆောင်သူအားလုံးထဲတွင် ထင်း၍နေပါသည်။

ထားကို ရဲမော်က စက္ကူဘူးလှလှလေးတစ်ခု လှမ်းပေးရင်း အပြုံးနှင့် မတ်တပ်ရပ်၍ ကြိုဆိုခြင်းဖြစ်သည်။

"ထားမှ လာတွေ့ပါ့မလားလို့ စိတ်ပူနေတာ၊ ခုမှပဲ အသက်ပြင်းချနိုင်တော့တယ်"

ထားက ရင်ခုန်တာကို လူသိမှာ ရိပ်မိမှာ စိုးသဖြင့်…

"ဒါက ဘာလဲဟင်…"

စက္ကူဘူးလေး ထောင်၍ မေးလိုက်ခြင်းဖြစ်သည်။

"အယ်လ်ဘမ်လေးပါ၊ အဲထဲမှာ ကိုယ့်ဓာတ်ပုံတစ်ပုံ အမှတ်တရ ထည့်ပေးထားတယ်၊ ထား ဓာတ်ပုံလဲ ကိုယ်ကြည့်ဖို့ ပြန်ပေးစေချင်တယ်"

"ချက်ချင်းကြီးဆိုတော့ ပေးစရာ မရှိသေးဘူး၊ ရိုက်ပြီးရင် ပေးမယ်နော်"

"အချိန်ဆွဲတာတော့ မဟုတ်ပါဘူးနော်၊ ကျိုက်ထီးရိုးတုန်းက ရိုက်လာတာတွေရော၊ မော်လမြိုင်တုန်းက ပုံတွေရော"

"သီးသန့်ရိုက်ပေးချင်လို့ ဘုရားဖူးပုံတွေက အိမ်ကို ပြန်ပို့လိုက်ပြီ"





"ကောင်းပြီလေ… စောင့်ရမှာပေါ့၊ ကိုယ် မနေ့ကပေးတဲ့ စာကိုတော့ ဆုံးအောင် ဖတ်ပါတယ်နော်"

"ဖတ်လို့ ခုလို ချည့်ခန်းထဲ ရောက်လာတာပေါ့"

"စာထဲကအတိုင်း ကိုယ် စွဲလမ်းနေတယ်ဆိုတာ ထား သိသလား"

"ထားတို့ ဆုံမိကြတာ လေးငါးခါပဲ ရှိပါသေးတယ်၊ တစ်ယောက်အကြောင်းတစ်ယောက် အများကြီး လေ့လာရဦးမှာပါ"

"ဘာလဲ၊ လှလှနဲ့ သန်းအောင်ကို အားကျလို့လား၊ နောက်ဆုံးတော့ ဒီဘူတာပဲ ဆိုက်တာပါပဲ။ သူတို့က မူလတန်းထဲက တွေ့ခဲ့ကြလို့ အချိန်ဆွဲထားနိုင်ကြပေမယ့်၊ ကိုယ်တို့နှစ်ယောက်က ကျောင်းပြီးခါနီးမှ တွေ့ကြတာဆိုတော့ အချိန်ဆွဲထားလို့ မဖြစ်နိုင်တော့ဘူး"

"ထားမှာ ရည်ရွယ်ချက် ရှိပြီးသားပါ။ မိဘတွေ ပြည့်စုံချမ်းသာလွန်းလို့ ဆေးကျောင်းထားပေးကြတာ မဟုတ်ဘူးလေ၊ ကျောင်းပြီးလို့ အလုပ်ရသွားပေမယ့် ထားမှာ မောင်နဲ့ ညီမကို ကျောင်းဆက်ထားပေးဖို့ တာဝန်ယူရဦးမှာလေ။ ဒါကြောင့် နောက်ထပ်(၅) နှစ်လောက်တော့ ထား ချစ်သူမထားသေးဘူးလို့ စိတ်ကူးထားခဲ့တာ…"

"အခုရော…"

"အခုလဲ အဲဒီဆုံးဖြတ်ချက်အတိုင်းပါပဲ"



www.burmeseclassic.com

www.burmeseclassic.com



"ရပါတယ်၊ ကိုယ်လဲ ဒီနှစ် နောက်ဆုံးနှစ်ဆိုပေမယ့် နောက်နှစ် ဘွဲ့လွန်ထပ်တက်မယ်။ ပိုနေတဲ့ (၂)နှစ်ခွဲလောက်ကို ညီနဲ့ ညီမကို ထောက်ပံ့လိုက်မယ်၊ ဒီကနေ့ကစပြီး လာမယ့် နောက်(၅)နှစ်မှာ ထားနဲ့ ရဲမော်တို့ လက်ထပ်ပွဲကို စည်ကားသိုက်မြိုက်စွာ ကျင်းပကြမယ်"

ထားက မျက်လွှာချရယ်ရင်း…

"အဖြေတောင် မပေးရသေးဘူး၊ ဖိတ်စာက ရိုက်နေပြီတဲ့လား…"

"ဒီကနေ့ ညှော်ခန်းထဲ ဆင်းလာပြီဆိုကတည်းက အဖြေပေးပြီးသားပဲလေ၊ ဘာတွေ စုံစမ်းချင်သေးလို့လဲ"

"အခြားကောင်မလေးတွေကိုလဲ ခုလိုပဲ လက်ထပ်မယ့်ရက် သတ်မှတ်ထားရင်ရော…"

"အထင်သေးနေတာလား၊ မယုံတာလား"

"ကိုသန်းအောင်လို မူလတန်းထဲက သံယောဇဉ်မျိုး ရှိခဲ့ဖူးမှာစိုးလို့"

"အဲဒီ သံသယရှင်းသွားအောင် ကျိုက်ထိုပြန်ပြီး စေ့စပ်ကြောင်းလမ်း ပြမယ်လေ၊ အမေ့ဆီ စာလှမ်းရေးထားလိုက်မယ်"

"အို…အလကား စတာပါ၊ ရဲမော်တို့အမေကိုလဲ မပြောပါနဲ့ဦး၊ အဖေသေတာ မကြာသေးဘူး၊ ရည်းစားထားရမလားဆိုပြီး စိတ်ခုနေပါဦးမယ်"

"ကိုယ့်ဘဝမှာ အသက်(၂၀)ကျော်မှ ရည်းစားထားဖူးတာပါ။ အမေက အသက်(၁၆)နှစ်ထဲက အိမ်ထောင်ကျပြီး အသက်(၅၀)နီးမှ ရည်းစားထားဖို့ စိတ်ကူးနေတာ"

"ဟင်…ဘာပြောတာလဲ ကိုရဲမော်"

"အမေ သိပ်ရက်စက်တယ်၊ အဖေ သေတာတောင် တစ်လ မပြည့်သေးဘူး ဟိုလူကြီးကို အိမ်ပေါ်မှာ ခေါ်ခံတယ်ကွာ။ မမက ကြိုက်ဘူးပြောတော့ အပြင်မှာ သွားစကားပြောတယ်။ အဖေ့အတွက် နည်းနည်းမှ မငဲ့ကွက်တော့ဘူးတဲ့လား၊ ဒီပုံစံအတိုင်းဆို အဖေ သေခင်ကတည်းက အမေ ဖောက်ပြန်နေတာလား မသိဘူး"

ပြောရင်းက ဝမ်းနည်း ရဲမော်က ငိုသံပါလာသည်။ မျက်ရည်တွေ ဝဲလာသည်။

ချစ်မိပြီဖြစ်၍ ထား ချစ်သူကို သနားမိသည်။ ကိုယ်ချင်းစာမိသည်။

ထို့ကြောင့် ခုံလက်တန်းပေါ်တွင် တင်ထားသော ရဲမော်၏ လက်ကို ကြင်နာညင်သာစွာ ဆုပ်ကိုင်ရင်း…

"ရိုးရိုးသားသားပဲ တွေ့ကြတာနေမှာပါ ကိုရဲမော်ရယ်၊ ဘာဖြစ်လို့ စိတ်ကို ညှင်းပန်းနေတာလဲ၊ အရွယ်ရှိသေးတဲ့ မိန်းမတစ်ယောက်ဆိုတော့လဲ အဖော်မရှိရင် မနေတတ်လို့ နေမှာပေါ့"







www.burmeseclassic.com

www.burmeseclassic.com



"သားသမီးတွေဟာ အဖော်မဟုတ်ဘူးလား၊ မိခင်ကောင်းတစ်ယောက်အနေနဲ့ သားသမီးတွေရဲ့ မျက်နှာကို ထောက်ညှာသင့်သေးတာပေါ့။ ခုတော့ အဖေကို ပိုက်ဆံရှိလို့ ယူခဲ့တာ ရှင်းနေတာပဲ"

"ကိုရဲမော် ပြောခဲ့တယ်လေ၊ အဖေ့ကို လွမ်းရတဲ့ဒဏ်ရာဟာ ထားကြောင့် သက်သာစေတယ်ဆို၊ အခု အမေ့ကြောင့် လတ်တလော ခံစားနေရတဲ့သောကတွေကိုရော ထားဆိုတဲ့ ဆေးကျောင်းသူတစ်ယောက်နဲ့ ညနေခင်း တွေ့ဆုံခွင့်ရလို့၊ ချစ်ခွင့်ပန်လိုက်ရလို့ မသက်သာစေဘူးတဲ့လား၊ ထားက အဖော်ဆွဲဆောင်မှု ညံ့ပုံရတာပဲ"

"ထားဆီက အဖြေမရမှ ကိုယ် ပိုခံစားရမှာ၊ အမေ့ကိုလဲ သတိပေးခဲ့တယ်၊ အဲဒီလူကြီးနဲ့ ထပ်တွဲနေတယ် သတင်းကြားလို့ကတော့ ကျောင်းပိတ်လို့ အိမ်ပြန်လာရင် အရက်ကို ဂါလံပုံးနဲ့ဝယ်ပြီး တစ်နေကုန် ဧည့်ခန်းထဲမှာ ထိုင်သောက်နေမှာ။ ထားက ခါထုတ်လိုက်ရင်လဲ မူးပြီ အဲကောင်ရှေ့မှာ သောင်းကျန်းပြဖို့ စဉ်းစားထားပြီးသား"

"ဟင်⋯ကိုရဲမော်က သောက်တတ်လို့လား"

"မသောက်တတ်ပါဘူး၊ ဝေဒနာကို အစားထိုးဖို့ အခုထဲကကြိုတင်စီစဉ်ထားတာ"

"ခြိမ်းခြောက်လိုက်တာနော်၊ သူများကို အရွဲ့တိုက်လို့ကတော့ ကိုရဲမော်ပဲ အရက်သမား ဖြစ်သွားမှာပေါ့"





"မဖြစ်စေချင်ရင် ကိုယ့်စကားကို နားထောင်ပေးကြပေါ့၊ ကိုယ့်ကိုချစ်ရင် ကိုယ်စိတ်ဆင်းရဲအောင် လုပ်မယ်လို့ မထင်ဘူး၊ ဒါ ကိုယ့်အဖြေပဲ"

လူပုံက ဖြူဖြူချောချော အပြောချိုချိုနှင့် ခွင့်လွှတ်တတ်သူဟု ထင်ခဲ့သော်လည်း အရွဲ့တိုက်တတ်သူမှန်း စကားထဲက ဇာတိပြလာခဲ့ပြီပဲ။

တစ်ဖက်က ပြန်စဉ်းစားကြည့်တော့လည်း သူ ချစ်သောသူများသည် သူ့ကို ပြန်ချစ်ဖို့သာ အရေးကြီးသည့် သဘောပင်။

❋❋❋

BURMESE CLASSIC



www.burmeseclassic.com

www.burmeseclassic.com

## အခန်း [၁၄]

BURMESE CLASSIC

အင်းလျားဆောင်တွင် တွေ့ကြခြင်းဖြစ်သည်။

ထုံးစံအတိုင်း သူ့လက်ထဲတွင် လှပစွာ ထုပ်ပိုးထားသော ပန်းစည်းတစ်ခုကို တွေ့ရ ၍ဖြင့် ဒီတစ်ခါပန်းစည်းပေးလျှင်တော့ လက်မခံ ဟု ဆုံးဖြတ်ထားပါသည်။

လှလှ စုံစမ်းထားသဖြင့် ရဲမော်အကြောင်းကို သိရပါပြီ။

ရုပ်ရည်အနေဖြင့် ပညာတတ်တစ်ယောက်ဖြစ်ခြင်း၊ ပြည့်စုံခြင်းတို့ကြောင့် သားမက်လောင်းအဖြစ် မကြာခဏ စကားကမ်းလှမ်းခြင်း ခံရသူဖြစ်သည်။

ကောင်မလေးများ၏ အရေးပေးခြင်း၊ လက်ဆောင်ပန်းစည်း



ကြာခဏ အပေးခံရခြင်းတို့ကြောင့် ရဲမော်ဘဝတွင် အမြဲကြုံတွေ့ကြဖြစ်သည်။

ပွဲရှုပ်ခြင်းမရှိ၊ ရည်းစားမရှိ၊ ဆေးလိပ်မသောက်၊ အရက်သောက်၊ ဖဲမရိုက်တတ်။

ကောင်မလေးတွေ စိတ်ဝင်စားမှန်းသိ၍ နည်းနည်းတော့ ဝင်မြင့်ပြီး ခပ်တည်တည် နေပြတတ်သည်။

မိဘများကို အလွန်ချစ်ပြီး စကားနည်းသည်။ ဒါတွေကြားတော့ ထား ကျေနပ်ရသည်။

မိမိကို ကြိုက်လွန်းသဖြင့် သူ့မာနတွေ အညွန့်ကျိုးပြီး အဖြေရရှိဖို့ အသနားခံနေရှာသည်။

"ထားမှ လာပါ့မလားလို့၊ ဘာဖြစ်လို့ နောက်ကျနေတာလဲ"

"အိမ်က လူကြုံလာလို့ပါ"

"ဘာတဲ့လဲ၊ အစားအသောက်တွေ ပို့လိုက်တာလား"

"အစားအသောက်တွေလဲ ပါတယ်၊ စာလဲပါတယ်၊ စာထဲမှာ ဖေဖေနေမကောင်းတာ တစ်လတောင်ရှိပြီတဲ့။ အခြေအနေဆိုးရင် ရုံတင်ရမယ်တဲ့၊ ဒီတစ်ပတ်ကျောင်းပိတ်ရင် အိမ်ကို ပြန်ဖြစ်အောင် ခဲ့ဖို့ စာထဲမှာ ရေးထားတယ်"

ရဲမော် မျက်နှာပျက်သွားသည်။

ဒီတစ်ခါ ကျောင်းပိတ်ရက် ရန်ကုန်မှာသာ ကုန်ဆုံးကြမည်



www.burmeseclassic.com

www.burmeseclassic.com



ဟု အစီအစဉ်ဆွဲထားခြင်းကို စွန့်လွှတ်လိုက်ရပြီပဲ။

"ကိုယ်လဲ လိုက်ခဲ့မယ်လေ"

"အို…သူများတွေ ဘာပြောမလဲ"

"မခေါ်ချင်ဘူးပေါ့လေ"

"ကိုရဲ…အဲဒီလို မခနဲ့နဲ့ကွာ၊ ထားနဲ့ ကိုရဲ ချစ်သူအဆ

တောင် ရောက်ကြသေးတာ မဟုတ်ဘူး။ စေ့စပ်ထားပြီးရင်တော

ခေါ်မှာပေါ့။ ကိုယ့်အဖေ နေမကောင်းလို့ ဆေးရုံတက်ရတာ

ကိုယ်က စုံတွဲခုတ်ပြီးသွားလို့ ကောင်းပါ့မလား"

ထားက ငိုသံပါလေးဖြင့်ပြောရင်း မျက်ရည်သုတ်နေသဖြ

ရဲမော် ပျာယာခတ်သွားသည်။

"ထား…စိတ်ဆိုးသွားတာလား၊ မငိုနဲ့နော်၊ ဟုတ်တ

ကိုယ် တစ်ကိုယ်ကောင်း ဆန်သွားမိတယ်။ အမှန်တော့ ထား

ချစ်လွန်းလို့ ခွဲရမှာ ကြောက်တာလေးတစ်ခုနဲ့ အဆင့်တွေ ကျော်

မိတယ်။ ထား မကြိုက်ရင် မပြောတော့ဘူးနော်"

ထားက စိတ်ဆင်းရဲစွာ ခေါင်းကို ခါရမ်းရင်း…

"ထား စိတ်မဆိုးပါဘူး၊ ကိုယ့်ဘဝမှာ ဒီလူတစ်ယောက်

သံယောဇဉ်ထားမိလို့၊ စွဲလန်းမိလို့၊ ချစ်ပါတယ်ဆိုတဲ့အဖြေကို

ရည်ရွယ်ထားမိပြီးမှတော့ ထားလဲ မခွဲချင်ပါဘူး၊ မခွဲနိုင်ပါ

ခွဲမထားခဲ့သင့်ပါဘူး။ ဒါပေမယ့် အခြေအနေကလဲ မပေးသေးတဲ့အ





အဖေကလဲ ဆေးရုံတက်ရမယ့်အချိန်မို့ သူများတွေ ကဲ့ရဲ့ကြမှာ၊

အပြစ်တင်ကြမှာကိုရော၊ ဖေဖေတို့ မေမေတို့ စိတ်ထဲမှာ သူတို့ကဖြင့်

ချွင်လင့်ချက်ကြီးစွာနဲ့ ပညာတတ်ဖြစ်အောင် ထားပေးပါလျက် သမီး

ချစ်တဲ့သူက ရည်းစားနဲ့ အချိန်ဖြုန်းနေတယ်လို့ ထင်သွားမှာစိုးလို့

ပါ"

"ထားပြောတာတွေအားလုံး မှန်ပါတယ်၊ ထားသွားရင်

ဘော်ဒါဆိပ်အထိ လိုက်ပို့ပေးမယ်နော်"

ထား ပြုံး၍ ခေါင်းညိတ်ပြပါသည်။

ရဲမော်က သူယူလာသော အထုပ်ကို လှမ်းပေးသဖြင့်…

"ဟင်…ကိုရဲကို ထား ပြောထားပြီးပြီလေ၊ လာတိုင်း

လက်ဆောင်ပစ္စည်းတွေ ယူမလာပါနဲ့လို့"

"တန်ဖိုးကြီးတာတွေမှ မဟုတ်တာ ထားရယ်၊ ထားနဲ့ကိုယ်နဲ့

တွေ့တဲ့အချိန်လေးတွေတိုင်း ကိုယ် ဘယ်လောက်ချစ်တယ်၊ ထားဆီ

ရောက်မလာတဲ့ အချိန်တွေမှာတောင် ထားအတွက် ချစ်လက်ဆောင်

လေးတွေ၊ ချစ်စကားလေးတွေ၊ စာကြောင်းလေးတွေနဲ့ သီကုံးပြီး

အမှတ်တရ ရှိစေချင်လွန်းလို့ပါ။ ကိုယ့်ရဲ့ အချိန်ပိုလေးတွေဟာ ထား

အတွက်ကြီးပါပဲ၊ ထားက ခေတ်ပုံလေးတစ်ပုံလောက် ပြန်ပေးဖို့

ဘွန့်တိုနေတာ"

"နေ့တိုင်း တွေ့နေရတာများ လိုသေးလို့လား"



www.burmeseclassic.com

www.burmeseclassic.com



"လိုတာပေါ့ဗျာ၊ စာကြည့်စားပွဲပေါ်မှာ ချစ်သူရဲ့ ဓာတ်ပုံ ထားရတာကိုက ဂုဏ်ရှိတာ၊ အရသာရှိတာ၊ ကျောင်းသားဘဝ၊ ချစ် ဘဝမှာ ဒီကိစ္စကလဲ ရှေ့တန်းက ပါတယ်ဗျ"

"ဓာတ်ပုံကြီး စားပွဲပေါ်တင်ထားတော့ တခြားကျောင်းသား တွေမြင်ရော၊ ကဲ...တစ်နေ့ မယူဖြစ်တော့ ထား ဒုက္ခမရောက် လား"

"ဟာ...ဘာမယူစရာရှိလဲ၊ ပါးစပ်ပုတ်ကြီးနဲ့ မပြောနဲ့ ထားရယ်"

"ထားက ပူရမယ့် ကိစ္စပါနော်"

"ကိုယ်က ပိုချစ်တော့ ကိုယ်က ဝေးသွားမှာ၊ ကွဲသွားမှာ ပိုကြောက်တယ်ဗျ။ ကိုယ် ဘယ်လောက်ချစ်သလဲဆိုတာ ယော အထုပ်ထဲက ပန်းချီလေးကိုကြည့်၊ ထားပုံကို မကြည့်ဘဲနဲ့ စိတ်ကူး တူအောင်ဆွဲနိုင်တယ်၊ မယုံရင် ဖွင့်ကြည့်"

ထား အပြုံးလှလှလေးဖြင့် ဖွင့်ကြည့်ပါသည်။

ရင်ထဲတွင် တလှပ်လှပ် ခုန်သွားရပါသည်။

သူ့ကို အဆောင်တွင် တစ်ယောက်တည်း ဆင်းတွေ့သည့် က လှေကားတွင် ရပ်ပြီး မျက်လုံးပြူးပြူးလေးနှင့် ကြည့်နေသည့် ဖြစ်သည်။ အဝတ်အစားပုံစံ၊ ဆံပင်ပုံစံ၊ လက်ဝတ်လက်စားစာအ အကုန်မှတ်မိနေသည်။ ပုံအောက်တွင် စာရေးထားသေးသည်။





'ကိုယ့်ချစ်သူပုံ' တဲ့...။

နောက်တစ်ပုံက ကျိုက်ထိုအိမ်တွင် ထား စာအုပ်ငုံ့ဖတ်နေ ည့်ပုံဖြစ်သည်။ ထိုပုံအောက်နားလေးရှိ စာကြောင်းလေးက ထားကို စ်သက်လုံး ထိန်းချုပ်ထားနိုင်ပါသည်။

"ရင်ခုန်စေသူ" တဲ့လေ...။

ထားက ပန်းချီမဆွဲတတ်သဖြင့် သူ့လို အနုပညာဆန်ဆန် ချက်ကို မဖော်ကျူးနိုင်ပါသော်လည်း ကိုရဲသည် ထားကို ရင်ခုန်စေ ူပါပဲ...။

"ထား..."

"ဟင်..."

"ကိုယ်ချစ်တာကို ယုံရဲ့လား"

ထား ခေါင်းညိတ်ပြမိသည်။

"ကိုယ့်ကိုရော တကယ်ချစ်ရဲ့လား"

ထား ခေါင်းညိတ်ပြန်ပါပြီ။

"ကိုယ်တို့ နောက်(၅)နှစ်ကြာရင် လက်ထပ်မယ်နော်"

ပုတ်သင်ညိုမလေးကတော့ ထားပါပဲ။

❋

သဘော်ပေါ်ရှိ ထားတို့ ချစ်သူနှစ်ဦး တစ်ယောက်ကို စ်ယောက် မခွဲနိုင် မခွာရက် ဖြစ်နေသည်။



www.burmeseclassic.com

www.burmeseclassic.com



ရဲမော်က ထား ဖတ်ဖို့ မဂ္ဂဇင်းနှင့် စားဖို့ မုန့်ပဲသွားရည်များရော၊ ခြမ်းရ မတော်ရသေးသော ယောက္ခမ၊ ယောက္ခထီး ယောက်ဖအတွက်ပါ မကျန်အောင် အထုပ်ကြီး၊ အထုပ်ငယ်နှင့် ဝယ်ခြမ်းပေးနေသဖြင့်…

"မောင်ရယ်၊ ဘာလို့ ဒီလောက်အများကြီး ဝယ်လာရတာလဲ။ မောင် သုံးစရာပိုက်ဆံ မလောက်ဘဲ နေပါ့မယ်။ မောင် အသုံးလိုရင် ယူထားလိုက်လေ၊ ထား စုထားတာတွေ ရှိသေးတယ်"

"မယူပါဘူး ထားရာ၊ မောင့်မှာလဲ ရှိပါတယ်၊ တက္ကသိုလ် စတက်တည်းက အမေနဲ့အမေ ပေးတာလဲ စုထားခဲ့တယ်၊ ခွေမျိုးတွေ ပေးတာလဲ စုထားတယ်၊ အမေဆုံးတော့လဲ အမျိုးတွေက သနားပြီး ပိုင်းအုံပေးခဲ့တယ်လေ…"

ထားက ပြုံးပြီး…

"အနှစ်နှစ် အလလ စုထားသမျှ ထားဆိုတဲ့ ကောင်မလေး နဲ့တွေ့မှ ပြောင်တော့မှာပဲလို့ မတွေးမိဘူးလား"

"မတွေးမိပါဘူးဗျာ၊ ရတနာတွေ တွင်းနဲ့ စုထားလို့ ထား အတွက် ထုတ်သုံးရင်း ကုန်သွားရင်တောင် နှမြောမယ် မထင်ဘူး"

"ကိုရဲကတော့ သိပ်အပြောကောင်းတယ်နော်၊ ကဲကဲ အပြောကောင်းသူကြီးအတွက် ထားကပဲ တစ်လှည့် ပြန်ပေးရဦးမယ်"

"ဘာတွေလဲ၊ ထားက ဆေးကျောင်းသူ၊ ပိုက်ဆံ ဘယ်





ကယ်၊ ကိုယ့်အတွက် ဘာမှ တုံ့ပြန်ပြီး ပေးစရာ မလိုဘူးနော်"

"တကယ် မယူချင်ဘူးလား၊ ဒါဆိုလည်း ပြန်သိမ်းထား လိုက်ပါ့မယ်"

"ဘာကို ပြန်သိမ်းထားမှာလဲ၊ ယူသင့်တာဆိုရင်တော့ ယူမှာ ပါ"

"ခါတ်ပုံပါ"

"ဟာ…ခါတ်ပုံကတော့ ယူမှာပေါ့၊ လိုချင်လွန်းလို့ တောင်း ထားတာပဲ၊ ပေး ပေး…"

"အဲဒီအထုပ်ထဲမှာ၊ အဆောင်ရောက်မှ ကြည့်တော့"

"ခုပဲကြည့်မယ်ကွာ၊ ခါတ်ပုံပဲယူမယ်၊ တခြားပစ္စည်းတွေ မယူရက်ဘူး"

"ချစ်သူက ဦးဦးဖျားဖျား ပေးတာကို ငြင်းရက်သတဲ့လား။ အဲဒီပစ္စည်းမယူရင် ခါတ်ပုံလဲ မယူနဲ့တော့"

ထားက ပစ္စည်းထုပ်ကို ဆတ်ခနဲ ပြန်လုလိုက်သဖြင့်…

"ယူမယ် ယူမယ်၊ အားလုံးယူမယ်၊ နောက်ဆုံး လူကိုပါ ယူမှာ စိတ်ချ"

ထားက ဆွဲဆိတ်တော့သည်။ အထုပ်ထဲတွင် နီညိုရောင် သားရေပေါက်ပုဆိုးတစ်ကွင်းနှင့်အစိမ်းရောင်လွယ်အိတ်တစ်လုံး၊ လွယ်အိတ် ကြိုးရင်းတွင် H ဟု အပ်ချည်ဖြင့် နာမည်ထိုးပေးထားသေးသည်။



www.burmeseclassic.com

www.burmeseclassic.com



ထားဟု အမှတ်တရ ရှိစေခြင်းဖြစ်သည်။

"လုံချည်ကိုရော၊ လွယ်အိတ်က စာလုံးကိုရော လှလှမရှိ အချိန်မှာ လက်နဲ့ ခိုးချုပ်ထားရတာ..."

"လှလှနဲ့ ကိုသန်းအောင်က တစ်ခါတလေ နေ့ခင်းဘက် လျှောက်လည်တတ်ကြတယ်လေ"

"အဲဒီအခွင့်အရေးမျိုး ထားကမှ ကိုယ့်ကို မပေးချင်တာ"

"ဖြေးဖြေးပေါ့၊ ထားတို့က ခုမှ ဓာတ်လမ်းစတာပါ၊ လွန်ခဲ့ တဲ့ အနှစ်နှစ်ဆယ်နီးပါးက စုံတွဲနဲ့ သွားပြိုင်လို့တော့ ဘယ်ရမလဲနော်"

"ပြန်လာရင်တော့ အဲဒီအခွင့်အရေးရအောင် ကြိုးကျပြရမှာပဲ"

လွယ်အိတ်ထဲမှ ဓာတ်ပုံစာအုပ်ကလေး ထွက်လာပါသည်။

"ထားမှာ ရှိထားသမျှ ဓာတ်ပုံတွေ အကုန်ထည့်ထားတာ အဲဒီထဲကကြိုက်ရာတစ်ပုံရွေးပေး၊ ထား အမှတ်တရစာရေးပေးမယ်"

"တစ်ပုံတည်းလား၊ ကပ်စေးနဲလိုက်တာ"

"များလွန်းရင် တန်ဖိုးမဲ့တတ်တယ်တဲ့၊ ဒါကြောင့် ကြိုက်တဲ့ တစ်ပုံကို ရွေးခိုင်းတာ"

ရဲမော်က ယခု နောက်ဆုံးရိုက်ထားသော ကိုယ်တစ်ပိုင်း ကို ရွေးပေးလိုက်သည်။

ထားက တစ်ချက်ကြည့်ရင်း ဓာတ်ပုံနောက်ကျောတွင် စာရေးနေသည်။





"ကဲ...ရော့"

'ရင်ခုန်စေသော ချစ်ဦးသူအတွက်'

ထိုစာတန်းကို ဖတ်ပြီး ရဲမော် မျက်နှာမှာ ဝင်းထိန်သွားတော့ သည်။ ဓာတ်ပုံကို နမ်းပြရင်း...

"ဒီတစ်ခါတော့ မောရကျိုးနပ်သွားပြီကွာ၊ လောလောဆယ် တော့ ဓာတ်ပုံကိုပဲ နမ်းထားလိုက်ဦးမယ်၊ ပြန်လာတော့မှ ဓာတ်ပုံရှင် ကို နမ်းရလိမ့်မယ်"

"အဲဒီလိုဆိုရင်တော့ ရက်လို့ မလာဝံ့တော့ဘူး"

"ကျောင်းဖွင့်ရက်မတိုင်ခင် ပြန်လာမှာ မဟုတ်လား"

"ဟုတ်တယ်၊ တစ်ရက်အလိုပေါ့။ အိမ်က လိုက်ပို့တဲ့သူ ရှိရင်တော့...ကျောင်းကိုပဲ လာခဲ့တော့နော်၊ ဟော...သင်္ဘောတောင် ကမ်းက ခွာတော့မယ် ထင်တယ်၊ ကိုရဲ သွားတော့နော်၊ ရေထဲလဲ လိမ့်ကျနေဦးမယ်"

ရဲမော်တစ်ယောက်သာ သင်္ဘောပေါ်မှာ နောက်ဆုံးခုန်ဆင်း သွားခြင်းဖြစ်သည်။ ထားက လက်တန်းကို ကိုင်ရင်း စိတ်ပူသလို ကြည့်နေပါသည်။ သင်္ဘောပျောက်ကွယ်လုနီးနီးအထိ ရဲမော် ဆီပ်စီ ဘောတံတားတွင် ရပ်နေသဖြင့် ထားလည်း လက်ပြ၍ မဆုံးတော့ပါ။

❖❖❖



www.burmeseclassic.com

www.burmeseclassic.com

## အခန်း [၁၅]

"သမီးမှာ ရည်းစားရှိနေပြီ မဟုတ်လား"

ကြီးဒေါ်နှင့် အမေက လူရှင်းချိန်တွင် ခေါ်မေးနေကြပြီ။

"မေမေတို့ကို လာပြောတဲ့သူ ရှိလို့လား"

"အင်း…ဈေးထဲမှာ ဝိုင်းမေးနေကြတာ၊ သင်္ဘောပေါ်မှာ ဈေးရောင်း၊ ဈေးဝယ်သမားတွေပါတာ သမီး သိနေသားပဲ။သင်္ဘောပေါ်မှာ ခပ်ချောချောကောင်လေးတစ်ယောက် သမီးနဲ့ ပူးပူးကပ်ကပ် ထိုင်ပြီး စကားတွေပြောကြ၊ ဓာတ်ပုံတွေ လဲကြနဲ့တဲ့၊ သင်္ဘောထွက်ခါနီးမှ ကောင်လေး သင်္ဘောပေါ်က ခုန်ဆင်းသွားတာ ရေထဲတောင် ပြုတ်ကျတော့မလို့တဲ့"



ထား ဝန်ခံရုံသာ ရှိတော့သည်။

"အဖြေ မပေးရသေးပါဘူး"

"ဓာတ်ပုံပေးမှတော့ အဖြေပေးနေတာနဲ့ အတူတူပဲပေါ့ သမီးရယ်၊ အင်း…အရွယ်ရောက်နေမှတော့ သဘာဝအတိုင်း သီးချိန်တန် သီးလာမှာပါပဲ၊ ပွင့်ချိန်တန် ပွင့်လာမှာပဲ၊ သမီးအပေါ် တကယ် နှစ်နှစ်ကာကာ သစ္စာရှိရှိ ချစ်နိုင်ပြီး၊ ဘဝကြင်ဖော်တစ်ယောက်အနေနဲ့ အိမ်ထောင်ဦးစီးကောင်း တစ်ယောက်အနေနဲ့ ရပ်တည်သွားမယ်ဆိုရင် မေမေတို့က ကျေနပ်ပါတယ်"

ထားက မျက်ရည်ဝဲ၍ ပြောနေသော မိခင်ကို သနားသွားမိသည်။

"သူ့ကို ထား ချစ်မိတာ အမှန်ပါပဲ မေမေ။ ဒါပေမယ့် မေမေတို့ကို ပေးထားတဲ့ကတိအတိုင်း နောက်ငါးနှစ်မှပဲ သူ့ကို အကြောင်းပြန်မှာပါ၊ သူကလဲ လက်ခံပါတယ်"

"ဒီကတိအတွက် သမီး တာဝန်ကြီးတစ်ရပ်လို မဖြစ်စေချင်ပါဘူး၊ ကျောင်းပြီးရင် သမီး ယူခွင့်ရှိပါတယ်၊ သမီးဆီက စားချင်တဲ့ စိတ်နဲ့ သမီးကို ပညာသင်ပေးနေတာမှ မဟုတ်ဘဲ"

"အို…သမီးကတော့ မေမေ့ကို တစ်လှည့်လုပ်ကျွေးဖို့ စိတ်ကူးပြီးသားပါ၊ လက်ထပ်ပြီးရင်လဲ အထောက်နိုင်ဆုံး ထောက်ပံ့နေဦးမှာပါ"

ခင်ခင်နုက ပြုံး၍ ခေါင်းညိတ်နေပါသည်။

www.burmeseclassic.com



တင်တင်နုကတော့ တူမဖြစ်သူကို ရှုးရှုးရဲ့စိုက်ကြည့်ပြီး ဘာစကားမျှ မပြောဘဲ ရေငုံနှုတ်ပိတ် လုပ်နေပါသည်။

တင်နု ရင်ထဲတွင် ငိုနေပါသည်။

မိဘနှစ်ပါးနှင့် မွေးစားမိခင်ဖြစ်သော မိမိတို့မှာ ထားကို လူလားမြောက်အောင်၊ အသက်ရှင်အောင် စိတ်မော၊ လူမော၊ ငွေမော ခဲ့ကြရသည်။ အရာအားလုံးထက် သူမ အတွက်ကိုသာ ဦးစားပေး စဉ်းစားခဲ့ကြသည်။

ယခုတော့ ကျောင်းမပြီးခင်မှာပင် ချစ်သူရှာမွေတွေ့ရှိလာခဲ့ပြီ။ လက်ထပ်ဖို့ရာကိုတောင် ကန့်သတ်လာခဲ့ပြီ။ မိမိတို့အားလုံးကို ပြစ်ပြီး သူစိမ်းယောကျ်ားတစ်ယောက်နောက် သူမ လိုက်သွားတော့မည်။

သူမ ဘဝအတွက် မိမိလင်ယောကျ်ားကိုပင် စွန့်ခွာနိုင်ခဲ့ပါသည်။ သူမကတော့ ဒါတွေကို မေ့ပျောက်ပြီး မိဘအရင်းကိုသာ ဦးစားပေး၍ စကားပြောတတ်သည်။

ဒါတွေ စဉ်းစားမိရင်း ဒေါ်တင်နု လူမသိအောင် ကြိတ်၍ ငိုခဲ့ရတာ များပါပြီ။

"ဖေဖေ သက်သာရဲ့လားဟင်"

ဖခင်ကို နဖူးမှ ခြေဖျားအထိ လက်ဖဝါးဖြင့် စမ်းခြင်း နှိပ်နယ်ခြင်းများ လုပ်ပေးရင်း ထားက ညင်သာစွာ မေးခြင်းဖြစ်သည်။





အဖေသည် ထား ဆေးကျောင်းတက်ခါစကထက် အများကြီး ရင့်ရော်သွားခဲ့ပြီပဲ။

"တော်တော်လေး သက်သာသွားပါပြီ သမီးရယ်"

"ငါ့သမီးကြီးမျက်နှာကို မြင်ရတော့ ပိုအားရှိသွားသလိုပဲ"

"ဖေဖေရယ် . . ."

ထားက လှိုင်းထသောအသံနှင့်ပြောရင်း မျက်ရည်ဝဲသွားပါသည်။

"ဖေဖေ အလုပ်မှာ သိပ်ပင်ပန်းတယ် ထင်တယ်၊ ထား အလုပ်သင်ဆရာဝန် တစ်နှစ်တက်ပြီးရင် ဖေဖေ နားချင်နားတော့လေ"

"မဟုတ်တာ သမီးရယ်၊ နေမကောင်းရင် ဆေးက ပျောက်တာပဲ။ အလုပ်မလုပ်ဘဲ အိမ်မှာ ထိုင်နေလဲ ရောဂါဖြစ်ချင် ဖြစ်နေမှာပဲ အလုပ်လုပ်နေတော့ စိတ်ပြေလက်ပျောက်လဲဖြစ်တယ်၊ အချိန် ကုန်မှန်းလဲ မသိရတော့ဘူးပေါ့။ ဖေဖေ့အတွက် နောက်ထပ် (၁၀)နှစ်လောက် လုပ်နိုင်ပါသေးတယ်၊ ခြောက်ဆယ်ပြည့်တဲ့အထိ မလုပ်ဖြစ်တောင် (၅၈)လောက်အထိတော့ လုပ်နိုင်မှာပါ၊ ဖေဖေ နက်ဖြန်ဆို ဆေးရုံ ဆင်းရတော့မှာပါ"

"ဟုတ်လို့လား ဖေဖေရဲ့"

"ဟဲ . . . ဟဲ၊ ငါ့သမီးနဲ့ အေးအေးဆေးဆေး စကားပြောချင်



www.burmeseclassic.com

www.burmeseclassic.com



လို့ သုံးရက်ကြိုခင်းတာလေ။ ဆရာဝန်ကလဲ မိတ်ဆွေတွေပဲဆိုတော့ အိမ်မှာလာကြည့်ပေးမှာပါ။ ငါ့သမီးကလဲ ဆေးကျောင်းပြီးခါနီးပြီ ဆိုတော့ ဆရာဝန်နီးပါးတော့ ကျွမ်းကျင်နေပြီပဲ၊ ငါ့သမီးကြည့်ပေးလဲ ရတာပဲ"

သမီးရောက်လာသဖြင့် ဦးတင်မောင်ရီ၏ စကားတွေအများကြီးပြောပြီး အလွန်ပျော်နေမှန်း ပတ်ဝန်းကျင်ရှိ လူနာများရော ဆရာဝန်၊ ဆရာမများပါ သိကြပါသည်။

ဆရာဝန်မကြီးဖြစ်လာမည့် သမီးအတွက် ဖခင်ကြီး ဂုဏ်ယူနေခြင်းဖြစ်သည်။ ပျော်နေခြင်းဖြစ်သည်။

"ကြီးကြီး"

"ဘာလဲ ထား"

"ဖေဖေ့ကို နောက်ငါးနှစ်နေရင် ထား လက်ထပ်မယ့်အကြောင်း မပြောလိုက်နဲ့နော်။ ထား ယူဖြစ်ချင်မှ ယူဖြစ်ဦးမှာပါ။ ဖေဖေ့ကျန်းမာရေး မကောင်းသေးရင် ထား အိမ်ထောင်မပြုသေးဘူး။ မေမေ့ကိုလဲ ပြောလိုက်ဦးနော်၊ ဖေဖေ့ကို သွားမပြောနဲ့ဦးလို့"

"အေးပါ…အေးပါ"

ဒေါ်တင်နုက ကျေနပ်သောမျက်နှာဖြင့် ပြုံး၍ ခေါင်းညိတ်လိုက်ခြင်းဖြစ်သည်။

အိမ်မှာနေသည့် ရက်များအတွင်း ထားက တစ်ချက်ကလေး





မှ အနားမနေဘဲ ဖခင်အတွက်၊ မိခင်အတွက်၊ ကြီးဒေါ်အတွက်၊ မောင်နှင့် ညီမအတွက် အချိန်ပေး၍ လှုပ်ရှားသွားပါသည်။

"အညို စာဖိကျက်ကွာ၊ ဆရာဝန်ဖြစ်အောင် လုပ်လေ"

မောင်က ခပ်နေအေးအေး၊ သီချင်းသံလေးတအေးအေးဖြင့်နေတတ်သူ။ မိခင်က ရယ်ရင်း…

"သူ ဆရာဝန်မလုပ်ချင်ဘူးတဲ့လေ"

"ဟင်…ဘာဖြစ်လို့လဲ မေမေ"

"စာတွေ အများကြီး ကျက်ရမှာ ကြောက်လို့တဲ့အေ၊ ညဉ့်နက်ခံ စာကျက်ရင် ခေါင်းမူးတယ်တဲ့၊ ဘွဲ့ရအောင်ယူပြီး အရာရှိလောက်ဖြစ်ရင် တော်ပြီတဲ့"

"အမယ်လေး၊ တော်တော်အားကိုးရမယ့်ပုံပဲနော်၊ ငါ့မောင်ကတော့…"

ခင်မောင်ညိုက သွားညီညီလေးများဖော်၍ ရယ်ရင်း…

"ဟုတ်တယ် မမထားရဲ့၊ မမထား ကျက်နေတဲ့ အင်္ဂလိပ်စာအုပ်တွေ မြင်ရမှာ တွေးပြီး ကြောက်နေတာ၊ ဖြတ်လမ်းကနေ ချမ်းသာအောင် မေမေတို့ကိုလဲ အကူအညီပေးရာရောက်အောင် သူဌေးသမီးတို့၊ ဆရာဝန်မတို့ကို ယူလိုက်မယ်။ အိမ်ခေါ်လာရင် အတူတူလို နေရင်း ဆရာဝန်တစ်ယောက် အပိုင်ရတာပဲ မဟုတ်ဘူးလား"

"ဟဲ့…တောင်လေး၊ ဒါ ယောက်ျားပြောရမယ့် စကားလား၊



www.burmeseclassic.com

www.burmeseclassic.com



သူများကြားသွားရင် ရှက်စရာကြီး"

"ဒါက အိမ်ထဲမှာပဲ ပြောတာလေ၊ မမကြီးသာ ဒုက္ခခံပြီး ကြိုးစားနေတာ၊ ဒေါက်တာကတော်လုပ်လိုက်ရင် ပြီးရော"

"ဟဲ့၊ ကိုယ့်ကို သူက ကြိုက်ဦးမှာကိုး"

"မမကြီး ဒီလောက်ချောတာ"

"ချောတိုင်း လာကြိုက်ချင်မှ ကြိုက်မှာပေါ့၊ ပြီးတော့ ငါက ကိုယ်ပိုင်အရည်အချင်းရှိမှ ကြိုက်တာ၊ သူများနှာခေါင်းပေါက်နဲ့ အသက်မရှူချင်ပါဘူး"

"မမကြီးကိုယ်တိုင် စာတွေအများကြီးဖတ်ပြီး၊ ကိုယ်ပိုင် အရည်အချင်းရှိအောင် ဆရာဝန်မကြီးဖြစ်အောင် အပင်ပန်းခံပြီး ကြိုးစားခဲ့တာဆိုတော့ တော်ရုံယောကျ်ားဆိုလဲ အထင်ကြီးမှာ မဟုတ်ဘူးပေါ့နော်။ မမကြီးထက် အဆင့်အတန်းမြင့်တဲ့လူ၊ အရည်အချင်း သာတဲ့ လူကိုမှ ယူမှာပေါ့နော်၊ ကိုယ်က သိပ်တော်နေတယ်ဆိုတော့ တော်ရုံယောကျ်ားကိုလဲ ဘယ်အထင်ကြီးပါတော့မလဲနော့်၊ ကေန္တ အပျိုကြီးများ လုပ်မလား မသိဘူး"

အားရပါးရပြောနေသော ခင်မောင်ညိုကို ထားက မျက်လုံး ပြူးကြီးဖြင့် မျက်မှောင်ကြုတ်၍ ကြည့်နေပါသည်။ ထား မျက်နှာ နီမြန်းနေပြီး၊ နှုတ်ခမ်းကိုလည်း တင်းတင်းစေ့ထားကြောင်း တွေ့ရပါ သည်။ ထားမျက်လုံးများက ဖျတ်ခနဲ၊ ဖျတ်ခနဲ မိခင်များဆီ သူ





မ်းကြည့်ပါတော့သည်။

ထား ရည်းစားထားသည့်အကြောင်း၊ လက်ထပ်ဖို့အကြောင်း ကို အမေတို့က ဖွင့်ပြောပြလိုက်သလား...။

ထား မျက်လုံးနှင့် မေးသည်ကို အမေများကလည်း သိသည်။ ကြောင့် သူတို့မပြောကြောင်း ခေါင်းကို ပြိုင်တူခါပြကြသည်။ ပြောဘူးဆိုတာ ထား ယုံပါတယ်။ မောင်ဖြစ်သူကို ပြန်စိုက်ကြည့်ပြီး အောင် ဈေးထဲက၊ ဒါမှမဟုတ် မြို့ထဲက မိမိနှင့် ရဲမော်တို့စုံတွဲ ကြောင်း ကြားခဲ့ပြီး၍ လာအစ်နေသည်ဟု ထင်မိသည်။ မိမိအခွင့် များကို ခင်းက ပိတ်ပင်ချင်၍လား၊ ဒါမှမဟုတ် မိမိကို လှောင် ချင်းလား...။

"အဟွတ် အဟွတ်...အဟွတ်"

ဘုရားခန်းဆီမှ ဖခင်၏ ချောင်းဆိုးသံကြောင့် ထား၏ သများ၊ မာန်မာနများ၊ အာဃာတများအားလုံး ပျောက်သွားပါ သည်။ ဖခင်ရှိရာ အသာလျှောက်သွားခဲ့ပြီး...

"ဖေဖေ ချောင်းဆိုးတာ ခဏခဏ ကြားရသလိုပဲ၊ အစား လို့လား ဖေဖေ၊ ဒါမှမဟုတ် အအေးများ ပတ်လို့လား"

"အဟင်းဟင်း...ငါ့သမီးက ဆရာဝန်ဖြစ်မယ့်သူဆိုတော့ င်းဆိုးလဲ စိတ်ပူ၊ နှာစေးလဲ စိတ်ပူပဲဟေ့၊ ဖေဖေ ရေသောက်ရင်း သွားလို့ပါကွယ်။ ဘာလိုလို့နဲ့ သန်ဘက်ခါဆို ငါ့သမီးကြီး ပြန်ရ



www.burmeseclassic.com

www.burmeseclassic.com



တော့မယ်နော်"

ဝမ်းနည်းသံပါသွားသော ဖခင်ကို ထားက ဟန်ဆောင်ပြုံး
ရင်း...

"ထား ကျောင်းတက်နေတုန်း ဖေဖေ ရောဂါထပ်ဖြစ်
ရန်ကုန်မှာပဲ လာကုတော့နော်။ ဟိုမှာ ထား အသိဆရာဝန်တွေ အများ
ကြီးပဲ။ ဆေးရုံတက်ဖို့လဲ လွယ်တယ်၊ အဆောင်နေလို့လဲရတဲ့
အမျိုးတွေလဲရှိနေတာပဲ၊ နော်...ဖေဖေ"

"အေးပါကွယ် အေးပါ၊ ဖေဖေ မသက်သာရင် လာခဲ့
မယ်"

ထားက 'ချိုနုရီ'ကိုလည်း စာကြိုးစားဖို့ မိဘတွေကို ရို
ဖို့၊ ကူညီလုပ်ကိုင်ပေးဖို့ တတွတ်တွတ်မှာနေသည်။

"စာကိုတော့ ဖိကြိုးစားနော် ချိုနု၊ ပညာတတ်ရင်
ဝင်တယ်၊ ဘဝအတွက်လဲ စိတ်အေးရမယ်၊ မင်းတို့ ဘွဲ့ရ
မမကြီးလဲ ကူညီမယ် ကြားလား"

"ဟုတ်ကဲ့ပါ မမကြီး"

ရန်ကုန်က လာစဉ်က ချစ်ဦးသူကို ထားခဲ့ရ၍ ထား
တွင် ခံစားခဲ့ရပါသည်။

ယခု ရန်ကုန်ကို ပြန်သောအခါ ရောဂါဖြစ်နေသော ဖခင်
လက်ပြရင်း ထား ရင်ထဲတွင် အောင့်တက်လာပါသည်။





အမေနှင့် မောင်၊ ညီမများကိုလည်း ရင်ထဲမှ လွမ်းဆွတ်ခြင်း
များစွာဖြင့် လက်ပြနှုတ်ဆက်ခဲ့ခြင်းဖြစ်သည်။

သင်္ဘောပျောက်ကွယ်သွားသည်အထိ အဖေတို့တစ်စုက
လက်ပြနေကြဆဲ၊ ထားလည်း လက်ပြဆဲ၊ သူတို့ ဘယ်လိုကျန်ခဲ့သည်
သိ။ ထားတော့ မျက်ရည်အစွဲသားနှင့် သင်္ဘောအမြီးပိုင်းတွင်
နာရီပေါင်းများစွာ ကြာခဲ့ပါသည်။

❁❁❁



www.burmeseclassic.com

www.burmeseclassic.com

## အခန်း [၁၆]

ထား ဆေးကျောင်းတွင် သုံးနှစ်သင့်တန်းပြီးဆုံး၍ အလု
သင်ဆရာဝန်အဖြစ် (၁)နှစ်ခန့် ဆင်းရပါမည်။ ဤတစ်နှစ် တာဝန်ပြီး
ဆုံးမှ ဆရာဝန်မှတ်ပုံတင်ရမည်ဖြစ်သည်။

ရဲမော်ကလည်း ဘွဲ့လွန်(၁)နှစ် ထပ်တက်ပြီးနောက် အမြ
တော်ကြေးဌာန တာဝန်ထမ်းဆောင်ရန် အညာမြို့ကြီးတစ်မြို့ဆီ
ပြောင်းရမည်ဖြစ်ကြောင်း သိထားကြပါသည်။

အလုပ်ကိုယ်စီနှင့်မို့ တနင်္ဂနွေတစ်ရက်သာ ချစ်သူနှစ်ဦး
ဆုံဖြစ်ကြတော့သည်။

''ဒေါက်တာမကြီးအတွက်ပါ ခင်ဗျာ''



ဘယ်လောက်ပြောပြော ရဲမော်က နှစ်ယောက်ဆုံတွေ့လေ
ိုင်း အမှတ်တရပစ္စည်းတစ်ခုနှင့် စာတစ်စောင် အမြဲပါလာတတ်
သည်။ ဒီတစ်ခါ ငွေအစစ်နှင့် လုပ်ထားသော စောင်းကောက်ကလေး
ဖြစ်သည်။

''မောင့်စာကို ဖတ်ရရင် ထားက ကျေနပ်နေတာပါနော်၊
က်ဆံကုန်မယ့်ပစ္စည်းမျိုးတွေ ဝယ်မလာပါနဲ့ဆို ပြောလို့ကို မရဘူး''

''အခုတော့ စာက တန်ဖိုးရှိနေမှာပေါ့လေ၊ ယူပြီးတော့
ာက ဂျောင်ထဲကုပ်နေပြီး မောင်ပေးတဲ့ ပစ္စည်းလေးတွေ၊ ငွေထည်
းတွေက ညှိခန်းဗီရိုထဲမှာ လူမြင်သူမြင် နေရမှာဗျ''

''မောင့်စာ'အခု(၃၀)ကျော်ရှိပြီ၊ မောင်နဲ့တွေ့တာလဲ အကြိမ်
ါင်း(၃၀) ရှိသွားပြီ''

''ဟုတ်တယ်၊ မောင်ကလဲ အဲဒါကို မှတ်ထားတာ၊ ထားနဲ့
တွေ့တဲ့ရက်ဆို ဒိုင်ယာရီထဲမှာ အမြဲမှတ်ထားတာ''

''မောင့်ဒိုင်ယာရီတွေက တစ်နှစ်ကုန်တိုင်း ချောင်ထဲရောက်
ာ ထားကတော့ မောင့်စာတွေကိုလေ ငွေသေတ္တာဝယ်ပြီး ထည့်
ားမှာ...''

''မောင် ဝယ်လာခဲ့ရမလား''

''ဟင့်အင်း...၊ ထား ငွေပန်းထိမ်မှာ အော်ဒါပေးထား
ပြီ''



www.burmeseclassic.com

www.burmeseclassic.com



"သားသမီးတွေ၊ မြေးတွေကိုတော့ ထုတ်မပြနဲ့ဦးနော် ရှက်စရာကြီး"

"ပြမှာပဲ"

ထားကရယ်ရင်း ပြန်ပြောသဖြင့် အင်းလျားစောင်းတွင် ရယ်သံတွေ ပျံ့လွင့်နေပါသည်။

မောင်ရေ...

ထား ရှင့်ကိုအသေမုန်းကြီးမှာပဲ ဘာလို့လဲ သိလား ဘာဖြစ် ဘာလုပ်ဆင်းနေရပြီ။

မောင်ရော၊ နေ့ရှိတိုင်းတော့ ဘာဆင်ခြေပြရလဲ ဟင်။ ပြောမှာပါလေ၊ မောင်က ယောင်ယောင်ချွာချွာ ဘာရယ်လို့ ဆိုတော့ ထမင်းဒေါ်ကြွေးချင်တဲ့ ဘာဖြစ်ချင်တွေ ပေါ်နေပေါ့ မဟုတ်လား။

ဘာတုနေကြ တွေ့ကြတုန်းကဲ ထား ခုလောက် ခံစားရမယ်လို့ မထင်ခဲ့ဘူး။ ခု လွမ်းတယ်ဆိုတာ ဒါလားလို့ သိရတော့တယ်။

သူ့နေ့တောင်းဆို ခေါ်ရင်း ပြန်ချိန်ဆို ထား ဘာရမ်းလွမ်းတာပဲ။ မောင်က သူ့နေ့တိုင်း လာလာတွေ့နေကြ မဟုတ်လား၊ တနင်္ဂနွေနေ့ဆိုရင်လဲ ထား ငိုတယ်။





မောင်ရော... သတိရသေးရဲ့လား၊ ချစ်သေးရဲ့လား။

အေးဓာတ်ကို ဖတ်ပြီးသောအခါ ရဲမောင်၏ နှလုံးသားများ ပျော်မတတ် ဖြစ်သွားတော့သည်။

ထား၊ စာရေး အရွှန်းပျင်းမိုရသည်။

ရန်ကုန်မှာ အတူနေစဉ်က စာတစ်စောင်မှ မရေးဘူးခဲ့ပါ။ ယခုရေးတော့လဲ အလေးကလူကို ဆွဲစေလောက်ပါသည်။ နေ့စဉ် တွေ့နေတုန်းကဖြင့်လျှင် စာတစ်စောင် အမြဲရေးပေးတတ်သော ထားကတော့ ယခုလိုအချိန်မျိုးတွင် အလွမ်းဒဏ်ကခံ၍ မဆုံးတော့ပါ။

နယ်ကို ရောက်တာ တစ်လမပြည့်ခင်မှာပဲ ထားက အစောင် ရောက်နေပြီ။

ထား...

မောင် သတိရမြဲပါ ချစ်မြဲပါ လွမ်းမြဲပါ များစွာနဲ့ စာရေးလိုက်တယ်နော်။ ထားက ဘာဖြစ်ချင်တွေ ဒေါ်လို့ ပျော်နေသလားလို့ မေးတယ်နော်။ ထားလောက်ရှိတဲ့သူ မောင် မတွေ့ရနိုင်တော့ပါဘူး။ အင်းလျားစောင်း သူ့နေ့ခင်း အလွမ်းသာမှာ ထားဆိုတဲ့ မိန်းမလှတစ်ယောက်ရဲ့ ဘာလှကို နေ့စဉ် မြင်တွေ့ခဲ့ရတဲ့ လူတစ်ယောက်အတွက် သူ့နေ့ခင်း



www.burmeseclassic.com

တွေမှာ ယုံကြည်မှုတွေ့ လိုခြင်းဆိုတဲ့ သစ္စာတွေကို ထိန်းရအောင် ဖြစ်နေပါတယ် ထားရယ်။

လှိုင်းထနေတဲ့ သံပင်လှေလှော ဇင်ယော်တောင် မျက်ခုံနက်နက်၊ မျက်တောင်ကော့ကြီးတွေ၊ နှုတ်ခမ်းနီမြမြနဲ့ မထူမပါး နှာခေါင်းတွေဟာ မောင့်မျက်လုံးပုံရိပ်မြှားရော၊ မောင့်နှလုံးသားမှာပါ ပုံဖော်ပြီးသား စွဲထင်ပြီးသားအရာတွေပါ။

မောင်မရှိတဲ့အချိန်မှာ တခြား ရွှေခွန်ဆိုတွေ လာခဲ့ရင် အရေးမစိုက်နဲ့ဦး။

ဆရာဝန်ကလေးကို တွေ့ချင်မြင်ချင် ခင်တွယ်ချင်လို့ လူနာယောင်ဆောင်ပြီး ဆေးရုံလာတာကတဲ့ အကြံအဖန် သမားတွေနဲ့ တွေ့မှာ စိုးတယ်ကွာ...။

မောင် လုံးဝစိတ်မချဘူး။

အမြန်ဆုံး လက်ထပ်ချင်လှပြီ အချစ်...။

လေးနှစ်ဆိုတဲ့အချိန်က ကုန်ခဲလိုက်တာ၊ နောက်ထပ် ၂ နှစ်ကို မောင်တော့ သည်းမခံချင်တော့ဘူး ဖြစ်နေပြီ။ ဖြစ်နိုင်ရင် အမြန်ဆုံး လက်ထပ်ရအောင် ထားရယ်.. မောင့်ကို နားလည်ပါနော်။

အချစ်များစွာနဲ့ မောင်

ရဲမော်





ချစ်သူနှစ်ယောက် တစ်လှည့်စီ စာပြန်ရင်း အချိန်သုံးလခန့် ကုန်သွားခဲ့ပါသည်။

မောင်ရေ...

ထား လက်ထောက်ဆရာဝန်အဖြစ် ကောင်မေကို ပြောင်းရတော့မယ်။

နယ်ဝေးရဲ့မှာ အမျိုးသမီးဆရာဝန်တွေ မရှိလို့ အမျိုးသမီးဆရာဝန်အသစ်တွေကို လက်ထောက်ဆရာဝန်အဖြစ်နဲ့ နယ်လွှတ်တာလေ။ အလုပ်သင်ဆရာဝန်အဖြစ် တစ်နှစ်နေရမယ့်အစား ၄ လနဲ့ ဆရာဝန်ဖြစ်ပြီလေ။ အလုပ်ခန့်စာလဲ ရတော့ ထားဖြင့် ဝမ်းသာလိုက်တာမောင်ရယ်။ ထားကို မေမေ ခွင့်ယူပြီးလိုက်ပို့ပေးမယ်တဲ့။ မေမေလဲ ပါမှာ လေ... ပျော်စရာကြီးနော်။ မောင်ရေ ၄ နှစ်ဆိုတာ ၈ လတော့ လျော့သွားပြီနော်၊ မောင် မပျော်ဘူးလားဟင်။

ရဲမော်က ဝမ်းသာကြောင်း အမြန်လက်ထပ်ဖို့ လက်ချိုးရေတွက် စောင့်စားနေကြောင်း စာထဲမှ ချွဲထားပါသည်။



www.burmeseclassic.com

www.burmeseclassic.com



မောင်ရေ...

မောင်ပေါ့ ဆောင်းတွင်းဒဏ်ကို ထားတော့ အရိုးကွဲမတတ်ကို ခံစားနေရတယ်ကွယ်။

ဦးထုပ်၊ ခြေအိတ်တွေ ဆောင်ထား၊ စွပ်ကျယ်ခြုံထားပြီး အနွေးထည်အထပ်ထပ် ဝတ်ထားတာတောင် အချမ်းက မပျောက်ဘူး မောင်ရေ။ အနွေးထည်တွေကြီး ဝယ်နေရတော့တာပဲ။

ရဲမော်၏ ပြန်စာကို ဖတ်ပြီး ထားက ရယ်နေပါသည်။

ထား...

တကယ်ချမ်းလာရင် စောင်ခြုံလဲ မလုံဘူး၊ မီးလှုံလဲ မလုံဘူးဗျ။ ချစ်သူရင်ခွင်ထဲဝင်မှ နွေးတာ၊ မောင် အလုပ်ပြောင်းလာခဲ့ရတာလား၊ လက်ထပ်ပြီးရင်တော့ ထား ချမ်းမှာ မဟုတ်တော့ဘူး။

ပြော်... ဝမ်းသာစရာ ပြောရဦးမယ်၊ ဗိုလ်လွန်နဲ့ သန်းအောင် ရုံးမှာ လက်မှတ်ထိုးလိုက်ကြပြီ။ မောင်တို့တော့ တမကြောင်းတော့ဘူး၊ သနားစရာ ဖြစ်နေပြီ။

တိုက်တိုက်ဆိုင်ဆိုင် ထားဆီ လူကြုံဖြင့် နောက်ထပ် စာတစ်စောင် ထပ်ရောက်လာခဲ့သည်။ လက်ရေးကို မြင်တော့ ဖခင်ဆီက မှန်း သိလိုက်ပါသည်။





သမီးကြီး...

နေကောင်းတယ် မဟုတ်လား။

မေမေတို့ မိသားစုအားလုံးပဲ နေကောင်းကြပါတယ်။

သမီး သိသင့်တယ်ထင်လို့ အသိပေးရဦးမယ်၊ မိဘဆင်းရဲမှုတော့ မဖြစ်စေချင်ဘူးကွယ်။

သမီးကြီးက အသို့ကို စာတော်စေချင်မယ်၊ ဘွဲ့ရစေချင်မယ်၊ ဒီကောင် ဒုတိယနှစ်ကိုတောင် မြဲအောင် မတက်ဘူးလေ၊ အခု မိန်းမနိုးသွားခဲ့ပြီ၊ သူ့နဲ့ ဘာသာတူ အရွယ်တူ ကျောင်းသူလေးကိုပဲပေါ့...။

ကောင်မလေးက ရုပ်ရည်ကတော့ ချောတယ်၊ ပြည့်ပြည့်စုံစုံ မရှိဘူး၊ မေမေတို့ကပဲ မင်္ဂလာဆောင်ခဲ့ပွဲ လုပ်ပြီး အိမ်မှာ ခေါ်ထားရမှာ။

ထား စာကို ဆုံးအောင် ဆက်မဖတ်နိုင်တော့ဘဲ အိပ်ယာထဲ ခွေနေမိတော့သည်။



www.burmeseclassic.com

www.burmeseclassic.com



နောက်(၂)နှစ် သူဘွဲ့ရ၍ အလုပ်ရလျှင် မိဘများအတွက် တစ်တပ်တစ်အား ကူညီမှာပဲဟု စိတ်ကူးထားမိတာတွေ လေထဲမှာ လွင့်သွားခဲ့ပါပြီ။

စိတ်ညစ်သဖြင့် ထား ခြေတွေလက်တွေ မသယ်ချင်အောင် ဖြစ်နေတော့သည်။

နွေရာသီ ကျောင်းပိတ်ရက်တွင် ထားတို့မိသားတစ်စုလုံး တောင်ပေါ်တွင် အတူရှိဖို့ ထား ဖိတ်ခေါ်ထားသည်။

ထို့ကြောင့် မိသားစုများ လာနေလျှင် အဆင်ပြေစေရန် အတွက် ဆေးရုံနားရက်တွင် ထား အိမ်ခန်းငှားမည့်သူများကို လိုက်ထ စုံစမ်းမိသည်။

"ထား"

"ရှင်"

မြို့ထဲမှ စက်ဘီးနှင့် ပြန်လာသော ထား၏ အနီးသို့ ကား တစ်စီး ထိုးရပ်ပြီး ခေါ်ခြင်းဖြစ်သည်။

"ဩော်...ဆရာဝန်ကြီးပါလား"

ဟုတ်ပါသည်။ ဒေါက်တာ ထွန်းအောင်ဇော်က ပြုံးရင်း ကားပေါ်မှ ဆင်းလာပါသည်။

ထား အရပ်မြင့်ပါသော်လည်း ဆရာဝန်ကြီးကို မော့ကြည့် ယူရသည်။ အသားနီစပ်စပ်၊ နှာတံပေါ်ပေါ် ဆံပင်က အနီးရောင်သန်း ပြီး မျက်ခုံးမျက်လုံးကောင်းသဖြင့် ရုတ်တရက်ကြည့်လျှင် နိုင်ငံခြား သားလား ထင်ရပါသည်။

"ထား...အိမ်လိုက်ငှားနေတယ်ဆို"

"ဟုတ်ပါတယ်၊ ဒေါက်တာ့ကို ဘယ်သူပြောလဲ"

"သူနာပြုတစ်ယောက် ပြောလို့ပါ၊ ထားရဲ့ မိဘတွေက နွေရာသီကျောင်းပိတ်ရက်ပဲ နေမှာဆိုတော့ ငှားမနေပါနဲ့။ ကိုယ်ဝယ် ထားတဲ့ တိုက်ရှိပါတယ်"

"ဆရာ့ကို အားနာပြီး ဖေဖေတို့ နေကြမယ် မထင်ပါဘူး"

"မဟုတ်ဘူးလေ၊ ကိုယ်က ဆေးရုံဝင်းထဲက အိမ်မှာနေရင် ရတာပဲ။ ဒီတိုင်း ပိတ်ထားတာပဲ"

"အားနာစရာတွေ ဖြစ်ကုန်မယ်ထင်တယ်"

"ခါတိုင်းလဲ ကိုယ် ဆေးရုံဝင်းထဲ တစ်လှည့်လာနေတာ ပဲ။ အလုပ်သမားတစ်ယောက် ကိုယ့်အိပ်ခန်းနဲ့ တစ်တိုက်လုံး၊ တစ်ခြံလုံး ရှင်းပေးထားလို့ အချိန်မရွေးဝင်အိပ်လို့ ရပါတယ်။ မြို့ထဲ အိမ်မှာက အနေပိုနည်းတယ်"

ဆရာဝန်ကြီး အလွန်သဒ္ဓါနေမှန်းသိ၍ ထား ငြင်းမနေတော့ ပါ။

"ဘယ်နေ့ရောက်မလဲ၊ ကိုယ့်ခြံထဲတိုက်မှာ ရှင်းခိုင်းထား လိုက်မယ်၊ အိမ်သုံးပစ္စည်းက အစုံရှိတယ်၊ ဘာမှ မလိုဘူး၊ ကားလဲ







www.burmeseclassic.com

www.burmeseclassic.com



ပေးထားလိုက်၊ ကိုယ် ဆေးရုံက ကားကို သုံးလို့ရတယ်"

ထား ရိပ်မိပါသည်။

ဤဆေးရုံကို ပြောင်းလာခါစထဲက ဆရာကြီး၏ အကြည့်တွေက မရိုးသားဟု ထင်ခဲ့ပါသည်။

သို့သော် ထားအတွက် ရည်းစားစာတွေက တစ်ပတ်ကို သုံးစောင်ခန့် လာနေတတ်သလို ထားကလည်း စာပြန်ဖို့ အမြဲကြိုးစားတတ်ပြီး ချစ်သူကို လွမ်းနေကြောင်း ဆေးရုံတစ်ခုလုံးက သိသလို ဆရာဝန်ကြီးလည်း သိနေမည် ထင်ပါသည်။

"ကိုယ်...စေတနာသန့်သန့်နဲ့ ကူညီတာပါ၊ ဘာ အခွင့်အရေးမှ မလိုချင်ပါဘူး၊ ထား လက်ခံပါ"

"ထား လက်ခံမှာပါ ဆရာကြီး၊ ကျေးဇူးလဲ အများကြီးတင်ပါတယ်ရှင်"

"ကိုယ်ဝမ်းသာသွားပြီ ထားရေ၊ နက်ဖြန် သော့ပေးမယ်၊ အဖော်တစ်ယောက်နဲ့ အိမ်ကို သွားကြည့်ဦး၊ လိုတာလဲပြော၊ ကိုယ် ထပ်ဖြည့်ပေးမယ်"

ထားက ကျေးဇူးအထူးတင်သောမျက်လုံးဖြင့် ပြုံးပြရင်း ခေါင်းညိတ်ပြလိုက်မိပါသည်။

ထား ဆေးရုံကို ပြန်ရောက်တော့ အခန်းဖော် သူနာပြုဆရာမကို ထိုကိစ္စ ဖွင့်ပြောပြလိုက်သည်။





"အင်း...အစတည်းက ဒေါက်တာ ထားကို သူသဘောကျနေတယ်ဆိုတာ မေဝါတို့ သိပါတယ်။ ဒါပေမယ့် သူက စည်းရှိတယ်၊ ပိုင်ရှင်ရှိမှန်းသိလို့ သူ မသိမသာ ခိုးကြည့်ရုံပဲ ကြည့်တယ်၊ ဦးထွန်းအောင်ဇော်က မိန်းကလေးတိုင်းကို စိတ်မဝင်စားတာ အမှန်ပဲ၊ မြို့ထဲက ကောင်မလေးတွေ ဆေးရုံအထိလိုက်လာပြီး ညိုမြလုပ်ကြ၊ ရေလာမြောင်းပေးလုပ်ကြနဲ့ သိပ် မျက်စိရှက်စရာ၊ နားရှက်စရာ ကောင်းတာပဲ"

"သူက ဒီအရွယ်အထိ ဘာဖြစ်လို့ မိန်းမ မယူတာတဲ့လဲ"

"သူ့အမျိုးတွေက နိုင်ငံခြားမှာ များတယ်လေ၊ သူလဲ တစ်နေ့လိုက်သွားဖို့ ရည်ရွယ်ချက်ရှိလို့ နေမှာပေါ့"

ထားက ပခုံးလေးတွန့်နေသဖြင့်...

"ဒေါက်တာထား ဘာဖြစ်တာလဲ"

"ကိုယ့်မှာ ရည်းစားမရှိလဲ၊ နိုင်ငံခြားလိုက်ရမှာကြောက်လို့ သူ့ကို မယူနိုင်ဘူးဆိုတဲ့ အဓိပ္ပါယ်ပေါ့ကွယ်။ သူ့ကြည့်ရတာ မြန်မာတော့ မစစ်ဘူးထင်တယ်"

"ဟုတ်တယ်...ရှမ်း မြန်မာ၊ ဗိုလ်စပ်ပုံရတယ်၊ ရန်ကုန်က ဧည့်သည်တွေလာရင် တနင်္ဂနွေနေ့ ဘုရားရှိခိုးကျောင်း (ချပ်စ်)တက်တာ တွေ့ဖူးတယ်။ ဒါပေမယ့် မတက်တာက များတယ်၊ မြန်မာလိုလဲ ကိုးကွယ်ပုံရတယ်၊ ဘုန်းကြီးကျောင်းလဲ သွားတာပဲ၊ ဘုရားလဲ ရှိခိုးတာပဲ"



www.burmeseclassic.com

www.burmeseclassic.com



''ဘယ်လိုလဲ မသိဘူးနော်''

''ကြည့်ရတာ မိဘမျိုးရိုးအားလုံးကို လုပ်ပုံရတယ်''

ထား ပခုံး ထပ်တွန့်သွားပြန်ပါသည်။

''အင်း…သူ့ဘာသာသူ ဘာပဲ ကိုးကွယ်ကိုးကွယ် ကိုယ်ယုံမှာမှ မဟုတ်တာ။ လောလောဆယ် ကိုယ်လုပ်ရမှာက နက်ဖြန်သူ အိမ်သော့ပေးရင် မင်းနဲ့ သူ့တိုက်နဲ့ခြံကို သွားလေ့လာကြမယ်''

''ဟုတ်ကဲ့…မေဝါ လိုက်ခဲ့ပေးပါ့မယ်၊ ဘယ်အချိန်သွားမလဲ ဒေါက်တာထား''

''မနက်ရှစ်နာရီလောက်ပေါ့ကွယ်''

❋❋❋



အခန်း (၁၅)

ခြံထဲတွင် ပန်းပင်၊ သီးပင်၊ စားပင်တွေက စုံနေပါသည်။ ...စောင့်က တံခါးလာဖွင့်ပေးသည်။

''အိမ်ငှားထားတဲ့ ဒေါက်တာမ ထင်တယ်''

''ဟုတ်တယ်၊ ဒီမှာ ဆရာဝန်ကြီး သော့ပေးလိုက်တယ်''

''ဟုတ်ကဲ့ ခင်ဗျာ၊ ခိုင်းစရာရှိရင် ကျွန်တော့်ကို ခိုင်းပါ''

ခြံစောင့်က အရိုအသေပေးရင်း ပြောခြင်းဖြစ်သည်။

ဖြူဖွေးနေသော လုံးချင်းတစ်ထပ်တိုက်ကလေးက နေချင်...ပါဝဲ။ တံခါးဖွင့်လိုက်သောအခါ နိုင်ငံခြားရုပ်ရှင်ထဲကအတိုင်း ...ဆီးကို ဖြတ်၍ ထိုးဖောက်နေသော နေရောင်ခြည်ကို ငွေးထွေး

www.burmeseclassic.com

www.burmeseclassic.com



စွာ ခံစားလိုက်ရပါသည်။

အဖြူရောင် ဆေးသုတ်ထားသည့် တိုက်ထဲတွင် မီးခိုးရော[င်] ဆိုဖာတွေက ထင်းနေသည်။ ပန်းချီကားချပ်တွေကို လှပစွာ ချိတ်ထား[း] သည်။

အိပ်ခန်းသုံးခန်းတွင် ရေချိုးခန်း၊ အိမ်သာ သီးသန့်ပါသည် မီးဖိုခန်းလည်းရှိသည်။

မိဘများ စိတ်ချမ်းသာကြမှာပဲဟု တွေးပြီး ကျေနပ်မိသည်

ပန်းခြံထဲတွင်လည်း ထိုင်ခုံနှင့် ဒါန်းပုခက်နှင့် ဘာမျှ လို[ေ] သေးမရှိပါ။

"ဘာထပ်လုပ်ပေးရဦးမလဲ ဒေါက်တာထား"

"အင်း...ဘာမှကို မလိုပါဘူးလေ၊ မီးဖိုချောင်နဲ့ ထမင်းစာ ခန်းမှာ ပန်းကန်ခွက်ရောက် အပြည့်အစုံပဲဆိုတော့ ကဲ...ကိုယ် ပြန်ဖို့ပဲ ရှိတာပဲ"

ဆေးရုံဝင်းထဲ ပြန်ရောက်သောအခါ ဦးထွန်းအောင်ဇော် စောင့်ကြို၍ နေပါသည်။

"ဘယ်လိုလဲ ထား၊ အဆင်ပြေရဲ့လား"

"ဘာမှကို ထပ်ဖြည့်စရာမလိုတော့ပါဘူး ဆရာကြီး"

"အိပ်ခန်းထဲက ဗီရိုတွေထဲမှာ ဂွမ်းပုံတွေ၊ သိုးမွေးစောင် ရှိတယ်နော်"





"ဟုတ်ကဲ့ပါ"

အခုတလော အလုပ်ရှုပ်နေသဖြင့် ချစ်သူထံ စာရေးဖို့ပင် နောက်ကျနေခဲ့ပါသည်။

ထားအတွက် ရဲမော်က စာနှစ်စောင်ပို့ထားပြီးပြီ။

ထား...

နေကောင်းရဲ့လား...

မောင့်ဆီ စာမပြန်ဖြစ်တာ အလုပ်ရှုပ်နေလို့လား၊ ဒါမှမဟုတ် မီးဝေးလို့ ချိတ်မိသွားတာလား၊ ဒေါက်တာ ထားအနားမှာ အစားထိုးမယ့်သူ ရှိသွားလို့လား။

ချစ်သူ၏ ခန့်စာများကို ဖတ်ရင်း ထား စိတ်ပူသလို၊ ချမ်းသလို၊ လွမ်းသလို စိတ်ခံစားမှုအမျိုးမျိုး ဖြစ်ပေါ်ခံစားနေရပါတော့သည်။

ထို့ကြောင့် ချက်ချင်း စာပြန်ရေးရပါတော့သည်။

အချစ်ဆုံးမောင်...

ထား နေကောင်းပါတယ်။

မောင်ထင်သလို ထား အလုပ်ရှုပ်နေတာပါ။



www.burmeseclassic.com

www.burmeseclassic.com



ပြီးတော့ မိတ်ဆွေရတာလဲ ပါတယ်။

မောင့်ကို အသိပေးရင် မောင် မိတ်ရှုပ်မှာစိုးလို့ မပြောဘဲ ထားခဲ့တာ။ ခုတော့ မောင် တလွဲထင်မှာစိုးလို့ ထား အသိပေးပါ့မယ်။

အညိုက ဒုတိယနှစ်ပြီးခါနီးမှာ မိန်းမခိုးသွားခဲ့တယ် မောင်၊ မေမေတို့အတွက် ပိုအခက်အခဲဖြစ်အောင် လုပ်သွားလို့ပါပေါ့။

မေမေတို့လဲ မိတ်ညစ်လို့ထင်တယ်၊ ချိန် ဆယ်တန်းအောင်ပြီတာနဲ့ မေမြို့မှာ တစ်လလောက် ခွင့်ယူပြီး အနားယူမယ်လေ။ မေမေတို့လာရင် တည်းခိုဖို့အတွက် ထား စီစဉ်နေရလို့ မောင့်ဆီ စာမပြန်နိုင်သေးတာပါ။

ဟိုလူ ဒီလူတွေနဲ့တော့ အလယ်မလွဲပါနဲ့ မောင်ရယ်၊ ထားရဲ့ အချစ်ဦးဟာ မောင်ပါ၊ အချစ်ဆုံးဟာလဲ မောင်ပါပဲ၊ ထား လက်ထပ်ဖို့ ရည်ရွယ်ထားပြီးသားလူဟာလဲ မောင်ပါပဲနော်။

တတ်နိုင်ရင်လေ ထားလဲ မောင်နဲ့ လက်ထပ်ပြီး အတူနေချင်ပါပြီ။ ဒါပေမယ့် ထားက သမီးအကြီးဆုံးလေ။ ပြီးတော့ မွေးတုန်းက ထားအတွက်ပဲ မိဘတွေက ဦးစားပေးခဲ့ကြတာ။ ထားအတွက် သူတို့ဘဝကို မြှုပ်နှံထားခဲ့ကြတဲ့ မိဘတွေပါ။ သူများမိဘတွေထက်ကို သူတို့ မိတ်မော၊





လူမော ရှိခဲ့ရှာတာပါ။

သူတို့ လာလည်မယ်ဆိုတော့လဲ ထား တာဝန်ကျေဖို့ ကြိုးစားရတာပေါ့။

မောင်လဲ ဒီနွေမှာ ခွင့်ရရင် လာခဲ့ပါလား။

မေမေတို့နဲ့ မိတ်ဆက်ပေးပြီး အဆင်ပြေရင် စေ့စပ်လိုက်ကြရအောင်လေ၊ မိဘအတွက် တာဝန်ကျေသလို ချစ်သူအတွက်လဲ တာဝန်ကျေမယ့်သူပါ မောင်ရယ်...။

မောင် လာဖြစ်မယ်ဆိုရင် ထားလောက် ပျော်မယ့် သူ ရှိတော့မယ် မထင်ဘူး။

ချစ်သူကို ချော့သည့်စာလေး စာတိုက်မှ ထည့်လိုက်ပြီးတော့ ပြန်စာကို မျှော်ရတာ လည်ပင်းရှည်လုအောင်ပါပဲ။

တစ်ခါတလေ တစ်လလောက်ကြာမှ ပြန်ကြားစာရောက်လာတတ်သည်။ ယခုလည်း (၁၅)ရက် ကျော်သွားခဲ့ပြီလေ။

ခုတော့ မနက် မိသားစုစားဖို့ မုန့်ထွက်ဝယ်၊ မိခင်နှင့် ထွက်ဝယ်၊ ခွင့်(၁၀)ရက်စေ့သောအခါ ဆေးရုံပြန်ဆင်း၊ ညနေ မိဘများထံပြန်။

အလုပ်ရှုပ်နေသော်လည်း ဆေးရုံရောက်လျှင် စာရောက်၊ ရောက်တော့ အရင် ပြေးကြည့်ရတာ အမောပါပဲ။



www.burmeseclassic.com

ထား ထည့်လိုက်သောစာကို ပြန်ကြားရေးသားသည့်စာ ရောက်လာပါသည်။

ထား ထည့်ပြီး ရက်(၂၀)ကြာသောအခါတွင် ဖြစ်သည်။

ထား...

စာရောက်တာက ပြန်ဖို့၊ အလုပ်တွေ များနေလို့ တစ်ပတ်လောက် နောက်ကျသွားတယ်။

ထားဆီလာဖို့ ကိုယ် ခွင့်ယူထားခဲ့တာ ရပါတယ်။

ဒါပေမယ့် ထားမိဘရဲ့ ရောက်နေတဲ့အချိန်မှာ ကိုယ် မလာသင့်ဘူးလို့ ထင်တယ်၊ မိဘရဲ့ လွတ်လပ်စွာ ပျော်ရွှင်စေချင်တယ်၊ ထား မိဘကလဲ အခွင့်အရေးယူတဲ့လူလို့ ထင်သွားမှာ စိုးတယ်လေ။ ဒါကြောင့် ကိုယ့် ကျောင်းကိုပဲ ပြန်ဖို့ ဆုံးဖြတ်လိုက်တယ်။

နောက် ၂ လလောက်နေရင်တော့ ခွင့် ထပ်တင်ကြည့်မယ်၊ အဲဒီတော့မှ ထားဆီ သီးသန့်လာခဲ့တော့မယ်။

စာဖတ်ပြီး ထား သက်ပြင်းရှည်ကြီး ချလိုက်မိသည်။ ရင်ထဲတွင် စိတ်မကောင်းခြင်း၊ စိတ်ပူခြင်း၊ ခံပြင်းခြင်းတို့ကို စုပြုံခံစားလိုက်ရသည်။





သူ စိတ်ကောက်တာလား...။

ဒါမှမဟုတ် တကယ်အားနာတာလား။

နောက်ဆုံးတော့ သူ ခွင့်ထပ်တင်ထားသည်ဆို၍ ဝေဒနာအားလုံးကို ဖြေသိမ့်လိုက်နိုင်ပါသည်။

သူ့ဘက်က ကြည့်တော့လဲ တွေ့ချင်လွန်း၍ စုဆောင်းထားသည့် ခွင့်ရက်ရှည်ကြီးကို စွန့်လွှတ်လိုက်ရသည့် မဟုတ်လား။

ခွင့်လွှတ်ခြင်း၊ ခွင့်မလွှတ်ခြင်းများနှင့်ပင် ထား သုံးလေးရက်ကြာတော့ ခံနိုင်ရည်ရှိသွားခဲ့ပါသည်။ ပုံမှန်အနေအထား ပြန်ရောက်ခဲ့ပါသည်။

မောင်ရေ...

မေမေတို့ မနက်ကပဲ ပြန်သွားကြပြီ။

မောင် နောက် ၂ လနေရင် တကယ်လာခဲ့နော်၊ ထားတို့ တောင်ပေါ်မှာ ၂ ရက်လောက်နေပြီး မေမေတို့ဆီကို အလည်လောက်သွားရအောင်နော်၊ မောင့်မေမေတို့ရော အဲဒီ ရက်ပိုင်း အားလို့ ရမလားဟင်၊ ထားတို့ စေ့စပ်လိုက်ကြရအောင်လေ။



www.burmeseclassic.com

www.burmeseclassic.com



အထက်ပါ စာအတွက် ရဲမော်၏ ပြန်စာ ရောက်လာသော အခါ ထား မျက်ရည်ကျရပါတော့သည်။

ထား...

ထားနဲ့တွေ့ချင်လို့၊ ထားနဲ့အတူ အနားယူ အပမ်းဖြေချင်လို့ မောင် လာခဲ့မှာပါ။

ဘာလဲထား... စေ့စပ်ပြီးမှ အနီးကပ်နေချင့်ရှိမှာတဲ့လား၊ သုံးနှစ်ပြည့်အောင် ချစ်ကြိုက်လာကြပြီးတဲ့၊ လုပ်ငန်းခွင်ဝင်နေတဲ့ ချစ်သူအချင်းချင်းမှာ ယုံကြည်မှုမရှိဘူးတဲ့လား။

မောင် ချစ်မှန်းသိလို့ ထား အနီးယူချင်တာလား။

ကိုယ်နှိုင်းယှဉ်ပါလား့ [illegible] ထားမှာ လူပျိုသရောဝန်ကြီးမှာတော့ သွားနေပဲ့သတဲ့လား။

ထား စာဆက်မဖတ်နိုင်တော့ပါ။

ရင်ဘတ်ကို လက်ဖြင့် ဖိထားလိုက်မိသည်။

သူ...ဘယ်လို သိတာလဲ...။

ထားကို အတော်အပြစ်တင်ထားပါလား။ ဘာပဲဖြစ်ဖြစ် ထား





သူ့ကိုမှ မပြတ်နိုင်တာ၊ အရှုံးပေးဖို့ ဆုံးဖြတ်လိုက်တော့သည်။

မောင်ရေ...

မိတ်ဆိုးနေပုံရတယ်။

အထင်တော့ မလွဲပါနဲ့မောင်ရယ်၊ မောင် ခွင့်နဲ့လာတဲ့အချိန်၊ ရုံးမှာ လက်မှတ်ထိုးလိုက်ကြရအောင်နော်၊ အစိုးရဝန်ထမ်းတွေဆိုတော့ အတူတူနေဖို့တော့ တစ်မြို့တည်းဖြစ်အောင် ထပ်ကြိုးစားကြရဦးမှာပဲ။ မောင်လာဖြစ်အောင် လာခဲ့နော်။

ထိုစာရေးထည့်ပြီး ထုံးစံအတိုင်း မျှော်နေမိသည်။

ဇနီးလောင်းသို့...

နောက် ၁၀ ရက်ဆို ကိုယ် မိန်းမရတော့မယ်။ ရင်တွေ ဘာတွေ ခုန်ခိုသေးတယ်၊ ချစ်သူကို မတွေ့ရတာလဲ ကြာသွားပြီကိုး။ ဟော... လက်ထပ်ပြီးရင်တော့ မောင်ပိုင်သွားပြီပေါ့နော်၊ ခွင့်ကလဲ တစ်လတောင် ယူလာမှာဆိုတော့ ချစ်သူနဲ့ ကြည်နူးရအုံးမယ်၊ ဟို သရောဝန်ကြီးအိမ်ကိုလဲ တစ်လလောက် ထပြေးထားလိုက်ပါလား၊



www.burmeseclassic.com

www.burmeseclassic.com



လာခဲ့မေဆိုလဲ ပေးပါ့မယ်၊ မှားဘူးဆိုရင်တော့ တခြားမှာပဲ
ငှားလားလိုက်ဦးနော်...။

တကယ်တမ်း ယောကျ်ားယူမည်၊ ရုံးမှာ လက်မှတ်ထိုးမည် ဆိုသည့်ကိစ္စများကို မိဘများကို အသိမပေးဘဲ ဖြစ်ပါ့မလား၊ စော်ကား ရာ ရောက်လေတော့မည်။

ချစ်သူထံလည်း မိဘများကို ခေါ်ထားမည့်အကြောင်း စာပြန် ရေးဖို့ အချိန်မရှိ။

မိဘများထံလည်း စာရေးအကြောင်းဖို့ မမီ။ ထို့ကြောင့် သူနာပြုဆရာမ မေဝါ့ကို အကြံညာဏ် ကပ်တောင်းရတော့သည်။

"ဒီအတွက် ဘာမှ စိတ်ညစ်မနေပါနဲ့ ဒေါက်တာထားရေ မေဝါ့မောင်လေးကို လွှတ်ပြီး ပြောခိုင်းလိုက်၊ တစ်ခါတည်း မိဘတွေ လိုက်ခဲ့ဖို့ စာရေးပေးလိုက်ပေါ့"

"အားနာစရာကြီးကွယ်"

"ရပါတယ်၊ မောင်လေးလဲ အားနေတာပဲ၊ ကူညီနိုင်မေ ဆို ကူညီရမှာပဲ၊ လက်ထပ်တဲ့အချိန်မှာ မိဘတော့ ရှိသင့်တာပေ ဘာကလဲ အချိန်ယူပြီး ခမ်းခမ်းနားနားလေးလုပ်တာ မဟုတ်ဘူး"

"သူက ထားကို စိတ်ကောက်နေတာ များပြီလေ"

"ယောကျ်ားပဲ၊ ဒီလောက်တော့ စိတ်ရှည်ရမှာပေါ့"





"သူ စောင့်နေရတာလဲ လေးနှစ်ပြည့်တော့မှာလေ"

ထားက ချစ်သူ့ဘက်က ကာကွယ်၍သာ ပြောနေမိသည်။

"ဆရာကြီးကြားတော့ အတော်အံ့သြသွားတာ၊ မျက်နှာ အတော်ပျက်သွားတာ၊ သူ ထားကို အတော်စွဲလန်းနေပုံရတယ်"

"ကိုရဲမော်ဆီကိုလည်း ဦးထွန်းအောင့်ဇော် ကြိုက်နေတယ် ဆိုတာ ဘယ်သူများ သတင်းပို့လိုက်တယ် မသိဘူး၊ ခနဲ့တဲ့တဲ့နဲ့ စာထဲမှာ ထည့်ရေးထားတယ်လေ"

"သြော်...ဒါကြောင့် ထားက လက်ထပ်ဖို့ အမြန်စီစဉ်လိုက် တာကိုး"

"ဟုတ်တယ် မေဝါရေ။ ကဲ နက်ဖြန်မနက်စောစော မေဝါ့ မောင်လေးကို လွှတ်ကြရအောင်နော်။ မေမေတို့ မေမေတို့ကို ဒီတစ်ခါ ဆေးရုံးဝင်းထဲကအိမ်မှာပဲ ထားလိုက်တော့မယ်"

"ဆရာကြီး ကူညီမယ်ထင်တယ်"

"ကောင်းပါ့မလားကွယ်...ကိုယ်တော့ မျက်နှာပူနေမိတယ်၊ အားနာနေမိတယ်၊ သနားလည်း သနားမိတယ်"

"ဒါဆိုလည်း ဆရာကြီးကိုပဲ ယူလိုက်ပေါ့။ ဆရာကြီးက ထားထက် ဆယ်သုံးနှစ်ကြီးတာကလွဲရင် ရုပ်ရော၊ ဂုဏ်ရော၊ ဥစ္စာ အားရော အဘက်ဘက်က ပြည့်စုံတယ်။ အသက်လေးဆယ်ဆိုပေမယ့် ခင်းသားလိုပဲ ချောတုံး၊ သုံးဆယ်ကျော်ပဲ ထင်ရတယ်။ ကိုယ်သာ



www.burmeseclassic.com

www.burmeseclassic.com



ထားနေရာမှာဆို ဆရာကြီးကိုပဲ ရွေးမှာ"

"အို…လက်ခံပြီးသားချစ်သူ မရှိဘူးဆိုရင်တော့ ဆရာကြီးလိုလူဟာ ဘာအပြစ်မှ မရှိတဲ့လူပေါ့ကွယ်။ ဒါပေမယ့် ကိုရဲမော်ကိုလေ မြင်မြင်ချင်း ထား ရင်ခုန်ခဲ့မိတယ်။ သူဟာ ထားရဲ့ အချစ်ဦးလည်း ဖြစ်တယ်၊ အချစ်ဆုံးလည်းဖြစ်တယ်။ သူ ထားကို သိပ်ချစ်တယ် ဆိုတာလည်း သိပါတယ်။ ထားအတွက် အချိန်တွေအများကြီး ပေးခဲ့ ရှာပါတယ်ကွယ်"

"သိပါတယ်…သိပါတယ်။ ကဲ… စာရေးထားပေးတော့။ မနက်စောစော လွှတ်လိုက်မယ်"

"ကျေးဇူးအများကြီးတင်ပါတယ် မေဝါရယ်"

❁❁❁



အခန်း [၁၈]

ဘုတာသို့ ထား အစောကြီး ရောက်နေခဲ့ပါသည်။

"ဟိတ်…ထား၊ မောင်ဒီမှာ"

ရထားမရပ်ခင် ထားကို လှမ်းအော်ထားသဖြင့် အသံလာရာ တွဲဆီသို့ ထား ပြေးလိုက်သွားမိသည်။

တစ်ယောက်ကိုတစ်ယောက် ဝမ်းသာအားရ လက်ပြ နှုတ်ဆက်ပြီးမှ ထား ရှက်သလိုလို ဖြစ်သွားသည်။

ထားလက်ကို ဆွဲရင်း သူက ပွးပွးရွှေ့ရွှေ့ဖြင့် မျက်နှာအား ပူးကပ်ပြီး…

"ဟိတ်…အိမ်ငှားထားပြီးပြီလား"

www.burmeseclassic.com

www.burmeseclassic.com



"ဖြည်းဖြည်းပေါ့မောင်ရယ်၊ တစ်ခုခုစားရင်း စကားပြော ရအောင်နော်"

ရဲမော်က ချစ်သူမျက်နှာကို လှမ်းကြည့်ရင်း ဆိုင်ထဲ ဝင်ရောက်လာခြင်းဖြစ်သည်။

"မောင်…ဘာစားမလဲဟင်။ ရှမ်းခေါက်ဆွဲ စားမလား၊ တို့ဟူးကြော်နဲ့လေ…"

"မောင် လက်ဖက်ရည်နဲ့ ထပ်တစ်ရာပဲ စားတော့မယ်"

စားသောက်ပြီးမှ ထားက…

"အိမ်ငှားစရာ မလိုတော့ဘူးမောင်။ ဒေါက်တာဦးထွန်း အောင်ဇော်က သူ့အိမ်မှာပဲ နေခွင့်ပေးထားပါတယ်"

"အမယ်…တယ်ဟုတ်ပါလား"

"ကဲ…မောင့်ပစ္စည်းလည်း ဘာမှ သိပ်မလေးဘူး၊ ထား တစ်ခုဆွဲမယ်၊ မောင်တစ်ခုဆွဲ၊ ဆေးရုံကို တန်းသွားရအောင်"

"ဟင်…ဘာလုပ်ဖို့လဲ။ အိမ် မသွားဘူးလား"

"ပြီးတော့သွားမယ်လေ။ ဆေးရုံမှာ ဆရာဝန်ကြီးကိုလည်း နှုတ်ဆက်ရင်း ဖေဖေ့ကိုလည်း သွားကြည့်ရအောင်"

ထိုစကားကြောင့် ရဲမော်မျက်နှာ သိသိသာသာပျက်သွား ပြီး…

"ဟင်…ထားတို့အဖေ ရောက်လာပြန်ပြီလား"





ဒီတစ်ခါ မျက်နှာပျက်သွားသူက ထားပါ။

မိမိဖခင်ကို လာတာကို မကြိုက်သလို အပြောခံလိုက်ရ သဖြင့် ရင်ထဲတွင် ဝမ်းနည်းပြီး နာကျင်သွားခဲ့ပါသည်။

"ဟုတ်တယ်…။ ယောက်ျားယူဖို့ လက်မှတ်ထိုးဖို့အတွက် မိဘတွေကို ထားခေါ်တာ။ မြန်မာမိန်းကလေးတိုင်း လုပ်နေကြ အလုပ် ပါမောင်။ ဖေဖေတို့ မေမေတို့နဲ့ တွေ့သင့်တွေ့ထိုက်ပြီလေ မောင်ရယ်။ မောင်မလာခင် မီအောင် သူနာပြုတစ်ယောက်ရဲ့ မောင်လေးကို ^ လွှတ်ပြီး ခေါ်ခိုင်းရတာ။ ဖြစ်ချင်တော့ ဖေဖေက နှလုံး ရောဂါကြောင့် ဆေးရုံတက်နေရတာလေ…။ ဒါပေမယ့် သမီးဆန္ဒ ပြည့်ဝအောင်ဆိုပြီး ဆေးရုံကခွင့်တောင်းပြီး လိုက်လာခဲ့ရတာ။ ခရီး ပန်းလာတော့ ရောဂါက ပိုဆိုးလာတာပေါ့။ ဒါကြောင့် ဒီမှာပဲ ဆေးရုံ ဆက်တင်ထားလိုက်ရတယ်"

"ထားက လူကြီးကို ဒုက္ခပေးသလို ဖြစ်နေပြီပေါ့။ မောင် အခွင့်ယူတာ ထားဆီလာလည်ဖို့ သက်သက်ပါလို့ ပြောထားလျက် ထားက စေ့စပ်မယ်လုပ်လိုက်၊ လက်ထပ်မယ် လုပ်လိုက်နဲ့ အားလုံး ရှုပ်ကုန်တော့တာပေါ့။ ထားအဖေများ မပြောကောင်းပြောကောင်း တစ်ခုခုဖြစ်သွားရင် မောင်တို့နှစ်ယောက်ပဲ စိတ်ဆင်းရဲရမှာ။ အားလုံး ဘ ဝိုင်းအပြစ်ဖို့ကြမှာ"

ထားကို အပြစ်တင်သလိုပြောရင်း ရဲမော်က စိတ်ပျက်သလို



www.burmeseclassic.com

www.burmeseclassic.com



ကြည့်နေကြောင်း တွေ့ရပါသည်။

"ထားက မောင့်ကို တန်ဖိုးထားပြီး လုပ်ခဲ့တာပါ"

မျက်မှောင်ကြုတ်၍ နှုတ်ခမ်းတင်းတင်းစေ့ကာ လျှောက်နေသောရဲမော်ကို ထား ခိုး၍ခိုး၍ ကြည့်နေမိသည်။

"ဟော…ဒေါက်တာထားလာတာနဲ့ အတော်ပဲ။ ဆရာဝန်ကြီးက ဒေါက်တာထားကို စောစောက အမြန်လိုက်ရှာခိုင်းနေတာ"

"ဟင်…ဘာဖြစ်လို့လဲ"

"ဒေါက်တာထားရဲ့အဖေ ရောဂါဖောက်ပုံရတယ်"

"ဟင်…"

ထား အူယားဖားယား ပြေးထွက်ထွက်သွားပါတော့သည်။

"ဖေဖေ…"

"ဖေဖေ…"

"ရှူး…"

ဒေါက်တာထွန်းအောင်ဇော်နှင့် အခြားဆရာဝန်များက ထားကို အသံမထွက်ရန် လှမ်းတားမြစ်ပါသည်။

"အခြေအနေ ပြန်ကောင်းသွားတယ်ထား၊ ကျောက်ကပ်ရောဂါအပြင် နှလုံးရောဂါပါ ထပ်တိုးလာတော့ ဦးလေး အတော်လေးခံစားနေရတယ်။ ကောင်းတာက ဦးလေးကို အနားပေးမှရမယ်။ ပင်ပင်ပန်းပန်း ဘာမှ မလုပ်ခိုင်းနဲ့တော့ နားခိုင်းလိုက်ပါ။ ဖြစ်နိုင်ရင် အလုပ်က ပင်စင်ပါယူခိုင်းလိုက်ပါ။ ထားလည်း ဆရာဝန်တစ်ယောက်ပဲလေ… သဘောပေါက်မှာပါ။ သူ့ သိပ်ပင်ပန်းနေပြီပဲ"

ဟုတ်ပါသည်။ အဖေမှာ နှစ်ပေါင်းများစွာ မိသားစုတာဝန်ကို ထမ်းဆောင်လာခဲ့ရရှာသည်။

သားသမီးတွေအတွက် ရှာ၍ရသမျှ အမေ့ကိုအပ်သူ။ ဆေးလိပ်တို့ အရက်တို့ဆိုတာ ထားဖြင့် သောက်တာမတွေ့ဘူးခဲ့ပါ။

"ပင်စင်ယူလိုက်ခြင်းအားဖြင့် သူ့အတွက် နောက်ထပ် (၁၅) နှစ်လောက် အေးအေးဆေးဆေး နေလို့ရနိုင်တယ်လေ။ မယူဘဲ ဆက်လုပ်ရင် ရုတ်တရက် အချိန်မရွေး(၁၅)မိနစ်အတွင်းလည်း လောကကြီးထဲက အပြီးအပိုင် စွန့်ခွာသွားရမယ့်သဘောမျိုး ရှိနေတယ် မဟုတ်လား"

"ဟုတ်ကဲ့ပါ ဆရာကြီး"

❖

အသက်ရှူသံတွေ၊ သက်ပြင်းချသံတွေကိုပင် ကြားရလောက်အောင် ပတ်ဝန်းကျင်က တိတ်ဆိတ်နေသည်။

"ထားကို ဘာပြောစရာရှိလို့လဲ မောင်"

ထင်ရှူးပင်ကို မှီ၍ ရပ်နေသောချစ်သူကို ထားက မဝံ့မရဲ

www.burmeseclassic.com



မေးခြင်းဖြစ်သည်။

"အလုပ်ရှုပ်နေတုန်းခေါ်လို့ ထား အံ့ဩနေတယ်ထင်တယ်။ ထားအတွက်ခေါ်တာပါ။ ထားဖေဖေအတွက် အရေးကြီးနေတဲ့အချိန် မောင်ဟာ မြေပုံရာ ကင်းနောင့် ဖြစ်နေမှာပဲ။ ဒါကြောင့် မောင် ပြန်ဆင်းတော့မယ်"

"ဟာ…ဒါ ထားကိုရော၊ ရောဂါရှိနေတဲ့ ဖေဖေ့ကိုပါ စော်ကားသလို ဖြစ်မသွားဘူးလား။ ဖေဖေဟာ မောင်နဲ့သဘောတူလို့ သမီးကို လက်ထပ်ပေးချင်လို့ အဝေးကြီးကလိုက်လာတဲ့ ရောဂါသည် ပါ။ မောင်ပြန်သွားတယ်ဆိုတာကြားရင် ထားအတွက် စိတ်မကောင်း ဖြစ်ပြီး ချက်ချင်း အသက်ထွက်သွားမှာပေါ့။ အဲဒီ ပြန်ဖို့ကိစ္စကိုတော့ မောင် လုံးဝမပြောပါနဲ့နော်။ ခွင့်မစေ့မချင်း မောင်မပြန်ရဘူး။ ထား မောင့်ကို စကားတွေပြောစရာရှိတယ်။ မောင်နဲ့ နေချင်သေးတယ် အားလုံးကလည်း မောင့်နဲ့ ထားကိစ္စကို သိကြတာပဲ။ မောင် မပြန် ရဘူးနော်"

မျက်ရည်အဝဲသားနှင့် တောင်းပန်နေသော ထားကို ပြုံးကြည့် ရင်း ခေါင်းညိတ်ပြလိုက်မှ ထား ပျော်သွားတော့သည်။

အိမ်ငှားထားသော်လည်း ဆေးရုံမှာပင် စုပြုံရောက်ရှိနေ ကြတော့သည်။ ရဲမော်ကို ဆေးရုံမှာနေပါလို့လည်း မပြောရဲ၊ ဆရာ ကြီးအိမ်တွင် တစ်ယောက်တည်း သွားထားရမှာလည်း အခက်ဖြစ်နေ





သည်။

ညနေစောင်း ထပ်တွေ့ဖြစ်ကြသည်။

မြို့ထဲတွင် ထမင်းထွက်စားပြီး လမ်းလျှောက် ပြန်လာ ကြသည်။

"မောင်…ဆေးရုံက လူပို့ဆောင်မျှာပဲ လိုက်အိပ်ပါလား ထားခင်… တစ်ယောက်တည်းဖြစ်မှာ စိုးလို့လေ"

"ရပါတယ်၊ မောင့်အတွက် သိပ်အားနာမနေပါနဲ့၊ ထားရဲ့ ဖေဖေ အရေးကြီးနေတာ မောင်သိနေတာပဲ"

ဖခင် ပင်စင်ယူလိုက်လျှင် မိသားစုစားဝတ်နေရေးသည် ခေါင်းအပေါ် စုပြုံရောက်ရှိလာဖို့ရှိနေပြီ။

"မောင်…"

"ပြောထား"

"ဖေဖေက မောင်ရောက်ပြီလားလို့ မေးတယ်"

"ဟုတ်လား…"

"သူမသေခင် လက်ထပ်ပေးသွားချင်တယ်တဲ့…"

"ဟာ… နေကောင်းသွားပြီပဲ၊ မသေနိုင်တော့ပါဘူး"

"လောလောဆယ်တော့ ဟုတ်တာပေါ့ မောင်ရယ်… ဖေဖေ ကျောက်ကပ်ရောဂါရှိတယ်။ နှလုံးရောဂါကလည်း ခုလို အတာရက်ဖြစ်ပြီး အသက်ပါစိုးရိမ်ရတယ်ဆိုတော့ အချိန်မှုတာ



www.burmeseclassic.com

www.burmeseclassic.com



ကို ကန့်သတ်လို့မရနိုင်ဘူးလေ။ မနက်ဖြန် မနက်စာစားပြီးရင် ဖေဖေ ဆီသွားရအောင်နော်"

"သွားလေ…"

"ဒီည မောင် ဘယ်မှာအိပ်မှာလဲ ပြောဦး။ ထား သေချာ စီစဉ်ပေးချင်တယ်"

"မောင် တည်းခိုခန်းတစ်ခုခုဆီ သွားမလားလို့"

"ဟာ…အဲဒါတော့ ထားခွင့်မပြုဘူး။ မောင်ဟာ ထားရဲ့ အထူးဧည့်သည်ပါ။ မယုံရင်လိုက်ကြည့် ဆရာဝန်ကြီးတိုက်ထဲမှာ မောင်နဲ့ မိဘတွေအတွက် အားလုံးပြင်ဆင်ထားပြီးသား။ ခဏလိုက် ခဲ့နော်၊ အဲဒီမှာလည်း စကား အေးအေးဆေးဆေး ပြောကြရအောင်"

ခြံစောင့် တိုက်တံခါးသော့ အပြေးလာယူပြီး ပြေးဖွင့်ပေး ပါသည်။

လှပခန်းနား တိုက်နှင့်ခြံကို မြင်ရပြီးနောက် အနောက်တိုင်း ဆန်ဆန် ဧည့်ခန်းထဲသို့ ရောက်ခဲ့ပြီ။ ရဲမော်က ခန့်မှန်းဖြင့် သီးသန့် လုပ်ထားသော ဘုရားခန်းကို သွားကြည့်ပြီး အံ့သြသွားသည်။

"ဘုရားစင်ရော၊ ရေရှုခရစ်တော်ပုံရော တွေ့နေရပါလား"

"ဟုတ်တယ်… ဆရာ့အမေက ဗုဒ္ဓဘာသာ၊ ဆရာ့ဖေဖေ ခရစ်ယာန်လို့ ပြောတာပဲ"

"ဪ…ဒါဆို ဆရာကရော…"





"ဆရာကြီးက အယူဝါဒများလို့လားမသိဘူး ဘာကိုးကွယ် တယ်ဆိုတာ ထား သတိမထားမိဘူး။ မေဝါတို့ပြောတာတော့ အဖေ့ အတွက်ရော၊ အမေ့အတွက်ရော ကြိုးသလို ဘုရားသွားတယ်၊ ချပ်စ် သွားတယ်ဆိုပဲ"

"လာ ထိုင်ပါဦးမောင်ရယ်၊ ဘာသောက်ဦးမလဲဟင်"

"တော်ပြီထား။ ဗိုက်လည်းတင်းနေပါပြီ"

ချစ်သူကို ထားက မြတ်နိုးစွာ လှမ်းကြည့်နေပါသည်။

"ဘာကြည့်နေတာလဲ ထား။ အသားတွေမည်းသွားပြီး ခော ထားနဲ့ တူသွားလို့လား"

"မောင် ထင်လို့ပါ၊ မမည်းပါဘူး။ ထားမျက်လုံးထဲမှာတော့ အရင်ကအတိုင်းပါပဲ"

ပြောရင်းက ဝမ်းနည်းသလို ဖြစ်လာမိသည်။

မောင် အလွန်စိမ်းကားသွားခဲ့ပြီလေ။

ထမင်းဆိုင်က ပြန်လာတုန်းက လမ်းတွင် လူရှင်းသဖြင့် ထားက မောင့်လက်မောင်းကို ချိတ်၍ လိုက်ခဲ့ပါသည်။ ကျောင်းမှာ နေတုန်းက သူလိုက်ဖက်သဖြင့်၊ လက်ဆွဲတတ်သဖြင့် ထား မျက်စိ ကျက်နှာပျက်ပျက်ဖြင့် တွန်းထုတ်ရစမြဲ။

ထား အားငယ်သလို ဖြစ်နေရပြီ။

"မောင်…"



www.burmeseclassic.com

www.burmeseclassic.com



"ပြောလေထား"

"မောင့်ရင်ထဲမှာ ထားအတွက် ပြောစရာစကားတော မရှိတော့ဘူးလား။ ထားခေါ်လို့သာ လာခဲ့ရတာ၊ စိတ်ကတော ပါလာပုံမပေါ်ဘူး။ ကေန့ ဟိုမှာ အသစ်တွေ့နေပြီထင်တယ်"

ရဲမော်က မဲ့ပြုံးပြုံးပြောရင်း…

"ကိုယ့်စိတ်နဲ့ နှိုင်းမပြောစမ်းပါနဲ့ ထားရယ်။ ကိုယ့်စိ ထဲမှာ ကိုယ့်အတွက်ကြောင့် ထားတို့အဖေ ခုလို သေလုမြော ခံစားခဲ့ရတာလို့တွေးပြီး စိတ်မကောင်းဖြစ်နေတာ။ ဒါကြောင့် နက်ဖြ မနက် ဆေးရုံမှာသွားတွေ့လို့ ထားဖေဖေက အတင်း လက်ထပ်ခိုင်း တောင် မောင် လက်မခံနိုင်သေးဘူး"

"ဟင်… ဘာဖြစ်လို့တုန်း။ အဲဒါဆို ဖေဖေ ပိုစိတ်မကောင်း ဖြစ်သွားပြီး ရှက်သွားမှာပေါ့။ အဲဒါမှ အသက်မြန်မြန်ထွက်မှာ"

ထားက ငိုသံဖြင့် ပြောနေခြင်းဖြစ်သည်။

"ကိုယ် ဒီလောက် မရိုင်းစိုင်းပါဘူး ထားရယ်။ ခုလို ထားက ပြုံးနိုင်းလုပ်ပြီး လူကြီးတွေကို ခေါ်လိုက်တာကိုက မှားသွား တာ၊ စော်ကားသလို ဖြစ်သွားတာ။ ကိုယ်ချစ်တဲ့ မိန်းမတစ်ယောက် တန်ဖိုးရှိတဲ့ မိန်းမတစ်ယောက်ကိုယူတာ တန်ဖိုးထားပြီး လုပ် ရမယ့်တာဝန် ရှိနေတယ်လေ။ ဒါကြောင့် ဖြစ်သလိုမင်္ဂလာဆောင်ထား ကမှ အထင်သေးစရာဖြစ်နေမှာမို့ ဒီတစ်ခါက် စေ့စပ်ပွဲလောက်





လုပ်သွားချင်တယ်။ ထားကြိုပြောထားရင် ကိုယ်လည်း မဖြစ်စဖြစ်တဲ့ နည်းနဲ့ မေမေ့ကို ခေါ်လာပြီး ခမ်းခမ်းနားနား စေ့စပ်ချင်တာ။ ခုတော့ ဖြစ်သလိုပဲ စေ့စပ်ရတော့မှာပဲ။ နောက်နှစ်လောက်ကျမှ ခမ်းခမ်းနားနားလက်ထပ်ပွဲလုပ်ဖို့ ဖွင့်ပြောလိုက်မယ်"

သူ့ဘက်က ကြည့်တော့လည်း ဟုတ်နေသဖြင့် ထား ခေါင်းညိတ်နေလိုက်ရပါသည်။

"ဆေးရုံပြန်ရောက်ရင် ထား လူကြီးတွေကို ပြောလိုက်ပါ့မယ်။ မောင်ပြောတာ ပိုကောင်းပါတယ်လေ။ ဖေဖေ ပင်စင်ယူလိုက်ရပြီဆိုတော့ ညီမလေးပညာရေးက တန်းလန်းနဲ့ အားလုံး ထားခေါင်းပေါ် စုပြုံရောက်လာသလိုပဲ။ မောင်နဲ့လက်ထပ်ပြီးရင်လည်း ချိုနုရဲ့ကျောင်းစရိတ်တော့ ထောက်ခွင့်ပြုပါနော်"

ရဲမော်က ခွင့်လွှတ်သလိုပြုံးရင်းက ခေါင်းညိတ်ပါသည်။ ထားကို ကြင်နာသနားသောမျက်လုံးများဖြင့် ကြည့်ရင်း…

"ထား သဘောပါဗျာ… မထူးပါဘူး ထားလခအားလုံးကို ထားမိဘတွေကို ထောက်လိုက်ပါ။ ပင်စင်ယူမှတော့ ဘာနဲ့ သွားစားကြတော့မှာလဲ။ မောင်က ထားကိုပဲချစ်တာပါ။ ထားရဲ့ ဂုဏ်ပုဒ်ကို မက်တာ မဟုတ်ပါဘူး"

"မောင်ရယ်…"

ထား ဝမ်းသာလွန်းသဖြင့် အသံတွေတုန်နေပါသည်။ ချစ်သူ



www.burmeseclassic.com

www.burmeseclassic.com



လက်ကိုလည်း မြတ်နိုးစွာ ဆုတ်ကိုင်ထားလိုက်မိပါသည်။

"ဒီမှာ အဆင်ပြေအောင် စီစဉ်ပေးထားတာပဲ။ မောင် ဒီမှာပဲ အိပ်လိုက်ပါတော့မယ်။ ဆေးရုံမှာဆို ထား မောင့်အတွက်ပူရ၊ မိဘအတွက်ပူရ ဖြစ်နေလိမ့်မယ်"

ချစ်သူကို ထား သနားသွားမိသည်။

သူ့ အတူနေချင်၍လာမှန်း ထား သိနေတာပဲ။ မရက်နိုင်တော့ဘဲ ဆိုဖာနောက်မှာရပ်ပြီး ချစ်သူကို နောက်မှပွေ့ဖက်ရင်း ပါးပြင်ကို နမ်းရှုံ့လိုက်မိသည်။ ပြီးတော့ တိုးတိုးလေး ပြောလိုက်မိသည်။

"မောင့်ကို ထား သိပ်ချစ်တယ်..."

"မောင်လဲ ထပ်တူထပ်မျှပါပဲ ထားရယ်..."

ထားရင်ထဲမှ ပူပင်သောကများ ရုတ်တရက် ပျောက်ကွယ်သွားပြီး လန်းဆန်းပျော်ရွှင်သွားခဲ့ပါသည်။

❁❁❁



### အခန်း [၁၉]

စေ့စပ်ပွဲကို ဆေးရုံပေါ်မှာပင် ပျော်ရွှင်စွာ၊ သိုက်မြိုက်စွာ ပြုလုပ်ဖြစ်ခဲ့သည်။

ရဲမော်က ဆေးရုံဝန်ထမ်းအားလုံးကို ညနေစာဖြင့် တည်ခင်းဧည့်ခံဖို့ ဆေးရုံမှချက်တတ်ပြုတ်တတ်သူများကို အော်ဒါပေးလိုက်သဖြင့် အားလုံးပျော်နေကြပါတော့သည်။

ဖခင်ကလည်း ရဲမော်ညကပြောလိုက်သော စေတနာစကားကို နားလည်သဘောပေါက်ပြီး ကျေနပ်စွာ လက်ခံခဲ့ခြင်းဖြစ်သည်။

သားမက်လောင်းကို မြင်ဖူးချင်လွန်းသဖြင့် မိမိလည်း ရောက်အောင်လာခဲ့ခြင်းဖြစ်ကြောင်း၊ သမီးကြီးကိုလည်း လက်ထပ်ပြီးလျှင်

www.burmeseclassic.com

www.burmeseclassic.com



ကြင်နာစွာ၊ သစ္စာရှိစွာ သက်ထက်ဆုံး ပေါင်းသင်းသွားဖို့ မှာကြားနေပါသည်။

ညှိခံပွဲပြီးသွားသောအခါ ထားတို့စုံတွဲ ဆရာဝန်ကြီးတိုက်ရှိရာသို့ လမ်းလျှောက်ရင်း ရောက်လာခဲ့သည်။

"မောင် သဘက်ခါလောက်ပြန်မယ်ထား"

"ဟင်…မောင်ပြောတော့ ခွင့်တစ်လရတယ်ဆို"

"နားလည်မှုခွင့်ပေါ့ ထားရယ်…လက်ထပ်ဖြစ်ရင်ချက်ချင်းပြန်ဖို့၊ ပြန်မယ့်လူက နောက်ဆံတင်းပြီး ကျန်ခဲ့တဲ့လူမှာလည်း လွမ်းကျန်ရစ်ရမှာဆိုးလို့။ အဲ…ပြီးတော့ အတူတူနေမယ်ဆိုတဲ့အသိနဲ့ အကြာကြီးနေချင်လို့လေ။ မယူဖြစ်သေးတော့လည်း ခွင့်ကို သိမ်းထားရင်း နောက်နှစ်လက်ထပ်တော့ ပိုရတာပေါ့၊ မဟုတ်ဘူးလား"

"မောင် စိတ်ကောက်တာတော့ မဟုတ်ပါဘူးနော်"

"ဘာကို စိတ်ကောက်ရမှာလည်းထားရဲ့။ မောင်ပြောတာ မဟုတ်ဘူးလား။ ခုဆို ထားမှာ ချစ်သူအတွက်လည်း အချိန်ပေးရ၊ မိဘအတွက်လည်း အချိန်ပေးရ၊ အဖေ့အတွက်လည်းပူရ၊ အလုပ်ချိန်လည်းပြေးရနဲ့ အရမ်းကို ပင်ပန်းနေတာပဲ။ မောင်ရောက်တဲ့နေ့ကနဲ့တောင် မတူဘူး၊ နှစ်ရက်အတွင်း ပိန်ချုံးသွားသလိုပဲ။ မောင်သာ အကြာကြီးနေရင် ထားပင်ပန်းလို့ ဆေးရုံပါတက်ရလိမ့်မယ် ထင်တယ်"





ထားက မျက်နှာညှိုးနေဆဲပါပဲ။

"မောင် ထားကို စိတ်ကောက်နေတယ်လို့ပဲ ထင်နေမိတယ်"

"ဟောဗျာ…ဘာကို စိတ်ကောက်ရမှာလဲ။ မောင် အခုစီစဉ်တာ ထား ဂုဏ်ယူဖို့၊ ထားတို့မိသားစု အဆင်ပြေဖို့ မဟုတ်ဘူးလား"

"မောင်ပြောတာ မှန်ပါတယ်။ ဒါပေမယ့် ထားရင်ထဲမှာ တစ်မျိုးကြီးခံစားနေရတယ် မောင်ရယ်…"

"တွေ့ချင်လွန်းလို့ အဝေးကြီးကလာရတဲ့သူကို စိတ်ဆင်းရဲအောင် မလုပ်ပါနဲ့ထားရယ်၊ မောင်စီစဉ်သမျှဟာ ထားအတွက်ကြီးပဲဆိုတာ ထား တဖြည်းဖြည်းသိလာမှာပါ။ မောင့်ဘက်က ထားကို ညှာနေတာပဲရှိတယ်လေ"

"မောင်ရယ်…"

ထားက ရင်ခွင်တွင်း တိုးဝင်ရင်း ရှိုက်ငိုနေပါတော့သည်။ ရဲမော်က အလိုက်သင့် ပြန်ဖက်ထားပါသော်လည်း စိတ်မဝင်စားသလိုကြီးပါလားဟု ထား နားလည်နေမိပါသည်။ သူ့ စိတ်ထားတွေ ပြောင်းလဲနေတာ ထားအသိဆုံးပေါ့။

အရင်က ထားကို တွေ့လိုက်သည်နှင့် ပျာယာခတ်ပြီး အောက်ကျို့ခံနေတတ်သည်။

ချစ်ကြောင်း၊ လွမ်းကြောင်းတွေ ပြောနေတတ်သည်။ နေ့စဉ်



www.burmeseclassic.com

www.burmeseclassic.com



တွေ့နေပါလျှက် စာတစ်စောင်နှင့် လက်ဆောင်တစ်ခုခု အမြဲပါလာတတ်သည်။ ယခု လပေါင်းများစွာ ဝေးကွာနေခဲ့ပြီးမှ တွေ့ဆုံကြရခြင်းဖြစ်သော်လည်း ဘာအမှတ်တရမှ ယူမလာတော့။

ထား စိတ်ကူးနှင့် ရှူးခဲ့ပါသည်။

လက်ထပ်မည်ပြောထားသဖြင့် လက်ထပ်လက်စွပ်ကလေးများ ဝယ်လာပေးလေမလား။ တန်ဖိုးရှိသည့်ပစ္စည်းများ စုဆောင်းလာခဲ့မည်လား။ အတော်များများ စုဆောင်းလာခဲ့မည်ဟု မျှော်လင့်ထားခဲ့ပါသည်။

ယခုတော့ မုန့်နှင့် အညာထည်သဘက်တစ်ထည်၊ စောင်တစ်ထည်သာ ပါလာခဲ့သည်။

အနေဝေးတာနှင့် သူ စိမ်းလှချည်လား။

ချစ်သူဘဝမှာပင် ဤမျှနေနိုင်ရက်လျှင် ယူပြီးကြလျှင်ကော အေးစက်စက် မာကျောကျော လုပ်နေလျှင်ကော…။

ထားရင်ထဲတွင် အားငယ်ခြင်း၊ ခံပြင်းခြင်း၊ နမြောခြင်း၊ စွန့်လွှတ်ခြင်း စသည့်ခံစားမှုများ တစ်လှည့်စီ ခံစားနေရပါတော့သည်။

ဤမျှ တောင်းပန်နေပါလျှက် သူ တင်းမာလွန်းနေမှတော့ ထားဘက်က မိန်းမတန်ဖိုးကို ပြန်ထိန်းရပေတော့မည်။

သူ တကယ်ချစ်လျှင် ထားကို စိတ်ချမ်းသာအောင် ဆက်ဆံ

လာပေလိမ့်မည်။

"မိုးတောင်ချုပ်လာပြီပဲ၊ ထား ပြန်တော့မယ်။ မနက်ဖြန် ခုနစ်နာရီလောက် အရောက်လာခဲ့မယ်"

"မောင့်ကို မနက်စာလိုက်ကျွေးဖို့ ဆေးရုံက တစ်ခေါက် သီးသန့်ထွက်လာရတဲ့ထားကို မောင် သနားတယ်။ မောင် ဆိုင်တွေသိနေပြီပဲ၊ စားသောက်ပြီး မောင်ပဲ လာခဲ့ပါ့မယ်"

ထား နှုတ်ခမ်းကို တင်းနေအောင်လိပ်ပြီး ခေါင်းညိတ်၍ ပြုံးပြလိုက်မိသည်။

အိပ်ရာထဲရောက်မှပဲ ထား ငိုမိပါတော့သည်။

❁

ရဲမော်ပြန်သွားပြီး ဆယ်ရက်ခန့်တွင် ထား ထုံးစံအတိုင်း စာမျှော်နေမိပြီ။ ရက်နှစ်ဆယ်၊ တစ်လပြည့်၍ စာမလာသောအခါ ထားရင်ထဲမှာ မီးလောင်သလို ပူလောင်မြွင်းပြ၍ လာခဲ့ပါပြီ။

ထို့ကြောင့် စာထည့်လိုက်မိသည်။

ပြန်စာကို တစ်လပြည့်သည့်တိုင် စောင့်ပါသော်လည်း ရောက်မလာခဲ့ပါ။

ပို၍ စိတ်ဆင်းရဲလာပါသည်။ ဟန်မဆောင်နိုင်လောက်

www.burmeseclassic.com



အောင် ဖြစ်လာခဲ့သည်။

ဆေးရုံမိသားစုအားလုံးက စေ့စပ်ထားမှန်းသိ၍ ရဲမော်ဆီက စာလာသလား မေးကြသည်။ ထား ညာရပြီ။

"မေဝါရယ်…သူ့ဆီက စာလည်းမလာဘူး။ ထား ရေးတာကိုလည်း သူ စာမပြန်ဘူး"

"ဟုတ်တယ်၊ မေဝါ ရိပ်မိမှုပါတယ်။ အရင်က ခဏခဏ စာလာနေတာပဲ။ စေ့စပ်ပြီးမှ မလာတာ ဘာသဘောလဲ မသိဘူး။ မရိုးသားဘူး။ ကိုရဲမော်ပုံစံက စိတ်မပါသလိုလို ပုံစံကြီး၊ ဒေါက်တာထားဘက်က ခံရခက်တယ်ကွာ"

"သူ စိတ်ကောက်နေတယ်။ သူ့ထက် မိသားစုကိစ္စတွေကိုပဲ ဦးစားပေးလွန်းတယ်လို့ သူထင်နေတယ်"

"ဒါတော့ကွာ…အဖေ မသေရုံတမယ်ဖြစ်နေတာ သူလည်း မြင်တာပဲ"

"သူက ဖေဖေတို့ကို ခေါ်ထားပြီးမှ သူ့ကို လက်ခံတွေ့တဲ့အတွက် မကျေမနပ်ဖြစ်နေတာ။ သူ့ကို မယုံဘူးလို့ ထင်နေတယ်ပေါ့ကွာ"

"ဒါတွေက မိန်းကလေးတွေရဲ့ လုပ်ရိုးလုပ်စဉ်ပဲ။ သူ စိတ်ရှည်ရမှာပေါ့၊ နားလည်ရမှာပေါ့။ ဒေါက်တာထားက သူ့ကို သိပ်ချစ်မှန်းသိလို့ သူကဲနေတာ။ သူ့ထက်သာတာတွေ 'မထား' မှာ





ပိုင်းနေတာပဲ။ သူမကြင်ရင် ကိုယ်ခင်မနေနဲ့။ သူ့ဆီက စာမလာရင် 'မထား' စာထပ်မရေးနဲ့"

"ဖြစ်ပါ့မလား။ ဆေးရုံတစ်ရုံလုံး အားလုံး တစ်နေ့ယူမယ်ဆိုတာ သိထားကြပြီလေ"

"အားလုံးက ဆရာကြီးနဲ့ပဲ သဘောတူကြတာ။ ဆရာကြီးနဲ့ယူရင် မထားအတွက် ဂုဏ်လဲပိုရှိလာမယ်၊ ပစ္စည်းဥစ္စာကလဲ ပြည့်စုံပြီးသား၊ အသက်ခြင်းကွာတော့ ဆရာကြီးက မထားကို အလိုလိုက်နေမှာ မြင်ယောင်သေးတယ်"

"အို… ဘာတွေလျှောက်ပြောနေတာလဲ မေဝါရယ်။ ပိုင်ရှင်ရှိပြီးသားမိန်းကလေးကို ဘယ်သူမှ စိတ်မဝင်စားတော့ပါဘူး"

"အဲဒါကတော့ လက်မခံဘူး မထားရေ။ တချို့ ကလေးအမေမုဆိုးမ၊ တစ်ခုလပ်တွေကိုတောင် တကယ်ချစ်ရင် တန်ဖိုးထားပြီး မြတ်နိုးကြသေးတာ။ မထားက စေ့စပ်ရုံ စေ့စပ်ထားတာများ"

"ကဲပါ မေဝါရယ်၊ အညာဘက်သွားမယ့် စိတ်ချရမယ့် လူကြုံရှိရင် ပြောပါဦးနော်။ ထား စာထည့်ချင်လို့ပါ"

မေဝါတို့ဆွေမျိုးများထဲတွင် ကုန်ရောင်းကုန်ဝယ် ထွက်နေသူများရှိ၍ ရဲမော်ထံ စာကြုံပါး၍ ရပါသည်။ စာတစ်စောင်နှင့် သိုးမွေးဆွယ်တာတစ်ထည်ကို ထည့်ပေးပြီး လူကြုံပြန်လာမည့်ရက်ကို စောင့်နေမိသည်။



www.burmeseclassic.com

www.burmeseclassic.com



အရောင်းအဝယ်သွားသဖြင့် လူကြုံက လဝက်ခန့်ကြာမှ ပြန်ရောက်လာသည်။

"မမထား"

"ဟင်…မေဝါ"

"ညတည်းက မမထားကို ပြောပြမလို့။ ဘယ်လိုက စပြောရမှန်းမသိလို့၊ မပြောရက်လို့၊ အပြောခက်လို့"

ထားက နီမြန်းသောမျက်နှာဖြင့် မျက်မှောင်ကြုတ်၍ ကြည့်ရင်း…

"လူကြုံပြန်လာပြီ မဟုတ်လား"

"ဟုတ်တယ်၊ မနေ့က မနက်တည်းကရောက်တာ။ သိတဲ့အတိုင်း မေဝါ့ဦးလေးကလည်း မထားနဲ့ ကိုရဲမော် စေ့စပ်ထားတာကို သိပြီးသားဆိုတော့ မျှော်လင့်မထားသလို သတင်းတွေကြားလာတော့ အပြောရခက်နေတယ်"

"ဘာလဲ၊ သူ သေသွားလို့လား"

"အင်း…မထားအတွက်တော့ သူ သေသွားပါပြီ။ ဘယ်တော့မှ ပြန်ပတ်သက်စရာ မရှိတော့တာ"

"ဟင်…"

ထားက မျက်လုံးပြူးကြီးဖြင့် စိုက်ကြည့်နေပါသည်။

"ဦးလေး သူတို့ရုံးကို ရောက်သွားတော့ ကိုရဲမော် မရှိ





ဘူးတဲ့။ ကျိုက်ထိုပြန်ပြီး သူ့အမေပေးစားတဲ့ မော်လမြိုင်က သူဌေးသမီးတစ်ယောက်နဲ့ လက်ထပ်ဖို့ ထွက်သွားတယ်တဲ့"

"သြော်…"

ထား လုံးဝမထင်ထားသဖြင့် ပါးစပ်ဟောင်းလောင်း၊ မျက်လုံးပြူးလေးဖြင့် စိုက်ကြည့်နေရှာပါသည်။

ချက်ချင်း မျက်ရည်တွေဝဲတက်လာပြီး မျက်နှာတွေ နီမြန်းသွားပါတော့သည်။

"သူ… လုပ်ရက်လိုက်တာ မေဝါရယ်"

ထိုသို့ပြောပြီး မျက်နှာကို လက်ဝါးဖြင့်အုပ်၍ ငိုပါတော့သည်။

ရှက်ခြင်း၊ ဝမ်းနည်းခြင်း၊ တမ်းတလွမ်းဆွတ်ခြင်းများဖြင့် ထား အိပ်ရာထဲ လဲပါတော့သည်။

စားမဝင်၊ အိပ်မပျော်၊ စိတ်မပျော်သည့် ရောဂါသည် ဒေါက်တာထားအတွက် ဆေးကုရ ခက်နေပါပြီ။

အိပ်ရာထဲတွင် သုံးရက်ခန့် ခွေနေသောထားထံ ဆရာဝန်ကြီး လာတွေ့ပါသည်။

"ထား…ဒီပုံစံအတိုင်း ဘယ်နှစ်ရက်၊ ဘယ်နှစ်လ လဲနေမယ် စိတ်ကူးထားတာလဲ။ ကိုယ့်အပေါ် ရက်စက်နိုင်တဲ့သူကို ဒီလို…င်း လွမ်းပြီး ရောဂါဖြစ်နေပေမယ့် သူက မင်းအတွက် ဘာများ



www.burmeseclassic.com

www.burmeseclassic.com



ကောင်းကျိုးလုပ်ပေးဦးမှာတဲ့လဲ။ မင်းသိထားရမှာက ရောဂါသည်ဖြစ်နေ့ ပညာသင်နေဆဲညီမလေးအတွက် မင်းဟာ ကယ်တင်ရှင်ဆိုတာပဲ။ မင်းလဲသွားရင် မင်းတို့မိသားစု ဘာဖြစ်သွားမယ်ဆိုတာ မင်းသိပြီးသားပါ''

ထားက မျက်နှာကို ဖွက်ပြီး ငိုနေပါသည်။

''ထားရှက်တယ်၊ သူ ဒီလိုစိတ်ကူးရှိရင် ဘာဖြစ်လို့ စေ့စပ်ပွဲလုပ်သွားသေးလဲ။ ခုတော့ ထား အရှက်ကွဲရပြီ''

''ထားမှာ အပြစ်မရှိဘူးဆိုတာ ဒို့အားလုံး သိနေကြတာပဲ။ အားလုံးက ထားအတွက် ခံပြင်းနေကြတာပါပဲ။ ဒို့ ခရီးထွက်စရာ ရှိတယ်။ ဒီလူ့ဆီ ဝင်ဖြစ်အောင် ဝင်သွားဦးမယ်''

''အို... မသွားပါနဲ့၊ နေပါစေတော့ ဆရာကြီးရယ်။ သူ မပတ်သက်ချင်လို့ သစ်စိမ်းချိုးချိုးသွားတာကို ဘာမှ သွားတွေ့စရာ မလိုတော့ပါဘူး။ ထားကုသိုလ်နဲ့ ထားပဲ ရှိပါစေတော့ရှင်''

''ကဲ... ထား မျက်နှာသစ်၊ အဝတ်အစားလဲပြီးရင် ခေါ်ကိုခေါ်ခဲ့။ ကိုယ်တို့ အရေးကြီးတဲ့လူနာတစ်ယောက် သွားကြည့်ရအောင်။ မီးဖွားလူနာတစ်ဦး မွေးရက်ထက် အများကြီးရက်လွန်နေပြီ။ သားဦးဆိုတော့ ရှက်နေတာလည်းပါတယ်။ ထား ဝင်ကူညီပေးပါ''

ငုတ်တုတ်ထိုင်ရင်း အဝေးကို ငေးနေသောထား ရုတ်တရက်





ဆတ်ထိုင်လိုက်ပါသည်။

မိမိကိုမွေးတုန်းက အမေ ယခုလိုအခက်အခဲမျိုး ရင်ဆိုင်ခဲ့ရသည်။ မိမိသည် အမေ့လို လူနာတွေအတွက် ဤပညာကို သင်ခဲ့ခြင်းဖြစ်ပါသည်။ မိမိ အသည်းနှလုံးထဲမှ လူတစ်ယောက် ထွက်သွားသဖြင့် ငိုကြွေးလွမ်းဆွတ်နေမည့်အစား လောကကြီးထဲသို့ သက်ရှိလူသားလေးတစ်ဦး ရောက်လာဖို့ ကူညီကြိုးဆိုတာ ပို၍အဓိပ္ပာယ်ရှိမည် ထင်ပါသည်။

ဟုတ်ပါသည်၊ တစ်ယောက်တည်းနေလေ ပိုဆွေးလေ၊ ပိုလွမ်းလေ၊ ပိုသတိရလေဖြစ်သော်လည်း ယခုလို အလုပ်ထဲစိတ်ဝင်စားပြီး အလုပ်ရှုပ်နေသောအခါ 'ရည်းစားပူ'မီသည့်ဒဏ်မှ သက်သာသွားပြီး စိတ်ပြန်တည်ငြိမ်လာသည်။ အချိန်ကုန်မှန်း မသိတော့။

ဆရာကြီးနှင့် မေဝါတို့က ထားကို ရယ်စရာမောစရာများပြောလိုက်၊ လွန်စွာဒုက္ခရောက်နေသော ဆင်းရဲတွင်းနက်ပြီး စားစရာ ရှိသော မိသားစုများထံ ခေါ်သွားပြီး ဆေးကုခိုင်းလိုက် လုပ်နေကြသည်။

ဆင်းရဲလွန်း၍ ဝအောင်မစားရဘဲ ပိန်ချုံးချိနဲ့နေကြသည်။ ဝတ်စရာမရှိ၍ စုတ်ပြတ်ညစ်ပတ်နေသော အဝတ်အစားများကို လျှော်မဖွတ်ပဲ ဝတ်ထားသဖြင့် နံစော်နေသည်။

စားစရာမရှိ၊ နေစရာမရှိ၍ သစ်ပင်အောက် ခိုလိုက်၊



www.burmeseclassic.com

www.burmeseclassic.com



သူများတွေအိမ်ရှေ့ ညဘက်မိုးချုပ်မှ ဖြစ်သလိုအိပ်လိုက် လုပ်နေကြ သော သူတောင်းစားမိသားစုများ ဖြစ်သည်။

မိုးတွေရွာလည်း သူတို့မှာ ခိုစရာမရှိ။ ထို့ကြောင့် ရောဂါရ သော သူတို့မိခင် အဆုတ်အအေးမိပြီး ဖျားနေတာကြာပြီ။ သေလုနီး ဖြစ်နေသဖြင့် ပတ်ဝန်းကျင်က မနေသာဘဲ ဆရာကြီးကို လာပြော သဖြင့် စိတ်ကောင်းရှိသောဆရာကြီးက လာကြည့်ခြင်းဖြစ်သည်။

သို့သော် နောက်ကျသွားခဲ့ပါပြီ။

သူတို့မိခင် သေနေပြီဖြစ်၍ ကလေးတွေက တရှုံ့ရှုံ့ တအီအီ ငိုနေကြပါသည်။

"ထားရေ… တွေ့တယ်မဟုတ်လား။ သူတို့ရဲ့ ငိုချင်းနဲ့ ထားရဲ့ငိုချင်း အများကြီး ခံစားချက် ကွာပါတယ်နော်။ သူတို့မှာတော့ လုံးဝ မျှော်လင့်ချက်မရှိလို့ ငိုနေကြတာပါ။ ထားရဲ့သောကဟာ သူတို့ နဲ့ယှဉ်ရင် အများကြီးကွာပါတယ်လေ"

"ထား သဘောပေါက်ပါပြီ ဆရာကြီး"

"ကဲ… ဒီကလေးသုံးယောက်ကိစ္စကို လောလောဆယ် ငါတို့ဆေးရုံထဲမှာပဲ ခေါ်ထားလိုက်။ ကျွေးစရာရှိတာကျွေး၊ ပေးစရာ ရှိတာပေး၊ ခိုင်းစရာရှိတာခိုင်း၊ မွေးစားချင်တဲ့လူ၊ အိမ်မှာခိုင်းဖို့ ခေါ်ချင်တဲ့လူရှိရင် ကျုပ်ကို လာပြောကြ"

ကလေးသုံးယောက်နှင့် ထားတို့အားလုံးက သက်ဆိုင်လာ





ဖြစ်၍ ဟိုကအင်္ကျီ၊ ဒီကထဘီ၊ အနွေးထည်၊ အားလုံးဆီက ထမင်း၊ ဟင်းနည်းနည်းဆီ မျှလိုက်သောအခါ သူတို့လေးတွေ လောလောဆယ် နေစရာ၊ စားစရာ၊ ဝတ်စရာ ရသွားကြပါပြီ။

ဆေးရုံဆိုတော့ လူဝင်လူထွက်များသည်။ ခိုင်းစရာရှိသော်လည်း အဖော်မရှိသည့် လူနာများက ကလေးကို ခေါ်ခိုင်းရင်း နှစ်ယောက်ကို မွေးစားဖို့ (ခိုင်းဖို့) စာချုပ်စာတမ်းနှင့် နေရပ်လိပ်စာ အတိအကျယူပြီး ပေးခဲ့ပြီဖြစ်သည်။

အငယ်ဆုံး ကောင်မလေးကိုသာ အမျိုးသမီးဆရာဝန်များနှင့် သူနာပြုများက စုပေါင်းခေါ်ထားလိုက်ကြသည်။

ဤလူမှုရေးကိစ္စတွေနှင့် အလုပ်ရှုပ်နေသဖြင့် ထား တစ်ပတ် လောက်လို့ ကုန်သွားမှန်းပင် မသိလိုက်။ ပင်ပန်းလွန်းသဖြင့် ညဘက် ခေါင်းချလိုက်သည်နှင့် အိပ်ပျော်သွားစမြဲ။

ဆရာကြီးက မိမိကို အချိန်နှင့် အလုပ်ကြားတွင် လွမ်းစိတ် ကို ဖျောက်ဖျက်ပေးနေမှန်း ထားသိပါသည်။

မနက်ဖြန် ဆရာကြီး ခရီးထွက်မည်ဆို၍ ထားရင်မှာ အားငယ်သလိုလို၊ ရက်စက်လေသူကို ပြန်သတိရသလိုလို ဖြစ်လာ ကာသည်။

ဆရာကြီးကို ကြောက်ခြင်း၊ အားနာခြင်းများကြောင့် ထား ယုပ်ထဲတွင် အာရုံနှစ်မြှုပ်ထားနိုင်ခဲ့ခြင်းဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



သူက ခရီးထွက်ခါနီး ထားကို ခေါ်ဆုံးမနေသည်။

"ထား… ကျုပ်တော့ စိတ်ချသွားမယ်နော်။ ကျုပ်စေတနာကို တန်ဖိုးထားတယ်ဆိုရင် ဆေးရုံပေါ်ကလူနာတွေကို ကျုပ်ကိုယ်စား ဂရုစိုက်ပေးပါ။ ဆေးရုံပြင်ပမှာ ဆင်းရဲလို့ ဆေးမကုသနိုင်တဲ့သူတွေကို တွေ့ရင်လည်း ကျုပ်ကိုယ်စား ကုသပေးပါ"

ထား ခေါင်းညိတ်ပြမိပါသည်။

❁❁❁



အခန်း (၂၈)

"ဟာ… ဦးထွန်းအောင်ဇော်ပါလား။ ဘယ်တုန်းက ရောက်လာလဲဒေါက်တာ"

ရဲမော်က ပြာပြာသလဲ ခရီးဦးကြိုပြုခြင်းဖြစ်သည်။

"ခုပဲဗျ"

"အလုပ်ကိစ္စနဲ့ လာရတာလား"

"အလုပ်ကိစ္စက ရန်ကုန်ဘက်ကို သွားရမှာပါ။ ဒီကိုလာတာ အင်ရင့်ဆီ သက်သက်ဝင်တွေ့တာပါ"

"ဟုတ်လား… ဒါဆို အိမ်မှာပဲ တည်းပါဒေါက်တာ"

"နိုး…နိုး။ ကိုယ် စကားနည်းနည်းပါးပါး ပြောပြီး

www.burmeseclassic.com

www.burmeseclassic.com



ပြန်မှာပါ။ ဆယ်မိနစ်လောက် အချိန်ပေးနိုင်မလား"

"ရပါတယ်။ အေးအေးဆေးဆေးပြောလည်း ရပါတယ် မနက်ဖြန်မှပြန်ရောပေါ့ ဒေါက်တာရယ်"

"ကိုယ် အချိန်မရလို့ပါ"

"ဒါနဲ့ ဘာများမေးစရာရှိလို့လဲ ဒေါက်တာ"

"စိတ်တော့မရှိနဲ့ပေါ့ဗျာ... ကျုပ် အံ့သြလွန်းလို့၊ သိချင်လွ လို့ ခုလို အဝေးကြီးကလာခဲ့တာပါ။ ကျုပ်မေးချင်တာကတော့ ခင်ဗျာ ဘယ်လိုအငြိုးနဲ့ ထားကို ရက်စက်လွန်းခဲ့တာလဲ ဆိုတာပါပဲ"

ထိုစကားကြောင့် ရဲမော်မျက်နှာ ပျက်သွားခဲ့ပါသည်။

"ရက်စက်တာ မဟုတ်ပါဘူး။ သူ့ကို လွတ်လပ်ခွင့် ပေး လိုက်တာပါ"

"ဘယ်လို... ဘယ်လို"

"ဒီလိုပါဒေါက်တာ၊ သူ ကျွန်တော့်ကို ချစ်တာ ကျွန် သိပါတယ်။ ဒါပေမယ့် သူ့မိသားစုအတွက် သူ ရပ်တည်ဖို့ လို နေပြီလေ။ ကျွန်တော် တစ်ကိုယ်ကောင်းဆန်ပြီး သူ့ကို မသိမ်း သင့်ဘူးလေ"

"သူ့အတွက် အင်အားသစ်တစ်ရက်အနေနဲ့ မားမားမတ် ပူးပေါင်းရပ်တည်ပေးရင်လည်း ဖြစ်တာပဲ ကိုရဲမော်ရယ်။ ရတ်တရက်ကြီး သူ့ကို အဆက်အသွယ်ဖြတ်လိုက်တော့ သူ



လောက် ခံစားနေရရှာတယ်၊ အရှက်ရသိက္ခာကျစေတယ် ဆိုတာတွေ ရော မောင်ရင် ထည့်တွက်ခဲ့ရဲ့လား"

"ထည့်တွက်ပါတယ် ဆရာ။ ဒါပေမယ့် သူ့ဘက်က ရပ်တည်ပေးမယ့်သူတွေ၊ အားပေးယုယမယ့်သူတွေ၊ သနားမယ့်သူတွေ ဝိုင်းဝိုင်းလည်နေမှာပါ"

"ဒါပေမယ့် သူက ခင်ဗျားကို မျှော်လင့်ခဲ့တယ်ဆိုရင်ရော..."

"အချိန်ကြာလာရင် အလိုလို မေ့ပျောက်သွားမှာပါလေ"

"ခင်ဗျား သူ့ကို စိတ်မဝင်စားတော့လို့၊ အသစ်တွေ့နေလို့ လွယ်လွယ်နဲ့ အဆက်ဖြတ်ရဲတာ ထင်တယ်"

"တောင်ပေါ်ကို သူနဲ့ လက်ထပ်ဖို့ လာခဲ့တယ်ဆိုတာ ဒေါက်တာသိလား"

"သိတယ်၊ မေဝါ့ကို ကျုပ် အကုန်မေးထားတယ်"

"ဒါဆိုရင် ကျွန်တော့်မှာ အသစ် မတွေ့ထားဘူးဆိုတာ သေချာပါတယ်နော်။ စိတ်ဝင်စားလို့ တောင်ပေါ်ကို လာဖို့ ခဏခဏ ကြိုးစားပါတယ်။ ဒါပေမယ့် သူက ကျွန်တော့်ထက် သူ့မိသားစုတို့ကို သိပ်ဦးစားပေးလွန်းတယ်"

"သူက သမီးကြီးဖြစ်နေတော့ ဖခင်ရောဂါဖြစ်နေတာလည်း မှုရ၊ ပင်စင်ယူရတော့လည်း သူ့ခေါင်းပေါ် တာဝန်ကျတာပဲပေါ့ဗျာ။

www.burmeseclassic.com

www.burmeseclassic.com



ခင်ဗျား လွယ်လွယ်လေးနဲ့ သူ့ကို အဆက်ဖြတ်ရက်တာ၊ နောက်တစ်ယောက်ကို လက်ထပ်ရက်တာတော့ ကျုပ် သိပ်အံ့သြတယ်ဗျာ။ ခင်ဗျား သိပ်ရက်စက်လွန်းတယ်။ ကေ့ဗ္ဗ… အခုယူလိုက်တဲ့မိန်းမက ချောလို့လား၊ တော်လို့လား”

ထိုစကားကြောင့် ရဲမော်ပြုံးရင်း ခေါင်းခါနေပါသည်။

“ကျွန်တော့်မိန်းမ ထွေးထွေးက နာမည်နဲ့လိုက်အောင် အထွေးဆုံးလေ။ ရုပ်က ရွက်ကြမ်းရေကြိုပါပဲ။ ကိုးတန်းအထိပဲ ကျောင်းနေဖူးတယ်။ နေမကောင်းဖြစ်ရုံနဲ့ ကျောင်းထုတ်လောက်အောင်ကို သူတို့အိမ်က သဲကြ၊ ကဲကြ ချစ်ကြတယ်။ မော်လမြိုင်မှာ အချမ်းသာဆုံးစာရင်းစစ်ရင် ထွေးတို့မိသားစုလည်း ပါတယ်။ တစ်အိမ်လုံးက အထွေးဆုံးဆိုတော့ အားလုံး ဖူးဖူးမှုတ်ထားကြတယ်။ ထွေးပြီးရင် ပြီးကြတယ်။ အကြီးဆုံးသမီး ဟုဘာတတ်ဆရာဝန်မ အချောအလှကို အရူးအမူးကြိုက်ပြီး သူများလက်ထဲ ပါသွားမှာစိုးရ၊ ကိုယ့်ကို ပစ်သွားမှာစိုးရ၊ ချိန်းတွေ့လေတိုင်း ဖော်လံဖားခဲ့ရတဲ့ဘဝက ကိုယ့်ကို ဖူးဖူးမှုတ်ထားတဲ့ အသိုင်းအဝိုင်းကို ကူးပြောင်းသွားတဲ့ သဘောပဲ။ ကျွန်တော့်ကို ချစ်ပေမယ့်၊ ကျွန်တော်နဲ့ ယူပြီးပေမယ့် ထား ပျော်နိုင်မှာ မဟုတ်ဘူး။ ကျွန်တော်လည်း ပျော်ရမှာမဟုတ်ဘူး။ သူ့မှာ မိသားစု ဆိုတဲ့ ဝန်ထုပ်ဝန်ပိုးကြီးကို ဆက်ပြီး တာဝန်ယူရမှာဆိုတော့ [illegible] ဆိမှာနေလည်း သူ ထင်သလောက် ပျော်မှာမဟုတ်ဘူး။ ကျွန်[illegible]





ကလည်း ဝန်ထမ်းဆိုတော့ သူတို့တစ်မိသားစုလုံးကို ထောက်ပံ့ဖို့ ဘယ်လိုမှ ပေးနိုင်မှာ မဟုတ်ဘူး။ လင်အတွက်ပူရ၊ မိဘမောင်ဖွား အတွက် ပူရနဲ့ သူ ဗျာများမှာသေချာတယ် ဒေါက်တာ။ ဒါကြောင့် အများကြီးစဉ်းစားပြီး စွန့်စားခဲ့တာပဲ”

“တကယ်မချစ်လို့ လုပ်ရက်တာပါဗျာ…”

“ဒေါက်တာတို့က သူ့ဘက်ကပဲ နာကြမှာပါလေ…။ တကယ်ချစ်သလား၊ မချစ်သလား ထားအသိဆုံးပါ”

“ချစ်ရင် အရာရာကို ရင်ဆိုင်ရဲရမှာပေါ့။ ပါဝင်ကူညီပေးရမှာပေါ့။ ခုတော့ သူ့ကို ဒုက္ခကြားမှာ ဖြစ်ချစ်တာဖြစ်ဆိုပြီး ထားခဲ့တာနဲ့ မတူဘူးလား”

ရဲမော်က ရယ်ပါသည်။ ပြီးမှ…

“ထားလိုမိန်းကလေးကို ကူညီချင်တဲ့သူတွေ၊ စောင့်ရှောက်ချင်တဲ့သူတွေ တန်းစီနေမှာပါဗျာ”

“ဒါပေမယ့် သူက ခင်ဗျားကိုပဲ စွဲလန်းနေရှာတာပါ။ ဒါပဲပါလေ… တန်းစီနေတဲ့သူတွေထဲမှာ ကိုယ်လည်းပါတယ်ဆိုတာ ခင်ဗျား သိထားပြီးသား ထင်ပါတယ်”

“ဟုတ်ကဲ့၊ ဒေါက်တာလိုလူမျိုးကို ယူမှ သူ့အတွက် အေး[illegible] [illegible]ရနိုင်မှာ၊ အားကိုးနိုင်မှာပါ”

[illegible] “မောင်ရင်က ကိုယ်နဲ့ ငြိစွန်းတယ်ထင်ပြီး သူ့ကို ရက်စက်



www.burmeseclassic.com

www.burmeseclassic.com



ခဲ့တာလား။ အဲဒါကိုလည်း သံသယရှိလို့ ကိုယ်လာမေးတာ”

“သိဝန်တို့ရဲ့သတ်သက်ပါပဲ ဒေါက်တာ။ မိန်းမချောတစ်ယောက်ကို ကြိုက်သူများမယ်ဆိုတာ သိပြီးသားပဲ။ ဒါပေမယ့် ထားရဲ့သစ္စာကိုတော့ ယုံပါတယ်။ သူ့အပေါ် ကျွန်တော်ရက်စက်ခဲ့တဲ့ဒဏ်ကို ကျွန်တော်လည်း ခံစားသင့်သလောက် ခံစားရပါတယ်။ ကျွန်တော့် ဘဝ တစ်သက်တာအတွက်တော့ နှလုံးသားမှာ ဒဏ်ရာအဖြစ် အမြဲ နာကျင်နေမှာပါ”

“ခင်ဗျားစိတ်ဓာတ်ကို သိပ်အံ့ဩတယ်ဗျာ။ ကျုပ်ကတော့ ကျုပ်ချစ်ရင် ရအောင်ယူမှာပဲ။ အရင်ဦးနှင့်သူ ရှိရင်တော့ မနှောင့်ယှက်ဘူးပေါ့ဗျာ။ ကျုပ် ထားကို သဘောကျခဲ့ပေမယ့် ဘာအခွင့်အရေးမှ မယူခဲ့ဖူးဘူးဆိုတာယုံ။ အခုတော့ သူလည်း လွတ်လပ်သွားပြီ၊ အားငယ်နေတဲ့အချိန် ခင်ဗျားစိတ်နဲ့ အိပ်ရာထဲလဲနေလို့ ကျုပ် အတော်ကြီး စိတ်ဓာတ် မြှင့်တင်ပေးခဲ့ရသေးတယ်”

ထိုစကားကြောင့် ရဲမော် မျက်ရည်ဝဲသွားပါသည်။

“ကျုပ် ဒီစာပြန်ရင် သူ့မိဘတွေဆီသွားပြီး လက်ထပ်ခွင့်တောင်းမှာ”

“သူ့အဖေက ကျွန်တော် မိန်းမယူသွားတာ သိလို့လား တော်ကြာ ဒေါက်တာသွားပြောမှ သိသွားပြီး နှလုံးဖောက်ပြီး [illegible] ဖြစ်သွားဦးမယ်”





ဒီတစ်ခါ လှောင်သလို အကြာကြီးရယ်သူက ဒေါက်တာဦးထွန်းအောင်ဖော်ပါပဲ။

“ခင်ဗျား တကယ်ပူတယ်ဆိုရင် တခြားမိန်းမကို ဘယ်ယူမှာလဲဗျာ။ ကျုပ် မီးစင်ကြည့်ပြီးကမှာပါ။ ဒါ... ခင်ဗျားအိမ်ကို ခဏလောက် သွားချင်တယ်။ ထားနဲ့ နေရာချင်းလဲခဲ့တဲ့ ထွေးထွေးကို မြင်ဖူးချင်လို့”

“ရပါတယ်ဆရာ။ ကျွန်တော်လည်း မနက်စာကျွေးခွင့် ကြုံသွားတာပေါ့”

❁

သမီးကြီးထား....

ဆရာဝန်ကြီး ဘိုကို ရောက်လာတယ်။ မေမေ့ရောဂါကိုလည်း စမ်းသပ်ပေးသွားတယ်၊ ဆေးတွေလည်း ဝယ်ပေးသွားတယ်။ သူ့မိတ်ဆွေ ဆရာဝန်တွေနဲ့လည်း စိတ်ချရအောင် အပ်ပေးသွားတယ်။ ပြီးတော့ မောင်ရဲမော်ရဲ့ ရက်စက်မှုတွေကိုလည်း မေမေ့ကို တိုးတိုးတိတ်တိတ် ပြောပြတယ်။ ညည်းအဖေကိုတော့ အသိမပေးသွားဘူး။ စိတ်ဆင်းရဲမှာ စိုးလို့တဲ့....။ နောက်ပြီး သူ သမီးကို စတွေ့တည်းက စိတ်ဝင်စားခဲ့



www.burmeseclassic.com

www.burmeseclassic.com



မောင့် ချစ်ခြင်းကြီးနေမှန်းသိလို့ အမြန်မြန်ပဲ နေခဲ့တယ်တဲ့။ အခုလို ထားနဲ့ ရဲဇော် စာတိလေးပြီးသွားတာဟာ သူ့အတွက် ကံကောင်းခြင်းပဲတဲ့။ မေမေတို့ သဘောတူပြီး သမီးလက်ခံမယ်ဆိုရင် သူ အမြန်ဆုံး လက်ထပ်ချင်တယ်တဲ့။

မေမေကတော့ ရဲဇော်လို လူမျိုး လူ့သုံ့နဲ့ လွဲသွားတာကို ဝမ်းသာနေမိတယ်။ မောင်ဇော်နဲ့ ယှဉ်ရင် သမီး စိတ်နဲ့နေရပဲ။ သမီးအလုပ်က ထွက်ချင်လည်း ထွက်တဲ့၊ မထွက်ချင်လည်း သမီးရတဲ့လခ မေမေတို့အတွက် ပို့ပေးမယ်တဲ့ . . . ။ စိတ်ကောင်းရှိလိုက်တာ သမီးရယ်။ အကျယ်ကျယ်ရပြီး အိုနာကျောင်းတက်ဖို့ အခင်မပြေတဲ့မျိုး ဆိုရင် မေမေတို့ကိုပါ ခေါ်ထားမယ်တဲ့ကွယ်။ သမီးအတွက်ရော၊ မေမေတို့အတွက်ပါ အခင်မပြေတာနဲ့ မောင်ဇော်နဲ့လက်ထပ်တာကို လုံးဝ မကန့်ကွက်ဘူး။ ပေပေ့ရောဂါကြောင့် မေမေတို့ မေမြို့ လာနိုင်မှာ မဟုတ်ဘူး။ ဒီတစ်ခါ မင်္ဂလာပွဲမှုကျရင် မေမေ သေရုံပဲ ရှိတော့မယ် သမီးရယ် . . ။ သမီးတို့လက်ထပ်ပြီး အားတဲ့အခါကျမှ မေမေတို့ဆီကို လာလည်ကြတော့ပေါ့ ။ အမြန်ဆုံး လက်ထပ်ဖြစ်ပါစေလို့ မေမေ ဆုတောင်းနေမယ်။ မောင်ရဲဇော်လေးကို မေမေ ခံပြင်းတယ်ကွယ်။ ဒါကြောင့် မြန်စေချင်တယ်။ ဪ . . ပြောရဦးမယ် မောင်ဇော့်ကို





တစ်ခုပဲ တောင်းဆိုလိုက်ယ် သမီး။ သမီးနဲ့ ပေါင်းသင်းနေသမျှ ကာလပတ်လုံး ဗုဒ္ဓဘာသာဝင်တစ်ဦး ဖြစ်ဖို့ပဲလေ။ သူက နဂိုတည်းက ဗုဒ္ဓဘာသာဝင်ဖြစ်တယ်လို့ ပြောသွားခဲ့တယ်။ တကယ်လို့ လက်ထပ်ဖြစ်ရင် မြန်မာထုံးတမ်းစဉ်လာအရ မင်္ဂလာဆွမ်း ကပ်ဖြစ်အောင် ကပ်နော် သမီး။

စာဖတ်ပြီး ထား ငိုင်နေသဖြင့် . . .

"မထားတို့အိမ်က ဘာတွေရေးလိုက်လို့လဲ"

"ဖတ်ကြည့်တော့ မေဝါရယ်၊ ဖတ်ကြည့်တော့"

မေဝါက စာကို စိတ်ဝင်စားစွာဖတ်ပြီး ခေါင်းတစ်ညိတ်ညိတ်လုပ်နေသည်။

"ဖတ်ရတာ အရသာကို ရှိနေတာပဲ။ မေဝါတို့ဖြစ်ချင်တာ ဖြစ်ရလို့ အားလုံးပျော်ရမယ့်ပွဲပါ မထားရဲ့။ ဘာလဲ မထားက တို့ဆရာဝန်ကြီးကို လက်မခံချင်လို့လား"

- "ကိုယ်ပြောပြီးပြီရော . . . ဆရာလိုလူကို ဘာမှ ငြင်းစရာ မရှိပါဘူး။ ဒါပေမယ့် ကိုယ်က သူများစွန့်ပစ်တာကို ခံခဲ့ရတဲ့ မိန်းမ တစ်ယောက်လေ။ ကိုယ့်အကြောင်း အစအဆုံးသိနေတဲ့ ဦးထွန်းအောင်ဇော်က ကိုယ့်ကို တစ်နေ့တခြား အထင်သေးလာမှာစိုးရတာ"

"သော် . . ဒါတော့ ပူစရာမလိုပါဘူး မထားရယ်။ မထား



www.burmeseclassic.com

www.burmeseclassic.com



မှာ ဘာအပြစ်မှ မရှိဘူးဆိုတာ ဆရာကြီးသိနေတာပဲ။ ဆရာကြီးကတောင်ပြောသေးတယ်၊ ကိုရဲမော် ခုလိုစိတ်ရိုင်းဝင်သွားတာဟာ မထားနဲ့ ဆရာကြီးကို ဘာလိုလိုထင်လို့တဲ့။ မနာလိုစိတ်၊ သဝန်တိုစိတ်၊ အားငယ်စိတ်တွေကြောင့် ဖြစ်သွားတာပါတဲ့။ ဆရာကြီးက လူသားအားလုံးကို ကောင်းတဲ့ဘက်ကပဲ ကြည့်တတ်၊ တွေးတတ်တဲ့ တကယ့် လူတော်လူကောင်းပါ”

“မေဝါတို့ကတော့ သူ့ဆရာကြီးကို ညွှန်းမှညွှန်းပဲ”

“မယုံဘူးလား၊ မယုံရင် ယူကြည့်လေ”

“ဟယ်... ပြောလေ ကဲလေပါလား။ ယူများကြည့်ရဦးမယ်တဲ့”

“ဘာလဲ မယူဘူးလား။ ဆရာကြီးကို သွားပြောလိုက်ရမှာလား”

“ကိုယ့်အမေက သဘောတူ ကြည်ဖြူ ပြီးပြီလေ။ ကိုယ့်ကို ဗုဒ္ဓဘာသာ မြန်မာအမျိုးသမီးတစ်ယောက်လို လက်ထပ်ယူရင် ပြီးတာပဲ”

“ဒါများကွာ၊ ဆရာကြီးက ဗုဒ္ဓဘာသာပဲ ကိုးကွယ်တာပါ။ မထားနဲ့ဆရာကြီး မင်္ဂလာပွဲကတော့ ခြိမ့်ခြိမ့်သဲနေမှာပဲ”

နောက်တစ်နေ့တွင် ထား အလုပ်ပြောင်းဖို့ စာရောက်လာခဲ့သည်။ ရန်ကုန်ရှိ ဒပ်ဖရင်ဆေးရုံသို့ ပြောင်းရမည်တဲ့။





ပြောင်းရွှေ့ရတော့မည်ဆိုတော့ ထား လက်ထပ်ဖို့ အစီအစဉ်ကို ခေတ္တရွှေ့ပြီး စေ့စပ်ထားဖို့သာ အကြံပေးမိသည်။

ရန်ကုန်ရောက်လျှင် မိဘများနှင့်နီးပြီမို့ လက်ထပ်ဖို့ကိစ္စအတွက် ဆွေမျိုးသိုက်သိုက်ဝန်းဝန်းနှင့် ပိုအဆင်ပြေမည် မဟုတ်လား။

ဆရာဝန်ကြီးက ထား စိတ်ချမ်းသာသလိုလုပ်ရန် ခွင့်ပြုခဲ့သဖြင့် ထား ကျေနပ်ရပါသည်။

ထိုနေ့က ဦးထွန်းအောင်ဇော်၏ ခြံထဲမှာ ညနေဘက် စေ့စပ်ခြင်းဧည့်ခံပွဲ ပြုလုပ်ခဲ့ပါသည်။

ဖိတ်ထားသောသူများ ရောက်လာကြသလို ဖိတ်စာမရသူများကလည်း မဖိတ်ရကောင်းလားဟု စိတ်တိုပြီး အရောက်လာခဲ့ကြသဖြင့် တစ်ခြံလုံး ဝက်ဝက်ကွဲ စည်ကားသွားခဲ့ပါသည်။

“ထား”

“ရှင်... အစ်ကိုကြီး”

“ကျုပ်နဲ့ ယူရတော့မှာမို့ စိတ်ညစ်နေသလား မသိဘူး”

ထားက ပြုံးလျက်...

“ထားရဲ့ ကိုယ်ရေးကိုယ်တာ စိတ်ညစ်စရာတွေက အမြင့်ဆုံးဒီဂရီမှာ ရောက်နေခဲ့တာလေ။ အခု ဆရာကြီးနဲ့ယူပြီးရင်တော့ ဆင်းပြီး အမြင့်ကို တက်စရာမရှိတော့ပါဘူး။ အဲ... အေးမြနေခဲ့တဲ့၊ လုံခြုံနွေးထွေးတဲ့ ရင်ခွင်တစ်ခုထဲ ရောက်သွားနိုးသိလို့

www.burmeseclassic.com



အမြင့်ဆုံးဒီဂရီက အောက်ကို တဖြည်းဖြည်းတော့ ပြန်ကျလာပါပြီ"

ထိုစကားကြောင့် ဦးထွန်းအောင်ဇော်က ကျေနပ်စွာရယ်ရင်း...

"ထား စကားပြော လိမ္မာပါးနပ်လွန်းတယ်"

"တကယ်ပြောတာပါ အစ်ကိုကြီးရဲ့"

"ကျုပ်လည်း အပြောနဲ့ အလုပ်နဲ့ ညီအောင်လုပ်မယ့်လူပါ။ ထားပင်ပန်းရင် အလုပ်ထွက်ပြီး အိမ်မှာ အနားယူချင်လည်းယူပါ"

"အို ... သင်ထားတဲ့ပညာတွေ အလကား ဖြစ်ကုန်မှာပေါ့။ ထားလေ ဘာအလုပ်မှမရှိဘဲ တစ်နေ့တစ်နေ့ ချက်လိုက်ပြုတ်လိုက် စားလိုက်၊ အိပ်လိုက်နေရမှာကို တွေးပြီးရှက်သလိုပဲ"

"ထားက ခေတ်မီတဲ့ ဆရာဝန်မတစ်ယောက်ကိုး။ မြန်မာ အမျိုးသမီးတွေက အိမ်ထောင်ပြုပြီးရင် အိမ်ရှင်မတာဝန်ကို ကျေပွန်အောင် ထမ်းဆောင်ကြမယ်၊ မိခင်တာဝန်ကို ကျေပွန်မယ်ဆိုတဲ့စိတ်ပဲ ရှိကြတာ များတယ်လေ"

"ထား အလုပ်လုပ်ဦးမှဖြစ်မှာ၊ ဖေဖေ ပင်စင်ယူတော့ စားဝတ်နေရေး ခက်ခဲသွားကြပြီလေ"

"ဟုတ်တယ် ထား။ ထားက သမီးကြီးဆိုတော့ တာဝန်ရှိတာပေါ့"

"ထားသိပါတယ်။ ကိုရဲမော်ဟာ ထားကို မိသားစုထဲက ရှေ့တန်းတင်လွန်းလို့ ပစ်ပြေးသွားခဲ့တယ်ဆိုတာ"

"ဟုတ်ချင်မှ ဟုတ်မှာပါကွာ"

"ဟုတ်တယ် အစ်ကိုကြီး။ လက်ထပ်ဖို့အကြောင်း ဆွေးနွေးကတည်းက သူက မိသားစုကို တာဝန်မယူဘူးလို့ ပြောဖူးတယ်။ ဒါကြောင့် ထား သူ့ကို အချိန်တွေဆွဲနေမိတာ"

"ဩော် ... ချစ်မိပြီဆိုမှတော့ ကိုယ့်ချစ်သူ စိတ်ချမ်းသာအောင်လည်း ကူညီနိုင်ရမှာပေါ့ကွာ။ ဒီကိစ္စမှာ ရဲမော်မှားတာပေါ့။ ကောင်းပါတယ်...သူမှားလို့ ကိုယ် ထားကိုပိုင်ဆိုင်ခွင့်ရတာ။ ကျေးဇူးကြီးပါပေတယ် မောင်မင်းကြီးသားရယ်"

ထိုစကားကြောင့် ထား ရယ်မိသည်။ သူက ထားနှာခေါင်းကို ဆွဲညှစ်ရင်း...

"ထားကို သိပ်ချစ်တယ်ဆိုတာ သိရဲ့လား"

ထားမျက်နှာလေး တည်သွားပါသည်။ ပြီးမှ မျက်လုံးချင်းဆုံအောင် စိုက်ကြည့်ပြီး လေးစားစွာ ခေါင်းညိတ်ပြမိပါသည်။

"ကျုပ်ကိုလည်း အမြန်ဆုံး ပြန်ချစ်နိုင်အောင် ကြိုးစားဦးနော်"

ထားက ရှက်သလိုမျက်နှာနှင့် ခေါင်းငုံ့ထားလိုက်ပါသည်။

ထား ရန်ကုန်ပြောင်းပြီးနောက် ဦးထွန်းအောင်ဇော်က ပြင်ဦးလွင်မြို့သို့ ပြောင်းဖို့ အမိန့်ရသည်။





www.burmeseclassic.com

www.burmeseclassic.com



သူ မြိတ်မြို့ရောက်ပြီး တစ်လအကြာတွင် ရန်ကုန်ပြန်လာပြီး လက်ထပ်ဖို့ ပူဆာတော့သည်။

မီခင်ကလည်း နောက်တစ်ခါကွဲလျှင် မိန်းကလေးပင် အရှက်ရမည်ဖြစ်ကြောင်း ပြောသည်။

ဆရာကြီးလိုလူမျိုး နောက်ထပ် ထပ်ရှာ၍ မရနိုင်ကြောင်း အဝေးရောက်သွား၍ သူများလက်ထဲထပ်ပါသွားလျှင် မျက်နှာကိုမားနှင့် လိုးပြစ်ဖို့ကောင်းကြောင်း ပြောသဖြင့် လက်ထပ်ပွဲကို အကျဉ်းချုပ်၍ စီစဉ်လိုက်ရတော့သည်။

ခွင့် လဝက်ပြည့်တော့ သူပြန်သွားခဲ့သည်။

သူ မခွဲချင်သေးကြောင်း ထားသိပါသည်။ ထားအတွက်ကတော့ သံယောဇဉ်ရှိသူများနှင့် ခွဲခွာရတာတွေ မဆန်းလှတော့ပါ။

မိဘများနှင့် သိုက်သိုက်ဝန်းဝန်း ကျန်ရစ်ခဲ့သဖြင့် သူ စိတ်ချပြီး ပြန်သွားခြင်းဖြစ်သည်။

ယောက်ျားထံမှ လွမ်းစာတွေ အထပ်လိုက် ပေးပို့နေခဲ့ပါသည်။ လူကြုံကောင်းတိုင်း ငါးပိ၊ ငါးခြောက်၊ ပုစွန်ခြောက်အပြင် ပစ္စည်းဆန်းလေးများ မကြာခဏ ပို့ပေးတတ်ပါသည်။

သူက ချစ်လွန်း၍ အမြတ်တနိုးထားပြီး ပို့ခဲ့ပါသော်လည်း ထား ရင်မခုန်တော့ပါ။

ဤလိုကိစ္စမျိုးတွေအတွက် ထား ရင်ခုန်ခဲ့ရတာ များခဲ့ပါပြီ။





လင်ယောက်ျားအပေါ် ထား သစ္စာမဖောက်ခဲ့ပါ။ သို့သော် ငယ်ရည်းစား အချစ်ဟောင်းကို မမေ့ခဲ့ပါ။ နေ့စဉ် သတိရနေဆဲပင် ရှိပါသေးသည်။ 'ခင်ပွန်း'သည် ချစ်သူ မဖြစ်ခဲ့၍ ချစ်သူကိုချစ်သည့် အချစ်မျိုးနှင့် မချစ်ခဲ့သေးပါ။

လင်ယောက်ျားအပေါ်တွင် ထား ရင်မခုန်ခဲ့ပါ။ အလွမ်းကြီး မလွမ်းခဲ့ပါ။ ထားကို စိမ်းကားသွားခဲ့သူကို လွမ်းနေဆဲပါ။

❁❁❁



www.burmeseclassic.com

www.burmeseclassic.com



အခန်း [၂၁]

သုံးလလောက်ခွဲနေရပြီးသောအခါ သူ ပုသိမ်ကို ပြောင်းရွှေ့လာခဲ့ပါသည်။

မိန်းမနှင့် အတူနေချင်သဖြင့် သူ၏ကြိုးစားမှုကြောင့် ပြောင်းရွှေ့ခဲ့ရတာလား၊ ကံကောင်း၍လားတော့ ကျွန်မ မသိပါ။ ရန်ကုန်နှင့် ပုသိမ် နီးနီးလေးမို့ သူနှင့်ကျွန်မ မကြာခဏ တွေ့ဆုံခွင့်ရကြပါသည်။

ချစ်တာနှင့် လက်ထပ်တာ တခြားစီဟူသောစကားကို ကျွန်မ အရင်က သဘောမပေါက်ခဲ့ပါ။

ယခု ကိုယ်တွေ့ကြမှ သိရပါပြီ။

သူ့ကို ချစ်သူလို မချစ်သော်လည်း သူသည် ကျွန်မ၏ အာမပိုင်လင်ယောကျ်ား ဖြစ်ခဲ့ပြီမို့ သူ့ရင်သွေးကို ကျွန်မ လွယ်ထားခဲ့ရပါပြီ။

မွေးဖွားခွင့် တစ်လခွဲယူပြီး သူရှိရာ ပုသိမ်သို့ ကျွန်မ လိုက်သွားခဲ့ပါသည်။

ရန်ကုန်မှာအခြေအနေက မအေးချမ်းသဖြင့် ပုသိမ်မှာမွေးဖွားဖို့ ဆုံးဖြတ်ခဲ့ခြင်းလည်းဖြစ်သည်။

ပုသိမ်ရောက်ပြီး ဘာမျှမကြာ၊ ၁၉၄၁ ခုနှစ် ဒီဇင်ဘာလ (၂၃)ရက်နေ့တွင် ဂျပန်တို့က ရန်ကုန်မြို့ကို ဗုံးကြဲတိုက်ခိုက်ခဲ့သည်။

သွေးလန့်ခြင်း၊ ထိတ်လန့်ခြင်းများဖြင့် ထား သားဦးအလေးကို ဒီဇင်ဘာ (၅)ရက်နေ့တွင် လမစေ့ဘဲ ခက်ခက်ခဲခဲ မွေးဖွားခဲ့တော့သည်။

ဒီဇင်ဘာ (၈)ရက်နေ့တွင် ဂျပန်က စတင်၍ စစ်ကြေညာခဲ့သဖြင့် စစ်အတွင်းကာလဖြစ်ပြီး ရတ်ရတ်သဲသဲ ကြောက်ကြောက်လန့်လန့် ဟိုပြေးဒီပြေး ဖြစ်ကုန်ကြတော့သည်။

ထား၏ခင်ပွန်းလည်း အလုပ်လက်မဲ့ဖြစ်သွားခဲ့သဖြင့် ထားသပင် အပြင်ဆေးကုဆရာဝန်အဖြစ် မိသားစုတာဝန်ကို ယူခဲ့ရတော့သည်။

မြန်မာပြည်အရပ်ရပ်ကို ဂျပန်တို့က ဗုံးကြဲဖျက်ဆီးနေသဖြင့် သူတွေ ကြီးလန့်စာ စားပြီး ဗုံးခိုကျင်းထဲ ဆင်းနေရသည့်အချိန်ကာလ



www.burmeseclassic.com

www.burmeseclassic.com



ဖြစ်သည်။

ရန်ကုန်မှအမျိုးများ စစ်ပြေးဒုက္ခသည်အဖြစ် ထားတို့အိမ် ရောက်ရှိလာကြသည်။

"ဒေါ်ဒေါ်တို့ ဒီဘက်ကိုလာတာ မှားပြီထင်တယ်။ ပုသိမ်က ရန်ကုန်နဲ့ ဘာဝေးလို့လဲ။ ဟိုမှာတုန်းက မသေဘဲ ဒီကြမှသေရ ခက်နေပါ့မယ်"

"ဟိုမှာ မနေရဲတော့ဘူးအေ၊ ငါတို့နားတစ်ဝိုက်မှာ ဗုံးကျ ပြီး အိမ်တစ်လုံးလုံးကို ပျောက်သွားခဲ့တာ။ ခြေပြတ်၊ လက်ပြတ် တွေလည်း ပလူပျံနေတာပဲ၊ ပုတ်စော်တွေလည်း နံနေတာပဲ။ ညဘက် ဆို အစိမ်းသူရဲတွေရဲ့ အော်သံတွေကလည်း ကြောက်စရာ၊ ဗုံးကြ လေယာဉ်လာလို့ ဥသြဆွဲသံများကြားရရင် ခွေးတွေက ငါတို့ထက် အရင်ဦးပြီး ကျင်းထဲရောက်နေတာ။ ဒီလို အနိဋ္ဌာရုံအဖြစ်မျိုး ဘယ် တုန်းကမှ ကြုံမယ်လို့ မထင်ခဲ့မိပါဘူးအေ။ ခုတော့ မိသားစုတွေ လည်း သေကွဲ ရှင်ကွဲကွဲကြ၊ အိုးပစ် အိမ်ပစ် ခြေဦးတည့်ရာ ပြေး လွှားနေကြရပြီ။ ဒီလိုဘဝမျိုး ရက်ကြာလာတာနဲ့အမျှ စားဝတ်နေရေး တွေ ခက်ခဲလာကြတော့မယ်"

ထွန်းအောင်ဇော်ကတော့ ရန်ကုန်ကို စ၍ ဗုံးကြဲပြီဆိုကတည်း က ခြံထဲတွင် ဗုံးခိုကျင်း ဆင်း၍ တူးနေခဲ့သည်။

ရန်ကုန်ကဆွေမျိုးများ အပြေးအလွှား ရောက်လာသည့်နေ့





ပင် ပုသိမ်မြို့ ဗုံးကြဲခံရပါတော့သည်။

ကံကောင်းချင်တော့ ဗုံးက လေထဲတွင်ကွဲသွားခဲ့ပါသည်။ ကံဆိုးချင်တော့ ထားတို့အိမ်ပေါ်သို့ ဗုံးကွဲစများကျပြီး ဦးခင်မောင်ရီ ၏ပေါင်ကို ထိမိုက်၍ ဒဏ်ရာပြင်းထန်စွာ ရသွားခဲ့သည်။

အိမ်မှာလည်း သုံးမရအောင် လုံးဝ ပျက်စီးသွားခဲ့ပြီဖြစ်၍ ဦးခင်မောင်ရီ၏ မိတ်ဆွေတစ်ယောက်ခြံထဲတွင် တဲထိုး၍ နေခွင့်ပေး ပါရန် အကူအညီတောင်းရတော့သည်။ ထိုတဲငယ်ငယ်တွင်ပင် ဆင်းဆင်းရဲရဲ ကျပ်ကျပ်တည်းတည်းနှင့် နေကြရတော့သည်။

ပုသိမ်သို့ ဂျပန်စစ်သားများ ဝင်ရောက်လာသောအခါ ထား တို့ပိုင်ဆိုင်သည့် 'မောရစ်ကားကလေး'ကို ဂျပန်တို့က သိမ်းယူသွား ခြင်းကို လက်ပိုက်၍ ကြည့်နေရတော့သည်။

သုံးလလုံးလုံး ထိုတဲငယ်ငယ်တွင် တိုးခွေပြီး နေကြရသည်။

"အစ်ကိုကြီးတော့ စိတ်ညစ်မှာပဲနော်။ တောင်ပေါ်က အစ်ကို ကြီးရဲ့တိုက်နဲ့စာရင် ဒီအိမ်က ပိုသားနားနေလို့လေ၊ ကျယ်ဝန်းလို့လေ"

ယောက်ျားက သဘောကျသလို ရယ်ရင်း…

"သေရင် ဒီထက်ကျဉ်းတဲ့ ကျင်းထဲ ဝင်ရဦးမှာဗျ။ အသက် ရှိနေတုန်း ကျုပ်မိန်းမနဲ့ ခုလိုနေရတာ ကျုပ်အတွက်တော့ ကြည်နူး စရာပဲဗျ"

"သုံးလေးရက် နေရင်တော့ အိမ်ငှားလို့ရမှာပါ။ ကျယ်ကျယ်



www.burmeseclassic.com

www.burmeseclassic.com



ဝန်းဝန်း သပ်သပ်ရစ်ရပ်ပါပဲ။ အိမ်ရှင်က နည်းနည်း ပြင်ဆင်ချင်လို့ သုံးရက်လောက် စောင့်ပါဦးတဲ့"

အိမ်သစ်တွင် အခြေတကျနေဖြစ်ကာ နှစ်လပင် ရှိသွားခဲ့ပါပြီ။

"ဒေါက်တာ ဦးထွန်းအောင်ဖော် ရှိပါသလား"

"သြော်... ကျုပ်ပါပဲ။ ငါ့ညီက ဘာကိစ္စရှိလို့လဲ"

စစ်ဗိုလ်ဖြစ်နေ၍ အားလုံး စိတ်ဝင်စားစွာ ကြည့်နေမိကြသည်။

"ကျွန်တော်က ရန်ကုန်မင်္ဂလာဒုံ ဗိုလ်သင်တန်းကျောင်းကပါ။ ဒေါက်တာ့ကို တတိယပတ် ဗိုလ်သင်တန်းကျောင်းမှာ ဆရာဝန်အဖြစ် အမှုထမ်းဖို့ အမိန့်စာပါလာတယ်"

"ဘယ်သူ့အမိန့်လဲ"

"ဂျပန်အမိန့်နဲ့ပါ"

အမိန့်ကို မလွန်ဆန်နိုင်သဖြင့် ချစ်ဇနီးအား ခွဲခွာ၍ သူ ထွက်သွားခဲ့ရပါသည်။

ထားလည်း အမျိုးများရှိရာ ကိုယ့်အရပ် ကိုယ်ပြန်နေဖို့ ထွက်ခွာခဲ့ပါသည်။

ထိုရက်ပိုင်း၊ လပိုင်းတွေအတွင်း လင်မယားနှစ်ယောက် လုံးဝ အဆက်အသွယ် မရှိကြတော့ပါ။





သုံးလပြည့်သောအခါကျမှ ထားတို့ယောကျ်ားကို ပြန်တွေ့ခွင့်ရပါသည်။ မိသားစုကို ပြန်ခေါ်ခွင့်ရသဖြင့် စစ်တန်းလျားတွင် နေခွင့်လည်းရမည်ဖြစ်သည်။ ဘယ်လိုပဲနေရနေရ မိသားစု အတူနေရမည်ဖြစ်၍ ပျော်နေကြသည်။

မင်္ဂလာဒုံ စစ်တန်းလျား ကျဉ်းကျဉ်းလေးသည် ထားတို့နေစရာ ဖြစ်လာခဲ့သည်။

မြစ်ဝကျွန်းပေါ်တွင်နေပြီး ကောင်းမွေ့ဆိုသောဆန်ကို စားခဲ့ကြရာမှ ယခု စေးနဲဆန်ကိုသာ စားကြရသည်။ ဘဲဥ၊ အမဲသား၊ ကျောက်ဖရုံသီး၊ ပဲပင်ပေါက် စသည့် ဟင်းလျာများကိုသာ အဖန်ဖန်တလဲလဲ စားခဲ့ကြ၍ အစားဆင်းရဲ၊ အနေဆင်းရဲကြရသည်။ တစ်ခါတစ်ရံ ကြက်သားပေးသော်လည်း အရှင်ဖြစ်၍ ထား မသတ်ရဲပါ။ ထို့ကြောင့် ကြက်သားနှင့် ဝေးခဲ့ကြသည်။

သည်လိုနှင့် သည်တစ်နေရာတွင် သုံးလခန့်ကြာခဲ့ပါပြီ။ နေရာတစ်နေရာတွင် သုံးလ၊ လေးလနေပြီးလျှင် အခြားတစ်နေရာသို့ ရွှေ့ရတာများလာပြီဖြစ်၍ သုံးလကျော်လာတော့ နည်းနည်း စိတ်လှုပ်ရှားချင်လာသည်။

"ဒက်... ဒက်... ဒက်
ဒက်... ဒက်... ဒက်"

လေယာဉ်ပျံစောသံ ကြားရပြီးသည့်နောက် ထားတို့အိမ်တန်း



www.burmeseclassic.com

www.burmeseclassic.com



လျှားများဆီတွင်း စက်သေနတ်သံများ ညံသွားတော့သည်။

ခေါင်မိုးတွေ၊ နံရံတွေ စကာပေါက် ဖြစ်သွားသော်လည်း အရှောင်အမှန်းကောင်း၍ ကံကောင်းပြီး ထိခိုက်ဒဏ်ရာရခြင်း မရှိခဲ့ပါ။

သည်လိုနှင့် သုံးလအချိန် ကြာသွားခဲ့သောအခါ ဘာများဖြစ်ပေါ်ပြောင်းလဲလာဦးမည်နည်း။ ရင်ခုန်လှိုက်မောစွာ စောင့်စားနေမိစဉ် ခင်ပွန်းသည်ကို 'လားဝစ်လမ်း' စစ်ဆေးရုံသို့ ပြောင်းရွှေ့ခိုင်းသဖြင့် အိမ်ပြောင်းကြရပြန်သည်။ မိတ်ဆွေတစ်ဦး၏ခြံထဲတွင် တဲထိုးပြီး ကပ်နေကြရပြန်ပါသည်။

"ကိုကြီး..."

"ဘာလဲထား"

"ကိုကြီးတို့ဆေးရုံမှာ အလုပ်တစ်ခုခုရအောင် ပြောပေးလို့ မရဘူးလား။ အလုပ်မလုပ်ရဘဲ အိမ်မှာနေရတာ ထိုင်းမှိုင်းလွန်းလို့"

"အလုပ်လျှောက်ကြည့်တာပေါ့"

ဤဆေးရုံ၌ အတွင်းလူနာ အမျိုးသားများကိုသာ လက်ခံကုသပေးခြင်းဖြစ်သည်။

ပြင်ပလူနာခန်း၌သာ မိသားစုများကို ကုသပေးပါသည်။

ကျွန်မ အလုပ်လျှောက်ခြင်းကို စစ်တပ်က ခွင့်မပြုသော်လည်း ဆေးရုံအုပ်ကြီးအား အကူအညီတောင်းခဲ့ပါသည်။ ဆေး





အုပ်ကြီး၏ ကြိုးစားပေးမှုကြောင့် တတိယအကြိမ်မြောက်တွင် အလုပ်ခန့်ခဲ့ပါသည်။

စစ်တပ်ဝန်ထမ်းအနေဖြင့် မဟုတ်ပါ။ ပြင်ပမှကူညီသော ဆရာဝန်အနေဖြင့် လုပ်ကိုင်ခွင့်ရခဲ့ခြင်း ဖြစ်သည်။

ထုံးစံအတိုင်းပါပဲ။ သုံးလကျော်လာတော့ တစ်မျိုးပြောင်းလွဲကြပြန်ပါပြီ။

ခင်ပွန်းဖြစ်သူက တော်လှန်ရေးထဲ လိုက်ပါသွားခဲ့သဖြင့် ခွဲခွာနေကြရပြန်သည်။ ဘယ်စခန်း၊ ဘယ်လမ်းသွားမှန်းပင် သိခွင့်မရခဲ့ပါ။

နောက်ဆုံး ထား မျက်နှာငယ်နေသဖြင့် အစ်ကိုဝမ်းကွဲနှင့် ယောက်မတို့က (........)ရွာတွင် အတူတူနေရန် လာခေါ်သဖြင့် ကလေးနှစ်ယောက်၊ ကလေးထိန်းတစ်ယောက်ဖြင့် ကျွန်မ ရွှေ့ပြောင်းခဲ့ရပြန်ပါသည်။

ကံဆိုးမသွားရာ မိုးလိုက်လို့ရွာနေရော့သလား မသိပါ။ ကျွန်မရောက်ပြီး ဘာမျှမကြာ အိမ်ကို စက်သေနတ်ဖြင့် ပစ်ခတ်ခြင်း ခံခဲ့ရပါသည်။

အိမ်မှာခိုင်းဖို့ခေါ်ထားသော ကောင်လေးကို ထိသွားခဲ့ပါသည်။ ထားတို့အားလုံးတော့ သေဘေးမှ ကံသီပြီးလွတ်ခဲ့ပါသည်။

မိုးလင်းတော့မှ အံ့ဩထိတ်လန့်ရပါတော့သည်။

www.burmeseclassic.com



တစ်ရွာလုံး စွက်ပြေးတိမ်းရှောင်ကုန်ကြပြီး ထားတို့ တစ်အိမ်တည်းသာ ကျန်ခဲ့ခြင်းဖြစ်သည်။

အိမ်နောက်ဘက်တွင် ဂျပန်စစ်တပ်များချထားကြောင်း သိရသဖြင့် ပစ္စည်းတွေချက်ချင်းကောက်သိမ်းပြီး လေးမိုင်ခန့်ဝေးသော ရွာလေးတစ်ရွာသို့ ပြေးခဲ့ကြရပြန်သည်။ ထိုရွာတွင် ယောက်မ၏ အစ်ကိုဝမ်းကွဲအိမ် ရှိနေသောကြောင့်ဖြစ်သည်။

အထုပ်အပိုးတွေရွက်ရ၊ ဆွဲရသည့်အပြင် နေကပူကျွတ်နေပြီး လယ်ကွင်းများကို ဖြတ်၍ လျှောက်ရခြင်းဖြစ်သည်။

ရွာမှာ ဈေးမရှိ။

ငါးမျှားသူများ၊ တောထဲကဟင်းရွက် ခူးသူခူးနှင့် နေ့စဉ်ကြုံသလို၊ ဖြစ်သလို စားသောက်နေထိုင်ခဲ့ရသည်။

တစ်ခါတစ်ရံ ဗုံးသံပေါ်၍ လာရောင်းတတ်သော်လည်း ဝမ်းရောဂါဖြစ်မည်စိုး၍ မစားဝံ့ခဲ့ပါ။

ငါးပိ၊ တို့စရာ၊ ဟင်းချိုဖြင့်သာ နှစ်လကျော်သွားခဲ့သည်။ ထုံးစံအတိုင်း သုံးလပြည့်ခါနီးလာသဖြင့် ကောင်းသောပြောင်းလဲခြင်း ဖြင့်ကြုံရပါစေဟု ဘုရားရှိခိုးတိုင်း ဆုတောင်းမိပါသည်။

မချစ်မနှစ်သက်သော်လည်း ကိုယ့်ကျေးဇူးရှင် ကလေးတွေ၏ဖခင်ကိုလည်း အမြန်ပြန်တွေ့ရပါစေကြောင်း သတိရတိုင်း ဆုတောင်းရတာ အမောပါပဲ။





ဂျပန်လက်နက်ချကြောင်း သိရသဖြင့် ထားတို့ သမ္ဘာန်ငှားပြီး ရန်ကုန်သို့ ပြန်ခဲ့ကြတော့သည်။

ရန်ကုန်ရောက်ခဲ့ပြီ ဖြစ်သော်လည်း ခင်ပွန်းသည်နှင့် အဆက်အသွယ်မရခဲ့သဖြင့် သေသည်ရှင်သည် မသိရဘဲ စိတ်ပူစွာ စောင့်စားခဲ့ရသည်။

တစ်လခန့်ကြာမှ သာယာဝတီနယ်မှ ရန်ကုန်သို့ ပြန်ရောက်လာခဲ့သဖြင့် ဝမ်းသာလွန်း၍ ဖက်ပြီး ငိုမိပါတော့သည်။

"ကံကောင်းလို့ ပြန်တွေ့ရတာပါလား အစ်ကိုကြီးရယ်၊ ထားတို့လင်မယားရဲ့ အိမ်ထောင်ရေးဟာ ယူပြီးတည်းက ကြာကြာအတူနေရတယ် မရှိဘူး"

"ခုလို ပြန်တွေ့ရတာကိုပဲ ကိုယ်တို့ ကံကောင်းတယ်လို့ ပြောရမှာပဲထားရယ်။ တချို့ဆို သေတဲ့သူ သေကျန်ခဲ့ကြပြီလေ။ ရှေ့လျှောက်တော့ ကံကောင်းဖို့ပဲ ရှိပါတော့တယ်"

ယခင်က သူ့အပေါ် စိမ်းကားခဲ့သမျှ ဖြေရှ ဆထက်တန်ပိုး ဘိုး၍ သံယောဇဉ်တွေ တွယ်ခဲ့ရပါပြီ။

"ဟိတ်...ထား"

"ဟယ်...လှလှပါလား၊ ကိုသန်းအောင်ရော"

"သူ မော်လမြိုင်မှာပဲ။ အင်္ဂလိပ်အစိုးရက စစ်ကွင်းတုန်းက လခတွေ ထုတ်ပေးနေတယ်ပြောလို့ ကိုယ်လာထုတ်တာ။



www.burmeseclassic.com

www.burmeseclassic.com



ဘယ်သူ့ဆီမှာ ထုတ်ရမယ် ထင်သလဲ''

''ဟယ်… မသိဘူးလေဟယ်''

''ကိုရဲမော်ဆီမှာရှင့်။ သူက နင် လာမထုတ်သေးဘူးတဲ့၊ သွားပြောပေးပါတဲ့။ လိပ်စာကိုပါ ရေးပေးလိုက်သေးတယ်ရှင့်''

''ရှူး…ရှူး''

ထားက တိုးတိုးပြောရန် သတိပေးလိုက်သော်လည်း အိမ်ရှေ့သို့ထွက်လာသော ဦးထွန်းအောင်ဇော် ကြားလိုက်ပါသည်။ သို့သော် ထားခံစားချက်ကို သိချင်သဖြင့် ထမင်းစားခန်းတွင် ရပ်နားထောင်နေမိသည်။

''အစ်ကိုကြီး ကြားသွားလို့ တလွဲထင်နေပါဦးမယ်ဟယ်… သူ့ဆီမှာ ထုတ်ရမယ်ဆိုရင်တော့ ဒီပိုက်ဆံ မရချင်လည်း နေပါစေတော့''

''နင်က အချမ်းစိတ်နာနေတာကိုး''

''ငါ့နေရာမှာ နင်ဆိုရင်လည်း ဒီလိုပဲ ခံစားရမှာပါလှလှရယ်။ မိန်းကလေးတစ်ယောက်ရဲ့ အချစ်နဲ့သိက္ခာကို တန်ဖိုးမထားဘဲ တစ်ကိုယ်ကောင်းဆန်သွားတဲ့သူ့ကို ငါ မမေ့ခဲ့ပေမယ့် နာကြည်းမိတာ အမှန်ပဲ''

ထိုနေ့က ထားစိတ်ထဲ မကြည်သဖြင့် စကားနည်းပြီး ငိုင်တွေတွေ ဖြစ်နေခဲ့ပါသည်။





''ထား''

''ဟင်…ဘာခိုင်းမလို့လဲ အစ်ကိုကြီး''

''မခိုင်းပါဘူးကွာ… ငိုင်နေလို့ နေမှကောင်းရဲ့လားလို့''

ဘေးသို့ဝင်ထိုင်လာသူ ခင်ပွန်းသည်၏ ရင်ခွင်ကို မှီဝင်ရင်း…

''နေကောင်းပါတယ် အစ်ကိုကြီးရယ်''

''ဒါဆို ဘာလို့ အစ်ကိုကြီးကို ရှောင်နေတာလဲ။ ဘာလဲ ရဲမော်ဆီက အဆက်အသွယ်ရလို့ အချစ်ဟောင်းကို ပြန်လွမ်းသွားတာလား''

ထိုစကားကြောင့် ထား ရင်ခွင်ထဲမှထွက်ပြီး မတ်တပ်ထရပ်လိုက်ပါသည်။

''ထားရဲ့သိက္ခာကို စော်ကားလိုက်တာလား အစ်ကိုကြီး၊ သူနဲ့ထား ချစ်ခဲ့တဲ့ဇာတ်လမ်းတွေက ပြီးခဲ့ပြီပဲ။ ထား ဘယ်သူ့ကိုမှ ပြီး သစ္စာမဖောက်ခဲ့ဖူးဘူး။ အစ်ကိုကြီးကိုလည်း ယူပြီးတည်းက ချစ်လို့လက်ထပ်ခဲ့ရတာမဟုတ်ပေမယ့် ကိုယ့်ခင်ပွန်းသည်တစ်ယောက်အနေနဲ့ လေးစားအားကိုးခဲ့ပါတယ်။ ကလေးတွေရဲ့ ဖခင်အနေနဲ့ တန်ဖိုးထားခဲ့တယ်။ စစ်အတွင်းကာလတစ်လျှောက်လုံး ခြေသလုံးအိမ်တိုင်လုပ်ပြီး သွားလာနေခဲ့ရပေမယ့် ထား ကိုယ့်လင်သားက လွဲရင် ဘယ်သူ့ကိုမှ အားမကိုးခဲ့ဘူး။ လက်ပွန်းတတီး မနေခဲ့ဘူး''



www.burmeseclassic.com

www.burmeseclassic.com



"ဟိုး… ဟိုး…၊ ဆောရီး ဆောရီး အစ်ကိုကြီးက မခံ ချင်အောင် စလိုက်တာပါဗျာ။ သဝန်တိုမိတာလည်း ပါတာပေါ့ ဒါပေမယ့် ခုလောက်ကြီး ထားစိတ်ဆိုးသွားတာကိုတော့ ကိုပြ မဈိုးလားတာအမှန်ပဲ။ ထားရဲ့စိတ်ခုတ်ကို သိပြီးသားပါလေ။ ကဲ ကိုကြီးကိုယ်တိုင် လခထုတ်ဖို့ လိုက်ပို့ပေးမယ်"

"တော်ပါပြီ…နဂိုထဲက သူ့ဆီမသွားချင်လို့ကို မထုတ်ဘဲ နေတာ။ လုလုမပြောခင်တည်းက သူ လခထုတ်ပေးတဲ့နေရာမှာရှိမှန်း သိသားပဲ။ သူ့ကို မတွေ့ချင်လို့ကို မသွားတာ"

"အဲဒါ ထားမှားတာပေါ့။ သူက တွေ့ချင်လို့ ပြန်ခေါ်ရ ပြီလေ။ ဘာမှ မခံစားရသလို လုပ်ပြီးသွားမှ ထားနိုင်မှာပေါ့။ မသွား ဘဲနေရင် သူ့ကို ချစ်နေတုန်းပဲ၊ ရှက်နေတုန်းပဲ ထင်မှာပေါ့"

မခံချင်အောင် ပြောလိုက်လေမှ ထား အဝတ်အစား ကောက် လဲပါတော့သည်။

❁❁❁



## အခန်း [၂၂]

"ဟာ…အစ်ကိုကြီးလည်း ပါလာတာကိုး။ မိတ်ဆောင်း ဆွဲဟောင်းတွေကို ခုလို ပျော်ပျော်ရွှင်ရွှင် ကျန်းကျန်းမာမာနဲ့ တွေ့လိုက် ရတော့ တကယ့်ကို ဝမ်းသာမိတယ်ဗျာ"

အမျိုးသားနှစ်ယောက် ပြုံးရွှင်စွာ လက်ဆွဲနှုတ်ဆက်နေကြ ပါသည်။ ထားကိုလည်း ကိုရဲမော်က အပြုံးဖြင့် နှုတ်ဆက်ပါသည်။

မိန်းမဆိုတာကလည်း အရှုံးပေးခဲ့ရတုန်းက မျက်ရည်နှင့် ချက်ခွက်၊ မျက်ရည်ထဲ လက်ပစ်ကူးချင် ကူးနေခဲ့မည်။

ဟော… ယခုလို အနိုင်ရသည့်အချိန်မှာတော့ ပိုပြီးတော့ နိုင်ပြချင်ပါသေးသည်။

www.burmeseclassic.com

www.burmeseclassic.com



ဒိမိယောက်ျားက ဆရာဝန်ကြီး။ မိမိကလည်း ဆရာဝန်။ လက်ဆွဲအိတ်ကို ချိတ်၊ ထရုံလိပ်ဆံထုံးကို လိပ်ပြီး ကျော့ကျော့မော့မော့လေး ရောက်လာခဲ့ခြင်းဖြစ်သည်။

အရပ်မြင့်မြင့်၊ ကိုယ်လုံးလှလှ၊ နှာတံပေါ်ပေါ်နှင့် ထားတင်တင်သည် ယခုအခါ ပို၍ပင် ခန္ဓာကိုယ် ပြည့်ဖြိုးလှပလာပြီး မျက်နှာလည်း ပိုပြည့်လာခဲ့ပါသည်။

ထားက ဂရုမစိုက်သလောက် ရဲမော်တစ်ယောက် ဟန်မဆောင်နိုင်လောက်အောင် ထားကို လှမ်းကြည့်တတ်မှန်း ဦးထွန်းအောင်ဖော် သိပါသည်။

ထားတို့လင်မယားနှစ်ယောက်အတွက် ကံကောင်းလာပြီဟု ဆိုနိုင်ပါသည်။

လင်မယားနှစ်ယောက်စလုံး ပုသိမ်ဆေးရုံတွင် တာဝန်ကျကြသည်။ ခင်ပွန်းက ပုသိမ်ကျန်းမာရေးဆရာဝန်အဖြစ် ရောက်ရှိခြင်းဖြစ်သည်။

မိသားစု သိုက်သိုက်ဝန်းဝန်း၊ ပျော်ပျော်ရွှင်ရွှင်၊ ဂုဏ်ရှိရှိ နေရသဖြင့် ကျေနပ်ပျော်ရွှင်စရာ ကောင်းလှတော့သည်။

ပုသိမ်ဆေးရုံတွင် လုပ်သက် တစ်လပြည့်သောအချိန်တွင် မြန်မာပြည် လွတ်လပ်ရေးရခဲ့ပါသည်။

၁၉၄၈ ဇန်နဝါရီလ (၄)ရက်နေ့။





အင်္ဂလိပ်လက်အောက်မှ လွတ်မြောက်သောနေ့။

အသက်ပင် လေးဆယ် မပြည့်သေးသော်လည်း၊ သုံးဆယ့်ခုနစ်နှစ်သာရှိသေးသော်လည်း ထား ကြီးပြင်းဖြတ်သန်း ခရီးလမ်းကတော့ ပင်ပန်းဆင်းရဲ ရှုပ်ထွေး ကြမ်းတမ်းလွန်းလှတော့သည်။

လွတ်လပ်ရေးရပြီးနောက် နိုင်ငံခြားဆရာဝန်ကြီးများ ပြန်လည်အုပ်ချုပ်လာကြသည်။

စစ်မဖြစ်ခင် 'ဒဖရင်'တွင် ဆေးရုံအုပ်ကြီး လုပ်ခဲ့သည့်သူက ယခုအခါ 'ဆေးမင်းကြီး'ရာထူးကို ရရှိခဲ့သည်။ ဒပ်ဖရင်တွင် ထားနှင့် အတူတူ လုပ်ကိုင်ခဲ့သူဖြစ်ပါသည်။

သို့သော် ယခု ဆေးမင်းကြီးဖြစ်လာသောအခါ ဂျပန်ခေတ်က ဆရာဝန်များမှတ်တမ်းကို ပြန်ကြည့်ပြီး…

ယောက်ျားဆရာဝန်က စစ်အမိန့်နှင့် ဂျပန်ထဲအလုပ်ဝင်ပြီး၊ မိန်းမဆရာဝန်မထဲတွင် ထားက သုံးကြိမ်တိုင်တိုင် အလုပ်လျှောက်ပြီး အလုပ်ရအောင်ဝင်သွားကြောင်း တွေ့ရှိသွားပါသည်။

ထို့ကြောင့် ထားကို ဂျပန်အစိုးရကို လိုလားသူအဖြစ် ယူဆကာ အပြစ်ပေးသည့်အနေနှင့် ခင်ပွန်းသည်နှင့်ဝေးရန် နယ်စပ်သို့ ပြောင်းရွှေ့ရန် အမိန့်ပေးပါတော့သည်။

ထား သည်တစ်ခါ သတ္တိရှိလာပါပြီ။



www.burmeseclassic.com

www.burmeseclassic.com



ပြီးတော့ ကလေးတွေနှင့် သူတို့အဖေကို ထပ်မခွဲချင်တော့ပါ။ ယောကျ်ားကိုလည်း တစ်ယောက်တည်း ပစ်မထားချင်တော့ပါ။

စည်းစည်းလုံးလုံး၊ ချစ်ချစ်ခင်ခင်၊ ပျော်ပျော်ရွှင်ရွှင်နေရသော ဤအသိုက်အဝန်းလေးကို ဖြိုခွဲမပြစ်ရက်တော့ပါ။ ထို့ကြောင့် အစိုးရဝန်ထမ်းဘဝမှ နုတ်ထွက်ပြီး ပြင်ပဆရာဝန် (အပြင်ဆေးခန်း)ဖွင့်ပြီး ပုသိမ်မှာပင် နေခဲ့ပါတော့သည်။

မိမိကိုယ်မိမိတော့ အဆိုးတွေကုန်သွားပြီ၊ ကံကောင်းပြီဟု ထင်နေမိပါသည်။

သို့သော် ကရင်သောင်းကျန်းသူများ မီးရှို့သဖြင့် ထားတို့အိမ် မီးထဲပါသွားခဲ့ပါသည်။

ကလေးများနှင့်ထားက မြို့ထဲဆေးခန်းတွင်ရှိနေချိန်၊ ကလေးတွေအဖေကလည်း နယ်ထွက်ဆေးကုသနေစဉ်ဖြစ်၍ အိမ်ရှိပစ္စည်းအားလုံး ဆုံးရှုံးခံလိုက်ရတော့သည်။

၁၉၅၁။

ဂျစ်ပစီနှင့် အမျိုးတော်ခဲ့လေသလား မသိ၊ ထား အိမ်ပြောင်းရဦးတော့မည်။ ဦးထွန်းအောင်ဇော် ရာထူးတိုးပြီး ရန်ကုန်ပြောင်းရွှေ့ရပြန်သည်။ ရောင်နောက် ဆံထုံးပါခဲ့ရပြန်ပြီပေါ့။

ဆေးရုံဝင်းအတွင်းမှာပင် တိုက်ခန်းကျယ်ကျယ်ရသဖြင့် မိသားစုနေရေးထိုင်ရေး အဆင်ပြေသွားခဲ့သည်။





လွတ်လပ်ရေးရပြီး ငြိမ်းချမ်းသာယာသွားခဲ့ပြီဖြစ်၍ မြို့နေလူထုအားလုံး လွတ်လပ်ပေါ့ပါး ပျော်ရွှင်နေကြသည်။ သားနှင့်သမီး ပညာရေးအတွက် ရန်ကုန်ကျောင်းကောင်းကောင်းတွင် ထားနိုင်သဖြင့် စိတ်ချမ်းသာနေကြသည်။

အဖေ ဆရာဝန်၊ အမေ ဆရာဝန်ဖြစ်၍ ကလေးများကိုလည်း ဆရာဝန်သာ ဖြစ်စေချင်ကြသည်။ ထို့ကြောင့် မိဖစီးစီး စောင့်ကြည့်ပေးနေရသည်။

"ထားရေ…ကိုကြီး ခွင့်ရရင် တောင်ပေါ်သွားပြီး အိမ်ကိစ္စ ဆွေးနွေးလိုက်ဦးမယ်။ ဈေးကောင်းရရင် အပြတ်ရောင်းခဲ့လိုက်မယ်"

"နမြောစရာ ကိုကြီးရယ်"

"ကိုယ်တွေလည်း နေနိုင်တာမှ မဟုတ်တာ။ ငွေရတော့ သားနဲ့သမီးအတွက် ကားကောင်းကောင်းတစ်စီး ဝယ်ပေးမယ်။ ထားအတွက် ကားသပ်သပ်တစ်စီးနဲ့ စိန်တစ်ဆင်စာ ဝယ်ပေးမယ်"

"အို… ထားအတွက် ကားသပ်သပ်မလိုပါဘူး၊ တစ်စီးရရင် တော်ပါပြီ"

"ကိုယ့်မိန်းမကို အခုမှပဲ စိတ်ချမ်းသာအောင် ဖိမ်နဲ့ထားနိုင်တော့မှာလေ။ ယူပြီးတည်းက နှစ်နှစ်ဆယ်နီးပါးလုံးလုံး ပြေးဟယ်၊ လွှားဟယ် ဖရိုဖရဲနဲ့ ထားခဲ့ရတာ၊ စိတ်ကို မကောင်းဘူး။ ဒါပေမဲ့ ထားအသက်က လေးဆယ်ရှိလာတယ်၊ ခုထိ ကျော့ရှင်းနုရွနေတုန်း



www.burmeseclassic.com

www.burmeseclassic.com



ဆိုတော့ ကားကလေးများ ကိုယ်တိုင်မောင်းပြီး ဆေးခန်းသွားရင် ရုပ်ရှင်မင်းသမီးများလားလို့ ထင်ကြဦးမှာ"

"ဟား…ဟား… တို့ယောက်ျားက လာမြှောက်နေပြန်ပါပြီ နော်"

"တကယ်ပြောတာ… အစ်ကိုကြီး မိန်းမရသိပ်ကံကောင်းတယ်နော်။ ရုပ်လည်းလှ၊ ပညာလည်းတတ်၊ လင်သားအပေါ်လည်း ရိုသေတယ်၊ သစ္စာရှိတယ်၊ သားသမီးတွေအပေါ်လည်း အလုပ်တစ်ဘက်ရှိပေမယ့် စားဖို့၊ ဝတ်ဖို့၊ စာတော်ဖို့ ဘက်စုံပြုစုစောင့်ရှောက်နိုင်တဲ့ မိခင်ကောင်းတစ်ယောက် ဖြစ်တဲ့အတွက် ထိုက်ထိုက်တန်တန် ဆုချချင်လို့ပါ"

"လောလောဆယ် မသွားသေးဘူး မဟုတ်လား။ ခွင့်ရတုန်း အိမ်မှာ အနှစ်ရာယ်ကင်းဆွမ်းလေးဘာလေး ကပ်ရအောင်လေ။ ဘယ်ဘုန်းကြီးကျောင်းက ဘုန်းကြီး ပင့်ရင်ကောင်းမလဲ မသိဘူး"

"ထား ပင့်ချင်တဲ့ကျောင်းသာပြော ကိုကြီးသွားပင့်ပေးမယ် ဘာဝယ်ပေးရမလဲ၊ စာရေးပေးလိုက်၊ ဘာတစ်ခုမှ မကျန်စေရဘူး"

လက်ပိုက်၍ပြောနေသော ခင်ပွန်းကို ထားက ကျေနပ်စွာ ပြုံးရင်း နဖူးကို မြတ်နိုးစွာ နမ်းလိုက်ပါသည်။

ထိုအခါ ဦးထွန်းအောင်ဇော်က ပါးတစ်ဘက်ကို နမ်းရန် အမိန့်ပေးသဖြင့် ရယ်ရင်း လှမ်းနမ်းလိုက်ပါသည်။ ထိုအခါ ဦးထွန်း





အောင်ဇော်က ထားကို ပွေ့ချီထားလိုက်ပါတော့သည်။

ထားရင်မှာ ကြည်နူးပျော်ရွှင်၍နေပါသည်။ ကျေးဇူးရှင် ချစ်ခင်ပွန်း၏ အလိုလိုက်ခြင်း၊ မြတ်နိုးခြင်းတွေ အပြည့်အဝရထားသဖြင့် လင်ရကံကောင်းသည်ဟု ကျေနပ် ဂုဏ်ယူနေမိပါတော့သည်။

✿

ခင်ပွန်းသည် တစ်ပတ် အလွန်ဆုံးကြာမည်ဟု ပြောသွားခဲ့သော်လည်း ဆယ်ရက်ကြာသွားသည့်အထိ ပေါ်မလာသဖြင့် ထား စိတ်ပူပြီး မျှော်နေမိသည်။

နှစ်ပတ်ကျော်ကြာမှ ပြန်လာသဖြင့် ထားက မှုန်ကုတ်ကုတ်လေး ကြိုနေပါသည်။

ကားအသစ်တစ်စီးပါလာပြီး အမျိုးသမီးငယ်သည် နှစ်ယောက်လည်း ပါလာသည်။ ငယ်သည်များ၏မျက်နှာနှင့် ပုံစံအချိုးအဆစ်မှာ ခင်ပွန်းသည်နှင့် တူလွန်းလှသဖြင့် အံ့ဩသလို ကြည့်နေမိတော့သည်။

"ဒါ ထားလေ…၊ မမရှိစီ"

အမျိုးသမီးနှစ်ယောက်က ထားကို ရှိက်လှဲစွာပြုံး၍ လက်ဆွဲနှုတ်ဆက်ကြပါသည်။



www.burmeseclassic.com

www.burmeseclassic.com



"ထားရေ… ဒါ ကိုယ်နဲ့ အဖေတူအမေကွဲ အစ်မတွေပဲလေ။ စစ်ပြီးလို့ အင်္ဂလန်ကနေ ကိုယ့်ကို လာရှာကြတာ"

"ဟုတ်ကဲ့…၊ တွေ့ရတာ ဝမ်းသာပါတယ်ရှင်"

ထား အသံတွေ တုန်နေသလို ရင်တွေလည်း ခုန်နေပါသည်။ သူ့အမျိုးတွေ၊ အစ်မတွေ နိုင်ငံခြားမှာရှိနေတာ ထား မသိခဲ့ပါ။ သူ့အဖေမှာ မိန်းမနှစ်ယောက်ရှိနေတာလည်း ယခုမှ သိရပါသည်။

ထား စိတ်ပူသွားသည်။

သူသည် ထားထက် ဆယ်နှစ်နှစ်ကြီးသဖြင့် နိုင်ငံခြားမှာများ ပထမအိမ်ထောင် ရှိနေလေမလားလို့။

တော်ကြာနေ နိုင်ငံခြားမှ အဖေတူအမေကွဲ အစ်မများသာမက သူ့ပထမအိမ်ထောင်၏ သားသမီးများလိုက်ပါလျှင် မိမိ၏ သားနှင့်သမီးခမြာ အဖေတူ၊ အမေကွဲ မောင်နှမများ ထပ်ရနေကြဦးမည်လား။

ထား စဉ်းစားတွေဝေနေတာကို ဦးထွန်းအောင်ဇော် သိပါသည်။ အေးအေးဆေးဆေးမှ ရှင်းပြမည်ဟု စိတ်ကူးထားလိုက်သည်။

"မမရိုစီနဲ့ မမဟယ်လင်တို့က တူနဲ့တူမတွေကို တွေ့ချင်လွန်းလို့ လိုက်လာကြတာလေ။ တောင်ပေါ်က အိမ်ကိုလည်း ကိစ္စပြတ်အောင် လုပ်ချင်လို့ နည်းနည်းကြာသွားတာ၊ အိမ်ကိစ္စ ပွဲစားကို အပ်ရင်း ဒီအိမ်ကို မရိုစီတို့ဝယ်ချင်လို့ ကမ်းလှမ်းထားတာနဲ့ ပြန်ဆုံ





ဖြစ်ကြတာလေ။ ဒယ်ဒီဆောက်ခဲ့တဲ့အိမ်မှန်းသိလို့ ပြန်လိုချင်ကြတာတဲ့။ ကိုကြီးတို့ အစောင့်ထားခဲ့တဲ့လူက တစ်ဆင့်ပြီးတစ်ဆင့် ငှားစားနေတာတဲ့လေ"

ထား ခေါင်းသာ တွင်တွင်ညိတ်နေသော်လည်း နားထဲသို့ ဝင်တစ်ချက် မဝင်တစ်ချက်ပါဘဲ။

"မမတို့ကို သားနဲ့သမီးအခန်းထဲမှာပဲ အိပ်ရာပြင်ပေးလိုက်ရအောင် ထားရေ"

"ဟုတ်ကဲ့ အစ်ကိုကြီး"

ဝယ်ခြမ်းလာသော လက်ဆောင်ပစ္စည်းများက သေတ္တာနှစ်လုံးအပြည့်ပါပဲ။

ဆေးကျောင်းတက်နေသော သားနှင့်သမီးတို့ ပြန်လာသောအခါ ကြီးဒေါ်များ ဝမ်းသာအံ့သြပြီး ငိုကြပါတော့သည်။

သူတို့နှင့် အင်္ဂလန်တွင် လိုက်နေရန်ခေါ်သဖြင့် ထား မျက်စိပျက် မျက်နှာပျက် ဖြစ်ရတော့သည်။

လင့်ဝတ္တရား၊ ဆွေမျိုးဝတ္တရား ထား မပျက်ကွက်စေရန် ကြိုးစားပြီး ဧည့်ဝတ်ပြုပါသည်။

"ဘိုဘိုနဲ့နီနီကရော ဘုရားရှိခိုးကျောင်း မလိုက်ဘူးလား"

ထား အခန်းဝတွင် ခြေလှမ်းရပ်တန့်သွားပါသည်။

"မလိုက်တော့ဘူး အန်တီ"



www.burmeseclassic.com

www.burmeseclassic.com



"ရောက်ဖူးအောင် လိုက်ခဲ့ပါလားကွယ်"

"စာကျက်စရာတွေ များနေလို့ပါအန်တီ"

"ဒါဆို အန်တီတို့သွားတော့မယ်။ မြို့ထဲမှာ အမျိုးတွေ အများကြီးရှိတယ်၊ သူတို့ ဒီနေ့ ဘုရားရှိခိုးကျောင်းကို လာကြမှာလေ။ ဘိုဘိုနဲ့နီနီသာလိုက်လာရင် သူတို့နဲ့တွေ့မှာ အသေအချာပဲ။ အဖေ့ဘက်ကဆွေမျိုးကိုလည်း ရင်းရင်းနှီးနှီး ခင်ခင်မင်မင် နေကြပါဦးကွယ်။ အမျိုးမှန်းသိထားတော့ ဘာကလေးဖြစ်ဖြစ် အကူအညီရတာပေါ့။ မဟုတ်ဘူးလား"

"ဟုတ်ကဲ့ပါ အန်တီ"

ဘုရားရှိခိုးကျောင်းသို့ မောင်ဖြစ်သူ ဦးထွန်းအောင်ဖော်က လိုက်ပို့ပေးရခြင်းဖြစ်သည်။

ထား ပြတင်းပေါက်မှ ရပ်ကြည့်ရင်း ကျန်ရစ်ခဲ့ပါသည်။

ရန်ကုန်မှာ အနေကြာလာသည်နှင့်အမျှ ခင်ပွန်းသည်၏ ဆွေမျိုးများ တစ်စတစ်စ တိုးလာကြပါသည်။

ခရစ်စမတ်အချိန်ကာလတွင် ညဘက် သီချင်းလာဆိုကြပါသည်။

သားနှင့်သမီးကလည်း လက်ခုပ်တီး၍ ပျော်ပျော်ပါးပါး သီချင်းလိုက်ဆိုနေကြသဖြင့် ထား အံ့အားသင့်သွားရသည်။

ခင်ပွန်းသည်ကလည်း မိတ်ဆွေညှိသည်များကို ညှိခံ





ကျွေးမွေးရင်း ပျော်ပျော်ပါးပါး သီချင်းလိုက်ဆိုနေပါသည်။

ထား အလိမ်ခံလိုက်ရပြီပဲ။

လက်မထပ်ခင်က သူပေးထားသောကတိကို ဖျက်ခဲ့ပြီပဲ။ သူ ဗုဒ္ဓဘာသာဝင်တစ်ယောက် မဟုတ်တော့ပါ။

ထားအိမ်မှာ ဘုန်းကြီးဆွမ်းကပ်သောအခါ သူ လုပ်စရာရှိတာကို လုပ်ပေးခဲ့သော်လည်း တရားနာသောအခါ သူ ရှောင်နေပါသည်။

ထား ဝမ်းအနည်းဆုံးကတော့ သားရှင်ပြုစဉ်က ဘုန်းကြီးကျောင်းအတွက် အဝီစိတွင်းတစ်တွင်း လှူဒါန်းခဲ့စဉ်က သားအတွက်ရော၊ အလှူအတွက်ရော ကူညီခြင်း၊ သိမ်ဆင်းလောင်းခြင်း၊ ရေစက်အတူချခြင်းတို့ကို ထားနှင့်အတူတွဲ၍ ကုသိုလ်ယူခဲ့ပါသည်။

ယခု သားပဉ္စင်းတက်သောအခါ သူ ဘုန်းကြီးကျောင်းသို့ ပါမလာတော့။

သမီးနီနီကလည်း သူ့အဖေ၏ အမျိုးများနှင့်သာ တတွဲတွဲနေတတ်နေပြီး ဘုရားကျောင်းသို့ တနင်္ဂနွေနေ့တိုင်း သွားသည်ဟု သိရသဖြင့် ထား စိတ်မကောင်း ဖြစ်ရသည်။

ထားဘဝလေး အေးချမ်းပျော်ရွှင်ရမည့်အချိန်သည် အလှမ်းဝေးသာ ရှိလိုက်ပါသည်။

သားသမီးများမျက်နှာကို ထောက်ပြီး အသက်လေးဆယ်



www.burmeseclassic.com

www.burmeseclassic.com



ကျော်မှ တစ်ခုခုလဲ မဖြစ်ချင်သဖြင့် ထား လူလိမ်ခံရသည်ကို ကြိတ်မှိတ် ခံစားနေရပါတော့သည်။

❁❁❁



အခန်း (၂၃)

ထားသည် ညှိခန်းထဲတွင် လမ်းလျှောက် ပွတ်စိတ်နေရင်း နံရံတွင်ချိတ်ထားသည့် ဓာတ်ပုံများကို လမ်းလျှောက်ရင်း အခေါက်ပေါင်းများစွာ၊ အကြိမ်ပေါင်းများစွာ ကြည့်၍နေပါသည်။

ဓာတ်ပုံက သုံးပုံဖြစ်သည်။

အလယ်ကပုံတွင် မိသားစုလေးယောက်လုံး စုရိုက်ထားသည်။ အားလုံး ဘွဲ့ဝတ်စုံတွေနှင့်။

ဘေးနှစ်ပုံကတော့ သား ဘွဲ့ယူစဉ်က မိဘများနှင့် ရိုက်ထားသောပုံ။ သမီး ဘွဲ့ယူစဉ်က မိဘများနှင့် ရိုက်ထားသောပုံ။

နောက်နှစ်မကူးခင် နောက်ထပ်ဓာတ်ပုံတစ်ပုံ တိုးလာဦး

www.burmeseclassic.com

www.burmeseclassic.com



မည်ထင်သည်။

ဘိုဘို့မှာ ချစ်သူရှိနေပြီလေ။

ဆေးကျောင်း အတူတူတက်ခဲ့သည့် သူငယ်ချင်းမနှင့် ကြိုက်ကြခြင်းဖြစ်သည်။

ဓာတ်ပုံများထဲတွင် ထားက ပြုံးရယ်နေပါသည်။ ပဝါနှစ်စ အသာချပြီး စိန်ဘယက်ကြီးက တလက်လက်နှင့်ပါ။

သို့သော် ဓာတ်ပုံအပြင်မှာ ထားကတော့ ရယ်ဖို့မေ့နေတာ အမှန်ပါ။

လိမ်ရက်လေခြင်း၊ အလိမ်ခံရလေခြင်းဆိုတာကို သိလိုက်ရသည့်နေမှစ၍ သားသမီးများရှေ့တွင်သာ ထား ဟန်ဆောင်ပျော်ပြနေခြင်းဖြစ်သည်။

ခင်ပွန်းသည်အပေါ် နာကြည်းစိတ်ကြောင့် အတူ တစ်ခန်းတည်း နေပါသော်လည်း ကြည်နူးခြင်း၊ သာယာခြင်းတွေ မရှိနိုင်တော့ပါ။ သူကတော့ ချော့ပါသည်။သို့သော် သူလုပ်ချင်ရာလုပ်ပြီးမှ လာချော့တာမျိုးဖြစ်၍ ထား မချစ်သော်လည်း အောင့်ကာနမ်းခဲ့ရာမှ မချစ်မနှစ်သက်သောသူနှင့် အတူနေရခြင်းဘဝတွင်သာ ရောက်ရှိနေပါသည်။

"ဟိတ်... ထား"

"ဟယ်... လှလှ၊ မင်းအခု ဘယ်မှာတာဝန်ကျလဲ"





"ကိုယ် ပဲခူးမှာလေ။ မင်းကလေးတွေ ဘွဲ့ရကုန်ပြီ မဟုတ်လား"

"ဟုတ်တယ်လေ၊ မကြာခင် သားကြီးက အိမ်ထောင်ပြုတော့မှာလေ"

"အေးနော်... ငါတို့တွေလည်း အသက်တွေကြီးလာလိုက်ကြတာ။ ငါဆို မြေးတွေတောင် ချီနေရပြီ ကိုယ့်လူ"

"ဟုတ်လား၊ ဘယ်နှစ်ယောက် အိမ်ထောင်ကျရှိလဲ"

"အကုန်လုံး လေးယောက်စလုံး ယူသွားပြီ။ နှစ်ယောက်က ကျောင်းတောင်ပြီးအောင် မတက်ဘူးအေ။ ခုတော့ သမီးတွေတာဝန်ကနေ ငါတို့လင်မယားနှစ်ယောက်မှာ မြေးတွေကိုပါ ရှာကျွေးနေရတယ်လေ။ နင်တို့လင်မယားကတော့ ကံကောင်းပါတယ်၊ ကလေးကလည်းနည်း၊ သားနဲ့သမီးကလည်း လိမ္မာရေးခြားရှိလိုက်ကြတာ။ နင့်ကိုက ကိုထွန်းအောင်ဇော်နဲ့ရတာ အရမ်းကံကောင်းတာ။ ကိုရဲဇော်နဲ့သာယူရင် ခုလို တိုက်နဲ့ကားနဲ့ စိန်နဲ့ရွှေနဲ့ နေရမှာမဟုတ်ဘူး"

"ဟင်... သူလဲ သူဌေးသမီးနဲ့ရလို့ ဇိမ်နဲ့နေရတာပဲ မဟုတ်လား"

"ဒါက သူပိုင်တာမှ မဟုတ်ဘဲ။ သူ့မိန်းမဘက်ကအမျိုးတွေကိုပဲ ခေါ်တင်ထားတာ။ သူ့အမေလေ လည်လွန်းတဲ့ဘီး ချော်ခင့်ဘာပေါ့။ နင်နဲ့အတင်းခွဲပြီး ထွေးထွေးနဲ့ အတင်းပေးစားခဲ့တာလေ။



www.burmeseclassic.com

www.burmeseclassic.com



အခု သူ့ချွေးမတော် သူ့ကို အဖက်တောင်လုပ်တာ မဟုတ်ဘူး။ ကိုရဲ မော်ကို ဘယ်လိုစည်းရုံးလိုက်တာမှတ်လဲ"

"အင်း… ပြောပါဦး"

"သူပြောတဲ့စကားကို ကိုရဲမော်က နားမထောင်ဘူးဆိုရင် တဲ့…သူ့ရဲ့ ယေချစ်ဟောင်းနဲ့ ပြန်ယူမှာတဲ့။ ကိုရဲမော်ခမြာ သူ့အဖေ အသက်ကြီးမှ အရှက်တကွဲဖြစ်မှာဆိုးလို့ ယူလိုက်ရတာ။ တကယ် တမ်းကျတော့ သူ့မှ မချစ်တာဟာ။ ဘယ်ပျော်ပါ့မလဲ။ မိန်းမတို့ သိမ်နိုင်တာပဲတဲ့"

ထိုစကားများကြောင့် ထားစိတ်များက အဝေးကြီးဆီသို့ ပျံ့လွင့်သွားခဲ့ပါသည်။

မိမိအပေါ် သစ်စိမ်းချိုး ချိုးသွားသူကိုပင် မိမိက ပြန်သနား နေမိပါပြီ။

မိခင်အတွက် သူ့နှလုံးသားကို စတေးသလို မိမိသည်လည်း ဖခင်အတွက် နှလုံးသားကို မြှုပ်နှံခဲ့ရတာပါပဲ။

"ကိုရဲမော်က အခု ရန်ကုန်အမြတ်တော်ကြေးရုံးမှာ ပြောင်း လုပ်နေတယ်လေ။ ဟိုတစ်ခေါက်က လာတုန်းကတောင် ပါ လင်မယားနဲ့ တွေ့ကြသေးတယ်။ သူတို့အိမ်ထောင်ရေးက သာယာ မရဘူး။ သူ့မချစ်မှန်းသိတော့ ထွေးထွေးကလည်း အရွဲ့တိုက်တာ လေ၊ သူနဲ့အတူ လိုက်နေပုံမရဘူး။ သားသမီးသံယောဇဉ်တွေကြောင့်





သာ ကွာမပြစ်တာတဲ့။ နင့်ကိုတော့ သူ အမြဲသတိရပြီး အမြဲတွေ့ချင် နေတယ်တဲ့။ သူတွေ့တိုင်းပြောလွန်းလို့ ငါပြောပြတာ။ နင်က သူ့ကို စိတ်နာနေတုန်းပဲလားတဲ့။ သူ မချစ်လို့ နင့်ကို ပြစ်သွားတာ မဟုတ် ဘူးတဲ့။ နင့်ဘဝမှာ နင့်မိသားစုတာဝန် သိပ်ကြီးမှန်းသိလို့ သူ အနစ် နာခံခဲ့တာကိုလည်း နင် သိစေချင်တယ်တဲ့"

"ပြောပြလိုက်ပါ လှလှရယ်။ ကိုယ်ဖန်တီးတဲ့အတော် ကိုယ် တိုင်ကနေကြရတာကြီးပဲလို့၊ ခုချိန်ကျမှ လွမ်းပြနေလို့လည်း ဘာများ ထူးဦးမှာတဲ့လဲ"

"သူ့အပြစ်ကို ခွင့်လွှတ်စေချင်တဲ့သဘောပေါ့ဟာ။ နင့် အပေါ် သူစိမ်းကားရက်စက်ခဲ့တဲ့ဒဏ်ကို တနုံ့နုံ့ခံစားနေရတယ်တဲ့၊ နင့်ကို တွေ့ပြီး တောင်းပန်ချင်တယ်တဲ့၊ အေးအေးဆေးဆေး စကား ပြောချင်သေးတယ်တဲ့"

ထိုစကားကြောင့် ထားမျက်နှာမှာ နီမြန်းသွားပြီး ရင်တွေ လည်း ခုန်လာပါသည်။

လွန်ခဲ့သည့် အနှစ်(၂၀)ဆီကို ပြန်ရောက်သွားသလို ခံစား လိုက်ရပါသည်။

အင်းလျားဆောင်ကို သူ အခစားဝင်ခွင့်တောင်းတုန်းကလို ရင်ခုန်ကြည်နူးရခြင်းဖြစ်သည်။

"မြေးတွေရတဲ့အရွယ်ကျမှများ ပြန်ဆုံချင်သေးသတဲ့လား



www.burmeseclassic.com

www.burmeseclassic.com



လှလှရယ်…"

"ဟယ်…ရိုးရိုးသားသားတွေးမယ့်ကိစ္စပဲ။ အိမ်ထောင်ရေးစည်းဖောက်ကြတာမှ မဟုတ်တာဘဲ။ ဒီလိုလုပ် လာမယ့်တနင်္ဂနွေနေ့ကြရင် ရွှေတိဂုံဘုရားမှာဆုံကြမယ်လေ။ ဆယ်နာရီလောက် မကောင်းဘူးလား"

ရွှေတိဂုံမှာ ဆုံမည်ဆို၍ ပိုရင်ခုန်သွားရပါသည်။ သူနှင့်ချစ်သူဘဝတုန်းက ပထမဦးဆုံး ရွှေတိဂုံဘုရားကို ရောက်ခဲ့ကြခြင်းဖြစ်သည်။

ခုတော့ မိမိဘုရားသွားချင်လျှင် တစ်ယောက်တည်းမှ တစ်ယောက်တည်းပါ။ ခင်ပွန်းသည်က ဓာတ်လှေကားနားအထိ ကားရပ်ပေးပြီး သူလိုရာခရီးကို ဆက်သွားတတ်သည်။

ဘုရားသွား ကျောင်းတက် စိတ်တူကိုယ်တူ မဟုတ်ကြတော့ပါ။

ခင်ပွန်းသည် စိတ်မပါခြင်းကိုလည်း အတင်းအဓမ္မ ဖွတ်ကြီးမခေါ်လိုပါ။ ထို့ကြောင့် ဘုရားသွားကျောင်းတက် ရေစက်ချလျှင်ထားတစ်ယောက်တည်းပါ။

"ထား…လာမှာလား"

ထား ခေါင်းညိတ်ပြလိုက်မိသည်။

"ဟာ… ဒါဆိုရင် ကိုရဲမော် အရမ်းဝမ်းသာမှာပဲ။ ကိုယ်ကျို





လင်မယားလည်း စောင့်နေမယ်နော်"

✲

မှန်ရှေ့တွင်အလှပြင်နေသော ထားကို ဦးထွန်းအောင်ဇော်က အံ့ဩသလို ကြည့်နေပါသည်။

ခရမ်းရောင် ပိုးပျော့လက်ရှည် ရင်စေ့ဝမ်းဆက်နှင့် ပြင်သစ်ဆံထုံးလေးထုံးပြီး ခရမ်းရောင် သစ်ခွပန်းလေး ပန်ထားသည်။ လည်စီးပဝါခရမ်းရောင်လေးကို ပခုံးပေါ်တင်ထားသည်။ လက်ဆွဲအိတ်လေးကို ပိုက်ပြီး ထွက်လာသောအခါ အလွန်မှကျက်သရေရှိစွာ လှပနေပါသည်။

"ချပ်စ်"သွားရန် ဝတ်စားပြင်ဆင်ထားသော ဦးထွန်းအောင်ဇော်က ဇနီးကို ကားနားမှရပ်စောင့်ရင်း…

"ထား အလှူသွားမလို့လား၊ အစ်ကိုကြီး လိုက်ပို့ပေးမယ်"

"ဟင့်အင်း၊ ဘုရားသွားမလို့"

"ဘယ်ဘုရားသွားမလဲ၊ ကိုကြီး အရင် လိုက်ပို့ပေးလိုက်မယ်"

"ရတယ်၊ မပို့နဲ့တော့။ ထားတစ်ယောက်တည်းပဲ သွားချင်တယ်"



www.burmeseclassic.com

www.burmeseclassic.com



ခင်ပွန်းသည် မျက်နှာပျက်သွားမှန်း သိသော်လည်း ထား ခြေလှမ်းမှန်မှန်ဖြင့် ခြံပြင်ထွက်သွားတော့သည်။

ထား ခေါင်းကလေးငုံ့၍ လျှောက်လာနေသည်ကို မြင်လိုက်ရသောအခါ ရဲမော် ရုတ်တရက် မတ်တပ်ထရပ်လိုက်ပြီး ပြေးကြိုတော့မလို ဖြစ်သွားပါသည်။

ပြီးမှ ရုတ်သလိုလိုမျက်နှာဖြင့် ပြန်ထိုင်ချလိုက်သော ရဲမော်ကို လှလှတို့လင်မယားက မမြင်ချင်ယောင် ဆောင်နေလိုက်ကြပါသည်။

တိုက်ပုံမီးခိုးရောင်၊ ပိုးပုဆိုးအနက်ရောင်၊ စတစ်ကော်လာအင်္ကျီအဖြူတို့ကို ဝတ်ဆင်ထားသော ရဲမော်မှာ မြန်မာအမျိုးသားပီသပါပေသည်။

အသက်လေးဆယ်ကျော်ဆိုသော်လည်း ခန့်ညားတင့်တယ်နေတုန်းပါပဲ။

'ရဲမော်' နှင့် 'ထား' တို့ကို ကြည့်ရသည်မှာ မင်းသားနှင့် မင်းသမီး ပြန်ဆုံခန်းကို ကြည့်ရသလိုပါပဲ။

ထားကို အားလုံး အပြုံးကိုယ်စီဖြင့် စောင့်ကြိုနေကြပါသည်။ ထားက မဝံ့မရဲ အမှတ်တမဲ့သာ ဖျတ်ခနဲ လှမ်းကြည့်လိုက်သော်လည်း ချစ်သူဖြစ်ခဲ့စဖူး မျက်လုံးများဖြင့် ရဲမော်က စူးစူးစိုက်စိုက်ကြည့်နေပါသည်။





"ကိုယ့်ကို ခုလိုတွေ့ခွင့်ပေးတဲ့အတွက် ထားကို အများကြီး ကျေးဇူးတင်ပါတယ်။ ကိုယ်တို့ ဘုရားရှိခိုးပြီးရင် တစ်နေရာရာထိုင်ပြီး ရင်ပေါ့သွားအောင် အနှစ်နှစ်ဆယ်ကျော် သိမ်းထားရတဲ့စကားတွေ ပြောပစ်လိုက်ကြရအောင်နော်"

လေးယောက်သား ဘုရားပြင်တူ ကန်တော့၊ ဘုရားပန်းလှူ၊ ဆီမီးပူဇော်နေကြချိန်တွင် ထားအတွက် ပန်းကိုပါ၊ ဆီမီးကိုပါ ရဲမော်ကသာ တာဝန်ယူသဖြင့် ထားရင်မှာ တသိမ့်သိမ့်ကြည်နူးခြင်းနှင့် ဝမ်းနည်းခြင်းတို့ကို တစ်လှည့်စီ ခံစားနေရပါသည်။

ချစ်ရလွန်းသူနှင့် ဆင်းရဲချမ်းသာ ရင်စီးခံပြီး ဘဝကိုရင်ဆိုင်ခဲ့သည်။ ခေါင်းရှောင်ခဲ့သည့်အတွက် ယခုတော့ မချစ်မနှစ်သက်သူများအား ရင်ခွင်တွင် သက်မဲ့အရုပ်များလို လှုပ်ရှားနေကြရပြီ မဟုတ်လား။

လှလှက ခြင်းတောင်းတစ်လုံးဖြင့် စားကောင်းသောက်ဖွယ်များကို လုပ်လာခဲ့သဖြင့် ညောင်ပင်အောက်တွင် ခင်းကျင်းပြီး ပြင်ဆင်နေကြသည်။

လက်ဖက်သုတ်၊ ဂျင်းသုတ်နှင့် ထမင်းကနစ်ချိုင့်၊ ရေနွေးကြမ်းဓာတ်ဗူးလည်း ပါသေးသည်။

အင်းလျားစောင်းမှာ ထားတို့စုံတွဲနှစ်တွဲ ယခုလိုပင် ဝိုင်းဖွဲ့စားသောက်ခဲ့ဖူးပါသည်။

ထိုစဉ်က ထားနှင့်ရဲမော်က ရွှန်းတစ်ချောင်းကို ဝေမျှသောက်



www.burmeseclassic.com

www.burmeseclassic.com



တစ်လှည့် စားကြသည်။ ယခုတော့ လှလှ ဖွန်းအပိုယူလာသဖြင့် တော်ပါသေးသည်။

"စားကြလေဟယ်..."

စားချင်စိတ်မရှိသော်လည်း ဟန်လုပ်၍ စားနေကြပါသည်။

"ကဲကဲ ရဲမော်၊ နင်ပြောစရာရှိတယ်ဆို ပြော...ပြော ပါးစပ်ပိတ်မနေနဲ့၊ ဘာလဲ ငါတို့ရှောင်ပေးရဦးမှာလား"

ထားက လက်ကာပြရင်း...

"ရှောင်ပေးစရာ မလိုပါဘူးလှလှရယ်...။ ကိုယ်တို့တွေ ကျောင်းနေဘက်သူငယ်ချင်းတွေအနေနဲ့ လာတွေ့ကြတာပါ။ ခုလို တွေ့ရတာကိုပဲ ကျေနပ်လှပါပြီ။ သူရော၊ ထားရော ကာမပိုင် အိမ်ထောင်ရှင်ကိုယ်စီ ဖြစ်နေကြတယ်လေ။ ထား ခုလိုလာမှ ကိုရဲမော် စိတ်ချမ်းသာမယ်ဆိုလို့ လာခဲ့တာပါ။ ကျန်တာတော့ ဘာကိုမှ မမျှော် လင့်တော့ပါဘူး။ စည်းဖောက်ဖို့ စိတ်ကူး မရှိပါဘူး"

ထား၏ ပြတ်သားသောစကားများကြောင့် ရဲမော်ပြုံး၍ ခေါင်းညိတ်ရင်း...

"ထားပြောတာ ကိုယ်လက်ခံပါတယ်။ ကိုယ့်အပေါ် ထား ကောင်းခဲ့ပါလျှက်၊ ထား တောင်းပန်ခဲ့ပါလျှက် ရက်စက်ခဲ့မိတဲ့ ကိုယ့်ရဲ့ ယုတ်မာမှုတွေကို ကိုယ် တောင်းပန်ခွင့်ရရင်၊ ထားက ခွင့်လွှတ်တယ်ဆိုရင် ကိုယ်ကျေနပ်ပါပြီ။ ပြီးတော့ ခုလို တွေ့ခွင့်ပေးတဲ့





အတွက်လဲ အများကြီးကျေးဇူးတင်သလို၊ ကြည်နူးဝမ်းသာရပါတယ်။ ကိုယ့်ရဲ့ ပျော်ရွှင်ခဲ့ရတဲ့ နေ့ရက်တွေထဲမှာ တစ်ရက်အပါအဝင်ပါပဲ။ သေမယ်ဆိုရင်တောင် သေပျော်ပါပြီ ထားရယ်..."

သူ့စကားက ခံစားမှုတွေနှင့် နက်နဲလွန်းလှပါသည်။

"နောက်တစ်ခု တောင်းပန်ချင်တာက ကိုယ်တို့သူငယ်ချင်း လေးယောက် ခုလိုပဲ မကြာခဏ ဆုံတွေ့ချင်သေးတယ်။ ရိုးသား ခင်မင်သောစကားများကိုပဲ ပြောမှာပါ"

ထားက သက်ပြင်းချရင်း...

"ခဏခဏတွေ့တာကို ရှင့်အိမ်သူနဲ့ ထားရဲ့ယောက်ျား သိသွားရင် ရည်းစားဟောင်းတွေ ချိန်းတွေ့နေကြတာကို ဘယ်လိုမှ ရိုးသားတယ်လို့ ထင်ကြမှာ မဟုတ်ဘူး။ အသက်ကြီးမှ အိမ်ထောင် တွေပျက်ပြီး သားသမီးတွေလည်း စိတ်ဆင်းရဲကုန်ပါ့မယ်။ ပြီးတော့ သံယောဇဉ်ကြိုး ပြန်ရှည်အောင်လုပ်သလို ဖြစ်နေလိမ့်မယ်"

"ဒါဆို ထားက ကိုယ့်ကို နောက်ထပ်တွေ့ဆုံခွင့် မပေးတော့ ဘူးပေါ့...ဟုတ်လား။ ကိုယ် ထားကို ထပ်တွေ့ချင်သေးတယ်"

ထားက သက်ပြင်းချရင်း ခေါင်းခါနေပါသည်။

"ကိုယ့်ရင်ထဲကဆန္ဒကို အမှန်အတိုင်း ဝန်ခံဖွင့်ဟရရင် တော့ ဟိုတစ်ချိန်တုန်းက သတ္တိမရှိခဲ့လို့ လွဲခဲ့ရတာကို ခုလောက်ကြီး နှစ်ပေါင်းများစွာခံစားနေရမယ်လို့ မထင်ခဲ့မိဘူး။ တကယ်ကွဲသွား



www.burmeseclassic.com

www.burmeseclassic.com



မှ တကယ်ချစ်တာပါလား ဆိုတာကို ပိုသိလာတယ်။ အခုလို ပြန်တွေ့ရဖို့လည်း ကိုယ် နှစ်ပေါင်းများစွာ မျှော်လင့်စောင့်စား တောင်းတနေခဲ့တယ်ဆိုတာ ထား အသိဆုံးပဲ။ ကိုယ့်ဆန္ဒနဲ့ တောင်းတမှုတွေ ပြည့်တတ်တယ်ဆိုတာ ကိုယ်သိတယ်။ ဒါကြောင့် ကိုယ် ပွင့်ပွင့်လင်းလင်းပဲ ပြောလိုက်ချင်တယ်ထား။ ကိုယ် အခု သတ္တိတွေရှိနေတယ်။ ကြီးမှ ဝက်သက်ပေါက်တယ် ပြောပြော၊ ကြီးမှ မိုက်တယ် ပြောပြော ကိုယ့်ရဲ့အိမ်ထောင်ရေး လုံးဝအဆင်မပြေလို့၊ ရိုင်းရိုင်းပြောရရင် လင်မယားလိုမနေတာတောင် ကြာပါပြီ။ ထွေးထွေးကို ကွာရှင်းဖို့ ဝန်မလေးဘူး"

ထိုစကားကြောင့် ထားကိုယ်ကလေး မတ်သွားပါသည်။ လှလှတို့လင်မယားကိုလည်း မလုံမလဲ လှမ်းကြည့်ပါသည်။

"လှလှပြောပြလို့ ထားတို့လင်မယား အဆင်မပြေတာကို ကိုယ်သိတယ်၊ ထား စိတ်ပျက်နေတာ ကိုယ်သိတယ်။ စိတ်တူကိုယ်တူ ချစ်ကြတဲ့သူအချင်းချင်းပဲ လက်ထပ်ကြတာကောင်းပါတယ်။ ကျန်သေးတဲ့ အချိန်တိုကလေးမှာ ကိုယ်တို့နှစ်ယောက် လက်တွဲလျှောက်လှမ်းချင်တယ်ထား"

"စည်းဆိုတဲ့စကားကို ထား ဦးစားပေးပြောနေတဲ့ကြားက ကိုရဲမော် ဘာတွေလျှောက်ပြောနေတာလဲ။ မဖြစ်နိုင်တာတွေကို မဖြစ်နိုင်တော့တဲ့အချိန်ကျမှ စိတ်ကူးယဉ်မနေပါနဲ့တော့။ သားသမီး





တွေရဲ့မျက်နှာကို ငဲ့ရဦးမယ်လေ"

"သားသမီးတွေလည်း အချိန်တန် သူ့အိမ်ထောင်သူပြုပြီး သူ့လမ်းသူ လျှောက်ကြတော့မှာပါ။ ထား သတ္တိရှိဖို့ပဲလိုတယ်။ ဒါမျိုးတွေ လောကမှာ ဖြစ်လေ့ဖြစ်ထရှိပြီးသားပါ"

ထား ဘယ်လိုနည်းနှင့်မျှ လက်မခံနိုင်သဖြင့်..

"ဘာလဲ၊ ထားက လင်ယောကျ်ားမသိအောင် လာတွေ့တယ်ဆိုပြီး အထင်သေးသွားလို့ စော်ကားမော်ကားပြောနေတာလား"

"ထား အဲသလိုမပြောနဲ့၊ ကိုယ် စော်ကားခဲ့တုန်းက ထား ခဏခဏတောင်းပန်ခဲ့ပြီး ကိုယ်တန်ဖိုးထား တောင်းပန်တဲ့အချိန်ကျတော့မှ ထားက ပြန်ကလဲ့စားချေချင်တာလား။ ထား ကိုယ့်ကို တကယ်ပဲ မချစ်တော့ဘူးလား၊ တကယ်ပဲ မတွေ့ချင်တော့ဘူးလား"

တုန်ယင်သောအသံနှင့် ထားလက်ကို ဆွဲယူဆုပ်ကိုင်ရင်း ခံစားချက်ပြင်းထန်သော ရဲမော်ကို ဘယ်လိုပြောရမှန်းပင် မသိတော့ပါ။ ပတ်ဝန်းကျင်ကမြင်သွားမှာလည်း စိုးမိသည်။

ထားလက်ထဲသို့ ရုတ်တရက် စာအိတ်လေးတစ်အိတ် ထည့်ပေးလိုက်သဖြင့် ထား တုန်တုန်ယင်ယင် ဖြစ်သွားခဲ့သည်။

"ဒီနေ့ ထားမလာရင် ဒီစာကို လှလှကနေတစ်ဆင့် ပို့နိုင်ဖို့ ကြိုရေးလာတာ။ ဒီအထဲမှာလည်း စောစောက ကိုယ်ပြောခဲ့သလို ရင်နင့်အောင် ခံစားချက်တွေနဲ့ ထားကို ပြန်လည်ပိုင်ဆိုင်ချင်တဲ့



www.burmeseclassic.com

www.burmeseclassic.com



အကြောင်းတွေ ရေးထားတာပါ"

"ထားသိပြီးပြီပဲ၊ ဒီဟာ အိမ်ယူစရာ မလိုတော့ပါဘူး"

"ဪ…ထားရယ်၊ ထားနဲ့ တွေ့တိုင်း ကိုယ် အမြတ်တနိုး ပေးထားခဲ့တဲ့စာလေးတွေလည်း ခုချိန်ဆို ဘယ်ရှိတော့မလဲနော်"

ထားက ခပ်မဲ့မဲ့လေးပြုံးရင်း…

"ကမ္ဘာကြီးစစ်ဖြစ်ဖြစ်၊ မြန်မာပြည်စစ်ဖြစ်ဖြစ် ထားနေခဲ့တဲ့အိမ်တွေ မီးအကြိမ်ကြိမ် လောင်ခဲ့တာတောင် ရှင့်စာတွေ မီးထဲပါမသွားအောင် သိမ်းထားနိုင်တယ်ဆိုရင်ရော ပြန်လိုချင်ရင် ပြန်ပေးမှာပါ"

"ဟုတ်လား… ထားရယ်။ တကယ်ပဲ ရှိနေသေးတာလား၊ ဝမ်းသာလိုက်တာ။ ထားရဲ့ခေတ်ပုံလေးလည်း ကိုယ့်ဒိုင်ယာရီတွေထဲမှာ တစ်နှစ်ပြီးတစ်နှစ် ကူးပြောင်းပြီး နေရာယူနေတယ်ဆိုတာ ယုံပါနော်"

"ယုံပါတယ် ကိုရဲမော်။ ကဲ…ထားတို့ရောက်တာလည်း ကြာလှပြီ ပြန်ကြရအောင်"

"ဟာ… နေပါဦးထားရယ်။ စကားတောင် ဘာမှ မပြောရသေးပါဘူး"

"ကျေနပ်ပါ ကိုရဲမော်ရယ်။ ထား အိမ်မှာ ညှိသည်တွေနဲ့ ချိန်းထားသေးလို့"

"ဒါဆို နောက်အပတ် တနင်္ဂနွေနေ့ ခုလိုပဲတွေ့ကြရအောင်"





"လှလှတို့ကို အားနာပါတယ်။ နောက်မှပဲ တွေ့ကြတာပေါ့"

"လှလှတို့ မပါရင် တွေ့ခွင့်မပေးတော့ဘူးလား ထားရယ်"

"သင့်မှ မသင့်တော်တာဘဲ"

"ရုံးမှာ လာစကားပြောရင်လည်း ဖြစ်တာပဲ။ ဒါမှမဟုတ် ဆေးရုံကို လာခဲ့မယ်လေ"

သူ ယခုမှ အရှုံးအမူး ပြန်ဖြစ်နေပါကလား။

"ရော့… ကိုယ့်ဖုန်းနံပါတ်လေး ယူထား၊ ထား နံပါတ်ကိုတော့ ကိုယ် အားလုံးသိတယ်"

ထား အပြုံးဖြင့် တစ်ချက်လှမ်းကြည့်ရင်း နှုတ်ဆက်လိုက်ပါသည်။

ထားတို့လေးယောက် တောင်ဘက်မုဒ်မှ ဆင်းလာသည်ကို ဦးထွန်းအောင်ဇော် မြင်ပါသည်။ ထား ဤနေရာမှ ပြန်လာတတ်မှန်း သိ၍ ကားနှင့်လာကြိုနေခြင်းဖြစ်သည်။ အံ့ဩသွားအောင် တမင်လုပ်ဖို့ပါပဲ။ ခုတော့ ယေရည်းစားနှင့်ချိန်းတွေ့မှန်း သိလိုက်ရသဖြင့် ထူထူပူပူ ဖြစ်သွားတော့သည်။ အားလုံး ရှက်ကုန်မည်စိုး၍ မိမိကပင် ကားကို နောက်ပြန်ဆုတ်ပြီး ရှောင်ပေးလိုက်ပါသည်။

❁❁❁



www.burmeseclassic.com

www.burmeseclassic.com

## အခန်း [၂၄]

တနင်္ဂနွေနေ့သို့ ရောက်ခဲ့ပြန်ပြီဖြစ်၍ ထား နံနက်လေးနာရီခန့်ထဲက စိတ်လှုပ်ရှားနေပါသည်။

ရဲမော်လည်း မိမိလိုပင် ခံစားနေရမလား။

နာရီလက်တံက ခါတိုင်းထက် မြန်သလိုပါပဲ။

"ထား… ဘုရားသွားဦးမှာလား။ ကိုယ်လိုက်ပို့ပေးမယ်"

"ဟင့်အင်း၊ မသွားတော့ဘူး"

ထိုအဖြေကြောင့် စိတ်အေးသွားခဲ့သည်။

ထား စာအုပ်ဖတ်လည်း စိတ်မဝင်စား၊ ဘုရားစာဖတ်လည်း စိတ်မပါ။ နောက်ဆုံး စိတ်ငြိမ်အောင် သိုးမွေးထိုင်ထိုးနေလိုက်သည်။



"ကလင် ကလင် ကလင်…"

ဖုန်းသံကြောင့် ရင်ခုန်သွားမိသည်။ အရေးကြီးသည့်ကိစ္စဖြစ်နေမည်စိုး၍ ကောက်ကိုင်ရသည်။

"ဟဲလို…"

"ထားလား၊ ကိုကြီးပါ၊ အိမ်ပြန် နည်းနည်းနောက်ကျမယ်နော်။ သူငယ်ချင်းတစ်ယောက်က သူ့အမေရောဂါကို လိုက်ကြည့်ခိုင်းနေလို့"

"ဟုတ်ကဲ့"

မိမိ အိမ်မှာ ရှိ မရှိသိချင်၍ ဆက်ခြင်းပဲဖြစ်နိုင်သည်။

ဖုန်းသံ ထပ်မြည်လာသည်။

"ဟဲလို…"

"ထား… ကိုယ် ဘုရားမှာစောင့်နေတာ နှစ်နာရီလောက်ကြာသွားမှ မလာတော့မှန်းသိလို့ ဖုန်းဆက်တာ"

"မလာဘူးလို့ ပြောထားပြီးသားပဲ"

"ကိုယ် တွေ့ချင်လို့ပါ"

"ကိုရဲမော်က တမျိုးပဲ။ ချစ်သူဘဝတုန်းကလည်း စည်းဖောက်ခဲ့တယ်၊ ခု အိမ်ထောင်သည်ဘဝကျတော့လည်း စည်းဖောက်ချင်တယ်။ ထားအိမ်ထောင်ပြိုကွဲအောင် မလုပ်ချင်စမ်းပါနဲ့"

"သူ့ကို မပြတ်နိုင်လောက်အောင် စွဲလမ်းနေတာလား"

www.burmeseclassic.com



"သားနဲ့သမီးအတွက်ပဲ စဉ်းစားတာပါ"

ထိုအချိန်မှာပင် သားဖြစ်သူက ကားသော့လေးရမ်း၍ အိမ်ထဲ ဝင်လာပါသည်။

"သားရေ… လာခဏစကားပြောပါဦးကွယ်။ မေမေ ဗိုက်နာလွန်းလို့"

"ဘယ်သူဆက်တာလဲ မေမေ"

"ဖေဖေ့ လူနာပါ။ သားပဲမေးမြန်းပြီး မှတ်ထားလိုက်လေ"

တစ်ဘက်မှ ရဲမော် အားလုံးကြားနေရပါသည်။ ထို့ကြောင့် အူယားဖားယားနှင့် ဖုန်းခွက်ကို ချလိုက်ပါတော့သည်။

"ဟဲလို… ဟဲလို…"

ဘိုဘို ဖုန်းခွက်ကို ပြန်တင်ပြီး မီးဖိုထဲ ဝင်ခဲ့တော့သည်။

"ဘာတဲ့လဲ သားရေ"

"ဘာမှလည်းမပြောဘူး၊ ဖုန်းခွက်ချသွားခဲ့တယ်။ ကေနွှနီနီ့ရည်းစားပဲ ဖြစ်မှာပဲ။ ကျွန်တော့်အသံကြားလို့ လန့်ပြီး ဖုန်းချသွားတာဖြစ်မှာ"

ထားက သူ့အတွက် ထမင်းဟင်းတွေ ခူးခပ်ပေးရင်း မပြင်အောင် ရယ်နေမိသည်။

နာရီဝက်ခန့်ကြာသောအခါ ဖုန်းသံ မြည်လာပြန်သည်။

ဘိုဘိုက ဧည့်ခန်းဆိုဖာပေါ်တွင် စာအုပ်ထိုင်ဖတ်နေသဖြင့်





ဖုန်းလှမ်းကိုင်ပါသည်။

"ဟဲလို… ဦးထွန်းအောင်ဇော် အိမ်ကပါ။ အမိန့်ရှိပါ"

"… … …"

"ဟဲလို… ဘယ်သူနဲ့ တွေ့ချင်တာလဲ၊ ဟာ… ဒီကောင်တော့ သားတို့အိမ်ကို တမင်နှောင့်ယှက်နေပြီဝဲ"

ညနေဘက် ဦးထွန်းအောင်ဇော်ကိုင်တော့လည်း ဖုန်း ပြန်ချသွားပြန်သဖြင့်…

"ဖေဖေရေ… ဒီနေ့တစ်နေ့လုံး ဖုန်းခေါ်ပြီး/စကားမပြောဘဲ ပြန်ပြန်ချသွားတာ ငါးခါရှိပြီ"

"ဟေ… ဟုတ်လား။ တစ်ယောက်ယောက် နောက်နေပြီထင်တယ်"

"ဖေဖေ့သမီးပဲ နေမှာပေါ့။ ကောင်လေးတွေကို ဖုန်းနံပါတ် လျှောက်ပေးထားလို့နေမှာပေါ့။ ဖေဖေ့သမီးကို သူ့ရည်းစားနဲ့ ရုပ်ရှင်ရုံရှေ့မှာ လက်တွဲပြီး တွေ့ခဲ့တယ်ဗျ"

"ဒါ သမီးဖုန်း မဖြစ်နိုင်ဘူး၊ မင်းတို့အမေဆီကိုလာတဲ့ ဖုန်းပဲနေမှာ"

"ဒါဆိုလည်း ခေါ်ခိုင်းရင် ခေါ်ပေးမှာပေါ့ဗျာ။ ဘာလို့ ချသွားတာလဲ"

"မင်းအမေက လာမကိုင်လို့ နေမှာပေါ့။ ဒါမှမဟုတ်



www.burmeseclassic.com

www.burmeseclassic.com



ယောက်ျားသံကြားလို့ နေမှာပေါ့"

ဘိုဘို စဉ်းစားသလိုလုပ်ရင်း...

"ဟုတ်တယ်။ မနက်က မေမေ ဖုန်းစကားပြောခိုင်းလိုက်လို့ သားလည်းကိုင်ရော ဖုန်းချွက်ချသွားတယ်။ ဘာဖြစ်လို့လဲ မသိဘူး"

"မင်းအမေက မင်းသမီးပဲ။ ရည်းစားဟောင်းတွေဆီက လာတာ ဖြစ်ချင်ဖြစ်မှာပေါ့"

ထိုစကားကြောင့် ထားက ဖျတ်ခနဲ လှမ်းကြည့်ပြီး ဘုရားခန်းထဲ ဝင်သွားပါသည်။

"ဖေဖေနဲ့ မေမေနဲ့ ရန်ဖြစ်ထားကြတာလား"

"မဖြစ်ပါဘူးဗျာ။ မင်းအမေကို ဖေဖေက စကားတောင် မာမာမပြောခဲ့ပါဘူး။ ဘာဖြစ်လို့လဲဆိုတော့ သိပ်ချစ်လို့လေ။ မင်းအမေကတော့ ဖေဖေ့ကို မချစ်ပါဘူးထင်ပါရဲ့။ ဖေဖေက အဘိုးကြီးဖြစ်သွားပြီကိုး ဟား... ဟား...ဟား"

ထိုစကားကို ဘုရားခန်းမှ ကြားနေရပါသည်။

ထား အံကို ကြိတ်ထားမိသည်။

ဘိုဘိုက မျက်မှောင်ကြုတ်၍ စဉ်းစားနေရင်း...

"ဟာ... သဘောပေါက်သွားပြီ။ မေမေ့ဆီကို ရည်းစားဟောင်းကဆက်တာ မဟုတ်လား။ မေမေမှ မကိုင်တာ၊ မေမေ့မှာ အပြစ် မရှိပါဘူး"





"မှန်တယ်သား၊ ဒါပေမယ့် သစ်ငုတ်တောင် နှုပါများရင် ယိုင်တတ်သေးတာ။ ဖေဖေနဲ့ မခေါ်မပြောဖြစ်နေတဲ့အချိန်မှာ ခုလို ခဏခဏဖုန်းဆက်ရင် မင်းအမေက ဘာသားနဲ့ ထုထားတာမို့လဲ။ အရင်အပတ် တနင်္ဂနွေနေ့က ဘုရားကနေ အတူတူပြန်လာကြတာ တွေ့လိုက်ရတယ်။ ဒါပေမယ့် ဖေဖေ မသိချင်ယောင်ဆောင်နေလိုက်ပါတယ်။ သူမပျော်လို့ ဖေဖေ့ကို ကွာရှင်းခွင့်တောင်းရင်တောင် ပေးဖို့ အရံသင့်ပဲ"

"ဟင်... ဘာဖြစ်လို့လဲ။ ဖေဖေ မေမေ့ကို သိပ်ချစ်တယ်လဲ ပြောသေးတယ်"

"အင်းလေ... သိပ်ချစ်လို့ပဲပေါ့၊ ဖေဖေနဲ့မှ သူမပျော်တော့တာကိုး။ ပြီးတော့ မင်းအမေက အဲဒီရဲမော်ဆိုတဲ့လူကို အရမ်းချစ်ခဲ့တာ။ ရဲမော်ပစ်သွားမှ ဖေဖေ့ကို ယူခဲ့တာ"

ဖခင်၏စကားကို ဘိုဘို အံ့ဩစွာ နားထောင်နေပါသည်။ မိခင်အတွက် စိတ်မကောင်း မဖြစ်မိပါ။ ဖခင်ကြီးကို သနားသွားမိသည်။

"မေမေ အဲဒီလိုတွေ့ခွင့်ပေးတာ အိမ်ထောင်ရေးကို စည်းဖောက်ခဲ့တာပေါ့"

"ထားက ပညာတတ် မိန်းကလေးတစ်ယောက်ပဲလေ။ သူ့ကိုယ်သူ ထိန်းမှာပါ"



www.burmeseclassic.com

www.burmeseclassic.com



"မဖြစ်ဘူး၊ မေမေ့ကို ပစ်ထားလို့ မဖြစ်ဘူး။ လိုက်စောင့်ရှောက်မှ ဖြစ်တော့မယ်။ ဒီလိုမှမလုပ်ရင် ဖေဖေလဲ အသက်ကြီးမှ အသည်းကွဲမယ်။ သားတို့လည်း မိန်းမယူခါနီးမှ အဖေကွဲ၊ အမေကွဲ အဖြစ်မခံနိုင်ပါဘူးဗျာ။ နီနီ့ကိုလည်း ပြောပြရဦးမယ်။ ဒီကောင်မလေးက မိသားစု လုံးဝမခင်တော့ဘူး။ သူငယ်ချင်းပဲ ခင်နေတော့တာပဲ"

ဦးထွန်းအောင်ဇော်၏ တဟဲဟဲရယ်သံက ထား၏နှလုံးသားများကို ဖါးဖါးလှီးသလို နာလှသည်။ သားနှင့်မိမိကို လှည့်တိုက်နေပြီပဲ။

နောက်ရက်မှစ၍ ဘိုဘိုက ဆေးရုံကို သူကိုယ်တိုင် ကားနှင့်ပို့သည်၊ ကြိုသည်။ ဘုရားသွားချင်သလား၊ ဈေးသွားချင်သလား၊ ဘယ်ကိုသွားသွား သူပို့ပေးမည်ဟု ပြောလာသည်။ ဆေးခန်းထိုင်လျှင်လည်း သူပဲ တာဝန်ယူကြိုပို့ပေးသဖြင့် ထားကို ရဲမော်တွေ့ဖို့ မလွယ်တော့ပေ။ ယုတ်စွအဆုံး တယ်လီဖုန်းပင် ပြောခွင့်မရှိတော့ပါ။

ဒါတောင် ဆေးရုံကို ဆက်ဖြစ်အောင် ဆက်သေးသည်။

"ထားရယ်... ကိုယ်လိုက်နှောင့်မှာစိုးလို့ သားတော်မောင်ကို သွားလေရာ တစ်ကောက်ကောက် ခေါ်သွားတာလားဟင်။ ခုလိုနေမကောင်းဖြစ်နေတဲ့အချိန်မှာတော့ ထားကို ကိုယ် ဖြစ်တဲ့နည်းနဲ့ ဝင်တွေ့ဖို့ ကြိုးစားမှာပဲ။ ကိုယ် တကယ်တွေ့ချင်နေတာ"





ထား တစ်ဘက်လူ စိတ်ချမ်းသာစေချင်သဖြင့် နှစ်သိမ့်စကားပြောရတော့သည်။

"ခွတ်မရဲ့ပါနဲ့ ကိုရဲမော်။ ဟိုတစ်ခေါက် ဘုရားကအပြန်မှာ သူ့အဖေ တွေ့သွားခဲ့တယ်။ အိမ်ကိုလဲ ရှင် ခဏခဏဖုန်းဆက်နေတော့ ရိပ်မိသွားပြီး သားကို ဘော်ဒီကတ် လုပ်ခိုင်းလိုက်တာ"

"သြော်... ထား ရက်စက်တာ မဟုတ်ဘူးလား။ ဒါဆိုရင် ကိုယ် ကံကောင်းသေးတာပေါ့။ ကိုယ်လေ ရင်ဘတ်တွေအောင့်လွန်းလို့ ဆေးသွားစစ်တော့ နှလုံးရောဂါ ရှိနေပြီလို့ ပြောတာပဲ"

ထားရင်မှာ အောင့်သွားရပါသည်။

ဤနှလုံးရောဂါကြောင့်ပင် သူနှင့်ထား ဝေးခဲ့ရခြင်း မဟုတ်လား။ သူများ တစ်ခုခုဖြစ်သွားမှာလားဟု စိုးရိမ်သွားမိသည်။ အသက်က ယခုမှ လေးဆယ်ကျော်ဆိုတော့ ငယ်ပါသေးသည်။ မသေစေချင်သေးပါ။

"ရန်ကုန်မှာနေနေတာပဲရှင်... အထူးကုတွေ၊ သမားတော်တွေဆီမှာ ဆေးစစ်ပြီး သေချာကုရင် ပျောက်သွားမှာပါ။ ပေါ့ပေါ့ဆဆလဲ လုပ်မနေနဲ့လေ။ မိသားစုတွေကို ပြန်ခေါ်ထားပါလား။ တစ်ယောက်တည်းနေတော့ ရောဂါဖောက်လာရင် ဘယ်လိုလုပ်မလဲ"

"အဲဒီအချိန်ဆိုရင်တော့ ထား ပစ်ထားမယ် မထင်တော့ပါဘူး"



www.burmeseclassic.com

www.burmeseclassic.com



"ကိုရဲမော်က ကလေးသိပ်ဆန်တာပဲ။ ထား ရှင့်ကို ချစ်သူလို မချစ်နိုင်ပေမယ့် မိတ်ကောင်းဆွေကောင်းလိုတော့ အမြဲတမ်း ကူညီနေမှာပါ။ စိတ်ကို ချမ်းသာအောင်နေစမ်းပါ။ ကဲ…တော်ပြီနော် ဟိုမှာ တခြားဆရာဝန်တွေ လာနေပြီ။ ဒါပဲနော်"

ဖုန်းခွက်ကို ချပြီး ထား အကြာကြီး ငိုင်နေမိသည်။

အိမ်ရောက်တော့မှ လှလှထံ ဖုန်းဆက်မိသည်။

"လှလှလား… ထား ဆက်နေတာပါ"

"ထား ပြောကွ၊ ဖုန်းတွေဘာတွေ ဆက်လို့ပါလား"

"ဟုတ်တယ်၊ ကိုရဲမော်အကြောင်းပြောမလို့၊ သူ ရင်ဘတ်နာနာနေတယ်တဲ့။ နှလုံးရောဂါ ရှိတယ်လို့လည်း ပြောတယ်။ သူ့မိသားစုတွေဆီ အကြောင်းကြားပေးလိုက်ဦး၊ သားသမီးတွေကတော့ အဖေကို ပစ်မထားသင့်ဘူး ထင်တယ်"

"အေး…အေး၊ ကိုယ်ပြောလိုက်မယ်"

"နောက်ပြီး မင်းကိုယ်တိုင်သွားပြီး ငါ့ကိုယ်စား ဆေးစစ်ဖို့ကူညီပေးပါ လှလှရယ်။ ငါကိုယ်တိုင် မလုပ်ပေးသင့်လို့ပါ။ ငါတို့ဘုရားမှာချိန်းတာကို ငါ့လူကြီးမြင်သွားလို့ လုံးဝ ထပ်မဆက်သွယ်ဖြစ်တော့တာ"

"ရိုးရိုးသားသားတွေတာ ခင်တာပဲဟာ"

"ဒါတွေ ပြောမနေချင်တော့ပါဘူးဟာ။ ရှင်းရှင်းပြောရရင်





သွားတွေ့မိတာကိုက ငါ မပြတ်သားတာဘဲ။ မတွေ့ဘဲနေလိုက်ရင် ခုလို အမျှင်တန်းမနေဘူး။ ခုတော့ သူမှာ ချော်လင့်ချက်ကြီးနဲ့ ဖြစ်နေတယ်"

"သူကတော့ မပြောနဲ့တော့။ ကျိုက်ထိုမှာ မင်းနဲ့တွေ့တုန်းက အရှုးအမူးဖြစ်တဲ့အတိုင်းပဲ။ စိတ်ကို မထိန်းဘူး"

"ဒါပါပဲဟာ… နင်တို့ကို အနှောင့်အယှက်ပေးတာ မဟုတ်ပါဘူး။ ငါကိုယ်စားဆိုတာကိုတော့ ထည့်ပြောပေးနော် လှလှ"

"အေးပါ…အေးပါ"

ဖုန်းခွက်တင်နေစဉ် နီနီက အနားရောက်လာပြီး…

"မေမေ"

"ဘာလဲ သမီး"

"ကိုဘိုပြောတုန်းက မေမေ့အချစ်သမိုင်းကို နီနီ သိပ်စိတ်မဝင်စားမိဘူး။ အခု သမီးသူငယ်ချင်းဆီကကြားမှ မေမေတို့၊ ဖေဖေတို့၊ ဦးရဲမော်တို့ သုံးပွင့်ဆိုင်ဇာတ်လမ်းက အံ့မခန်းစရာပါပဲ"

ထားက ခပ်တည်တည်ပင် နားထောင်နေလိုက်ပါသည်။

"နီနီတို့သူငယ်ချင်းတွေ ဓာတ်ပုံစုရိုက်ကြတယ်။ ဆောင်ပေါ်သူက သူ့အိမ်ကျတော့ ဓာတ်ပုံတွေထုတ်ပြပြီး ဒါကဘယ်သူ၊ ဘယ်သူ့သမီးလို့ လျှောက်ပြောရင်းက ဦးထွန်းအောင်ဇော်နဲ့ ဒေါ်တေးတင်တင်တို့ သမီးလို့လဲပြောပြရော အမယ်လေး မေမေ၊ ဦးရဲမော်နဲ့



www.burmeseclassic.com

www.burmeseclassic.com



တောင်ပေါ်မှာ မယူဖြစ်တာကလွဲလို့ တွဲသွားတွဲလာနဲ့ စေ့စပ်တဲ့အထိ အကုန်သိကြတာပဲ။ နောက်ဆုံး ဦးရဲမော်က မေမေ့ကို ပစ်သွားလို့ ဖေဖေက သနားပြီးယူလိုက်တာဆို။ ဒါနဲ့များ မေမေက ဖေဖေ့ကွယ်ရာမှာ ချိန်းတွေ့လို့တွေ့၊ စကားပြောလို့ပြော၊ စေတနာတွေ ပိုနေလိုက်တာ။ နီနီတို့က ဖေဖေ့ကို သိပ်သနားတယ်။ မေမေ သစ္စာဖောက်တယ်၊ ရက်စက်တယ်"

နီနီက ဤစကားပြောချင်၍ အိမ်ပြန်လာခြင်းဖြစ်မည်။ ဆေးကျောင်းတက်ကတည်းက သူမ အိမ်မကပ်တော့ဘဲ သူငယ်ချင်းများနှင့်သာ လှည့်ပတ်ပျော်နေသူဖြစ်သည်။

မျက်နှာထိမျက်နှာထားဖြင့် ပြောနေသောသမီးကို ထားခွင့်လွှတ်လိုက်ပါသည်။ သူပြောတာ အားလုံးမှန်နေတာပဲ။ သူ့အဖေဘက်ကပဲ သူ နာမည်ပေါ့။

❀❀❀



အခန်း (၂၅)

၁၉၆၆။

"မေမေရေ...ကျွန်တော်တို့ လင်မယားနှစ်ယောက်လုံး ရန်ကုန်ဆေးရုံကြီးကို ပြောင်းရမယ်"

"ကောင်းတာပေါ့ သားရယ်၊ မေမေတို့မြေးလေးတွေနဲ့ နီနီနားနား နေခွင့်ရတာပေါ့"

သားကြီးက သူ့သူငယ်ချင်းဆရာဝန်နှင့် လက်ထပ်ပြီး အိမ်ခွဲသွားခဲ့သည်မှာ ကြာပြီ။ နယ်ဆေးရုံများတွင် တာဝန်ကျရာနေခဲ့ရာ ရန်ကုန်ပြန်ရောက်လာခြင်းဖြစ်သည်။

"သားကြီးလား..."

www.burmeseclassic.com



"ဟုတ်ပါတယ် ဖေဖေ"

"မင်းအမေကို ဆေးရုံတင်မှဖြစ်မယ်။ အူ အတက်ပေါက်တယ်ထင်တယ်၊ ခွဲစိတ်မှ ဖြစ်မယ်ထင်တယ်"

ထား ဆေးရုံကြီးအောက်ထပ်သို့ လူနာအဖြစ် ရောက်ရှိလာခဲ့ရပါသည်။

မိမိကိုယ်တိုင် ဆရာဝန်ဖြစ်ပါလျက် အစားအသောက် မဆင်ခြင်သဖြင့် ဖြစ်ရခြင်းပင်။

"မေမေ နေကောင်းရဲ့လား"

သားဆရာဝန်က လက်ကောက်ဝတ်ကို ကြင်နာစွာကိုင်ရင်း မေးခြင်းဖြစ်သည်။

"ကောင်းပါတယ် သားရယ်"

"ခွဲထားတဲ့နေရာကို နည်းနည်းစစ်ကြည့်ရအောင်"

သားက ချုပ်ရိုးများ၏ အခြေအနေကို ကြည့်ပေးနေစဉ် ထားခုတင်အနီးသို့ သားတို့အရွယ် အမျိုးသမီးနှစ်ယောက် ရောက်လာကြပါသည်။ သားက မော့ကြည့်ရင်း...

"ဟော...သိန်းသိန်းနဲ့ ငြိမ်းငြိမ်းတို့ပါလား။ ထိုင်ကြပါ ထိုင်ကြပါ။ ဒါ ကိုယ့်မေမေပဲလေ"

"ဟုတ်ကဲ့၊ အန်တီ့ကို လာကြည့်တာပါ။ အန်တီ့အတွက် မိုင်လိုနဲ့မုန့်ပုံး ယူလာပါတယ်ရှင်"





ထားက ဇဝေဇဝါဖြင့် ကောင်မလေးများကို လက်တာစွ ရင်း...

"အန်တီ့အတွက် ဘာမှပိုက်ဆံအကုန်ခံပြီး ဝယ်မလာခဲ့နဲ့ကွယ်...။ အန်တီ့အိမ်က ပို့ထားတာတွေ ရှိပါတယ်။ ဒါနဲ့ သမီးတို့က ဘယ်သူတွေလဲကွယ်"

"သမီးတို့က ဦးရဲမော် သမီးတွေပါ။ ဖေဖေက အဝေါ်ထပ် (စပါယ်ရှယ်ခန်း)မှာ နှလုံးရောဂါနဲ့ လာတက်နေတာပါ။ ဒေါက်တာကိုဘိုဘိုနဲ့ စကားစပ်ကြရင်း အန်တီ အောက်ထပ်မှာရှိကြောင်း သိသွားကြတာလေ။ အန်တီ့ကို လာတွေ့ဖို့ ဖေဖေကလွှတ်လိုက်တာ။ သမီးတို့ကလည်း အန်တီ့ကို တွေ့ချင်နေကြတာပါပဲ"

"ဩော်... သူ နှလုံးရောဂါနဲ့ ဆေးရုံတက်နေတာလား"

ထား ထိုကဲ့သို့ပြောရင်း ရဲမော်နှင့် နောက်ဆုံးဖုန်းစကားပြောခဲ့စဉ်က နှလုံးမကောင်းကြောင်း ပြောခဲ့ဖူးပါသည်။ သူ့ငယ်ချင်းလှလှကိုလည်း မိမိကိုယ်စား ကြည့်ရှုခိုင်းခဲ့ဖူးပါသည်။

"အန်တီက တော်တော်သက်သာနေပြီပဲ။ ဆေးရုံက ဆင်းရတော့မယ်ထင်တယ်"

"မနက်ဖြန် ဆင်းရမယ်ထင်တာပဲ"

"ဒါဆို ဖေဖေ့ကို ပြောပြလိုက်ဦးမယ်။ ဖေဖေနဲ့ အန်တီ လာခဲ့ဦးမယ် မဟုတ်လားဟင်"



www.burmeseclassic.com

www.burmeseclassic.com



ထား ခေါင်းညိတ်ပြလိုက်မိသည် ထင်သည်။

သို့သော် နောက်တစ်နေ့ ဆေးရုံကဆင်းခါနီးအထိ အပေါ်ထပ် သွားမတွေ့သဖြင့် ဘိုဘိုက…

"မေမေ… အပေါ်ထပ်က ဦးရဲမော်ဆီ သွားမနှုတ်ဆက်တော့ဘူးလား"

"မဆက်တော့ပါဘူးကွယ်"

"သွားလိုက်ပါလား မေမေရယ်၊ နှလုံးရောဂါသမားဆိုတာ စိတ်သိပ်နုတာ။ မျှော်လင့်နေတဲ့လူ မလာရင်လဲ သူတို့က ဝေဒနာတိုးချင်တိုးတာ။ ပြီးတော့ ဦးရဲမော်အခြေအနေကလဲ သိပ်အားမရချင်ပါဘူး"

အရင်က ဖုန်းဆက်လျှင်ပင် မကြိုက်ချင်ခဲ့သောသားက ယခု ခွင့်လွှတ်စိတ်တွေ ထားတတ်နေပြီလား…။

ဒါမှမဟုတ် စိတ်စမ်းတာလား…။

သမီးနီနီကလည်း အထင်သေးစကားတွေနှင့် မိမိကို နာကြည်းစွာ ဆက်ဆံသွားခဲ့ဖူးသည်။

ရှိပါစေတော့…ရှိပါစေတော့။

ထား စိတ်ကို တင်းပြီး အိမ်ကကားရပ်ထားရာဆီသို့သာ ဦးတည်၍ လျှောက်ခဲ့မိပါတော့သည်။

ထား ဆေးရုံကဆင်းပြီး သုံးရက်မြောက်သောနေ့တွင် ခင်မွန်း





ဖြစ်သူက သတင်းစာလာပြသည်။

"ဟင်…"

ထားမမျှော်လင့်သော နာရေးကြော်ငြာပါ။

ကိုရဲမော် ဆုံးပြီတဲ့။

ဟန်မဆောင်နိုင်ဘဲ မျက်ရည်များ စီးကျလာပါတော့သည်။

"ထား ဆေးရုံကဆင်းတုန်းက သူ့ဆီ သွားမတွေ့ခဲ့ဘူးဆို"

ထား ခေါင်းခါပြမိသည်။

"သူ စိတ်မကောင်းဖြစ်သွားတယ်နဲ့ တူတယ်။ ဆရာဝန်တစ်ယောက်အနေနဲ့ ကိုယ်တိုင် ဆေးမကုပေးနိုင်ရင်တောင် ကိုယ့်မျက်နှာမြင်ရလို့ အသက်တစ်ရက် ထပ်ရှည်မယ်ဆိုရင်တောင် မျက်နှာပြသင့်ပါတယ်"

ထား မျက်လုံးပြူးကြီးဖြင့် မော့ကြည့်နေမိသည်။

ခုတော့လည်း ဒီစကားမျိုး ပြောသတဲ့လား။

တွေ့လျှင်လည်း အပြစ်၊ မတွေ့လျှင်လည်း အပြစ်။ သူသေသွားတာတောင် ထားနှလုံးသားတွေကို တစ်စစီ တစ်စစီ ချေသွားနိုင်တဲ့သူပါပဲလား…။

ရှင့်ကို လာမတွေ့ပေမယ့် အရမ်းကို တွေ့ချင်နေတယ်ဆိုတာ ရှင် သိတယ်မဟုတ်လား။

စကားတစ်ခွန်းမှမပြောသော်လည်း ထားဖော်ဂနာမငြိမ်သော



www.burmeseclassic.com

www.burmeseclassic.com



မျက်လုံးများကြောင့် စိတ်လှုပ်ရှားနေမှန်း ဦးထွန်းအောင်ဇော်က သိသည်။

"ထားက စိတ်မကောင်းဖြစ်ပြီး ကျန်ရစ်ခဲ့ရမယ့် သူပါကွယ်။ သူ့ရဲ့နောက်ဆုံးအချိန်လေးကိုတော့ ထား အသိအမှတ် ပြုစေချင်ပါတယ်။ အစ်ကိုကြီးကိုယ်တိုင် သူ့အလောင်းရှိရာ ရေခဲတိုက်ထဲကို သွားပို့ပေးပါ့မယ်"

ထားက သူ့ကို မော့ကြည့်မိသည်။

သူ့ခန္ဓာကိုယ်မှာ ဘာအသိစိတ်၊ ဘာမှတ်ဉာဏ်၊ ဘာအသက်မှမရှိတော့မှ သွားကြည့်လို့တော့ ဘာများထူးဦးမှာလဲဆိုသည့်သဘော။

သို့သော် ထား အားတင်းပြီး အိပ်ရာပေါ်မှ ထခဲ့ပါသည်။ နောက်ထပ်တစ်ခါ ထပ် နောင်တမရချင်တော့ပါ။

ချစ်သူ၏ခန္ဓာကိုယ်နှင့် ဝိညာဉ်တို့ အတူတွဲလျက်မရှိသော်လည်း ချစ်သူခန္ဓာကိုယ်ကြီးကတော့ ရှိနေပါသေးသည်။

ဒီခန္ဓာကိုယ်ပင်လျှင် မကြာမီ မီးဝါးမြိုခြင်းကို ခံရပြီး ပြာမှုန်ဘဝ ရောက်ရတော့မည်။

အချစ်ဆုံးသူ၏ မျက်နှာကို ထားကြည့်ဖို့၊ နှုတ်ဆက်ဖို့ ခင်ပွန်းသည်နှင့်အတူ ရေခဲတိုက်ထဲသို့ ရောက်ခဲ့ပါတော့သည်။

နောက်ဆုံးခွဲခွာခြင်းဖြစ်၍ ထား စိတ်ထိခိုက်ရပါသည်။ နားလည်ခွင့်လွှတ်ပေးသော ခင်ပွန်းသည်က ထားကို စိတ်ရှည်လက်





ရှည် ရပ်စောင့်ပေးနေခဲ့ပါသည်။

အချစ်ဆိုသောစိတ်သည် အသီးသီးအိမ်ထောင်ကျပြီးသည့်တိုင်၊ သားသမီး မြေးမြစ်တွေ ရနေသည့်တိုင်၊ အချိန်တွေ မည်မျှကြာညောင်းသည့်တိုင် နုပျိုလန်းဆန်းနေတတ်သတဲ့လား။

သေဆုံးခြင်း၏ ဟိုမှာဘက်ဆီအထိတော့ အချစ်မရှိပါစေနဲ့တော့၊ မနှိပ်စက်ပါစေနဲ့တော့၊ ချစ်သူ နောက်တစ်ဘဝမှာ ပျော်ရွှင်နိုင်ပါစေတော့။

ကျွန်မစိတ်ချမ်းသာအောင်၊ စိတ်ငြိမ်အောင်ဆိုပြီး ခင်ပွန်းက ဖတ်ဖို့စာအုပ်တွေ ဝယ်ပေးခဲ့သည်။ ထို့ကြောင့် တရားစာအုပ်ကို ရောက်ပြီး စိတ်တည်ငြိမ်လာပါသည်။

ဆောင်းပါးတွေရေး၍ မဂ္ဂဇင်းတိုက်တွေကို ပို့ခဲ့ပါသည်

လွမ်းစိတ်၊ သနားစိတ်ကို စာပေတွင် မြှုပ်နှံခြင်းဖြင့် မေ့သိမ့်နိုင်ခဲ့သော်လည်း မြေးများ အိမ်ရောက်လာသောအခါ ကျွန်မစိတ်တွင် ဘာမျှ မရှိတော့ပါ။ ဘာမျှ မလုပ်နိုင်တော့ပါ။ သားသမီးအချစ်၊ မြေးအနှစ်ဆိုသည့်အတိုင်း မြေးများကို ပြုစုပေးခြင်း၊ မြေးများနှင့် ဆော့ခြင်း၊ ချစ်စရာကောင်းသောမြေးများ၏ မျက်နှာလေးများကို မြင်ရသောအခါ အရာအားလုံးကို မေ့ထားနိုင်ခဲ့ပြန်တော့သည်။

သမီး၏ကလေးတွေတစ်လှည့်၊သား၏ကလေးတွေတစ်လှည့် ထိန်းရင်း သောကတွေ ပြေခဲ့ရတာအမှန်ပါ။



www.burmeseclassic.com

www.burmeseclassic.com



ထားကို ချစ်လှပါသည်ဆိုသော ဦးထွန်းအောင်ဇော်မှာ အသက်ကိုးဆယ်ပြည့်နှစ်အတွင်း ထားအနီးမှ အပြီးအပိုင် ခွဲခွာသွားခဲ့ပါသည်။

နောက် သုံးနှစ်ခန့်ကြာသောအခါ သမီးနီနီ ငှက်ဖျားရောဂါဖြင့် သေဆုံးသွားခဲ့ပါသည်။

နီနီ့ယောကျ်ားဘက်မှ သူတို့၏မြေးများကို လာခေါ်သွားခဲ့ပါသည်။

နောက်များမကြာမီ ကျန်ခဲ့သော မြေးနှစ်ယောက်မှာ တက္ကသိုလ်အဆောင်များသို့ တက်ရောက်ပညာသင်ကြားဖို့ ထွက်သွားခဲ့ကြပါသည်။

ထို့ကြောင့် အိမ်မှာကြီးပြင်းလာသည့် အိမ်ဖော်မလေးနှင့်သာ နေရပါတော့သည်။

ထား အသက်ရှစ်ဆယ့်ခြောက်နှစ် ရှိခဲ့ပါပြီ။

သို့သော် သားဖြစ်သူထံသွားလည်ဖို့ စီစဉ်နေမိပါသည်။ သားကြီးဆရာဝန်က ရှမ်းပြည်ဘက်မှာ တာဝန်ကျနေပါသည်။

"ဖွားဖွား၊ တယ်လီဖုန်းလာပါတယ်"

"အေးအေး… လာမယ်လာမယ်"

အဖွားကြီး ဖြစ်နေပြီဆိုတော့ တယ်လီဖုန်းနား ရောက်ဖို့ ခြေထောက်တွေကို မနည်းသယ်ရပါသည်။ခြေဖဝါးတွေနာပြီးတစ်လှမ်းတစ်လှမ်း စက်ရုပ်လို သွားနေခြင်းမျိုးမို့ လေးလံလှပါသည်။

"ဟဲလို…"

'ဟဲလို'ဆိုသည့်အသံမှာ လှိုင်းထနေပြီး အဖွားကြီးအိုသံပေါက်နေပါပြီ။

"ဖွားဖွားလား"

"အေး… မြေးကြီးလား"

"ဟုတ်ပါတယ် ဖွားဖွား။ ဖေဖေ မနေ့ညက နှလုံးရောဂါနဲ့ ဆုံးသွားတယ်တဲ့"

"ဟင်… ဟုတ်ရဲ့လားမြေးရယ်။ ငါ့သားမှာ ဒီလောက်ပြင်းထန်တဲ့ နှလုံးရောဂါ ရှိနေသတဲ့လားကွယ်။ ငါ့သားက ငယ်ပါသေးတယ်"

ထား ရူးသွပ်သလို ဖြစ်သွားခဲ့ပါသည်။

ထားအတွက် နောက်ဆုံးကျန်ရှိသည့် ရင်မှာလွယ်ရသည့်သားဆိုတော့ ထား နှမြောမိပါသည်။ လက်မခံချင်အောင် ဖြစ်ရပါသည်။

"ဖွားဖွား… ဖွားဖွား"

"ဟေ…."

တုန်ယင်သောအသံကြီးဖြင့် ထူးမိပါသည်။

"ခရီးက သိပ်ဝေးတယ်။ ဖွားဖွားလိုက်ဖို့ မဖြစ်ဘူး







www.burmeseclassic.com

www.burmeseclassic.com



ထင်တယ်"

"ဘယ်လောက်ဝေးဝေးကွယ်၊ လမ်းမှာသေချင်လည်း သေပါစေတော့။ ငါ ရအောင်လိုက်မယ်။ ခုပဲကားငှားပြီး ငါ လာခဲ့မယ်။ မင်းတို့ မန္တလေးက စောင့်နေ"

"အိမ်ကို ဘယ်သူစောင့်မလဲ"

"ကောင်မလေးကို စောင့်ခိုင်းထားလိုက်မယ်။ အိမ်နီးနားချင်းကို မှာခဲ့မယ်"

ထား အံကိုတင်းရင်း သား၏နောက်ဆုံးခရီးအတွက် ထွက်ခဲ့ရပါသည်။

မန္တလေးကို ဆယ်ခြောက်နာရီကြာအောင် မောင်းရပြီး မန္တလေးမှတစ်ဆင့် တောင်ပေါ်စခန်းဆီသို့ နောက်ထပ် ခြောက်နာရီကြာအောင် စီးရပါသည်။ တောင်ပေါ်ရောက်တော့ မိုးချုပ်နေပြီ။ ဆံပင်တွေ ဖရိုဖရဲ၊ ဖုန်တထောင်းထောင်းခရီးကိုလည်း ဖြတ်သန်းခဲ့ရသဖြင့် အင်္ကျီလိပ်ရုပ်ရှင်ထဲက စုံးမနှင့် တူနေမည်ထင်သည်။

သားအလောင်းကို ရင်ခွဲရုံမှာသွားကြည့်သောအခါ ညိုမည်းအနံ့ပင် ရနေပါပြီ။ လက်ချောင်းများကိုကိုင်ကြည့်သောအခါ အေးစက်တောင့်တင်းနေပြီ။

မျက်ရည်များ စီးကျလာသည့်ကြားကပင် သား ကောင်းရာဘုံရောက်ပါစေကြောင်း ဆုတောင်းပေးမိပါသည်။





တကယ်ဆိုလျှင် အသက်ရှစ်ဆယ့်နှစ် ကျော်နေပြီဖြစ်သော မိမိလိုအဖွားကြီး အရင်သေပါတော့လား။

သေခြင်းတရားဆိုတာ ကြီးတယ်၊ ငယ်တယ် မရွေးပါလား။ မိမိဘဝအတွက် အဖေနှင့်အမေသေလို့ ပူဆွေးခဲ့ရဖူးပြီ။ ချစ်သူသေလို့ လွမ်းဆွတ်ခဲ့ရဖူးပြီ၊ ခင်ပွန်းသေလို့ အဖော်မဲ့ခဲ့ရဖူးပြီ၊ သားနှင့်သမီးသေလို့ နှလုံးသားတွေ ကြေမတတ် ခံစားခဲ့ရဖူးပါပြီ။

ဘဝတစ်လျှောက်လုံး မမွေးခင်တည်းက မိခင်ကို ဒုက္ခပေးလာခဲ့သော စနေသမီး ထားတစ်ယောက် လူမှန်းသိစကတည်းက သုခထက် ဒုက္ခတွေကိုသာ အကြိမ်ပေါင်းများစွာ ခံစားခဲ့ရပါကလား။

ခွဲခွာရခြင်းဆိုတာ ထားအတွက် သီးသန့်များ ပါလာခဲ့လေသလား။

စနေသမီးမို့ ခိုက်မှာစိုး၍ ထားကိုမွေးစားဖို့ ပေးပြစ်ခဲ့ကြသည်။

ထားကြောင့် မွေးစားအမေ အိမ်ထောင်ကွဲခဲ့ရသည်။

ခြောက်နှစ်အရွယ်တွင် ရေနစ်၍ သေမလိုဖြစ်ခဲ့ရသည်။

အသက် တစ်ဆယ့်ငါးနှစ်ကျလျှင် ဘဝဟောင်းမှ မိသားစုထံ ပြန်ရမည်ဟောကြသဖြင့် ထားကို ရန်ကုန်ဘော်ဒါ ပို့ခဲ့ကြသည်။

အသပ်ငယ်ငယ်ရွယ်ရွယ်နှင့် ပလိပ်ရောဂါဖြစ်ပြီး သေဖို့ကြံခဲ့ဖူးသည်။



www.burmeseclassic.com

www.burmeseclassic.com



ထားဘဝမှာ ကြည်နူးစရာဆိုလို့ ရည်းစားထားခဲ့သည့်အချိန်လေးသာ ရှိခဲ့ဖူးပါသည်။

အိမ်ကို စက်သေနတ်နှင့် အပစ်ခံရခြင်း၊ ဂျပန်အစိုးရ နှိပ်စက်၍ ကားအသိမ်းခံရခြင်း၊ ကရင်များမီးရှို့၍ မီးဘေးသင့်ခံရခြင်း၊ အင်္ဂလိပ် ပြန်ဝင်လာသောအခါ ထိုအစိုးရကြောင့် အလုပ်ထွက်ရခြင်း၊ ဖခင်ကြီး နှလုံးရောဂါနှင့် သေမလိုဖြစ်၍ ထား စိတ်မောခဲ့ရသည်။

မိသားစုကို သိတတ်လွန်း၍ဆိုကာ ချစ်သူ၏ စွန့်ပစ်ခြင်းကို ခံခဲ့ရသည်။

မချစ်မနှစ်သက်သူနှင့် အသက်ထက်ဆုံး ပေါင်းဖော်ခဲ့ရသည်။

ချစ်သူခင်သူများက ထားကို တစ်ယောက်ပြီးတစ်ယောက် စွန့်ခွာသွားခဲ့ကြပြီ။ အနှစ်ကိုးဆယ်နီးပါး ဖြတ်သန်းလာခဲ့ရသည့် ဘဝခရီးကို ပြန်စဉ်းစားရင်း ရန်ကုန်အိမ်ကို ပြန်ရောက်လာခဲ့တော့သည်။

အိမ်ရောက်တော့ ဒုက္ခက ဆီးကြိုနေသည်။

အိမ်စောင့်ထားသွားသော ကောင်မလေးက အိမ်ထဲရှိ တန်ဖိုးရှိသမျှ ပစ္စည်းမှန်သမျှ အားလုံး ခိုးထုတ်သွားခဲ့ပြီ။

ဘဏ်စုငွေလေးနှင့် ပြန်ရပ်တည်ခဲ့ရသည်။

မြေးတွေကလည်း ပညာသင်သူသင်၊ အလုပ်ဝင်သူဝင်နှင့်





ထားမှာ နောက်ထပ်အိမ်ဖော်ကောင်မလေးနှင့်သာ နေရချိန်များခဲ့ရတော့သည်။

အထီးကျန်ဆန်လေတိုင်း ဘဝ၏ ဆူးခင်းလမ်းများကို ပြန်တွေးပြီး စနေသမီးမို့ ဤမျှ ကံဆိုးအထီးကျန်နေသလားဟု ထင်နေမိတော့သည်။

အမျိုးသမီးတစ်ယောက်အနေနဲ့ အသက်(၈၆)နှစ်တိုင်တိုင် ဖြတ်သန်းခဲ့ရသော ခရီးကြမ်းကြီးကို ကြံ့ကြံ့ခံနိုင်တာ အံ့ဩစရာကောင်းလေမလား။

ထားဘဝလောက် ဆိုးမယ့်သူ ရှိပါ့မလားဆိုပြီး ထားရင်ထဲက အဖုအထစ်တွေကို ဆရာ 'နေမင်းကိုကို'ထံတွင် ရင်ဖွင့်ဖို့ စိတ်ကူးမိခြင်းဖြစ်ပါသည်။

အသက်ကြီးမှ ခိုးကိုးရာမဲ့ဘဝ ရောက်ခဲ့ခြင်းသည် 'စနေသမီး'မို့ ဒုက္ခအမျိုးမျိုးကို ကြုံနေရသလား ဆရာရယ်...။

တစ်ဦးတည်းနေသော အချိန်များ၌လည်း အိမ်ဖော်များ၏ အခိုးကို ခံရခြင်း၊ လိမ်ညာခြင်းကို ခံရခြင်း၊ ချစ်သူနှင့် ကွေကွင်း၍ မချစ်မနှစ်သက်သူနှင့် နေရခြင်းဟူသော 'ရန်သူမျိုးငါးပါး'၏ဒဏ်ကို ခံရခြင်းသည် ထား 'စနေသမီး'ဖြစ်လို့လားဆိုတာ မဝေခွဲတတ်တော့ပါဘူးရှင်...။

❋❋❋

www.burmeseclassic.com

# အခန်း [၂၆]

နေမင်းကိုကိုတစ်ယောက် အန်တီထား၏ ဘဝဇာတ်ကြောင်းကို တာဝန်ကျေစွာ ရေးသားပေးခဲ့ပြီဖြစ်၍ ကျေနပ်နေမိပါသည်။ အန်တီ စိတ်ချမ်းသာစွာနှင့် ကျန်းမာပါစေရန်လည်း ဆုတောင်းပေးနေမိသည်။

နေမင်းကိုကို

မှတ်ချက်။ ဤဇာတ်လမ်းထဲတွင် ပါဝင်သော 'နာမည်' များနှင့် တူနေခဲ့လျှင် အမှတ်မထင် တိုက်ဆိုင်မှုသာ ဖြစ်ပါကြောင်း....

**ဆွေဆွေအောင်**

www.burmeseclassic.com